www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

စာစဉ်
အခန်း ၁၇၊ အမှတ် ၁၅၈/၁၆၈
မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။

BURMESE CLASSIC .com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၂၆၇/၂၀၀၄ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၂၅၃/၂၀၀၄ (၁၁) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်<br>၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၁၂၀၀ |
| မျက်နှာဖုံးပန်းချီ | နေမျိုးဆေး |
| ကွန်ပျူတာစာစီ | ဇာဇာညွန့် |
| အတွင်းဖလင် | ဇမ္ဗူတလူ |
| ကာလာခွဲ | ဇမ္ဗူတလူ |
| ထုတ်ဝေသူ | ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)<br>အမှတ် ၁၁၁၊ (တ)ထပ်၊ ၃၃ လမ်း၊<br>ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးညဏ်လှိုင် (၀၅၂၅၃)၊<br>ဇမ္ဗူတလူ ပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊<br>ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊<br>စက်မှုဇုန်၊ တောင်ဒဂုံ၊ ရန်ကုန်မြို့။ |
| မြန်မာတစ်ပြည်လုံး ဖြန့်ချိရေး | ဇမ္ဗူတလူ |
| စာအုပ်ချုပ် | ဇမ္ဗူတလူ |

www.burmeseclassic.com

စိုးမြတ်သူဇာ

# အနားသတ်သစ္စာ

BURMESE CLASSIC .com

အဖွင့်။

(အသံ)
အနီးမှာလား အဝေးမှာလား
စကားသံတွေ မှန်းတော့ သေချာတယ်··

(အရောင်)
အဖြူလား၊ အဝါလား
စူးရှတာတော့ သေချာတယ်··

(အတွေ့)
နာကျင်မှုလား၊ ကြင်နာမှုလား
နူးညံ့တာတော့ သေချာတယ်··

အသံ၊ အရောင်၊ အတွေ့··
ဒီသုံးခုအဆုံမှာတော့
မျက်ရည်စက်တွေ ဖြစ်လို့သွားပြန်တယ်··
ကဲ ဒါဟာ ဝမ်းနည်းလို့လား၊ ဝမ်းသာလို့လား
ဘာဖြစ်ပြန်တယ် ထင်သလဲ··
သေချာတာကတော့ (အချစ်)ဖြစ်ဖို့ပဲ များပါတယ်··။



BURMESE CLASSIC .com

အခန်း။ ၁။

တိတ်ဆိတ်ငြိမ်သက်နေသော ညအလယ်...

မှောင်ရိပ်များများကျနေသော သစ်ပင်ကြီး၏ ခြေရင်းတွင်

သစ္စာသည် အကြောင်းအရာတစ်ခုကို

လေးလေးနက်နက် စဉ်းစားနေမိသည်။

လူ့ဘဝ၏ အနှစ်သာရ ဆိုသောစကားနှင့်

လူ့ဘဝ၏ အဓိပ္ပာယ်ဆိုသော စကားပင်...

နောက်ပြီး အဲဒီစကားနှစ်ခု ဘယ်လိုကွာခြားလဲဆိုတာကို

သစ္စာ နားမလည်

ဒါကိုပဲ ခဏခဏ အကြိမ်ကြိမ်ဖန်ဖန် စဉ်းစားရပါများလွန်းတော့လည်း

ခေါင်းထဲမှာ ထူးထူးခြားခြား ဘာမှပေါ်ထွက်မလာဘဲ

ဦးနှောက်ခြောက်လာတာသာ ပိုလာသည်။

လူ့ဘဝရဲ့ အနှစ်သာရဆိုတာ ချမ်းသာခြင်းလား...

အောင်မြင်ခြင်းလား...

ဒါမှမဟုတ် ကျော်ကြားခြင်းလား...

နောက် လူ့ဘဝရဲ့ အဓိပ္ပာယ်...



BURMESE CLASSIC .com

လူတွေဟာ ဘာအကြောင်းတွေကြောင့်
လူဖြစ်လာရပြီး ရှင်သန်နေရတာပါလဲ…
ဒီလိုရှင်သန်ပြီး ရုန်းကန်လှုပ်ရှားနေရတာတွေကကော
လူ့ဘဝရဲ့ အဓိပ္ပာယ်တဲ့လား…
သူများတကာတွေ အပူအပင်မရှိဘဲ
စိတ်အေးလက်အေး အိပ်မောကျနေကြသည့်အချိန်တွေမှာ
ကိုယ်တစ်ယောက်တည်း အိပ်မပျော်နိုင်ဘဲ
အတွေးတွေ တသီတတန်းနှင့် တောင်စဉ်ရေမရ
စဉ်းစားနေရသည် ဆိုကတည်းက ပုံမှန်မဟုတ်
တစ်ခုခုတော့ မှားနေပြီဆိုတာကို
ကိုယ့်ကိုယ်ကိုယ် သတိထားမိခဲ့တာလည်း ကြာပြီဖြစ်သည်။
ဒါပေမယ့်လည်း…
ဒီအခြေအနေ၊ ဒီအနေအထားကနေ
လွတ်မြောက်နိုင်သည့် လမ်းကိုမမြင်ဘဲ ဘာကိုမှန်းမသိ
ကြိတ်မှိတ် သည်းညည်းခံနေဖြစ်ပြန်သည်။
ထိုကဲ့သို့ သည်းညည်းခံနေခြင်းသည်လည်း
တစ်စုံတစ်ရာအတွက်လား၊ တစ်စုံတစ်ယောက်အတွက်လားဆိုတာကို
မသေမချာဖြစ်နေပြန်သော်လည်း အဲဒီမသေချာသည့်အရာကို
စွဲလမ်းတမ်းတနေပြန်လား ဆိုတာကိုတော့
ဝမ်းနည်းစွာဖြင့် ဆုံးဖြတ်ရခက်နေပြန်သည်။
ရင်ထဲမောပမ်းမှုကြောင့် သက်ပြင်းတစ်ချက် ချလိုက်မိသော်လည်း
ဝေဒနာက သက်သာမသွားဘဲ မွန်းကျပ်မှုကတောင်
တိုးလို့ဝင်ရောက်လာသည်။ အသက်ကိုဝအောင် ရှူသွင်းနေသော်လည်း



BURMESE CLASSIC .com

ရှိုက်သွင်းလိုက်သော လေအေးတို့က အဆုတ်ထိရောက်မသွားဘဲ
လမ်းခုလတ်တွင် ပျောက်ပျောက်သွားကြလေသည်။
မျက်စိရှေ့မှာတော့ ခမ်းနားကြီးကျယ်လွန်းသည့်
အိမ်ဖြူဖြူကြီးက ဣန္ဒြေရရ ငြိမ်ငြိမ်သက်သက်ရှိနေသော်လည်း
အိမ်ရှေ့ရေကူးကန်မှ ရေပြင်ကတော့ ခပ်မှိန်မှိန်
ပတ်ပတ်လည်ထွန်းထားသော မီးလုံးလေးများ၏ အလင်းရောင်ဖြင့်
တလက်လက်ထကာ လှုပ်လှုပ်ရှားရှား ရှိနေပြန်သည်။
သစ္စာနှင့် ဒီခြံဝင်းကြီးသည်
ဘာမှမသက်ဆိုင်သလို တသီးတခြား ရှိလွန်းလှသည်။
ဘာအတွက်ကြောင့်များ ဒီခြံဝင်းအတွင်းမှာ
သစ္စာ နေထိုင်နေရတာပါလိမ့်။
ဒါကလည်း သစ္စာအတွက် စဉ်းစားရခက်လွန်းသည်။
ဘာကိုမှ ပြန်လှန်ပြီး မတွေးချင်သော်လည်း
တစ်ယောက်တည်း နေနေရသည့်အချိန်တွေက
အတွေးတွေကို ဆင့်ပွားကာ တိုးပွားလာစေပြန်သည်။
ဒီလို အတွေးတွေနဲ့ လုံးချာပတ်ချာလည်ရင်း နောက်ဆုံးတော့လည်း
ဘာအဖြေမှရမလာဘဲ ရင်ဘတ်တွေအောင့်ပြီးတော့
ကျန်ရစ်ခဲ့ရတာသာ အဖတ်တင်လေသည်။
လေမတိုက်သော ညသန်းခေါင်မှာ
သက်ပြင်းချသံတစ်ခုက ခပ်တိုးတိုး ထွက်ပေါ်လို့လာပြန်သည်။ ရင်ထဲက
မျိုသိပ်ထားရမှုတို့၏ ထွက်ပေါက်တစ်ခုဖြစ်သော ထိုသက်ပြင်းချသံသည်
အချိန်ဘယ်လောက်ကြာကြာ ဖြစ်တည်နေဦးမည်ဆိုတာ
ဘယ်သူမှ မသိရှိနိုင်ကြပါ။

သစ္စာဆိုသော မိန်းမတစ်ယောက်သည် သူ စဉ်းစားလို့မရသော
အတွေးတွေ မြောက်မြားစွာနှင့် အစဉ်လုံးထွေးပြီး
ဒီလိုပဲ အကြိမ်ကြိမ် သက်ပြင်းတွေချနေဦးမည် ဖြစ်သည်။
သူမသိချင်သော ဘဝ၏ အနှစ်သာရနှင့် ဘဝ၏အဓိပ္ပာယ်ဆိုသော
စကားလုံးတွေကို မသိမချင်းပေါ့လေ။



BURMESE CLASSIC .com

အခန်း။ ၂။

ကားက ငြိမ့်ခနဲပင် အိမ်ကြီး၏ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်သည်။
ကားရပ်တာနှင့် ဒေါ်သန်းက ကားပေါ်မှ ချက်ချင်းဆင်းကာ
သစ္စာ ထိုင်နေသည့်ဘက်မှ တံခါးပေါက်ကို
ခပ်မြန်မြန်လေး လာဖွင့်ပေးသည်။
သစ္စာသည် ထိုင်နေရာမှ နည်းနည်းလေးတောင် မလှုပ်ရှားဘဲ
တံခါးလာဖွင့်ပေးသော ဒေါ်သန်း၏မျက်နှာကို
စေ့စေ့ပင် ကြည့်လိုက်သည်။ ပြီးတော့ တိုးပြီးမာဆတ်နေသော
လေသံဖြင့်ပင် စကားပြောလိုက်သည်။
'ကျွန်မ... အိမ်နောက်က အခန်းမှာပဲနေမယ်'
သစ္စာ၏စကားကြောင့် လူတွေအားလုံး၏
လှုပ်ရှားမှုများ ရပ်တန့်သွားကြသည်။
နောက်ဖုံးမှ ပစ္စည်းထုပ်ပိုးပြင်နေသော
ပုပုရော၊ ကားဆရာဦးစောလွင်ရော၊
အိမ်ရှေ့ဝမှာ အဆင်သင့်စောင့်ကြိုနေသော သူ့မန်နေဂျာ ကိုသန်းနိုင်ရော
ဘာပြောရမှန်းမသိဘဲ ငြိမ်သက်သွားကြသည်။



BURMESE CLASSIC .com

ဒေါ်သန်းသည် ငြိမ်သက်မှုကို ခပ်မြန်မြန်ပဲ အဆုံးသတ်လိုက်ချင်စွာ…
'ဦးစောလွင် ကားကို ခြံနောက်ဘက်ပဲ မောင်းပေးပါ'
ဒေါ်သန်း၏ စကားသံအဆုံးမှာ အားလုံး ကားပေါ်ပြန်တက်လာကြပြီး
ကားလေးကလည်း ခြံနောက်ဘက်သို့ ဖြည်းညင်းစွာမောင်းဝင်ခဲ့သည်။
သစ္စာသည် ကားပေါ်မှဆင်းတာနှင့် အိမ်ခန်းလေးထဲကို မဝင်သေးဘဲ
သူတို့တွေ ပစ္စည်းချနေတာကို ငေးကြည့်နေမိသည်။ အခန်းလေးသည်
သစ္စာ ထားသွားခဲ့သည့်အတိုင်း ဘာတစ်ခုမှ မပြောင်းမလဲရှိနေပါသည်။
သစ္စာသည် မလှမ်းမကမ်းမှာ မတ်တတ်ရပ်နေသော
သူ့မန်နေဂျာ ကိုသန်းနိုင်ကို တစ်ချက်လှမ်းကြည့်မိသည်။
ကိုသန်းနိုင်သည်လည်း သစ္စာ တစ်စုံတစ်ခု ပြောလာမှာကို
ပြန်လည်ဖြေကြားရန် ကြိုတင်စောင့်စိုင်းနေပုံရသည်။
'ကျွန်မကားကကော'
'အခု လောလောဆယ် ဝပ်ရှော့မှာပါ…မသစ္စာ'
'ဘယ်တော့မှ ပြန်ရမှာလဲ'
'နှစ်ပတ်လောက်ပါပဲ၊ အမြန်ဆုံးလုပ်ပေးဖို့
ကျွန်တော် ပြောထားပါတယ်'
'ကားက အရမ်းပျက်စီးသွားလို့လား'
'ဘော်ဒီကတော့ အဲလောက်ကြီး မပျက်သွားပါဘူး။
စက်က သိပ်မကောင်းတော့လို့ပါ'
သစ္စာသည် ကိုသန်းနိုင်ကို ဘာမှဆက်မမေးတော့ဘဲ
အခန်းထဲကိုသာ ဝင်လာလိုက်သည်။
ခုတင်ပေါ်မှာ ငြိမ်ငြိမ်သက်သက် ထိုင်လိုက်သော သစ္စာကိုကြည့်ပြီး
ဒေါ်သန်းက စကားစသည်။



BURMESE CLASSIC .com

'ဒေါ်သန်း သစ္စာအတွက် စားစရာလေးသွားလုပ်ပြီး ပြန်လာခဲ့မယ်နော်။
ဆေးလည်းသောက်ရဦးမယ်။ သစ္စာလိုချင်တာရှိရင် ခိုင်းဖို့
ပုပုကို အပြင်မှာ စောင့်ခိုင်းထားခဲ့တယ်'
ဒေါ်သန်းသည် သစ္စာအဖြေကို မစောင့်တော့ဘဲ
အခန်းထဲမှ ထွက်သွားသည်။ အခန်းပြင်ဘက်မှ ခြေသံတွေ၊ ကားသံတွေ
မရှိတော့မှဘဲ သစ္စာသည်
အိပ်ရာပေါ်မှာ အသာအယာ လဲလျောင်းလိုက်သည်။
ရင်ဘတ်ထဲမှ မချမ်းမြေ့မှုတွေက လူကို နုံးချည့်နေစေသည်။
ဆေးရုံမှာ ဆယ်ရက်လုံးလုံး နေခဲ့ရသည့်အချိန်တွေက
လူကို ပိုလို့…ကျဉ်းကျပ်စေခဲ့သည်။
ခေါင်းမှာ သုံးချက်ချုပ်ထားရသော ဒဏ်ရာက
မိုက်က အချက်ပေါင်းများစွာ ချုပ်ထားသော
ဒဏ်ရာလောက် မပြင်းထန်ပေမယ့်
မိုက်က ချုပ်ရိုးတွေသာ ကျက်သွားခဲ့သည်။
ခေါင်းက ဒဏ်ရာကတော့ မကျက်နိုင်သေးဘဲ
လူက တစ်ချိန်လုံးလိုလို မူးနောက်နေခဲ့သည်။
သစ္စာ ဆေးရုံမှာနေခဲ့ရသည့် ဆယ်ရက်လုံးလုံး
သူသည် လုံးဝ ရောက်မလာခဲ့ပါ။ ပထမပိုင်းမှာ
သစ္စာ၏စိတ်ထဲမှာ တိတ်တဆိတ် မျှော်လင့်နေခဲ့မိသော်လည်း
နောက်ပိုင်းကျတော့ သူ့ကိုမျှော်လင့်နေခဲ့မိသည့်
ကိုယ့်စိတ်ကိုယ်တောင် ရှက်လာမိသည်။ အဲဒီရှက်စိတ်တွေကပဲ
ဒီလူနှင့်ပတ်သက်လို့ မျှော်လင့်ချက်တွေအားလုံးကို
တစ်စစီကြေမွ၊ ကွယ်ပျောက်သွားအောင် ဖျက်ဆီးပစ်လိုက်ကြပါသည်။
ဒေါ်သန်းက သူခရီးသွားနေသည်ကို ပြောခဲ့သည်။



BURMESE CLASSIC .com

သစ္စာသည် ဒေါ်သန်းကနေတစ်ဆင့်ပဲ သူခရီးက ပြန်လာတာနှင့် သူနှင့် ဆွေးနွေးစရာရှိတာတွေကို ဆွေးနွေးဖို့ ပြောခိုင်းရဦးမည်။

အခန်း။ ၃။

ရှည်လျားလွန်းသော ဆံပင်တစ်ထွေးကြီးကို
စိတ်မပါလက်မပါ ရှင်းလင်းနေစဉ်မှာပင်
အခန်းတံခါးကို တဒေါက်ဒေါက် လာခေါက်လိုက်သောအသံကို
ရုတ်တရက် ကြားလိုက်ရသောကြောင့်
သစ္စာ၏ခန္ဓာကိုယ်သည် တစ်ချက်တော့ တွန့်ခနဲဖြစ်သွားရသည်။
'သစ္စာ...ဒေါ်သန်းပါ၊ တံခါးခဏလောက်ဖွင့်ပါဦး'
ဒေါ်သန်းအသံကြောင့် သစ္စာသည် သက်ပြင်းတစ်ချက်ချရင်း
ထိုင်ရာမှ ဖြည်းလေးစွာထကာ...
အခန်းတံခါးကို...မဖွင့်ချင်ဖွင့်ချင်နှင့် ဖွင့်ပေးလိုက်သည်။
တံခါးဝမှာတော့ သနပ်ခါးအဖွေးသားနှင့် ဒေါ်သန်းသည်
ရုတ်တရက် မြင်လိုက်ရသော ဆံပင်စုတ်ဖွားနှင့်သစ္စာကို
တစ်ခါမှ မမြင်ဖူးသယောင် ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။
တစ်နေကုန် အခန်းတံခါးကို လုံလုံခြုံခြုံပိတ်ပြီး
ထမင်းလည်း ထွက်မစားသော သစ္စာကို
အခုလို ဆံပင်တွေဖရိုဖရဲနှင့် မြင်လိုက်ရသည့်အတွက်

'ရှုးများသွားပြီလား' ဆိုသောအတွေးကို
ဒေါ်သန်း တွေးချင်တွေးနေလိမ့်မည်။
ဘယ်လိုပဲတွေးတွေးလေ
သစ္စာကတော့ ဘာကိုမှဂရုစိုက်တော့တာမှ မဟုတ်တာ။
'မနက်ထဲက တစ်နေကုန် အပြင်လည်းမထွက် ထမင်းလည်းမစားလို့
ဒေါ်သန်း လာကြည့်တာ။ သစ္စာ နေလို့ကော ကောင်းရဲ့လား။
ဆေးတွေကော မှန်မှန်သောက်ရဲ့လားဟင်'
အမေးစကားနှင့်အတူ အခန်းထဲကိုပါ ဝေ့ဝဲကြည့်လိုက်သော
ဒေါ်သန်းမျက်လုံးတွေကို ဥပေက္ခာပြုလျက်
သစ္စာသည် ဘာတစ်ခွန်းမှပြန်မဖြေဘဲ ပေကတ်ကတ်လုပ်နေလိုက်သည်။
ဒေါ်သန်းသည် သူ့ကို
ဘာမှ ပြန်မပြောသည့် သစ္စာ၏အပြုအမူကို ဘာမှမခံစားရသလို
သစ္စာကို တစ်ချက်ကြည့်ရင်း...
'ဒီနေ့ညနေပဲ ကိုလေးခရီးက ပြန်ရောက်လာလိမ့်မယ်။
အဲဒါသစ္စာကို လာပြောတာပါ'
သူ့နာမည်ကို ကြားရသည့်တစ်ခဏမှာတော့
အေးစက်စွာလည်းပတ်နေသော သစ္စာ၏နှလုံးသွေးတို့က
အနည်းငယ် ပူနွေးလာရသည်။
သူနဲ့သစ္စာ ဆွေးနွေးစရာလေးတွေ ကျန်နေသေးတယ်လေ။
သစ္စာသည် ဆံပင်များကို နောက်မှာ တစ်ပတ်လျှိုလေးထုံးရင်း
ဒေါ်သန်းမျက်နှာကို ကြည့်ပြီး စကားပြောလိုက်သည်။
'သူ ပြန်လာရင်တော့ သစ္စာနဲ့သူ ဆွေးနွေးစရာရှိတယ် ဒေါ်သန်း... သူနဲ့
သစ္စာတွေ့ဖို့ ဒေါ်သန်းပြောပေးပါ'



BURMESE CLASSIC .com

'စိတ်ချပါ သစ္စာရယ်၊
ကိုလေးကလည်း ဒေါ်သန်းကို ဖုန်းဆက်တုန်းက
သစ္စာ နေလို့ကောင်းရဲ့လား မေးပါတယ်'
ဒေါ်သန်းစကားက သစ္စာ၏မျက်နှာကို အနည်းငယ်မှဲ့သွားစေသည်။
ဆေးရုံတက်သည့် တစ်ချိန်လုံးတောင် ရောက်မလာခဲ့သေးတာ
သစ္စာ နေလို့ကောင်းရဲ့လား ဆိုသည့်မေးခွန်းက
သစ္စာအတွက်တော့ ယုံကြည်ရန် ခဲယဉ်းလွန်းလှသည်။
'သစ္စာကတော့ ဒေါ်သန်းစကားကို ယုံချင်မှယုံမယ်ဆိုတာ
ဒေါ်သန်း သိပါတယ်။ သစ္စာ နားလည်အောင်
ဒေါ်သန်းရှင်းပြတာထက်စာရင်
ကိုလေးရှင်းပြတာက ပိုကောင်းမယ်ဆိုတာလည်း ဒေါ်သန်းသိတယ်။
အဲဒါကြောင့် ဒေါ်သန်းလည်း ရှင်းမပြတော့ဘူး။
ကိုလေးနဲ့ ဆုံဖြစ်ကြရင်သာ ကိုယ်ဆွေးနွေးမယ့်အကြောင်းအရာကို
မာန်တွေ၊ မာနတွေ ဦးထိပ်မထားဘဲ ဆွေးနွေးနိုင်ပါစေလို့
ဒေါ်သန်းကတော့ ဆုတောင်းပေးနေပါတယ်'
'သူ ဘယ်အချိန်ပြန်ရောက်မှာလဲ'
'ညနေ (၆)နာရီလောက် ရောက်မယ်ပြောပါတယ်'
'သူ သစ္စာကို ဘယ်အချိန်ပေးမလဲ... ဒေါ်သန်းမေးပြီးရင်
သစ္စာကို လာပြောပါ။
ပြီးတော့ သူနဲ့စကားပြောရင်လည်း သူ့အိမ်ထဲမှာ သစ္စာ မပြောနိုင်ဘူး။
ခြံထဲမှာပဲ ပြောမယ်လို့ တစ်ခါတည်းပြောပေးပါ'
သစ္စာသည် ပြောပြီးတာနှင့် အခန်းထဲကို ပြန်ဝင်လာပြီး
အခန်းတံခါးကိုပါ ပိတ်ပစ်လိုက်သည်။

သစ္စာ၏အပြုအမူတွေက . . .
ဒေါသန်းအမြင်မှာ ရိုင်းကောင်းရိုင်းနေလိမ့်မည်။
မရည်ရွယ်သော်လည်း ဖြစ်ပေါ်လာသည့်အခြေအနေတွေက
သစ္စာကို ခပ်ရိုင်းရိုင်းမိန်းမတစ်ယောက်အဖြစ်
ပြောင်းလဲကောင်း ပြောင်းလဲစေနိုင်သည်။
ဒီအတွက်လည်း သစ္စာ ဘာမှမတတ်နိုင်ပါ။
သူဆိုသော ယောကျ်ားသည်
မိန်းမတစ်ယောက်၏ဘဝကို အပြောင်းလဲကြီးပြောင်းလဲသွားအောင်
ဖန်တီးခဲ့ပြီးပြီလေ။
■



BURMESE CLASSIC .com

အခန်း။ ၄။

ရေကူးကန်နံဘေး မြက်ခင်းစိမ်းပေါ်ရှိ အဖြူရောင်ခုံတန်းပေါ်တွင်
သစ္စာက ငြိမ်ငြိမ်သက်သက် ထိုင်နေခဲ့ပြီး
သူကတော့ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်နှိုက်ကာ
သစ္စာနှင့် မလှမ်းမကမ်းနေရာတွင် မတ်တတ်ရပ်လျက်ရှိနေခဲ့ပါသည်။
နှစ်ယောက်သား ဆုံတွေ့သည့်အခိုက်အတန့်မှာ
တစ်ယောက်ကိုတစ်ယောက် ဘာစကားမှ ချက်ချင်းမပြောဖြစ်ကြဘဲ
အတွေးကိုယ်စီနှင့် ငြိမ်သက်နေခဲ့ကြလေသည်။
သစ္စာသည် ဒီလိုငြိမ်ငြိမ်သက်သက်နေနေရသော
အခြေအနေကြီးကို မလိုလားသော်လည်း
သူ့ဆီက ဘာစကားတစ်ခွန်းမှ ထွက်မလာသေးသည့်အတွက်
ကိုယ်က စပြောရမည့် စကားလုံးကို
ဘယ်လိုပြောရမှန်းမသိ ရွေးချယ်နေမိသည်။
နောက်ဆုံးတော့ သူဘက်မှဘာစကားသံမှ ထွက်မလာတာကို
သည်းညည်းမခံနိုင်တော့စွာ...
ကိုယ်ကပဲ သူကြားနိုင်လောက်ရုံအသံဖြင့် စကားစပြောလိုက်မိသည်။



BURMESE CLASSIC .com

'ကျွန်မကို ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးပါ'

သစ္စာစကားအဆုံးမှာ သူက သစ္စာနှင့်မလှမ်းမကမ်းရပ်နေသောနေရာမှ
သစ္စာထိုင်နေသည့်ဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်လာပါသည်။
နောက်...သစ္စာနှင့် မျက်နှာချင်းဆိုင်နေရာတွင် လာရပ်သည်။
သစ္စာသည် သူ့မျက်လုံးများကို ရင်မဆိုင်ရဲစရာအကြောင်းမရှိသော်လည်း
သူ့ကိုမော့ကြည့်မှ သူ့မျက်လုံးများကို မြင်ရမည့်အနေအထားမို့
အဲလိုမော့ကြည့်ရမှာကို ဝန်လေးစွာ ခေါင်းကို ငုံ့မြဲငုံ့ထားလိုက်သည်။

'ခင်ဗျား သေချာဆုံးဖြတ်ပြီးပြီလား'

'တော်တော်တောင် ကြာနေပါပြီ'

သစ္စာသည် သူ့မေးခွန်းကို
အမြင်ကတ်ကတ်နှင့်ပင် ချက်ချင်းပြန်ဖြေလိုက်လေသည်။

'ဒီကိစ္စကို ဒယ်ဒီ့ကို လှမ်းမေးရဦးမှာလား'

'ဒါကတော့ ရှင့်သဘောပဲ'

'အင်း...မမေးလည်း သိပ်ပြဿနာတော့ မရှိပါဘူး။
သူလည်း ဒီကိုချက်ချင်း လာနိုင်သေးတာမှ မဟုတ်တာ။
နောက်မှသိသွားတော့လည်း နောက်မှအေးအေး ဖြေရှင်းလို့ရတာပေါ့'

သူက စကားတစ်ခွန်းကို ခပ်ပေါ့ပေါ့ပဲ ပြောလိုက်သည်။

'ကျွန်မကို အဲဒီကိစ္စ အမြန်ဆုံးလုပ်ပေးပါ။
ကျွန်မ ဒီအိမ်မှာလည်း ကြာကြာမနေချင်ဘူး။
ကျွန်မမှာ လုပ်စရာတွေ ရှိသေးတယ်'

'ဒါက ကျွန်တော်တစ်ယောက်တည်း လုပ်လို့ရတဲ့ကိစ္စမှမဟုတ်တာ။
ရှေ့နေနဲ့ သေချာမေးရဦးမယ်။
သူတို့ပေးတဲ့အချိန်ကိုလည်း စောင့်ရဦးမှပေါ့'

သူပြောသော စကားက အနည်းငယ် ဟုတ်သယောင်ရှိနေတာကြောင့်



BURMESE CLASSIC .com

သစ္စာမှာ စဉ်းစားရင်း ငြိမ်သွားရသည်။
နောက်မှ တစ်စုံတစ်ခုကို သတိရစွာ…
'ကျွန်မ လက်မှတ်ထိုးထားတဲ့ လက်ထပ်စာချုပ်လည်း
ကျွန်မ ပြန်လိုချင်တယ်'
'ဟင်း…အဲဒါတော့ ကျွန်တော်လည်း မသိဘူး။
အဲဒီနေ့က လက်မှတ်သာ ထိုးလိုက်တယ်။
လက်ထပ်စာချုပ်ကို ကျွန်တော်သိမ်းသွားတာမှ မဟုတ်တာ။
ခင်ဗျားတောင် သတိမရဘဲ
အခုမှ ကျွန်တော့်ကို လာမေးနေတယ် မဟုတ်လား။
နေဦး… ခင်ဗျားလိုချင်တယ်ဆိုရင်တော့
ဒယ်ဒီ့ကို ဖုန်းဆက်မေးပေးမယ်၊ ဟုတ်ပြီလား'
စကားအဆုံးမှာ သူက ခပ်တိုးတိုးရယ်လိုက်သည်။
ဘာအတွက် သူရယ်မောလိုက်မှန်းမသိပေမယ့်
သစ္စာမှာတော့ အနည်းငယ်နေရထိုင်ရတာ ခက်သွားခဲ့သည်။
ထို့ကြောင့် သစ္စာသည်
ထိုင်နေရာမှ ချက်ချင်းဆိုသလိုပင် မတ်တတ်ထရပ်လိုက်သည်။
'ဒီကိစ္စကို ကျွန်မကို တစ်ခါတည်းအပြတ်လုပ်ပေးပါ။
ခဏခဏ ပြန်ပြန်လာတွေ့နေရတဲ့ အဖြစ်မျိုးတော့
ကျွန်မ မလိုချင်ဘူး။ လိုအပ်လို့ အချိန်ပေးဆိုရင် ကျွန်မစောင့်ပါ့မယ်။
ဒါပါပဲ။ ရှင်နဲ့ကျွန်မ ပြောစရာစကားမရှိတော့ဘူး'
ပြောပြီးတာနှင့် သစ္စာသည် သူ့ရှေ့မှချာခနဲပင် လှည့်ထွက်လာခဲ့သည်။
အချိန်တိုတိုအတွင်းမှာ သစ္စာဆိုသော မိန်းမတစ်ယောက်သည်
ဘာမှန်းညာမှန်းမသိဘဲ အိမ်ထောင်သည်တစ်ယောက်ဖြစ်ခဲ့ရပြီး



BURMESE CLASSIC .com

အခုလည်း တစ်ခုလပ်တစ်ယောက် မကြာမီဖြစ်ရဦးမည်။
လူဖြစ်ရသော ဒုက္ခတစ်ခုကို
သစ္စာသည် ဘယ်အချိန် ဘယ်ကာလထိ ခံစားနေရဦးမလဲဆိုတာ
ဘယ်တော့မှ ခန့်မှန်းတတ်လိမ့်မည် မထင်ပါ။
■

အခန်း။ ၅။

ဒီနေ့မနက်ပဲ သစ္စာကားလေးကို ကိုသန်းနိုင်လာပို့တာမို့
သစ္စာသည် အဝတ်အစားချက်ချင်းလဲပြီး
ကားပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။
သစ္စာကို မသွားပါနဲ့လို့
ဘယ်သူကမှ ပြောဖို့တောင် အခွင့်အရေးမရလိုက်ကြ။
သစ္စာသည် အချိန်အတော်ကြာကြာ
ကားကိုဦးတည်ရာမဲ့ လျှောက်မောင်းနေလိုက်မိသည်။
ဆယ်နာရီလောက်လည်းကျရော ဗိုက်ထဲက ဆာလာတာနှင့်
ကားကိုဗိုလ်ချုပ်ဈေးဘက်ကို မောင်းလာလိုက်မိသည်။
ဈေးထဲမှာ စားစရာအစုံအလင်မို့
တစ်ခုခုတော့ ဝင်စားဦးမှပဲဟူသော အတွေးနှင့်ဖြစ်သည်။
မနက်စောသေးတာမို့ ဈေးထဲမှာ လူက ရှင်းနေသေးကာ
Parkingက အလွယ်တကူပင် ရပါသည်။
ကားကို စားသောက်ဆိုင်တန်းရုံဘေးမှာ ကပ်ရပ်လိုက်ပြီး
သစ္စာကားပေါ်မှ ဆင်းလိုက်သည်။



BURMESE CLASSIC .com

ပြီးတော့ ဈေးဆိုင်တန်းထဲဝင်ပြီး
ဘာစားရရင်ကောင်းမလဲ လျှောက်ကြည့်နေစဉ်မှာပင်
သစ္စာလက်ကို တစ်စုံတစ်ယောက်က လာဆွဲလိုက်သောကြောင့်
သစ္စာရင်တွေတုန်သွားရကာ ကမန်းကတန်းလှည့်ကြည့်မိလိုက်သည်။
မမသူဇာ...
သစ္စာအလုပ်လုပ်ခဲ့ဖူးသော နွေကလေးထိန်းကျောင်းမှ
ကျောင်းအုပ်ဆရာမကြီး 'ဒေါ်သူဇာဝေ'ဖြစ်နေလေသည်။
မမသူဇာသည် သစ္စာကို တအံ့တသြကြည့်ရင်းမှ
ဝမ်းသာအားရ စကားစလေသည်။
'သစ္စာရယ်... တူပါတယ်လို့ မမက ကြည့်နေတာ
တစ်ခါတည်းပျောက်သွားလိုက်တာ ဘာသံမှကို မကြားရတော့ဘူး။
ကြည့်ပါဦး...ပိန်သွားလိုက်တာလည်း အရမ်းပဲ။
သစ္စာ အဆင်ကောပြောရဲ့လားဟင်'
သစ္စာသည် ရုတ်တရက်မို့ မမသူဇာကို ဘာပြန်ဖြေရမှန်းမသိဘဲ
အေးစက်လာသော လက်ချောင်းများဖြင့်
မမသူဇာလက်ကို ပြန်လည်ဆုပ်ကိုင်ထားရင်း စကားစရှာနေမိသည်။
'သစ္စာဆေးရုံကို ရောက်မလာဘူးလို့ မမသူငယ်ချင်းပြောကတည်းက
မမမှာ စိတ်ပူနေတာ သစ္စာပေးထားတဲ့
ဖုန်းနံပါတ်ကလည်း အမှားကြီး။ အိမ်လိပ်စာကလည်း မရှိဘူး။
ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် မမတို့ကိုတော့
သစ္စာနည်းနည်း အကြောင်းကြားဖို့တော့ ကောင်းပါတယ်ကွယ်။
သစ္စာကို အပြစ်တင်နေတာ မဟုတ်ဘူးနော်။
မမတို့အားလုံး သစ္စာကို စိတ်ပူနေကြရလို့ပါ'



BURMESE CLASSIC .com

မမသူဇာစကားတွေက သစ္စာမျက်လုံးအိမ်မှာ
မျက်ရည်တို့ကို ဝေ့ဝဲလာစေသည်။
သစ္စာသည် မချိုပြုံးလေးတစ်ချက်ပြုံးရင်း ခေါင်းငုံ့ထားရာမှ
မမသူဇာကို မော့ကြည့်ကာ စကားတို့ကို တိုးတိုးပင်ပြောလိုက်သည်။
'သစ္စာကို ခွင့်လွှတ်ပါ မမရယ်။
သစ္စာလေ မမတို့ကို အမြဲသတိရနေခဲ့ပါတယ်။ ဒါပေမယ့်...'
သစ္စာသည် စကားတို့ကို
တစ်ဝက်တစ်ပြက်နှင့်ပင် ရပ်တန့်ထားလိုက်မိသည်။
သစ္စာရင်ထဲက သိမ်းထားရသော စကားလုံးတို့ကို
မမသူဇာနားလည်အောင် သစ္စာ ဘယ်လိုပြောပြရမှာတဲ့လဲ။
မမသူဇာသည် သစ္စာ၏ မျက်နှာအမူအရာကို
သဘောပေါက်သွားသလား မပြောတတ်။
သက်ပြင်းတစ်ချက် တိုးတိုးချပြီး စကားကို ခပ်လွှဲလွှဲပြောပါသည်။
'မမတို့လည်း နားလည်ပါတယ်ကွယ်။ ကလေးတစ်ဖက်နဲ့ဆိုတော့
သစ္စာလည်း အလုပ်များနေမှာပဲဆိုတာ ကျောင်းဖက်ရောက်ရင်
ကလေးပါခေါ်ပြီး ဝင်ခဲ့ဦးလေ သစ္စာ။
သွေးကနုနေသေးတယ်။ အပြင်တွေဘာတွေ သိပ်ထွက်မနေနဲ့ဦး။
ဒီထဲကအစားအစာတွေလည်း အရမ်းအရမ်းလျှောက်မစားနဲ့နော်။
ကလေးကို နို့တိုက်သရွေ့ကာလပတ်လုံး
သစ္စာ အစားတော့ ရှောင်ရဦးမှာလေ။
ဩော်...အရေးကြီးတာ မမေးရသေးဘူး။
ဘာလေးမွေးလဲ သစ္စာ။ ယောကျာ်းလေးလား၊ မိန်းကလေးလား'
မမသူဇာ စကားတွေက...



BURMESE CLASSIC .com

သစ္စာတစ်ကိုယ်လုံးကို ချာချာလည်သွားစေသည်။
နှလုံးခုန်သံတဒိတ်ဒိတ်က နံထင်အထိ လာစောင့်သည်။
ဘယ်လိုပဲ ထိန်းချုပ်ထားပေမယ့်
လူတစ်ကိုယ်လုံးက တုန်ယင်လာသည်။
ရင်ထဲမှာလည်း ဝမ်းနည်းအားငယ်စိတ်တို့က
ချက်ချင်းလိုပင် ဖုံးလွှမ်းလာကာ ပါးပြင်ပေါ်သို့
မျက်ရည်ပေါက်များက တလိမ့်လိမ့်ကျဆင်းလာကြလေသည်။
မမသူဇာ သစ္စာမျက်ရည်ပေါက်တွေကို နားမလည်နိုင်စွာ
အံ့သြတကြီး ငေးကြည့်နေစဉ်မှာပင် သစ္စာသည် မမသူဇာကိုတောင်
နှုတ်မဆက်နိုင်တော့ဘဲ ပြေးထွက်လာခဲ့မိသည်။
မမသူဇာကျောင်းမှာ အလုပ်လုပ်ခဲ့တဲ့ကာလပတ်လုံး
သစ္စာရဲ့အခက်အခဲမှန်သမျှကို ဘာမှမစပ်စုဘဲ
ကြင်နာစွာကူညီစောင့်ရှောက်ခဲ့တဲ့ မမသူဇာရဲ့ ကျေးဇူးတွေ
သစ္စာမှာ အများကြီးရှိခဲ့ပါတယ်လေ။ ဒါတွေကို တစ်နေ့နေ့ကျရင်တော့
သစ္စာပြန်လည်ဆပ်နိုင်ကောင်းပါရဲ့။
သစ္စာကို နားမလည်လက်စနဲ့ နားမလည်တာဘဲ
မမသူဇာအတွက် ကောင်းမှာပါလေ။
■



BURMESE CLASSIC .com

အခန်း။ ၆။

သစ္စာအိမ်ကိုပြန်ရောက်တော့ ညနေ (၄)နာရီထိုးပြီ ဖြစ်သည်။
မမသူဇာနှင့်တွေ့ပြီး စိတ်ပျက်ပျက်နှင့်
အင်းလျားကန်ပေါင်ပေါ်မှာ တစ်ယောက်တည်း သွားထိုင်နေမိတာ
အချိန်တွေဘယ်လိုကုန်လို့ ကုန်သွားမှန်းတောင်မသိလိုက်။
နေတွေအရမ်းပူလာတော့မှ ကန်ပေါင်ပေါ်မှထမိသည်။
သစ္စာသည် ကားကို အိမ်၏ဘေးပေါက်မှဝင်ပြီး
အခန်းနံဘေးမှာပင် ကပ်ရပ်လိုက်သည်။
သစ္စာ ပြန်လာတာမြင်တာနှင့် ဒေါ်သန်းသည်
သစ္စာဆီသို့ လျှောက်လာတာကို တွေ့ရသည်။
သစ္စာသည် အခန်းတံခါးကိုဖွင့်ပြီး မဝင်သေးဘဲ
ဒေါ်သန်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။
သူဘာပြောမလို့လဲ သစ္စာနားထောင်လိုက်ပါဦးမည်လေ။
ဒေါ်သန်းသည် သနပ်ခါးအဖွေးသားနှင့်
ဆံပင်ကို ဘီးနှင့်တင်းနေအောင် ပတ်ထားကာ
သစ္စာသူ့ကို လှည့်ကြည့်လိုက်တာနှင့်



BURMESE CLASSIC .com

ကြောင်အမနေဘဲ ကစားစပါသည်။
'အပြင်သွားတာ ကြာလိုက်တာ သစ္စာရယ်။
ဒေါ်သန်းတို့က စိတ်ပူနေတာ။
ကိုလေးက သစ္စာတစ်ယောက်တည်း ထွက်သွားတာကို
တစ်ယောက်မှ လိုက်မသွားလို့
မောင်သန်းနိုင်ကော၊ ဒေါ်သန်းပါ အဆူခံရတယ်။
ကိုလေးက သစ္စာနဲ့ စကားပြောစရာရှိလို့ဆိုပြီး
ထိုင်စောင့်နေတာ အကြာကြီးပဲ။ အခုတော့
အလုပ်တစ်ခုချိန်းထားပြီးသားဖြစ်နေလို့ အပြင်ထွက်သွားတယ်။ သစ္စာနဲ့
အဝင်အထွက်ပဲ'
သစ္စာသည် ဒေါ်သန်းစကားအဆုံးမှာ သက်ပြင်းလေးတစ်ချက်ချပြီး
အခန်းတွင်းသို့ ဝင်လိုက်သည်။ ပြီးတော့ စားပွဲပေါ်မှာတင်ထားသော
ရေဖန်ချိုင့်ထဲမှ ရေတစ်ခွက်ထည့်ပြီး သောက်လိုက်သည်။
အပြင်မှာ နေက ပူနေပေမယ့် သစ္စာအခန်းလေးကတော့
အေးအေးချမ်းချမ်းပင် ရှိလို့နေသည်။
ဒီအခန်းလေးထဲ ပြန်ရောက်လာတာနဲ့
သစ္စာစိတ်တွေ ငြိမ်းချမ်းသွားရတာကတော့ အမှန်ပင်။
'သစ္စာ ထမင်းမစားရသေးဘူးမဟုတ်လား။
ဒေါ်သန်း ပုပုနဲ့ ပို့ခိုင်းလိုက်မယ်နော်။ ဆေးလည်းသောက်ဦး'
ဒေါ်သန်းပြန်ထွက်သွားပြီး သိပ်မကြာခင်မှာပင်
ပုပုသည် ထမင်းဟင်း အဆင်သင့်ထည့်ထားသော လင်ဗန်းတစ်ချပ်နှင့်
သစ္စာအခန်းထဲ ရောက်လာပါသည်။ သစ္စာစားဖို့အတွက်
ပုပုပြင်ဆင်နေတာကို ငေးကြည့်ရင်း...



BURMESE CLASSIC .com

သူ့ခြံဝင်းထဲမှာနေ သူ့ရေကိုသောက်၊ သူကျွေးသော ထမင်းကို စားပြီး
သူ့ကို ငြိုငြင်နေရသော အဖြစ်အပျက်တို့ကို
ဘယ်တော့များမှ ပြီးဆုံးပါ့မလဲ ဆိုတာကို စဉ်းစားနေမိသည်။
ဒါပေမယ့် လောလောဆယ်မှာတော့ မနက်ကတည်းက
ဘာမှမစားရသေးသော ဗိုက်က ဆာလာပြီ ဖြစ်တာကြောင့်
ဘာကိုမှမစဉ်းစားနိုင်တော့ဘဲ ထမင်းစားရန် ဇွန်းတစ်ချောင်းကို
သစ္စာသည် တုန်ယင်စွာဖြင့်ပင် ကောက်ယူလိုက်ရလေသည်။

အခန်း။ ၇။

ဒီနေ့မနက်တော့ ရေချိုးပြီးတာနှင့် သနပ်ခါးကို
စိတ်ပါလက်ပါ ခြေဆုံးခေါင်းဆုံးလိမ်းရင်း
ဘယ်သွားရရင် ကောင်းမလဲဆိုတာကို စဉ်းစားနေမိသည်။
အပြင်သွားတာအကြောင်းမဟုတ်၊ မနေ့က မမသူဇာနှင့် တွေ့သလိုမျိုး
တစ်ယောက်ယောက်နှင့်ထပ်ပြီး တွေ့ရမှာကို စိတ်ကစိုးရိမ်မိပြန်သည်။
တကယ်တော့လည်း သစ္စာမှာက
အပေါင်းအသင်း များများစားစားလည်း ရှိတာမဟုတ်။ ဒါပေမယ့်လည်း
အဲဒီနည်းနည်းပါးပါး အပေါင်းအသင်းတွေနဲ့ပဲ
တိုက်တိုက်ဆိုင်ဆိုင်တွေ့ပြီး
သစ္စာမဖြေတတ်သော မေးခွန်းတွေနှင့် ရင်ဆိုင်တိုးရမှာကိုတော့ အမှန်ပဲ
သစ္စာ ကြောက်ပါသည်။
ဘယ်မှမသွားဘဲ အိမ်ထဲမှာနေနေဖို့ဆိုတာကလည်း
ခုချိန်မှာ သစ္စာအတွက် ဘယ်လိုမှ မနေနိုင်ပါ။
အခန်းထဲမှာ တောင်စဉ်းစား၊ မြောက်စဉ်းစားနေတာထက်စာရင်
အပြင်မှာနေနေတာက အတွေးတွေကို ဖြစ်ပေါ်မလာစေဘဲ



BURMESE CLASSIC .com

ဦးနှောက်ကိုအနည်းငယ် သက်သာချောင်ချိစေသည်။
ဒီတော့ ဒီနေ့လည်း
အပြင်ထွက်ကို ထွက်ရဦးမယ်လို့ ဆုံးဖြတ်လိုက်လေသည်။
သစ္စာသည် ဆံပင်ရှည်တို့ကို ဖြီးသင်ပြီး
ဘီးကြီးကြီးတစ်ခုနှင့် ကောက်ပတ်လိုက်သည်။
ပေါင်လည်လောက်ရှိသော မည်းနက်သန်စွမ်းသည့် ဆံပင်တို့က
သစ္စာခေါင်းထက်တွင် ပုံ့ပုံ့ကြီးဖြစ်သွားကာ
မှန်ကို ကြည့်မိတဲ့အခါမှာတော့ သနပ်ခါးအဖွေးသားနှင့်
သစ္စာရုပ်သွင်က ဒေါ်သန်းနှင့်တောင် ခပ်ဆင်ဆင်ဖြစ်သွားရသည်။
သစ္စာသည် မှန်ထဲမှကိုယ့်ပုံကိုယ် ခပ်မဲ့မဲ့လေးတစ်ချက်ကြည့်ရင်း
မှန်ရှေ့မှ ထလာခဲ့လိုက်သည်။
နာရီကို ကြည့်လိုက်တော့ မနက် (၆)နာရီခွဲပဲ ရှိသေးသည်။
ညက စားထားသော ပန်းကန်များက ဆေးကြောပြီးဖြစ်သော်လည်း
မီးဖိုချောင်ဘက် ပြန်ပို့ရဦးမှာမို့ သစ္စာသည် အပြင်ထွက်ရန်
အခန်းတံခါးကို ဖွင့်လိုက်သည်။
အခန်းတံခါးကိုအဖွင့်မှာ ရုတ်တရက် မြင်လိုက်ရသော
မျက်နှာတစ်ခုကြောင့် သစ္စာသည်
လက်ထဲမှ ပန်းကန်များပြုတ်ကျသွားမတတ် လန့်သွားရလေသည်။
နဖူးပေါ်ဝဲကျပြီး ပခုံးထိနေသော ဆံပင်ရှည်ရှည်များ…
မရိတ်သင်ထားသည့် နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများ
နောက်… မည်းနက်နေသော မျက်ခုံးမွေးအောက်မှ
စိမ်းဖန့်ဖန့်မျက်လုံးများ ပြီးတော့ မခန့်လေးစားပြုံးတတ်သော
နှုတ်ခမ်းများက ခပ်တင်းတင်းစေ့လျက်



BURMESE CLASSIC .com

သူသည် ဘယ်အချိန်ထဲကများ သစ္စာထွက်အလာကို
အခန်းဝမှာ စိတ်ရှည်လက်ရှည် စောင့်နေခဲ့သလဲ မပြောတတ်။
ခုလိုအခန်းရှေ့မှာ ဘွားခနဲတွေ့လိုက်ရတဲ့အတွက်
လန့်ပြီး အံ့သြသွားရတာကတော့ အမှန်ပင်။
အစိမ်းပုတ်ရောင် ခပ်ပွပွတီရှပ်လက်တိုနှင့်
ကာကီရောင်ဘောင်းဘီတိုကို တွဲဝတ်ထားသော သူသည်
သစ္စာနှင့် မျက်နှာချင်းဆိုင်မှာ ဘာမှမဖြစ်သလို အေးအေးဆေးဆေးပင်
သစ္စာကို လက်ပိုက်ပြီး ကြည့်နေလေသည်။
ပြီးတော့ တုံးတိတိစကားကို ဆိုသည်။
'ပြောစရာရှိလို့'
ပြောစရာရှိတာများ သစ္စာအခန်းရှေ့ထိ ရောက်လာရတယ်လို့လို့
သစ္စာ အသံတိတ်ပြောလိုက်မိသည်။ မနက်စောစောစီးစီး
သူများတကာအခန်းရှေ့မှာ ခပ်တည်တည်ရောက်နေသော သူ့ကို
သစ္စာ စိတ်ထဲ မကျေမနပ် ဖြစ်သွားရသည်။
'ပြောစရာရှိရင်လည်း ဒေါ်သန်းနဲ့ ခေါ်ခိုင်းပါလား။
ကျွန်မ အခန်းရှေ့မှာ ရှင်ရောက်နေတော့
ဟိုလူကကြည့်၊ ဒီလူကကြည့်နဲ့ ကျွန်မ ရှက်တယ်'
သစ္စာသည် မီးဖိုချောင်ထဲကနေ ပြူတစ်ပြူတစ်လုပ်နေသော
ဒေါ်သန်းတို့အုပ်စုကို လှမ်းမြင်လိုက်တာမို့
ရင်ထဲရှိတဲ့အတိုင်းပင် ပြောချလိုက်သည်။ သစ္စာစကားကြောင့်
သူ့မျက်နှာသည် ခပ်ပြုံးပြုံး ဖြစ်သွားရရင်း...
'ကျွန်တော့်အိမ်ထဲတောင် ကျွန်တော်သွားချင်တဲ့နေရာ
လွတ်လွတ်လပ်လပ် မသွားရတော့ဘူးတဲ့လား။

ထားပါ… ခင်ဗျားမကြိုက်ရင် နောက်မလာရုံပဲ။
ဒီရက်ပိုင်း ကျွန်တော်ခရီးတစ်ခုသွားစရာရှိတယ်။ စင်ကာပူတင်။
သုံးရက်ပဲကြာမယ်။ ပြန်လာရင် ခင်ဗျားပြောထားတဲ့ကိစ္စ
ကျွန်တော်ပြီးအောင် လုပ်ပေးမယ်။ အဲဒါလာပြောတာ။
တော်ကြာ ကျွန်တော်က မပြောမဆိုထွက်သွားလို့ဆိုပြီး
ခင်ဗျားက နောက်ပိုင်းမှာ ထင်တိုင်းကြဲနေမှာစိုးလို့
ကြိုကြိုတင်တင်လာပြောရတာ။ လက်ထပ်စာချုပ်ကိစ္စလည်း
ဒယ်ဒီ့ကို Email ပို့ထားတယ်။ ခုထိပြန်မလာသေးဘူး။
ထူးတယ်ဆိုရင် ကျွန်တော်ပြောမယ်'
သစ္စာသည် လက်ထဲမှာ ကိုင်ထားသော
ပန်းကန်ပြားတွေကို မမြင်ဖူးသလို ကြည့်ရင်း
သူ့စကားတွေကို တိတ်တိတ်ဆိတ်ဆိတ် နားထောင်နေလိုက်သည်။
'ခင်ဗျား ဘာပြောစရာရှိသေးလဲ'
သူ့မေးခွန်းကို သစ္စာသည် သူ့ကိုမကြည့်ဘဲ ခေါင်းခါပြလိုက်သည်။
'ဒါဆိုလည်း ကျွန်တော်သွားမယ်။ ဪ…တစ်ခု…အင်း…
ခင်ဗျားကားက လုံးဝမကောင်းတော့ဘူး။
တော်တော်လေးကို စုတ်နေပြီ။ မမောင်းသင့်တော့ဘူး။
အဲဒါ ခင်ဗျားသိသင့်တယ် ထင်တာပဲ'
သစ္စာသူ့ကို မော့ကြည့်မိသည့် အချိန်မှာတော့
သူ့ကျောပြင်ကိုသာ တွေ့ရတော့သည်။ သစ္စာသည်
သူ့ကိုမပြောလိုက်ရသော စကားတချို့ကို ကိုယ့်ဘာသာပင်စိတ်ထဲမှာ
တစ်ယောက်တည်း ပြောလိုက်မိသည်။
ကျွန်မကားက ရှင်ပြောသလောက်လည်း အခြေအနေမဆိုးသေးပါဘူး။



BURMESE CLASSIC .com

ဒါပေမယ့်လည်း
ရှင်ရဲ့အဖိုးတန် သိန်းထောင်ကျော်တန်ကားတွေလောက်တော့
ဘယ်ကောင်းနိုင်ပါ့မလဲ··· ဟူ၍ ဖြစ်လေသည်။
သစ္စာကားလေးသည် သစ္စာအတွက်တော့
တကယ့်ကို အဖော်ကောင်းဆိုတာ သူ သိဖို့လည်း မလိုအပ်ပါ။

အခန်း။ ၈။

မနက်စောစော အခန်းဝမှာရပ်ထားသော
အဖြူရောင် အမိုးဖွင့်ကားလှလှလေးကို ကြည့်ပြီး
သစ္စာ ငေးခနဲဖြစ်သွားရသည်။
ဘယ်သူ့ကားက သစ္စာရဲ့အခန်းဝတည့်တည့်ရှေ့မှာ
လာရပ်ထားပါလိမ့်လို့လည်း စဉ်းစားနေမိသည်။ ဒီကားကို
သစ္စာတစ်ခါမှလည်း မမြင်ဖူးပါ။
ဟိုတစ်ယောက်စီးနေတဲ့ ကားမျိုးစုံကြားထဲမှာလည်း
ဒီလိုကားမျိုးကို တစ်ခါမှမတွေ့ဖူးပါ။ ဒါကြောင့်
ဘယ်သူ့ကားလဲဆိုတာကို စဉ်းစားနေရသည်။
သူ အသစ်ဝယ်လိုက်တဲ့ကားဆိုရင်လည်း ဒီကားကို သူ၏များပြားလှသော
ကားတွေထားသည့်
ကား Garage ထဲတွင် မထားဘဲ
ဘယ့်နှယ်သစ္စာအခန်းရှေ့လာထားထားရတာပါလိမ့်။
အခန်းရှေ့ကို မထွက်သေးဘဲ တံခါးကွယ်ကနေ
ကားကို ရပ်ကြည့်ပြီး စဉ်းစားနေစဉ်မှာပင်…

သစ္စာ၏မြင်ကွင်းထဲသို့ ဒေါ်သန်းနှင့်ကိုသန်းနိုင် ရောက်လာကြသည်။
ကိုသန်းနိုင်သည် ကားအဖြူနုံဘေးတွင်ရပ်လိုက်ရင်း ပြုံးပြုံးရွှင်ရွှင်
သစ္စာကို စကားစပြောလိုက်သည်။
'မသစ္စာအတွက် ကားအသစ်လေ။ လာကြည့်ပါဦး၊ ကြိုက်ရဲ့လားလို့'
သစ္စာသည် ကိုသန်းနိုင်စကားကို အံ့သြသွားရင်း သစ္စာအတွက်ဆိုသော
ကားလှလှလေးကို မယုံကြည်နိုင်စွာ ထပ်ကြည့်လိုက်မိသည်။
ဒီကားလေးက သစ္စာအတွက် ဆိုပါလား။
'အပြင်ကို ထွက်ခဲ့ပါဦး သစ္စာရဲ့။ ကိုလေးကတော့ ခရီးထွက်သွားပြီ။
ကားကို ဒီမနက်အရောက်ပို့ပေးဖို့
မောင်သန်းနိုင်ကို တာဝန်ပေးသွားတာနဲ့ . . . ဒီတစ်ခေါက်ခရီးသွားတာ
မောင်သန်းနိုင် ကိုလေးနဲ့တောင် လိုက်မသွားနိုင်ဘူး။
လာကြည့်ပါဦး သစ္စာရဲ့။ သစ္စာရဲ့ကားလေးက တော်တော်လှသား'
ဒေါ်သန်းကပါ ကားကို ကြည့်ရင်း
စိတ်အားထက်သန်စွာ ဝင်ပြောလာသော်လည်း
သစ္စာသည် တံခါးကွယ်ကနေ ထွက်မလာသေးဘဲ
သူတို့တွေကို နေရာမှာပင် ပေပြီးရပ်ကြည့်နေမိလေသည်။
'မသစ္စာကားကို ဝယ်ရှော့က စီးလို့ရရုံလေး
လက်ပူတိုက်ပြီး ပြင်ပေးထားတာဆိုတော့
ကိုလေးက မစီးစေချင်တော့ဘူးလေ။ အဲဒါ မသစ္စာနဲ့လိုက်မယ့်
ကားကောင်းကောင်းတစ်စီး မြန်မြန်ရှာစမ်းဆိုတာနဲ့
ကျွန်တော့်မှာရှာလိုက်ရတာ . . . ကိုလေးကလည်း ဂျီးများများဆိုတော့
ဘယ်ကားမှ စိတ်တိုင်းမကျဘူး။ ဒီကားတွေ့မှ သဘောကျသွားတာ။
မောင်းကြည့်ပါလား မသစ္စာ။ ကားကတော့ 2003 Model ပဲ။



BURMESE CLASSIC .com

မာစီဒီးဆိုပေမယ့် ဒါက CLK
တံခါးနှစ်ပေါက်ပဲဆိုတော့ သိပ်မကြီးပါဘူး။
မိန်းကလေးတွေနဲ့လည်း လိုက်တယ်'
ကိုသန်းနိုင်တကက်တကျကြွကြွ ရှင်းပြနေသော
စကားတွေကို နားထောင်ရင်း သစ္စာစိတ်ထဲမှာ
ယုံကြည်ဖို့အတွက်ကို ဝေခွဲမရဖြစ်နေသည်။ သူ့လိုလူတစ်ယောက်က
ဒီလိုအဖိုးတန်သည့် ကားတစ်စီးကို
သစ္စာအတွက်ဝယ်ပေးသည်ဆိုတော့ ဒါသည် ယုံကြည်လက်ခံပေးဖို့ရန်
အတော်ခက်ခဲသည့် ကိစ္စပင်ဖြစ်သည်။
ဘာကြောင့်လဲဆိုတော့…
ကုန်လွန်ခဲ့တဲ့အချိန်တွေတုန်းက ထိုယောကျ်ားသည်
သစ္စာဆိုသော မိန်းမတစ်ယောက်ကို ဘယ်တုန်းကမှ
လူရာသွင်း ဆက်ဆံခဲ့တာမှ မဟုတ်ဘဲ။
အခုလို မပြောမဆိုနှင့် ကားတစ်စီးဝယ်ပေးလိုက်သည်ဆိုတော့
သစ္စာမှာ ပြောနေလို့သာ ကြားနေရသည်။
နည်းနည်းကလေးမှကို မယုံကြည်ချင်ပေ။
'ပြီးတော့ ဒီမှာ မသစ္စာသုံးဖို့
Hand Phone တစ်လုံးလည်း ပေးသွားတယ်။ အပြင်တွေဘာတွေသွားရင်
တစ်ခုခုဆို
အိမ်ကို ဖုန်းခေါ်ချင်ရင် အဆင်ပြေအောင်လို့တဲ့။
ကားကိုတော့ ဖြည်းဖြည်းပဲ မောင်းပါတဲ့။
ရော့…ဒီမှာ ဖုန်းယူထားလိုက်။ ဟို…တစ်လက်စတည်း
ကားအမိုးအဖွင့်အပိတ်လုပ်တာ ကျွန်တော်ပြသွားမယ်။

မသစ္စာ ကြည့်ထားလိုက်နော်'
ကိုသန်းနိုင်က ပြောပြောဆိုဆို ငွေမင်ရောင် ဖုန်းပြားလေးတစ်ခုကို
သစ္စာလက်ထဲ မြန်မြန်ဆန်ဆန်ပင်ထည့်ကာ
ကားအမိုး ဘယ်လိုပိတ်တယ်၊ ဖွင့်တယ်ဆိုတာကို
သေချာရှင်းပြနေတော့သည်။
သစ္စာမှာတော့ လက်ထဲရောက်လာသော ဖုန်းကိုတစ်လှည့်၊
ကိုသန်းနိုင်၏လှုပ်ရှားမှုကို တစ်လှည့်ကြည့်ရင်း နားလည်ရခက်သော
လူတစ်ယောက်အကြောင်းကို တွေးတောနေမိလိုက်သည်။
■



BURMESE CLASSIC .com

အခန်း။ ၉။
မမနှင့် ကိုကိုကြီးရှေ့တွင် သစ္စာသည်
ကျုံ့ကျုံ့လေးထိုင်ရင်း ဝမ်းနည်းနေမိသည်။
မတွေ့ရတာ ကြာလှပြီဖြစ်သော မမနှင့်ကိုကိုကြီးကို ပြန်အတွေ့မှာ
ဝမ်းသာအားရ ဖက်လဲတကင်းရှိချင်သော်လည်း
မျက်နှာထားခပ်တင်းတင်း ရှိနေသော မမ၏အမူအရာကြောင့် သစ္စာမှာ
အားငယ်သလို ခံစားနေရလေသည်။ ကိုကိုကြီးကတော့
သစ္စာကိုမကြည့်ဘဲ ခပ်ဝေးဝေးတစ်နေရာကိုသာ လှမ်းငေးနေလေသည်။
ကိုကိုကြီးမျက်နှာပေါ်မှာတော့ လောဘ၊ ဒေါသ၊ မောဟ၊ သောက…
ဘာတစ်ခုမှမရှိ ပကတိဟင်းလင်းပြင်တစ်ခုလိုပင်…
မမကသာ… မမ သစ္စာကို ဘာတွေများ စိတ်ဆိုးနေတာပါလိမ့်။
'သစ္စာ ဘာတွေလုပ်နေလဲ။ သစ္စာဟာ သစ္စာသိမှာပါ။
မမကို စိတ်ဒုက္ခပေးချင်တာလား သစ္စာ။ သစ္စာအတွက်
မမ စိတ်မဖြောင့်ဘူး'
မမဆီမှ 'စိတ်မဖြောင့်ဘူး' ဆိုသော စကားကြောင့်
ငုံ့ထားသော သစ္စာခေါင်းက မတ်ခနဲဖြစ်သွားရသည်။

မမရဲ့မျက်ဝန်းများက ရီဝေဝေ…
'မမက သစ္စာကို အပြစ်တင်နေတာလား'
'သစ္စာ အပြစ်လုပ်ထားရင်တော့ မမစကားတွေဟာ
သစ္စာကို အပြစ်တင်နေသလို ဖြစ်နေမှာပဲ'
တစ်ခါမှ လေသံမာမာဖြင့် မပြောဖူးသော မမအသံက
သစ္စာကို မငိုငိုချင်အောင် အတင်းတွန်းပို့နေသယောင်
ကိုကိုကြီးကတော့ သစ္စာတို့စကားကို မကြားတာပဲလား၊ ဒါမှမဟုတ်
မကြားချင်ယောင်ဆောင်နေတာလားတော့ မပြောတတ်။
မတုန်မလှုပ် ခပ်ဝေးဝေးကိုသာ ငေးမြဲငေးလျှက်ပင်။
သစ္စာသည် မျက်ရည်တွေကျမလာအောင် အံကိုတင်းတင်းကြိတ်ရင်း
မမမျက်နှာကို စေ့စေ့မကြည့်ဘဲ စကားတို့ကို စပြောလိုက်သည်။
'မမက သစ္စာရဲ့ ဝဋ်ဒုက္ခကိုမှ မသိဘဲ'
'ဝဋ်ဒုက္ခ ဘာကိုပြောတာလဲ။ သစ္စာက ဘာဝဋ်တွေများ ခံနေရလို့လဲ'
'ဒီအိမ်မှာ နေနေရတာဟာ သစ္စာအတွက်ဝဋ်ပေါ့ မမရဲ့၊
ဒီအိမ်ကြီးမှာ နေရတာ သစ္စာ မပျော်ဘူး'
'အင်း ဟုတ်ပြီ။ မပျော်လို့ဆိုပြီး ကိုယ့်သဘောနဲ့ကိုယ်
အလုပ်သမားတန်းလျားမှာ သွားနေခဲ့တာပဲ။ ဒါကို မမသိပြီးသား။
အဲဒီတော့ ပြောချင်ရင် အလုပ်သမားတန်းလျားမှာနေရတာ
မပျော်ဘူးလို့ စကားကို ပြင်ပြော'
စကားတတ်သော မမကို ဘယ်လိုပြန်ပြောရမှန်း ရုတ်တရက်
သစ္စာ မစဉ်းစားတတ်ပြန်။
'ကိုကိုကြီး မျက်နှာကိုလည်း ထောက်ဦးမှပေါ့ သစ္စာ။
ကိုလေး ဘယ်လိုပဲဖြစ်နေဖြစ်နေ ကိုကိုကြီး



BURMESE CLASSIC .com

မမတို့အပေါ်မှာ ကောင်းခဲ့တာတွေနဲ့ အမြဲယှဉ်ကြည့်ရမယ်လေ'
'ကိုလေးက သစ္စာအပေါ်မှာ သိပ်ရက်စက်ခဲ့ပါတယ် မမရယ်။
သစ္စာ ဘယ်လောက်ခံစားခဲ့ရတယ်ဆိုတာ
မမတို့ ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ'
'အစကတည်းက ကိုကိုကြီး သစ္စာကို ပြောခဲ့တာပဲ။
ကိုလေးနဲ့ပတ်သက်လို့ အဆုံးစွန်ထိနားလည်ပေးဖို့ ကိုကိုကြီးအနူးအညွတ်
တောင်းပန်ခဲ့တုန်းက
သစ္စာကိုယ်တိုင်က လက်ခံခဲ့တာပဲ မဟုတ်လား'
'ဟင့်အင်း၊ အဲဒါတွေကို သစ္စာပြန်ပြီး မမှတ်မိချင်တော့ဘူး မမ။
သိလည်း မသိချင်တော့ဘူး။ အခုလောလောဆယ် သစ္စာသိတာက
သစ္စာ ဒီခြံဝင်း၊ ဒီ ကိုလေးရဲ့ပိုင်နက်အတွင်းမှာ မနေချင်တော့ဘူး။
သစ္စာ ထွက်ပြေးချင်ပြီ'
ပြောရင်းနဲ့မှ သစ္စာရဲ့စကားသံတွေက ငိုရှိုက်သံတွေနှင့်
ဗလုံးဗထွေး ဖြစ်သွားရသည်မို့ မမဆီမှ
စကားသံက ခဏတိတ်သွားခဲ့သည်။ သစ္စာ၏
ငိုရှိုက်သံတို့ တိုးလျှသွားတော့မှ မမက စကားပြန်စသည်။
'ကိုလေးက ဘယ်လိုများ သစ္စာကို နှိပ်စက်သလဲ။
သစ္စာကို ပါးရိုက်သလား။ ခြေထောက်နဲ့ ကန်သလား၊
လက်သီးနဲ့ ထိုးသလား'
'အဲဒါတွေလုပ်မှ နှိပ်စက်တာလား မမ။ စကားလုံးတွေနဲ့
သစ္စာမခံနိုင်အောင် ပြောဆိုနေတာတွေဟာလည်း နှိပ်စက်တာပဲ။
သူက သစ္စာကို စိတ်မဆင်းရဲ ရဲအောင်လုပ်ပြီး
ဒီအိမ်ပေါ်က မြန်မြန်ဆင်းသွားအောင် လုပ်နေတာ။



BURMESE CLASSIC .com

သစ္စာရဲ့စိတ်တွေကို မသေသေအောင် သတ်နေတာ။
သစ္စာ ဒီခြံထဲမှာ မနေချင်တော့ဘူး မမရယ်။ သစ္စာသွားပါရစေတော့'
'အင်း ဒါက သစ္စာထင်နေတာကော မဖြစ်နိုင်ဘူးလား။
ဟုတ်တယ် မဟုတ်လား။ ဘယ်သူကများ
သေသေချာချာ ပြောနိုင်လို့လဲ'
'သစ္စာသိတယ် မမ။ သစ္စာပြောနိုင်တယ်။ သစ္စာကိုမလိုလားတဲ့
လူတစ်ယောက်ဆီမှာ သစ္စာက ဘာတွေကိုမျှော်ကိုးပြီး နေနေရဦးမှာလဲ။
သစ္စာ ဒီခြံဝင်းထဲက ထွက်သွားရင် သူလည်း စိတ်ချမ်းသာမှာပါ'
'ကဲ... ဟုတ်ပြီ။ ဒါဆို သစ္စာကို မမတစ်ခုမေးမယ်။
သစ္စာ ကိုလေးကို တကယ်ပဲ လမ်းခွဲနိုင်ပြီလား'
သစ္စာ ဒီမေးခွန်းကို ပြန်မဖြေချင်ပါ။ သစ္စာ
ကိုလေးကို လမ်းခွဲနိုင်ပြီလား ဆိုတာထက် ကိုလေးကိုယ်တိုင်ကိုက
သစ္စာကို လမ်းခွဲဖို့ ပြင်ဆင်နေပြီဆိုတာ မမတို့နားလည်အောင်
သစ္စာ ဘယ်လိုဖြေရှင်းပြရပါ့။
'ကိုလေးက သစ္စာကို ဂရုစိုက်သားနဲ့ကွယ်။ မနေ့ကတောင်
သစ္စာအတွက် ကားအသစ်တစ်စီး ဝယ်ပေးတယ်ဆို'
သူ ဝယ်ပေးတဲ့ကားကြီး သစ္စာမစီးချင်ပါဘူး မမရယ်။
မမနဲ့ သစ္စာတို့စီးခဲ့တဲ့ ကားစုတ်ကလေးစီးရတာကိုပဲ
သစ္စာ စိတ်သန့်ပါတယ်လို့ စိတ်ထဲမှာ တစ်ယောက်တည်း
အသံတိတ်ပြောနေမိသည်။
'ကိုလေးနဲ့ လမ်းခွဲချင်တဲ့ ကိစ္စမှာ ခိုင်လုံတဲ့အကြောင်းပြချက်တစ်ခု
သစ္စာမပေးနိုင်ဘဲနဲ့ မမနဲ့ကိုကိုကြီးက
ဘယ်လိုလုပ်ပြီး ခွင့်ပြုလို့ရမှာလဲ။



BURMESE CLASSIC .com

မမတို့တည်ဆောက်ပေးခဲ့တဲ့ ဘဝတစ်ခုကို လွယ်လွယ်ကူကူနဲ့
မမတို့ မဖျက်ဆီးပစ်ပေးနိုင်ဘူး။ သစ္စာနားလည်မှာပါ'
သစ္စာရင်ထဲမှာ ပြောပြချင်သောစကားတွေ အလုံးအရင်းရှိနေသော်လည်း
ဘာတစ်ခုမှ ပြောမထွက်နိုင်ဘဲ မွန်းကျပ်ကာ
ရင်ဘတ်တွေပါ အောင့်လာရသည်။ ရင်ထဲက ဝေဒနာကို
ကြိတ်မှိတ်သည်းညည်းခံရပေါင်းလည်း များလှပြီလေ။ ဘယ်သူကမှ
သစ္စာကို နားမလည်နိုင်ကြတော့ပါလား။ သစ္စာဘဝမှာ
တစ်ခုတည်းသော အားကိုးစရာ မမနဲ့ကိုကိုကြီးတောင်မှ
သစ္စာကို နားလည်မပေးနိုင်ကြလျှင် တခြားဘယ်သူတွေက
သစ္စာကို နားလည်ပေးနိုင်ကြမှာတဲ့လဲ။ အို...
သစ္စာ ကံဆိုးပါတယ်လေ။
'အလကားနေရင်း မျက်ရည်ကျတာ မမ မကြိုက်ဘူး သစ္စာ။
ဒီလိုမလုပ်ဖို့ ပြောတာလည်း အခါပေါင်းများလှပြီ။
ဘာကိုအားငယ်နေတာလဲ။ ဘာကို ဝမ်းနည်းနေတာလဲ။
သစ္စာနံဘေးမှာ ကိုလေးရှိနေသရွေ့ ကာလပတ်လုံး
သစ္စာဘာကိုမှ စိတ်ဓာတ်ကျနေစရာအကြောင်း မရှိဘူး။
ဒီမှာ သစ္စာ၊ ဒီလောကမှာ ကိုလေးရင်ခွင်လောက် လုံခြုံတဲ့ရင်ခွင်
ငါ့ညီမ ဘယ်တော့မှရှာလို့တွေ့မှာ မဟုတ်တော့ဘူး။
အဲဒါကိုတော့ မြဲမြဲမှတ်ထား'
ရင်ခွင်...လုံခြုံတဲ့ရင်ခွင်တဲ့။ စကားလုံးလေးက လှလိုက်တာမမရယ်။
အဲဒီကိုလေးရဲ့ လုံခြုံတဲ့ရင်ခွင်ဆိုတာ 'သစ္စာအတွက်' လို့
ဘယ်သူကများ ပြောလို့လဲ။ မမတို့သိတဲ့ ကိုလေးဆိုတဲ့
ယောကျ်ားတစ်ယောက်ဟာ ဘယ်လောက်ထိ



BURMESE CLASSIC .com

ရက်စက်တတ်တယ်၊ ကြမ်းတမ်းတတ်တယ်၊ မောက်မာတတ်တယ်။
အို…ဒါတွေကို
သစ္စာပြန်မပြောချင်တော့ပါဘူး။ သစ္စာအတွက်
ဝဋ်ကြွေးတစ်ခုဆပ်လိုက်တယ်လို့ပဲ သစ္စာခံယူလိုက်ပါတော့မယ်။
သစ္စာကိုသာ ကိုလေးရဲ့ဝဲဂယက်ထဲကနေ လွတ်မြောက်ခွင့်ပေးပါတော့။
‘သစ္စာကို သနားတယ်၊ ချစ်တယ်ဆိုရင် ကိုလေးနဲ့ကွာရှင်းဖို့ကိစ္စကို
ကိုကိုကြီးနဲ့မမ ခွင့်ပြုပေးပါ။ သစ္စာတောင်းပန်ပါတယ် မမရယ်’
‘ကိုလေးကို ဒီလောက်တောင်ပဲ စိတ်ပျက်သွားပြီလား သစ္စာ’
ကိုကိုကြီးအသံက ခပ်ဝေးဝေးက လာသယောင်
တိုးတိုးညင်ညင်သာသာ ရှိလှသည်။
မျက်နှာပေါ်မှာ ဘာခံစားမှုမှ မရှိပေမယ့်
အသံထဲမှာတော့ ကြင်နာမှု၊ အားပေးမှုက အပြည့်အဝရှိနေသည်။
‘ကိုလေးက သစ္စာကို သိပ်မုန်းပါတယ် ကိုကိုကြီးရယ်’
‘အင်း…အားလုံးအဆင်ပြေမယ်၊ စိတ်ချမ်းသာမယ်ထင်လို့
ကိုကိုကြီးတို့ စီစဉ်ပေးခဲ့ကြတာပါ။ အခုလို
စိတ်ဆင်းရဲနေရမယ်ဆိုရင်တော့ ရှေ့ကို ဆက်မသွားတာ အကောင်းဆုံးပဲ
ဖြစ်ပါလိမ့်မယ်။ ခွင့်ပြုလိုက်ပါ မေတ္တာ။
ကိုလေးနဲ့သစ္စာတို့ ကွာရှင်းဖို့ကိစ္စကို မေတ္တာခွင့်ပြုလိုက်ပါ။
သဘောတူပေးလိုက်ပါတော့’
‘ကျွန်တော်ကတော့ သဘောမတူနိုင်ဘူး’
ခပ်တိုးတိုးပြောနေသော စကားဝိုင်းထဲမှာ ဟိန်းခနဲထွက်လာသော
ယောကျ်ားသံကြောင့် အသံလာရာသို့ ကမန်းကတန်း
သစ္စာလှည့်ကြည့်လိုက်မိသည်။ ကိုလေး…ကိုလေးပါလား။

ကိုလေးသည် ခပ်လှမ်းလှမ်းတစ်နေရာမှ မျက်လုံးစိန်းစိန်းများနှင့် သစ္စာကို စူးစူးစိုက်စိုက်ကြည့်နေလေသည်။
နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများအောက်က နှုတ်ခမ်းများက အနည်းငယ် တုန်ယင်နေသယောင်။ တစ်ခုခုပြောဖို့ရန် ကိုလေး ကြိုးစားနေပုံရသည်။ အခန်းထဲရှိ လူသုံးယောက်တို့ကလည်း ကိုလေးကိုသာ တအံ့တသြ ကြည့်နေမိကြသည်။
ကိုလေး၏ မျက်လုံးများကတော့ သစ္စာဆီမှလွဲ၍ ဘယ်ကိုမှမရွေ့။
'ကျွန်တော်လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ကို အကြောင်းပြချက်ခိုင်ခိုင်လုံလုံ မရှိဘဲနဲ့ ဘာဖြစ်လို့ ကျွန်တော်က ကွာရှင်းပေးရမှာလဲ။ သစ္စာက ကျွန်တော် သူ့ကိုမုန်းတယ်လို့ ပြောခဲ့တယ်။ မိန်းမတစ်ယောက်ကို မချစ်ဘဲနဲ့ ကျွန်တော် လက်ထပ်ပါ့မလား။ ကျွန်တော် သစ္စာကို ချစ်ပါတယ်'
ကိုလေး၏စကားအားလုံးကို ပြတ်ပြတ်သားသား ကြားလိုက်ရပေမယ့် သစ္စာမယုံချင်ပါ။ ပဲ့တင်ထပ်နေသလို စကားသံများကို ထပ်တလဲလဲ ကြားနေရင်း သစ္စာရင်ထဲမှာ ဝမ်းနည်းခြင်းလား၊ဝမ်းသာခြင်းလား၊ကြည်နူးခြင်းလား၊ကြေကွဲခြင်းလား ဘယ်လိုမှအမျိုးအမည် မခွဲခြားနိုင်သည့် ဝေဒနာတစ်ခုက ရင်ဘတ်ထဲက နှလုံးသားကို အရှိန်ပြင်းပြင်းနှင့် လာဖိလေသည်။
သူက သစ္စာကို ချစ်တယ်တဲ့။ ဘယ်လိုမှ မဖြစ်နိုင်သည့် စကားတစ်ခွန်းကို သူပြောခဲ့သည်။
ကိုယ့်ကို မုန်းကြောင်း အကြိမ်ကြိမ်သက်သေပြခံထားရဖူးတဲ့ မိန်းမတစ်ယောက်ဟာ အဲဒီအချိန်တွေတုန်းက



BURMESE CLASSIC .com

ရင်ထဲမှာ နာနာကျင်ကျင် ကြေကွဲခံရဖူးသလို
ချစ်တယ်လို့ ပြောတာကို ကြားရတဲ့အချိန်မှာလည်း
ရင်ထဲမှာ တကယ့်ကို နာကျင်ကြေကွဲနေရတယ်ဆိုတာ
သူသိအောင် ဘယ်လိုပြောရပါ့။

အို…ဒါတွေဟာ အိပ်မက်တစ်ခုသာ ဖြစ်ပါစေတော့လေ။

■



BURMESE CLASSIC .com

အခန်း။ ၁၀။

အခန်းတံခါးကို အပြင်မှလာခေါက်လိုက်သောအသံကို ကြားလိုက်ရသောကြောင့် သစ္စာသည် လုပ်လက်စအလုပ်ကို ခဏချထားလိုက်ပြီး တံခါးသွားဖွင့်ပေးလိုက်သည်။ တံခါးဝမှာတော့ ဒေါ်သန်းက သူ့ထုံးစံအတိုင်း သနပ်ခါးအဖွေးသားနှင့်ရပ်လို့နေသည်။

'သစ္စာရေ... ဒီနေ့ညနေ (၆)နာရီ ကိုလေးပြန်ရောက်လာလိမ့်မယ်။ အဲဒါ သူရောက်ရင် သစ္စာနဲ့ ညနေစာအတူတူစားပြီး စကားပြောချင်တယ်တဲ့။ ဒေါ်သန်းကို ကြိုပြောခိုင်းလို့ လာပြောတာ။ (၇)နာရီလောက် သစ္စာ အဆင်ပြေမယ် မဟုတ်လား'

သစ္စာမှာ ဒီကိစ္စကို လက်ခံရမလား၊ မခံရမလားဆိုတာကို စဉ်းစားနေမိသည်။ စကားပြောတာများ ထမင်းအတူစားပြီးမှ စကားပြောရမယ်လို့ မဟုတ်သေးပါဘူးလို့ တွေးနေမိသည်။ ဒါပေမယ့်လည်း သူနဲ့ပြတ်ပြတ်သားသား လုပ်ပြီးမှ သစ္စာလည်း ဒီအိမ်က ထွက်ခွာလို့ရမှာ မဟုတ်လား။



BURMESE CLASSIC .com

တွေ့ဖို့ကိုတော့ လက်ခံသင့်သည်။
ထမင်းအတူ စားဖို့ကိုတော့ လက်မခံသင့်ဟု
စိတ်ထဲမှ ဆုံးဖြတ်နေမိသည်။
'သစ္စာ မနေ့က အပြင်သွားတာ ကားအသစ်လည်း ယူမသွားဘူး။
ဖုန်းကလည်း ပိတ်ထားတယ်။ ကိုလေးပေးထားတဲ့ ပစ္စည်းတွေ
သစ္စာမသုံးရင် ကိုလေးစိတ်မကောင်းဖြစ်နေမှာပေါ့။
သူ့ဘက်က ပြေရာပြေကြောင်း လုပ်လာပြီပဲ သစ္စာရယ်။
သစ္စာဘက် နည်းနည်းလေးလျှော့လိုက်ရင် အားလုံးအဆင်ပြေသွားပြီး
ဒီအိမ်ကြီးက သိပ်ပျော်ဖို့ကောင်းလာမှာပါ'
ဒေါ်သန်းစကားကြောင့် သစ္စာသည်
ဒေါ်သန်းကို မျက်မှောင်လေးကုပ်ပြီး တစ်ချက်ကြည့်လိုက်မိသည်။
စိတ်ထဲကလည်း ကိုလေးအပေါ် တော်တော်သိတတ်နိုင်သည့်
အဘွားကြီးပဲလို့ တွေးနေမိသည်။
'ဘာမှမဟုတ်တာလေးတွေနဲ့ တစ်ယောက်နဲ့တစ်ယောက်
တင်းမာနေကြတာကို ဒေါ်သန်းက
ကြားထဲကနေ မနေနိုင်လို့ ပြောရတာပါ။ အခုကိစ္စက
တစ်ယောက်တည်းလျှော့လို့ မရဘူး။
နှစ်ယောက်လုံးလျှော့မှ ပြေလည်မှာလေ။ သစ္စာက
ကိုလေးအကြောင်း မသိသေးလို့ပါ။ သူက သူ့ခံစားချက်ကို
လူသိအောင် ထုတ်ပြရမှာကို အင်မတန်ဝန်လေးတဲ့ အစားမျိုး...
သစ္စာနဲ့ပတ်သက်လို့ သူ့စိတ်ထဲ ဘယ်အတိုင်းအတာထိရှိတယ်ဆိုတာ
တစ်နေ့တော့ သစ္စာ အလိုလိုသိလာမှာပါ'
'ကဲ...တော်ပါတော့'လို့သာ သစ္စာအော်လိုက်ချင်တော့သည်။



BURMESE CLASSIC .com

တော်တော်လည်း စကားပြောနိုင်တဲ့အဘွားကြီးပါပဲ။ တွေ့တာနဲ့
သူ့လူအကြောင်းပဲ အကောင်းထားပြီး ပြောတော့တာပဲ။
ဒီက သစ္စာက အရုပ်တစ်ရုပ်မဟုတ်ဘဲ အသက်ရှိတဲ့
လူတစ်ယောက်ဆိုတာ ဒေါ်သန်း မေ့မေ့နေတယ်ထင်ပါရဲ့။
'သူရောက်လာတဲ့အချိန်သာ သစ္စာကို လာခေါ်ပါ။ အခု
သစ္စာလုပ်စရာတွေ ရှိသေးတယ်။ ကဲ...ဒေါ်သန်းသွားတော့'
သစ္စာနှင်မှပဲ ဒေါ်သန်းလည်း စကားများနေတာတွေရပ်သွားတော့သည်။
'နေ့လယ်ပိုင်း ဆေးမသောက်ရသေးဘူးမဟုတ်လား။ ရော့...
တစ်ခါတည်းသောက်လိုက်။ ထမင်းကိုတော့ သစ္စာအခန်းထဲပဲ
ဒေါ်သန်း ပုပုနဲ့ ပို့ခိုင်းလိုက်မယ်နော်။ ဒီနေ့တော့
သစ္စာ ဘယ်မှမသွားတော့ဘူး မဟုတ်လား'
သူ့မေးခွန်းကို သစ္စာက ဆေးသောက်ရင်း
ခေါင်းတစ်ချက်ယမ်းကာ အဖြေပေးလိုက်တော့ အဘွားကြီးမျက်နှာက
အနည်းငယ် ကျေနပ်သွားသလို ပြုံးသွားရသည်။ ပြီးတော့
သစ္စာရှေ့က လှည့်ထွက်ခါနီး မျက်လုံးက
အခန်းထဲကိုဝေ့ဝဲပြီး ကြည့်လိုက်သေးသည်။
နောက်မှ သစ္စာရှေ့က ထွက်သွားသည်။ သို့သော်လည်း
ဒေါ်သန်းခြေလှမ်းတစ်လှမ်းပင် မပြည့်လိုက်ပါ။
ချက်ချင်းဆိုသလိုပင် ပြန်လှည့်လာကာ သစ္စာကို ကျော်ပြီး
အခန်းထဲကို သေသေချာချာ ပြန်ကြည့်လေသည်။ သစ္စာသည်
ဒေါ်သန်း၏အပြုအမူကိုကြည့်ပြီး ဘာမှန်းနားမလည်ပါ။
သစ္စာအခန်းထဲမှာ ဒေါ်သန်းစိတ်ဝင်စားလောက်သည့်ပစ္စည်း
ဘာမှမရှိပါဘူးလို့သာ တွေးနေမိသည်။ ဒေါ်သန်းသည်



BURMESE CLASSIC .com

သစ္စာကို ထူးဆန်းသော မျက်လုံးများနှင့်သာ ကြည့်ရင်း…
'အဲဒီပိုစတာတွေက ဘယ်က ရလာတာလဲ သစ္စာ'
အမလေး ပိုစတာတွေ့တာများ
ဒေါ်သန်းက အထူးအဆန်းလုပ်လို့…လို့ တွေးလိုက်မိသည်။
'ပြောပါဦး သစ္စာရဲ့။ ဒီပုံတွေ ဘယ်က ရလာတာလဲ'
'ဝယ်လာတာပေါ့ ဒေါ်သန်းရဲ့'
'ဘာလုပ်ဖို့ဝယ်လာတာလဲ'
'မနေ့က ရုပ်ရှင်သွားကြည့်တယ်လေ။ ကြည့်ရင်းနဲ့
အဲဒီမင်းသားကို သဘောကျတာနဲ့ အပြန်မှာ
သူ့ပိုစတာတွေ ဝင်ဝယ်လာခဲ့တာ။ အခန်းထဲမှာ ကပ်ထားမလို့လေ'
'ဒီပုံတွေကပ်ထားတာ ကိုလေးမြင်ရင် စိတ်ဆိုးလိမ့်မယ် သစ္စာ'
'ဆိုးလည်း သစ္စာက ဂရုစိုက်စရာလား။
သူ့အခန်းထဲ သွားကပ်တာလည်း မဟုတ်ဘူး။
ကိုယ့်အခန်းထဲမှာ ကိုယ်ကပ်တာ။
ဒါကိုမှ လာပြောရင် သစ္စာက ပိုလို့တောင် စိတ်ဆိုးဦးမယ်။
ကဲ… ဒေါ်သန်းလည်း သွားပါတော့။
သစ္စာလည်း ပုံတွေဆက်ကပ်လိုက်ဦးမယ်'
သစ္စာသည် ပြောပြီးတာနှင့် ဒေါ်သန်းစကားတွေကို ဆက်နားထောင်ဖို့
အချိန်မပေးတော့ဘဲ အခန်းတံခါးကို ပြန်ပိတ်လိုက်လေသည်။
ဒေါ်သန်းတော့ တော်တော်ခံရခက်သွားမှာပဲလို့တွေးရင်း
စိတ်ထဲမှာ ကျေနပ်နေရသည်။
ခုနက ကပ်လက်စပိုစတာကို နံရံပေါ်မှာကပ်နေသည့်ခဏမှာ
ညနေကျရင်တော့ ဟိုတစ်ယောက်နဲ့စကားအချေအတင်ပြောရဦးမှာပဲလို့



BURMESE CLASSIC .com

ကြိုတင်သိနေလိုက်သည်။
ဒါပေမယ့်လည်း သစ္စာမကြောက်ပါဘူး။
ရုပ်ရှင်မင်းသားတစ်ယောက်ပုံကို ကိုယ့်အခန်းနံရံမှာ ကပ်မိတာနှင့်
သူက ပြဿနာလာရှာသည် ဆိုလျှင်လည်း သူပဲရှက်ဖို့ကောင်းမှာပဲလေ။
အဲလိုကြီး သူက သစ္စာကို သဝန်တိုတတ်မှာလည်း မဟုတ်ပါဘူး။
အကယ်၍ ပြဿနာတစ်စုံတစ်ရာဖြစ်ခဲ့ရင်တောင်
ဒီပြဿနာဟာ သူနဲ့သစ္စာတို့နှစ်ယောက်ကြားက
နောက်ဆုံးပြဿနာပဲ ဖြစ်လိမ့်မည်လို့ လျှောက်တွေးနေမိသည်။
အခန်းပတ်ပတ်လည်မှာ ကပ်ထားသော ပိုစတာများကိုကြည့်လိုက်ရင်း
သစ္စာ လက်တွေညောင်းသွားရသလို လူလည်း
အနည်းငယ် ချွေးပြန်သွားရသည်။ သစ္စာသည် အိပ်ရာပေါ်လှဲရင်း
ပိုစတာများကို ငေးကြည့်နေမိသည်။ မနေ့ညက မက်သော
အိပ်မက်များကို မကျေနပ်တာနှင့် သစ္စာသည် မနက်စောစောကပင်
အိမ်က ထွက်ခဲ့ပြီး နောက်ဆုံးဘယ်သွားရမှန်း
စဉ်းစားလို့မရတော့တာနှင့် တစ်ယောက်တည်း
ရုပ်ရှင်ဝင်ကြည့်ခဲ့မိသည်။ ရုပ်ရှင်က ကြည့်သာကြည့်ရသည်။
စိတ်ကလည်း သိပ်မပါလှပါ။ နောက်ဆုံးကြည့်ရင်းကြည့်ရင်းနှင့်
ဇာတ်လမ်းက ကောင်းကောင်းလာတာကြောင့် သစ္စာမှာ
တဖြည်းဖြည်း စိတ်ဝင်စားလာရသည်။
မင်းသား၊ မင်းသမီးတို့၏ Love Scene များက အသက်ဝင်လွန်းတာကို
သဘောတကျကြည့်ရင်း မင်းသား၏ မျက်လုံးများကို
Close up ရိုက်ပြသည့်အခါမှာ သစ္စာသည် မင်းသားမျက်လုံးများကို
အရမ်းသဘောကျသွားမိသည်။ ယောကျ်ားတစ်ယောက်မှာ
ရှိသင့်ရှိထိုက်သော အကြင်နာမျက်ဝန်းမျိုးဖြစ်သည်။



BURMESE CLASSIC .com

သူ့မျက်လုံးတွေက နူးညံ့သိမ်မွေ့လွန်းပြီး
တစ်ချက်တစ်ချက် ပြုံးလိုက်တိုင်း မျက်လုံးတွေက ပိုလို့တောင်
အသက်ဝင်သွားကြတာ။ သစ္စာကို ပြုံးကြည့်နေသလိုကို။
အဲဒီမှာတင် သစ္စာသည် ထိုရုပ်ရှင်မင်းသားကို
အစွမ်းကုန်သဘောကျသွားရကာ ရုပ်ရှင်ရုံက ထွက်တာနှင့် မြို့ထဲမှာ
သူ့ပိုစတာတွေ လျှောက်ရှာဝယ်ပြီး အိမ်ပြန်လာခဲ့သည်။
မနေ့ညက ပြန်ရောက်တော့ လူကပင်ပန်းနေတာနှင့် ဒီပိုစတာတွေကို
ချက်ချင်းမကပ်ဖြစ်ခဲ့။ ဒီမနက်ကျမှ စိတ်ပါလက်ပါကပ်နေတုန်း
ဒေါ်သန်းရောက်လာပြီး တွေ့သွားခြင်းဖြစ်သည်။
သစ္စာသည် ပိုစတာထဲမှ ရုပ်ရှင်မင်းသား 'သံလွင်' ပုံကို ကြည့်ရင်း
အိမ်က ဆံပင်စုတ်ဖွား၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး
ပုဂ္ဂိုလ်နှင့်များ ကွာလိုက်တာလို့ နှိုင်းယှဉ်ကြည့်နေမိသည်။
ကြမ်းတမ်းခက်ထန်သော ယောကျ်ားတစ်ယောက်၏ မိန်းမအဖြစ်
ဒီဘဝနောက်ဆုံးသာဖြစ်ပါစေလို့လည်း ရင်ထဲမှာ
လှိုက်လှိုက်လှဲလှဲပင် ဆုတောင်းလိုက်မိသည်။
■



BURMESE CLASSIC .com

အခန်း။ ၁၁။

အခန်းတံခါးကို ဖွင့်ပေးလိုက်တာနှင့် သူသည်
သစ္စာမျက်နှာကို လုံးဝမကြည့်ဘဲ…နံရံမှာကပ်ထားသော
ပိုစတာများကို သေသေချာချာ အနီးကပ်သွားကြည့်လေသည်။ ပြီးတော့
ချက်ချင်းလိုပင် ကပ်ထားသော ပိုစတာများကို မပြောမဆိုနှင့်
အေးအေးဆေးဆေး ဆွဲဖြဲလိုက်လေသည်။
ရုတ်တရက်မို့ သစ္စာသည် ကြောင်ပြီးကြည့်နေရာမှ သတိရလာကာ…
ပိုစတာတွေကို ဆွဲဖြဲပစ်နေသည့် သူ့လက်တွေကို
အတင်းလိုက်ဆွဲမိလေသည်။ သူကတော့ သူ့ကိုအတင်းလိုက်ဆွဲနေသော
သစ္စာလက်တွေကို အသိအမှတ်မပြုစွာ
သစ္စာ စိတ်ရှည်လက်ရှည်ကပ်ထားသော ပိုစတာများကို အကုန်ကုန်အောင်
စိတ်ရှည်လက်ရှည်နှင့်ကို ဆွဲဖြဲပစ်နေလေတော့သည်။
သစ္စာသည် သူ့အပြုအမူတွေကိုကြည့်ရင်း ရင်ထဲမှာ မောပန်းမှုနှင့်
ဒေါသက ယှဉ်တွဲ၍ဝင်လာခဲ့သည်။ အဲဒီလို အနိုင်ကျင့်မှုတွေကြောင့်
သူ့ဆီက သစ္စာ ထွက်ပြေးချင်တာလေ။
‘ရှင် ဘာလုပ်တာလဲ။ ဒါ ကျွန်မဝယ်ထားတဲ့ပုံတွေ မလုပ်နဲ့။



BURMESE CLASSIC .com

ရှင် ကျွန်မ မကြိုက်တာကို မလုပ်ပါနဲ့'

သူ့ကို လိုက်ဆွဲလို့ မရတော့တဲ့အဆုံး။ သစ္စာသည် ဒေါသဖြစ်ဖြစ်နှင့်ပင်

သူ့ကို အော်ပစ်လိုက်လေသည်။ သစ္စာအသံကြောင့်

သူသည် သစ္စာဘက်သို့ လှည့်လာရင်း လက်ထဲမှာပါလာသော

ပိုစတာအပိုင်းစကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဆွဲဆုတ်ပြီး

သစ္စာကို ခပ်တည်တည်စိုက်ကြည့်နေလေသည်။

အစိမ်းရောင်တောက်နေသော သူ့မျက်လုံးတွေကို ပြန်ခံကြည့်ရင်း

သစ္စာတစ်ကိုယ်လုံး မထွက်စဖူးထွက်လာသော ဒေါသတို့ဖြင့်

တုန်ယင်နေရလေသည်။

'ဘာဖြစ်လို့ ဒီပုံတွေကပ်ထားရတာလဲ'

သူ့အသံက ကျယ်လောင်မနေသော်လည်း

အေးစက် တင်းမာလွန်းနေသည်။

'ပြောစမ်းပါ။ ဘာဖြစ်လို့ ဒီပုံတွေကို

အခန်းထဲမှာ လျှောက်ကပ်ထားရတာလဲ။ ခင်ဗျားရူးနေပြီလား ဟင်။

ပြောစမ်း...ခင်ဗျားရူးသွားပြီလား'

သူ၏အေးစက်တင်းမာမှုများက သူ့လက်ချောင်းများမှတစ်ဆင့်

သစ္စာပခုံးလက်မောင်းများကို ကူးစက်လာလေသည်။

နိုင်ငံကျော်ရုပ်ရှင်မင်းသားတစ်ယောက်ရဲ့ ပိုစတာလေးကို

အခန်းထဲမှာ ကပ်မိရုံနဲ့ ရှင်ဒီလောက်တောင်

မခံမရပ်နိုင် ဖြစ်မယ်မှန်းသိရင် အဲဒီအပြုအမူကို

ကျွန်မအစောကြီးကတည်းက လုပ်ပြီး

ရှင့်ကိုစိတ်တိုအောင် လုပ်မှာပေါ့လို့ သူ့မျက်လုံးများကိုကြည့်ရင်း

စိတ်ထဲမှာ ပြောလိုက်မိသည်။



BURMESE CLASSIC .com

'မေးတာကိုဖြေလေ။ ဘာလို့ငြိမ်နေတာလဲ'

'ကျွန်မ သဘောကျလို့ ကပ်ထားတာ ဘာဖြစ်လဲ'

သစ္စာ၏ တုံးတိတိစကားက သူ့မျက်လုံးများ၏ အရောင်ကို ပိုမိုတောက်ပသွားစေလေသည်။

'သဘောကျလို့ ဟုတ်လား။ ခင်ဗျားက ဘာကိုသဘောကျတာလဲ'

'အဲဒီလူရဲ့ မျက်လုံးတွေကိုသဘောကျတာ'

'ဘာပြောတယ်'

သူ့အသံက မိုးချုန်းသံတစ်ခုလိုပင် ဟိန်းခနဲထွက်ပေါ်လာသည်။ အခန်းဝမှာရှိနေသော ဒေါ်သန်းနှင့်ကိုသန်းနိုင်သည် ရန်ပွဲကို ဘယ်လိုဝင်ရောက်ဖြေရှင်းရမှန်း မစဉ်းစားနိုင်ဘဲ သစ္စာတို့နှစ်ယောက်ကို အံ့သြတကြီးနှင့် ငေးကြည့်နေကြလေသည်။

'ကျွန်မ ဘဝကိုလုံခြုံမှုပေးနိုင်တဲ့သူ ကျွန်မအနားမှာ တစ်ယောက်မှမရှိဘူး။ ဒါ့အပြင် တစ်ယောက်တည်းဆက်ရမယ့် ခရီးရှည်ကြီးအတွက် ကျွန်မမှာ ခွန်အားတွေလိုတယ်။ အဲဒီပိုစတာထဲက လူရဲ့ မျက်လုံးတွေက ကျွန်မအတွက် လုံခြုံစေသလို အပြုံးတွေကလည်း ကျွန်မကို ခွန်အားတွေဖြစ်စေတယ်လို့ ကျွန်မ ထင်နေမိတယ်။ ဒါကလည်း ဟုတ်ချင်မှ ဟုတ်လိမ့်မယ်ဆိုပေမယ့် လောလောဆယ် ကျွန်မထင်မြင်ချက်ကိုတော့ ကျွန်မ ပြောပြရမှာပဲ။

ရှင်ကတော့ ကျွန်မဒီပိုစတာတွေ ကပ်ထားတာအတွက် ရူးသွားတာလား၊ ကြောင်သွားတာလား ထင်ချင်ထင်လိမ့်မယ်။ ကျွန်မက ဒီပုံတွေကို နံရံမှာကပ်ထားရရင်လည်း ကျေနပ်တာပါ။ ဒီထက်မပိုပါဘူး။ တစ်ခါတလေတော့လည်း



BURMESE CLASSIC .com

ကျွန်မ စိတ်ကူးယဉ်ပါရစေ'
'တော်…ထပ်မပြောနဲ့။ မပြောနဲ့ဆို ဘာကိုမှ ထပ်မပြောနဲ့။
ဘာမှမပြောနဲ့'
သူသည် ပြောရင်းနှင့်မှ သစ္စာပခုံးကို ဆောင့်တွန်းလိုက်သောကြောင့်
သစ္စာကိုယ်လေး နံရံမှာကပ်သွားသည်။ သူသည် လက်တစ်ဖက်က
ခါးကိုထောက်ရင်း လက်တစ်ဖက်က မျက်နှာကိုအုပ်ထားလေသည်။
သူ ငိုနေတာလား။ ဒါတော့ မဖြစ်နိုင်ပါ။ သစ္စာအတွက်နဲ့
သူဒီလောက်တော့ ခံစားရမယ် မထင်။ သူနှင့်မပြတ်ဆဲရသေးဘဲ
သစ္စာ ရုပ်ရှင်မင်းသားတစ်ယောက်ကို စွဲလမ်းသွားပြီထင်ပြီး
သူ ဆတ်ဆတ်မခံနိုင်ဘဲ ဖြစ်နေတာပဲဖြစ်မည်။
သူ့အလှည့်ကျတော့ သိတတ်လိုက်တာ။
ကျွန်မ အလှည့်တုန်းကကျတော့ သိပ်လှတဲ့ကောင်မလေးတွေ။
ဒီလိုပိုစတာတောင် မဟုတ်။ လူအရှင်လတ်လတ်တွေ
သူ့ရင်ခွင်ထဲမှာ ရှိနေတာကို ဘာမှမဖြစ်သလို
ဒီအတိုင်းကြည့်နေခဲ့ရတာလေ။
အဲဒီတုန်းကတော့ ကျွန်မမှာ ဒီလိုဒေါသတွေဖြစ်ဖို့ အခွင့်အရေးတွေ
ဘာတစ်ခုမှ မရခဲ့ပါလား။ ရှင်ဟာလေ
နည်းနည်းလေးမှကို မတရားဘူး။
'ဒေါ်သန်း…သူ့ကို အပြင်မထွက်စေနဲ့။
အပြင်ကနေ သော့ခတ်ထားလိုက်'
သူသည် သစ္စာကို တစ်ချက်လေးတောင်မှ ထပ်မကြည့်တော့ဘဲ
ဒေါ်သန်းကို အမိန့်ပေးကာ
သစ္စာ၏အခန်းကျဉ်းလေးထဲမှ လှည့်ထွက်သွားလေသည်။



BURMESE CLASSIC .com

အဲဒီနောက် အပြင်ဘက်မှ တံခါးပိတ်သံ၊ သော့ခတ်သံနှင့်
အခန်းရှေ့မှ ထွက်ခွာသွားကြသော ခြေသံတို့က
တဖြည်းဖြည်း ပျောက်ကွယ်လို့သွားကြသည်။
အခန်းကျဉ်းထဲမှာတော့ သစ္စာတစ်ယောက်တည်း အစိတ်စိတ်အမွှာမွှာ
ပြန့်ကျဲနေသော ပိုစတာအပိုင်းအစများအလယ်တွင်
သစ္စာတစ်ယောက်တည်း ဒီလူဟာ ဘာဖြစ်လို့များ သစ္စာအပေါ်မှာ
ရက်စက်နေရတာလဲ။ အကြင်နာတရားကော
ဘာဖြစ်လို့ ဒီလောက်တောင် ခေါင်းပါးရတာလဲ။
သစ္စာရင်ထဲမှာ နာကြည်းစိတ်တို့ဖြင့် ပူလောင်လာရသည်။ ပြီးတော့
သစ္စာသည် ခေါင်းရင်းမှ မမနှင့်ကိုကိုကြီးပုံလေးကို
ကိုင်ပြီး ကြည့်လိုက်မိသည်။ သစ္စာကို
ဘယ်လိုအကြောင်းတွေကိုများ ယုံကြည်ပြီး
ဒီအိမ်ကြီးမှာ စိတ်ချလက်ချ ထားသွားခဲ့ကြတာပါလိမ့်လို့တွေးရင်း
မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်ကျလာရကာ မမနှင့်ကိုကိုကြီး
ဓာတ်ပုံလေးသည်လည်း ပြတ်သားနေရာမှ
တဖြည်းဖြည်း မှုန်ဝါးသွားကြလေသည်။
■



BURMESE CLASSIC .com

# ‘ကိုကိုကြီးရဲ့ မေတ္တာ’



BURMESE CLASSIC .com

မေတ္တာ ဆိုသည်မှာ
ဇာတ်လမ်းထဲ၌ ပါဝင်သော အမျိုးသမီးတစ်ယောက်၏
နာမည်ကို မဆိုလိုပါ။ ကိုကိုကြီးဆိုသော ယောကျ်ားတစ်ယောက်၏
ရင်တွင်း၌ ရှိနေသော ချစ်ခြင်းတရား (မေတ္တာ)ကို ရည်ညွှန်းပါသည်။



BURMESE CLASSIC .com

အခန်း။ ၁၂။

ဆေးရုံခန်းထဲကို ဝင်ဝင်လိုက်ချင်း အဆင်သင့်သိမ်းဆည်းထားသော လူနာမရှိသည့် ခုတင်ကို ကြည့်ပြီး သစ္စာ ခေါင်းထဲမိုက်ခနဲဖြစ်သွားရသည်။ ရင်တွေတဒိန်းဒိန်းခုန်လာကာ အာခေါင်တွေပါခြောက်ပြီး ဘာစကားမှမပြောနိုင်ဘဲ မျက်ရည်ပေါက်ကြီးများက အရှိန်ပြင်းပြင်းနှင့်ကို ခုန်ပေါက် ဆင်းသက်လာကြသည်။ အခန်းထဲမှာ ပစ္စည်းသိမ်းနေသော နာစ်မလေးသည် ငိုသံကြားမှ သစ္စာကို လှမ်းမြင်ကာ မှတ်မိစွာဖြင့်ပင် သစ္စာအနား ရောက်လို့လာသည်။

'သစ္စာ မငိုနဲ့လေ။ မမေတ္တာ ဘာမှမဖြစ်ပါဘူး။ ခုနကပဲ စပယ်ရှယ်အခန်းကို ပြောင်းသွားတာပါ။ ဘာမှစိတ်မပူနဲ့။ သွားသွား... လိုက်သွားလိုက်။ ၉ ထပ်မှာ အခန်းနံပတ် ၉၀၀၅။ မေ့သွားဦးမယ်နော်။ သေချာမှတ်သွား ကိုးသုညသုညငါး'

သစ္စာသည် ငိုနေရာမှ ဆရာမလေးကို နားမလည်နိုင်စွာကြည့်ရင်း ဘာမှထပ်မမေးတော့ဘဲ ဓာတ်လှေကားဘက်ကိုသာ အမြန်ဆုံးပြေးထွက်လာခဲ့လိုက်သည်။ ဓာတ်လှေကားအတွင်းမှာ



BURMESE CLASSIC .com

ကိုးထပ်ခလုတ်ကိုနှိပ်ရင်း မမကဘယ်လိုအကြောင်းကြောင့်တွေကြောင့်
ကိုးထပ်က စပယ်ရှယ်အခန်းကို ပြောင်းသွားရတာပါလိမ့်ဆိုတာကို
စဉ်းစားမရ ဖြစ်နေရသည်။
အို…ဘယ်လိုပဲဖြစ်ဖြစ် ခုလို မမအတွက် ခွဲစိတ်ပြီးခါစအချိန်တွေမှာ
ဘာမှမဖြစ်ဘဲ ကျန်းကျန်းမာမာရှိနေတယ်ဆိုရင်ပဲ
သစ္စာ ကျေနပ်နိုင်ပါပြီ။ ကျန်တဲ့ကိစ္စက မမကိုတွေ့မှ
အကျိုးအကြောင်းမေးရင် ရနိုင်တာပဲလေ။ သစ္စာသည်
ကိုယ်၏စိတ်ပူပန်မှုများကို ကိုယ့်ဘာသာကိုယ် ကြိုးစားဖြေဖျောက်ရင်း
အခန်းကိုးသုညသုညငါးဘက်သို့ အမောတကောပင် ထွက်လာခဲ့သည်။
အခန်းရှေ့ရောက်ကာမှ တံခါးမှားခေါက်မိမှာကို
စိုးရိမ်လိုက်မိသေးသည်။ နောက်တော့လည်း မထူးပါဘူးလေလို့
စိတ်ကိုတင်းရင်း အခန်းတံခါးကို
ခပ်ကျယ်ကျယ်လေးပင် ခေါက်လိုက်လေသည်။ အခန်းဝမှာ
အဆင်သင့်ရှိနေသော လူခေါ် Bell ကိုပင် မမြင်နိုင်ဘဲ
သစ္စာရဲ့စိတ်တွေက လောကြီးနေရသည်။ စိတ်ထဲမှာလည်း
မမကို တွေ့ရပါစေ။ ကောင်းကောင်းမွန်မွန် တွေ့ရပါစေလို့
အထပ်ထပ်အခါခါ ဆုတောင်းမိနေလေသည်။ တံခါးခေါက်ပြီး
ချက်ချင်းဆိုသလိုပင် အခန်းတံခါးက ပွင့်သွားခဲ့ပါသည်။
အဖြူရောင်ခန်းစီးရှည်ရှည်ကြီးများ ကာရံထားသော
စပယ်ရှယ်အခန်းကျယ်ကြီးကတစ်ခန်းလုံးကိုပိုမိုလင်းလက်နေစေသည်။
တံခါးဖွင့်ဖွင့်ချင်း ပထမဆုံးသစ္စာတွေ့လိုက်ရသည်က
ဧည့်ခန်းကျယ်ကြီးကို အရင်ဖြစ်လေသည်။
ထိုဧည့်ခန်းကြီးတစ်ခုလုံးမှာ ပန်းနုရောင်နှင်းဆီပန်းများကို

အပြည့်ထိုးထားသော ပန်းအိုးကြီးသုံးခုက သူ့နေရာနှင့်သူ
လှပစွာရှိနေကြပြီး…
နှင်းဆီပန်း၏ ရန့်သင်းသင်းလေးများက သစ္စာကို
အခန်းထဲချက်ချင်း မဝင်နိုင်အောင် ဟန့်တားထားကြလေသည်။
နာစ်မလေးသည် ခပ်ကြောင်ကြောင်ကြည့်နေသော သစ္စာကို
ပြုံးပြုံးလေးတစ်ချက်ကြည့်ရင်း…
'မသစ္စာ ဆိုတာမဟုတ်လား။ မမေတ္တာ အထဲမှာရှိပါတယ် ဝင်ပါ'
နာစ်မလေးဆီမှ သေချာသော စကားကို ကြားလိုက်ရတော့မှ
သစ္စာရင်ထဲအလုံးကြီးက ဝုန်းခနဲပြုတ်ကျသွားကာ အခန်းထဲကို
ခပ်မြန်မြန်ပင် ဝင်လိုက်မိသည်။ အတွင်းခန်းထဲသို့အရောက်မှာ
လူနာခုတင်ပေါ်တွင် လန်းလန်းဆန်းဆန်း
ကြည်ကြည်လင်လင် ရှိနေသော မမမျက်နှာလှလှလေးကို
သစ္စာ တွေ့လိုက်ရလေသည်။ မမသည် သစ္စာဝင်လာတာကို
ကြိုတင်သိနေစွာ ပြုံးနေသော မျက်နှာလေးဖြင့် 'လာလေ သစ္စာ'လို့
ခပ်တိုးတိုး လှမ်းခေါ်လိုက်လေသည်။ မမအနားသို့
သစ္စာချက်ချင်းပြေးသွားလိုက်ချင်သော်လည်း မမနှင့်သစ္စာကြားတွင်
သစ္စာမသိသည့် လူတစ်ယောက်က ခပ်မတ်မတ်ရပ်ပြီး
သစ္စာကို လှမ်းကြည့်နေသည့်အတွက် မဝံ့မရဲခြေလှမ်းများဖြင့်သာ
မမအနားသို့ တိုးကပ်သွားလိုက်မိလေသည်။
'ကိုကြီး ဒါ မေတ္တာညီမလေးလေ သစ္စာတဲ့။ ခုလောလောဆယ်တော့
ဘွဲ့ရပြီး နေ့ကလေးထိန်းကျောင်းမှာ ဆရာမလေး ဝင်လုပ်နေတယ်။
သစ္စာ ဒါကတော့ ကိုကိုကြီးတဲ့။ အမေရိကားမှာနေတယ်။
မှတ်ထားနော်'

မမက မိတ်ဆက်အပေးမှာ သစ္စာသည် ကိုကိုကြီးဆိုသောသူကို မျက်လုံးလေးစွေပြီး ခိုးကြည့်လိုက်မိသည်။ သစ္စာကို ပြုံးကြည့်နေသော ကိုကိုကြီးမျက်နှာကို မြင်တွေ့ရသည့်အချိန်မှာတော့ အနည်းငယ်အနေရအထိုင်ရခက်သွားကာ ရှက်ကိုးရှက်ကန်းဖြင့် ယောင်ယောင်မှားမှား ဟုတ်ကဲ့လိုက်ရသည်။

'မမကိုမတွေ့တော့ သစ္စာငိုလိုက်သေးတယ် မဟုတ်လား။ ပြောစမ်း မျက်နှာက ကြောင်ချီးရုပ် ဖြစ်နေပြီ'

'ဟင်... ဟုတ်လည်း မဟုတ်ဘဲနဲ့'

မမက သစ္စာလက်မောင်းကို ဆွဲဆိတ်ပြီး သစ္စာကို ခပ်ပြုံးပြုံးလေးစတော့ သစ္စာရင်ထဲ ခုနက ခံစားခဲ့ရသည့် စိုးရိမ်ပူပန်မှုများအားလုံး ပျောက်ကွယ်သွားရသည်။ မမမျက်နှာလေးက ကုန်လွန်ခဲ့သောရက်များက လူမမာရုပ်နှင့်လားလားမျှမတူတော့။ ပြုံးပြုံးရယ်ရယ်နှင့် လန်းလန်းဆန်းဆန်း ရှိလှသည်။ သစ္စာကလည်း မမရဲ့ဒီလိုမျက်နှာလေးကိုပဲ အမြဲမြင်ချင်နေတာပါလေ။

'ဒီအခန်းကို ရောက်လာလို့ အံ့သြနေသေးလား၊ ကိုကြီးက ဒီအခန်းကိုရွှေ့လာပေးတာ။ သစ္စာထွက်သွားပြီး သိပ်မကြာဘူး။ ကိုကြီးရောက်လာပြီး တစ်နာရီအတွင်း ဒီအခန်းထဲရောက်လာတာပဲ'

သစ္စာသည် အခန်းပတ်လည်ကို မျက်လုံးဝေ့ပြီး ကြည့်လိုက်မိသည်။ ခုနက ဧည့်ခန်းထဲက နှင်းဆီပန်းတွေလိုပင် အခုမမရှိနေသော အခန်းတစ်ခုလုံးကို အဖြူရောင်နှင်းဆီပန်းများက အပြည့်နေရာ ယူထားကြလေသည်။ ပန်းများ၏လှပမှုနှင့်ရနံ့က လူမမာတစ်ယောက်ကို ချက်ချင်းပင် ရောဂါပျောက်ကင်းသွားအောင်



BURMESE CLASSIC .com

စိုးမိုးနိုင်စွမ်းရှိလေသည်။
'ကိုကိုကြီး မေတ္တာတို့ တိုက်ခန်းလေးဆီရောက်သွားတော့ ဘေးခန်းက အမျိုးသမီးက ဆေးရုံတက်နေတယ်ဆိုတာနဲ့ ဒီကို ချက်ချင်းလိုက်လာခဲ့တာပဲ။ အောက်ထပ်ကအခန်းက သိပ်ကျဉ်းတာနဲ့ ဒီအခန်းကို ရွှေ့ပေးလိုက်တာ။ ဒီအခန်းထဲက ဆိုရင် ရွှေတိဂုံဘုရားကိုလည်း အိပ်နေရင်းနဲ့တောင် ဖူးလို့ရတယ်လေ'
ကိုကိုကြီးက သစ္စာမသိရှိလိုက်သည့် အချက်အလက်တို့ကို နားလည်သွားအောင် ပြောပြပါသည်။ ကိုကိုကြီး…
မမကိုကြည့်နေသော မျက်ဝန်းများက သိပ်ကိုနူးညံ့သိမ်မွေ့လွန်းသည်။ သူ့မျက်လုံးတွေထဲမှာ မမကို သိပ်အလေးအနက်ထားကြောင်းက သိသာထင်ရှားလှသည်။ မမ မျက်ဝန်းထဲမှာကော…
မမ မျက်လုံးထဲမှာလည်း ကိုကိုကြီးကို ကြည့်သည့်အကြည့်များက… အားကိုးရှိသွားသယောင် အရောင်တလက်လက်ဖြင့် တောက်ပနေလေသည်။
'သစ္စာ၊ ကိုကြီးက မမတို့နဲ့အတူတူနေဖို့ ပြန်လာတာ။ မမဆေးရုံကဆင်းရင် ကိုကြီးရယ်၊ မမရယ်၊ သစ္စာရယ် သုံးယောက် အတူတူနေကြမယ်နော်'
'ဟယ်' လို့သာ သစ္စာရင်ထဲတိုးတိုးလေး ရေရွတ်လိုက်မိသည်။ ဒါဆို မမနဲ့ကိုကိုကြီးဆိုတဲ့သူက ချစ်သူတွေပေါ့။ ဒီအကြောင်းနဲ့ပတ်သက်လို့ မမလည်း တစ်ခါမှသစ္စာကို မပြောဖူးပါဘူးလို့ သစ္စာ တွေးရခက်သွားရသည်။
'သစ္စာ ခေါင်းရှုပ်နေပြီထင်ပါရဲ့ မေတ္တာရယ်။ နောက်မှ ဖြည်းဖြည်းပြောကြတာပေါ့။ အခုလောလောဆယ်



BURMESE CLASSIC .com

မေတ္တာကျန်းမာအောင်နေဖို့က အရေးကြီးတယ်။
ဒါမှဆေးရုံက မြန်မြန်ဆင်းလို့ရမှာ။
မေတ္တာနေကောင်းသွားရင် မေတ္တာသွားချင်တဲ့နေရာ
ကိုကြီးအကုန်လိုက်ပို့ပေးမယ်။ ကိုကြီးတို့ခရီးတွေ သွားကြမယ်လေ။
မေတ္တာက ခရီးတွေသွားချင်တယ်ဆို'
'အင်း...
သိပ်ပျော်ဖို့ ကောင်းမှာပဲနော် ကိုကြီး။
ဒီအချိန်လေးကို မေတ္တာစောင့်နေခဲ့တာ ကြာကြာလှပေါ့'
မမစကားအဆုံးမှာ ကိုကိုကြီးက မမလက်ကလေးတွေကို
ခပ်ဖွဖွလှမ်းကိုင်လိုက်တော့ သစ္စာသည် ယောင်ယောင်အမှားမှားနှင့်ပင်
သူတို့နှစ်ယောက်၏လက်ကလေးများကို လိုက်ကြည့်လိုက်မိသည်။
တစ်ယောက်မျက်ဝန်းများက တစ်ယောက်မျက်နှာဆီမှာ မခွဲခွာ။
ကြင်ကြင်နာနာအပြုံးတို့က ဘေးနားမှာထိုင်ကြည့်နေသော သူကိုပင်
အမှန်တကယ် ချမ်းမြေ့စေလေသည်။
သစ္စာသည် ကိုကိုကြီးဆိုသည့် အရပ်ထောင်ထောင်မောင်းမောင်း၊
အသားဖြူဖြူ၊ ကိုနေဟန်ထား ကျစ်ကျစ်လျစ်လျစ်နှင့်
လူချောကြီးတစ်ယောက်ကို တွေ့တွေ့ချင်းဆိုသလိုပင်
အားကိုးချစ်ခင်မိသွားလေသည်။
တစ်ဆက်တည်းမှာပင် မမကို သစ္စာလုပ်ပေးချင်သည့်အရာအားလုံးကို
ကိုကိုကြီးသည် လွယ်လွယ်ကူကူပင် မမအပေါ်မြတ်နိုးစွာ
ဖြည့်ဆည်းပေးနိုင်လိမ့်မည်လို့ ခိုင်ခိုင်မာမာကြီးပင်
ယုံကြည်လိုက်လေသည်။
■

အခန်း။ ၁၃။

တကယ်တမ်းလက်တွေ့တော့ မမသည် ဆေးရုံပေါ်ကနေကို ပြန်မဆင်းရတော့ပါ။ ခရီးသွားဖို့နေနေသာသာ လမ်းတောင်ကောင်းကောင်း မလျှောက်နိုင်တော့သော အခြေအနေကို ရောက်သွားခဲ့ရသည်မို့ ကိုကိုကြီးကော၊ သစ္စာပါ ဆေးရုံပေါ်မှာပင် အချိန်တွေ ကုန်ခဲ့ရသည်။

မမ နေမကောင်းကတည်းက သစ္စာမှာ ဖတ်သီဖတ်သီနှင့် လူမောစိတ်မော ဖြစ်ခဲ့ရသည်။ ဆေးရုံမှာ မမ၏နှလုံးကို ခွဲစိတ်ကုသဖို့အတွက် သစ္စာတို့နေထိုင်သော တိုက်ခန်းကျဉ်းကလေးကို သစ္စာပေါင်နှံခဲ့ရသည်။ ဒါကို မမက ရိပ်မိနေခဲ့သော်လည်း ဒီအကြောင်းကို သစ္စာတို့နှစ်ယောက်စလုံးက စကားမစခဲ့ကြပါ။

ကိုကိုကြီးရောက်လာခဲ့သည့် အချိန်မှစ၍ မမနှင့်ပတ်သက်သည့် စရိတ်စကအားလုံး သစ္စာတစ်ပြားတစ်ချပ်မှ ထုတ်ခွင့်မရတော့ပေ။ ဒီအတွက်လည်း သစ္စာမှာ ကိုကိုကြီးကို ထိုင်ကန်တော့ချင်လောက်အောင်ကျေးဇူးတင်ရပါသည်။



BURMESE CLASSIC .com

နွမ်းပါးသော သစ္စာတို့ညီအစ်မနှစ်ယောက်၏ ဘဝလေးထဲသို့
ခုလို မမ မကျန်းမာသည့်အချိန်တွင် ကိုကိုကြီးဆိုသော
လူတစ်ယောက် ရောက်ရှိလာခြင်းသည် သစ္စာအတွက်တော့
အားကိုးစရာ ရွှေတောင်ကြီးတစ်ခုကို
ဘွားခနဲတွေ့လိုက်ရသလို ခံစားရသည်။ မမအတွက်ကလည်း
ထိုနည်းလည်းကောင်းပါပဲ။ ဘယ်သူ့ကိုမှ အားမကိုးတတ်သော
မမသည် ကိုကိုကြီးအပေါ်မှာတော့ ကလေးငယ်လေးတစ်ယောက်လို
ချွဲနွဲ့စွာဖြင့် အနိုင်ယူတတ်လေသည်။
တစ်နေ့တခြား ပိန်လှီဖျော့တော့လာသော မမအနားမှာ ကိုကိုကြီးသည်
တစ်ဖဝါးမှမခွာ။ နေ့နေ့ညည အမြဲရှိနေခဲ့ပါသည်။ မမစိတ်ချမ်းသာမယ့်
စကားလုံးလေးများကို ရွေးပြောရင်း မမစိတ်တိုင်းကျ
အစွမ်းကုန် အလိုလိုက်ခဲ့ပါသည်။
သစ္စာမှာလည်း မမအနား ကိုကိုကြီးရှိနေသည်မို့ မနက်ပိုင်းတွေမှာ
အလုပ်သွားဖြစ်ပါသည်။ အလုပ်က ပြန်ရောက်ရင်တော့
ဆေးရုံမှာပဲနေကာ မမအတွက် လိုအပ်တာလေးတွေကို
ဘေးမှနေကူညီပြီး လုပ်ကိုင်ပေးရပါသည်။
ဒီနေ့လည်း အလုပ်ကအပြန် အခန်းထဲကိုအဝင်မှာ
တစ်ခန်းလုံးမှာထိုးထားသော နှင်းဆီပန်းများသည် ခရမ်းရောင်ဖျော့ဖျော့
လေးတွေကြီး ဖြစ်နေတာကို တွေ့လိုက်ရသည်။
ဒီလိုအရောင်ဆန်းသည့် နှင်းဆီပန်းများကို မတွေ့ဖူးသဖြင့်
သစ္စာသည် ပန်းလေးများကိုတောင် ကိုင်ကြည့်လိုက်မိသေးသည်။
နာစ်မလေးကတော့ သစ္စာ၏ကလေးဆန်သော အပြုအမူကို
ခပ်ပြုံးပြုံးဖြင့် လိုက်ကြည့်နေလေသည်။



BURMESE CLASSIC .com

မမအခန်းထဲကို ဝင်လိုက်တော့ မမသည်
ခုတင်ပေါ်တွင် ခပ်မှိုမှိုထိုင်နေပြီး ကိုကိုကြီးကတော့ မမကို
ဂျာနယ်တစ်စောင် ဖတ်ပြနေတာ တွေ့ရသည်။ မမအခန်းထဲမှာလည်း
ခရမ်းရောင်နှင်းဆီပန်းတွေ ဝေနေတာကို တွေ့ရတော့
သစ္စာမှာ သဘောကျကျေနပ်စိတ်ဖြင့် ပန်းကလေးများကို
ခပ်ဖွဖွလေး နမ်းလိုက်မိသည်။
'ဒီနေ့ ပန်းတွေအရမ်းလှတာပဲနော်။ ကိုကိုကြီး
ပန်းဆိုင်က သူ့ဘာသာသူ ပို့တာလား။ ကိုကိုကြီးက
အရောင်ပြောပြီး ပို့ခိုင်းတာလား'
သစ္စာမေးခွန်းကြောင့် ကိုကိုကြီးသည် မမ၏နဖူးမှဆံစလေးများကို
အသာသပ်တင်ပေးရင်း မမကို မြတ်မြတ်နိုးနိုးကြည့်ကာ
အဖြေပြန်ပေးပါသည်။
'မေတ္တာပေါ့။ နှင်းဆီပန်းတွေက ခရမ်းရောင်လေးတွေဖြစ်ရင်
သိပ်ကောင်းမှာပဲလို့ ပြောတာနဲ့ သူကြိုက်တဲ့ခရမ်းရောင်တွေဖြစ်အောင်
ကိုကိုကြီး မှာလိုက်တာ။ ဒီနေ့ဒီပန်းတွေမြင်ရတော့
သူ ပိုပြီးနေကောင်းလာတယ် သစ္စာ။ နေ့လယ်က
ထမင်းလည်း သေသေချာချာစားတယ်'
ကိုကိုကြီးက မမကိုအသေးစိတ် ဂရုစိုက်တာလေးကို တွေ့ရတော့
သစ္စာမှာ ရင်ထဲကြည်နူးသွားရသည်။ ဪ…တစ်နေ့တစ်နေ့
ကိုကိုကြီးမလဲ ပန်းဖိုး၊ ဆေးဖိုး၊ အခန်းခဖိုး၊ စားစရိတ်…
အစစအရာရာ ပိုက်ဆံကုန်လွန်းလှသည်။
ကိုကိုကြီး ဘယ်လောက်ချမ်းသာလဲ သစ္စာမသိပေမယ့်
တော်တန်ရုံချမ်းသာသော လူတစ်ယောက်လောက်တော့ မဟုတ်လို့



BURMESE CLASSIC .com

သစ္စာခန့်မှန်းလို့ရပါသည်။ အခုလည်း မမဆေးရုံမှာတက်နေသည့်
တစ်လကျော်ကျော်အချိန်အတွင်း ကုန်ကျစရိတ်က
သိန်းဂဏန်း ဘယ်လောက်ရှိနေမည်ဆိုတာကို
တွက်ချက်လို့ရနိုင်ပေမယ့် ဒါတွေအတွက် ကိုကိုကြီးကို
အားနာတယ်လို့တောင် သစ္စာနှုတ်က ပြောမထွက်ပြန်။
အဲဒီလို ပြောထွက်ရမှာကိုပဲ အားနာနေရပြန်သည်။
သစ္စာအဖြစ်ကလေ…
'နောက်နှစ်ပတ်လောက်နေရင်တော့ ဆေးရုံက ဆင်းလို့ရလောက်ပြီလို့
ဆရာဝန်ကြီးက မနက်ကပဲ ပြောသွားတယ်။ သစ္စာ
ဆေးရုံက ဆင်းရင်လည်း သစ္စာကိုနေဖို့ အိမ်တစ်လုံး
ကိုကိုကြီးစီစဉ်ထားတယ်။ အခုနေတဲ့ တိုက်ခန်းက ရှစ်လွှာဆိုတော့
မေတ္တာအတွက် သွားရလာရတာ အခက်အခဲတွေ့မယ်လေ။
အဲဒါကြောင့် ကိုကိုကြီး အားလုံးအဆင်ပြေအောင် လုပ်ထားတယ်။
သစ္စာ စိတ်ပူနေမှာစိုးလို့ ကြိုပြောတာ'
ကိုကိုကြီး၏အလိုက်သိမှုကို ကြည့်ပြီး သစ္စာမှာဝမ်းသာလွန်းလို့
မျက်ရည်တောင် ဝဲလာရသည်။ မမ ကံကောင်းလိုက်တာ…
မမအပေါ် ဒီလောက်ချစ်မြတ်နိုးတဲ့သူကို မမချစ်သူတော်ရတာ
မမလောက် ကံကောင်းတဲ့သူ ရှိမှာဦးတဲ့လား။
ကိုကိုကြီးကျေးဇူးတွေက သစ္စာတို့ညီအစ်မနှစ်ယောက်အပေါ်မှာ
ဆပ်လို့မကုန်ပါဘဲ။ မမလည်း ကိုကိုကြီးကို ချစ်တယ်၊
ကျေးဇူးတွေလည်း ဆပ်ချင်တယ်ဆိုရင် ကိုကိုကြီးနဲ့အတူတူ
အချိန်ကြာကြာနေပေးပါဦးနော်။
ဒီအတွက် သစ္စာတို့ဘုရားမှာလည်း ဆုတောင်းကြတာပေါ့။



BURMESE CLASSIC .com

မမရှိနေသရွေ့ကာလပတ်လုံး ကိုကိုကြီးနဲ့သစ္စာတို့ဘဝတွေဟာလည်း အဓိပ္ပာယ်ရှိနေမှာဆိုတာကို မမလည်း သိမှာပါလေ…နော်။

■



BURMESE CLASSIC .com

အခန်း။ ၁၄။

ဒီနေ့ စနေနေ့ သစ္စာကျောင်းမသွားရတာမို့ ကိုကိုကြီးက မမအနားမှာ သစ္စာကို ထားခဲ့ပြီး အပြင်ကိုထွက်သွားပါသည်။ မမ၏ကိုယ်ခန္ဓာလေးသည် သိသိသာသာပိန်လှီသွားသော်လည်း မမ၏မျက်လုံးတွေကတော့ တောက်တောက်ပပရှိတုန်းဖြစ်သည်။ မမ၏စိတ်က မမကိုဆောင်နေမှန်း မမမျက်လုံးများက သက်သေပြနေပါသည်။ သစ္စာသည် ဒီနေ့မနက်မှ အသစ်ရောက်လာသော လိမ္မော်ရောင်တောက်တောက် နှင်းဆီပန်းများ၏အလှကို နာ့စ်မလေးနှင့်အတူ ရင်သပ်ရှုမောဖြစ်နေရလေသည်။ မမကတော့ သူ့ကိုကိုကြီး စီစဉ်ထားသော အရာအားလုံးကို ကျေနပ်စိတ်ဖြင့် မျက်နှာမှာပီတိအပြုံးတွေက ဝေလို့ပေါ့။ နာ့စ်မလေးကတော့...

'အင်း တစ်နေ့တစ်နေ့ပန်းဖိုးက ဆေးဖိုးထက်တောင် ကြီးနေမလား မသိဘူး' လို့ မှတ်ချက်ချတော့ သစ္စာကလည်း လုံးဝမခံဘဲ 'အမယ် ဆရာမက ဘာသိလို့လဲ။ ဒီပန်းတွေက အလကား အလှထိုးထားတာ မဟုတ်ဘူး။ သူတို့ကလည်း

မမကို ဆေးကုပေးနေတာ။ ပန်းတွေရဲ့အလှကြောင့်
မမရောဂါ သက်သာလာတာ သိရဲ့လား’လို့ သူနာပြုကို
ဆရာပြန်လုပ်လိုက်တော့ ဆရာမလေးခမျာလည်း သစ္စာကို လက်မြှောက်
အရှုံးပေးသွားရပါသည်။
သစ္စာနှင့်နာစ်မလေးတို့ စကားပြောနေစဉ်မှာပင် မမက…
‘ဒီနားလာဦး သစ္စာ’လို့ လှမ်းခေါ်လိုက်တာမို့ သစ္စာသည်
မမန်ဘေးက ခုံလေးမှာ ဝင်ထိုက်လိုက်သည်။ မမက
သစ္စာလက်ကလေးကိုကိုင်ရင်း တိုးတိုးလေးစကားစပြောသည်။
‘ကိုကိုကြီးကို သိပ်ကျေးဇူးတင်ဖို့ ကောင်းတယ်နော် သစ္စာ’
‘ဟုတ်တယ် မမရဲ့။ သစ္စာလေ နေ့တိုင်းပဲတွေးနေတာ။ မမကို
ကိုကိုကြီးချစ်တဲ့အချစ်တွေက တာကယ့်ကိုအံ့မခန်းပဲလို့။
မမသိပ်ကံကောင်းတာပဲ သိလား။ မမဆေးရုံကဆင်းရင်
ကိုကိုကြီးနဲ့မမက မင်္ဂလာဆောင်ကြမှာဆိုတော့
အဲဒီအခါကျရင် သိပ်ပျော်ဖို့ကောင်းမှာပဲ သိလား။ သစ္စာကတော့
ကျောင်းက ကလေးတွေ အကုန်ဖိတ်ပစ်လိုက်မယ်။
ကလေးတွေ တရုန်းရုန်းနဲ့ဆိုရင် မမရဲ့မင်္ဂလာဆောင်က
အစည်ကားဆုံး ဖြစ်သွားမှာသေချာတယ်’
‘ပေါက်ကရတွေ’
မမက ခပ်တိုးတိုးရယ်ရင်း သစ္စာလက်ကို ဆွဲဆိတ်လိုက်သည်။
မမလည်း သစ္စာလိုပဲ စိတ်ကူးတွေယဉ်နေမှာ သစ္စာသိနေပါတယ်လေ။
‘သစ္စာ’
‘ပြောလေ မမ’
‘သစ္စာကို မမစိတ်မချဘူး’

'ဟင်… မမကလည်း အရင်းမရှိ အဖျားမရှိ။
သစ္စာကို ဘာစိတ်မချစရာရှိလဲလို့'
'သစ္စာ ကလေးပဲရှိသေးတာ'
'အမယ်…ဘယ်က ကလေးရမှာလဲ။ ခုပဲ နှစ်ဆယ့်သုံးနှစ်ကျော်နေပြီ'
'မမ အားလုံးကို သိပါတယ်'
ထိုစကားမှာ မမ၏မျက်လုံးများအရောင်က ဖျော့တော့သွားရသည်မို့
မမအတွက် သစ္စာစိုးရိမ်သွားရသည်။ မမက ဘာကိုသိရပြန်တာလဲ
မမရယ်။ သစ္စာတောင် မမနဲ့ပတ်သက်တဲ့ အရာတော်တော်များများကို
မသိချင်ယောင် ဆောင်ထားသေးတာ။ မမလည်း အဲလိုပဲ
မသိချင်ယောင်ဆောင်ပြီးပဲ ဆက်နေလိုက်ပါဦး မမရယ်။
'ကိုကိုကြီးနဲ့မမ တိုင်ပင်ထားတာတွေရှိတယ်။ ဒီတစ်ပတ်အတွင်း
သစ္စာကို မမပြောမှာပါ။ မမတစ်ယောက်တည်းတင် မဟုတ်ဘူး။
မမတို့ညီအစ်မနှစ်ယောက်လုံးရဲ့ဘဝကို
ကိုကိုကြီးအပေါ် ပုံအပ်ထားတယ်။
ကိုကိုကြီးစကားကို နားထောင်နော်… ညီမလေး'
'အာ… မမကလည်း ဘာတွေလျှောက်ပြောနေတာလဲ။
မမသာ ကျန်းမာအောင်နေ။ ကျန်တာတွေက ဘာမှအရေးမကြီးဘူး။
အချိန်တန်ရင် အားလုံးပြေလည်သွားလိမ့်မယ်'
'မမက စိတ်ပူနေလို့ပါ။ ကိုကိုကြီးကလည်း ဒီလိုပဲ ပြောရှာပါတယ်။
မမလေ ကိုကိုကြီးနဲ့ကော၊ သစ္စာနဲ့ပါ
အချိန်အကြာကြီး နေချင်သေးတယ်'
'နေရမှာပေါ့ မမရဲ့။ အကြာ အကြာကြီးကိုနေရဦးမှာ။ ဒါ့အပြင်
မမနဲ့ကိုကိုကြီး ကလေးလေးတွေကို

သစ္စာရဲ့ နှုတ်ကလေးထိန်းကျောင်းကို ခေါ်သွားပြီး
သစ္စာက ထိန်းပေးရဦးမှာ သိလား'
မမကို ဖြေသိမ့်သည့်အနေဖြင့် သစ္စာ စကားတွေကို
သွက်သွက်လက်လက် ပြောလိုက်မိသော်လည်း
မျက်ရည်တွေပြည့်နေသည့် မမမျက်ဝန်းများကို ကြည့်ပြီး
သစ္စာ ငိုချင်နေမိသည်။ မမအတွက်
အချိန်တွေ သိပ်မကျန်တော့ဘူးဆိုတာကို မမကြိုသိနေပါပေါ့လား။
သြော်... ကံကြမ္မာဆိုတဲ့ အရာရယ်။ သစ္စာတို့ညီအစ်မနှစ်ယောက်ကို
ဘာအပြစ်များရှိလို့ စောစောစီးစီးခွဲချင်ရတာလဲ။ မမ မရှိရင်
အို... မမ မရှိရင် သစ္စာတစ်ယောက်တည်း လောကကြီးမှာ
ဘယ်လို ရင်ဆိုင်ရပ်တည်ရပါ့။
'ကိုကိုကြီးကို မမသနားနေမိတယ်'
မမပါးပြင်ပေါ်မှာ စီးကျလာသော မျက်ရည်ပေါက်များကို
သစ္စာသည် မသိသလို အသာအယာပင်
ညင်ညင်သာသာ သုတ်ပေးလိုက်သည်။ ပြီးမှ
ဘာမှမဖြစ်သလို လေသံနှင့် မမကို အာရုံပြောင်းသွားအောင်
'သစ္စာကိုကော မသနားဘူးလား။ သနားတယ်ဆိုရင် ကိုကိုကြီးနဲ့မမ
ဘယ်လိုစတွေ့ကြလဲ သစ္စာကိုပြောပြပါလား။ စပ်စုချင်တယ်လေ'
သစ္စာစကားကြောင့် မမမျက်နှာပေါ်တွင် အပြုံးရိပ်တို့
အနည်းငယ် ခိုဝင်လာကြသည်။ နောက် သစ္စာမျက်လုံးများကို
ရီဝေဝေကြည့်ရင်း အဖြေပေးသည်။
'မင်္ဂလာဆောင် တစ်ခုမှာ'
'သြော်... မင်္ဂလာဆောင်မှာဆိုတော့ တစ်စားပွဲတည်းထိုင်ဖြစ်ပြီး

ဇာတ်လမ်းတွေ စခဲ့ကြတာပေါ့ ဟုတ်လား။
မမက သိပ်လျှို့ဝှက်ချင်တာပဲ။ သစ္စာဖြင့် ဒီအကြောင်း
နည်းနည်းကလေးတောင် မသိခဲ့ရဘူး'
'မဟုတ်ပါဘူးကွယ်။ အဲဒီတုန်းက မမက
ရောဝတီ Hotel မှာ အလုပ်လုပ်နေတဲ့အချိန်။ သစ္စာက
အသက်တောင် ခြောက်နှစ်လောက်ပဲ ရှိဦးမယ်'
'အဲဒီတော့ ကိုကိုကြီးက မင်္ဂလာဆောင်တစ်ခုလာရင်း
Reception မှာ အလုပ်လုပ်နေတဲ့ မမကို တွေ့ပြီး
ခိုက်သွားတယ်ပေါ့ ဟုတ်လား။
မမတို့ရည်းစားဖြစ်တာလည်း ကြာလိုက်တာနော်။
ဘာဖြစ်လို့ အချိန်ကြာကြီး ခွဲနေရတာလဲ'
သစ္စာမေးခွန်းအဆုံးမှာ မမမျက်လုံးများက ပြတင်းပေါက်မှတစ်ဆင့်
ဟိုး အဆုံးအစမရှိသော မိုးကောင်းကင်ကြီးကို ငေးကြည့်နေလေသည်။
မမ၏နှုတ်ခမ်းများက ဖြူရော်ရော်...
မျက်လုံးအိမ်မှ မျက်ရည်ပေါက်များကလည်း စီးကျနေဆဲ။
'အဲဒီနေ့က ကျင်းပမယ့် မင်္ဂလာဆောင်တစ်ခုအတွက်
မမက Wedding Planner အဖြစ် တာဝန်ယူရတယ်။
ကိုကိုကြီးနဲ့မမ ပထမဆုံးစတွေ့တဲ့အချိန်ကတော့ ကိုကိုကြီးဟာ
အဲဒီနေ့မှာ မင်္ဂလာဆောင်မယ့် သတို့သားအဖြစ်နဲ့ပဲ'
'ဟယ်' လို့ကို သစ္စာနှုတ်မှ အသံထွက်သွားရအောင်
သစ္စာအံ့သြသွားမိသည်။ မမနှင့်ကိုကိုကြီး၏ ဆုံတွေ့မှုက
စိတ်မချမ်းမြေ့စရာ။ ထူးဆန်းတိုက်ဆိုင်လွန်းလှသည်။
သစ္စာအတွက် မယုံကြည်နိုင်စရာတစ်ခုပင်။



BURMESE CLASSIC .com

အဲဒီနောက် မမသည် ဘာမှဆက်မပြောတော့ဘဲ
သူ့မျက်လုံးများကို ဖြည်းညင်းစွာပင် မှိတ်ပစ်လိုက်လေသည်။
သစ္စာမှာလည်း ရှေ့ဆက်စရာ စကားမရှိတော့။
ငြိမ်သက်စွာ နေလိုက်ခြင်းက မမ ခံစားလိုက်ရသောဝေဒနာကို
သက်သာစေမည်လို့ သစ္စာနားလည်လိုက်သည်။
ဒီကမ္ဘာလောကကြီးသည် ထူးဆန်းအံ့သြဖွယ်ရာ
အဖြစ်အပျက်များနှင့် ပြည့်နှက်နေသည်ဆိုတာ
အမှန်တကယ်ပင် ဖြစ်လေသည်။
ကိုကိုကြီးနှင့်မမတို့၏ ဆုံတွေ့မှုနောက်ကွယ်က
ဘယ်လိုဇာတ်လမ်းလေးတွေ ဆက်ဖြစ်ကြသလဲ ဆိုတာကိုလည်း
သစ္စာ မသိချင်တော့။ မမရဲ့ခံစားချက်တွေ အဟောင်းအဖြစ်နဲ့ပဲ သူ့ဟာသူ
ရှိပါစေတော့လေလို့ မွန်းကျပ်စွာပင် တွေးမိသည်။
အခန်းတစ်ခုလုံးမှာ အဲယားကွန်းမှ လေတိုးသံမှတစ်ပါး
တခြားဘာသံမှ မကြားရလောက်အောင်ကို တိတ်ဆိတ်သွားရသည်။
နှင်းဆီပန်းလေးများကတော့ ဘာကိုမှ မသိရှိလိုက်သယောင်
ခပ်သင်းသင်းရနံ့ပေးကာ အခန်းတစ်ခုလုံးကို
လည်ပတ်ဆော့စကားနေကြသည်။
မမရယ်...
သစ္စာဖြင့် မမကို သနားမိပါရဲ့။
သစ္စာရင်ထဲမှ ညည်းတွားသံကို မမကြားအောင်
သစ္စာ ပြောမထွက်ရက်တော့ပါလေ။

■

အခန်း။ ၁၅။
မမအတွက် ကိုကိုကြီးပြင်ဆင်ထားသော အိမ်လေးက
တကယ့်ကို နေချင်စဖွယ်ကောင်းလောက်အောင်ကို
Rometic ဖြစ်လှသည်။ မမနေရမည့်အခန်းထဲမှာ
အဝါရောင်နှင်းဆီပန်းများကို အပြည့်ထိုးထားပြီး
အဝါနုနု ခန်းဆီးနှင့် အိပ်ရာတို့က
လှပစွာဖြင့် ခမ်းခမ်းနားနား ရှိနေလေသည်။
သစ္စာမှာတော့ ကိုကိုကြီးကိုမြင်မြင်ချင်း အစ်ကိုရင်းတစ်ယောက်လို
စိတ်က ချစ်ခင်သွားခဲ့မိပေမယ့် ကိုကိုကြီး
အိမ်ထောင်ပြုဖူးတယ်ဆိုတဲ့ အသိက တစ်ချက်တစ်ချက်
သတိပေးနေတာကြောင့် ဒီအိမ်ပေါ်ကို တက်သာလာရသည်
စိတ်ကအလိုလို မလုံမလဲဖြစ်နေသလို ခံစားနေရလေသည်။
ဒါပေမယ့်လည်း မမကိုယ်တိုင် ပြုံးပြုံးရွှင်ရွှင်ရှိနေတော့လည်း
သစ္စာမှာလည်း လိုက်ပြီး ပြုံးနေရတော့တာပေါ့လေ။
ကိုကိုကြီးက မမအတွက် သူနာပြုဆရာမကို
နေ့တစ်ယောက် ညတစ်ယောက် အဆင်သင့်ငှားပေးထားပါသည်။



BURMESE CLASSIC .com

လိုအပ်သည့်ဆေးဝါး၊ အောက်စီဂျင်ဘူးကအစ
ဘာမှ လိုလေသေးမရှိအောင်ကို ဖြည့်ဆည်းပေးထားသည်။
ဆေးရုံကနေ အိမ်လေးလာတာတောင်
အနည်းငယ်ပင်ပန်းနေသည့်အတွက် မမသည်သူ့အခန်းထဲ
ရောက်ရောက်ချင်း အခန်းကို တစ်ချက်ကလေးသာ
မျက်လုံးဝေ့ကြည့်နိုင်ပြီး ပြန်မှိန်းနေသည်မို့ ဆရာမကို
အနားမှာစောင့်ခိုင်းထားပြီး ကိုကိုကြီးက
သစ္စာကို မျက်ရိပ်ပြပြီး အပြင်သို့ ခေါ်ထုတ်လာခဲ့သည်။
အိမ်ရှေ့မြက်ခင်းပြင်ပေါ်ရှိ ဗာဒံပင်အောက်က ခုံဖြူဖြူလေးပေါ်တွင်
သစ္စာတို့ထိုင်မိတော့ အိမ်ထဲမှ လူတစ်ယောက်က
အအေးနှစ်ခွက် လာချပေးသည်။ ကိုကိုကြီးသည် သစ္စာကို
တော်တော်နှင့် စကားမပြောဘဲ အအေးကိုတစ်ကျိုက်ချင်းသောက်ရင်း
တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေပုံရလေသည်။
သစ္စာလည်း ကိုကိုကြီးဘေးနားမှာ အအေးခွက်လေးကို ကိုင်ရင်း
ကိုကိုကြီး စကားပြောလာမယ့်အချိန်ကို
ငြိမ်ငြိမ်သက်သက်လေးပင် ထိုင်စောင့်နေမိသည်။
ကိုကိုကြီး စဉ်းစားချင်တာ လွတ်လွတ်လပ်လပ် စဉ်းစားပါစေလေ။
ကိုကိုကြီးကို သစ္စာ အနှောင့်အယှက်မပေးရက်ပါ။
'မေတ္တာ သိပ်ကြာကြာမနေရတော့ဘူးဆိုတာ သစ္စာလည်းရိပ်မိမှာပါ။
သူရှိနေတဲ့အချိန်မှာ သူစိတ်ချမ်းသာသွားဖို့အရေး ကိုကိုကြီးတို့
လုပ်သင့်လုပ်ထိုက်တာလေးတွေကို အမြန်ဆုံးပဲလုပ်ရတော့မယ်'
ကိုကိုကြီးရင်ဘတ်ထဲမှ ကြေကွဲစွာထွက်ပေါ်လာသော စကားသံက
သစ္စာလူတစ်ကိုယ်လုံးကိုလည်း နုံးချည့်သွားစေပါသည်။



BURMESE CLASSIC .com

သစ္စာ ဘာပြန်ပြောရပါ့။
'သစ္စာတို့တိုက်ခန်းလေးကို ပေါင်ထားတယ်လို့
မေတ္တာက ပြောတယ်။ အဲဒါကို ကိုကိုကြီးရွေးပြီး
အပြတ်ရောင်းခိုင်းလိုက်တော့မယ်။ သစ္စာအဲဒီအခန်းကနေ
လိုချင်တဲ့ပစ္စည်း သွားယူပြီး ဒီအိမ်ကိုပဲ သယ်ခဲ့လိုက်ပါ။
မနက်ဖြန် အပြီးလုပ်နိုင်ရင် ပိုကောင်းမယ်။ လူတို့ကားတို့လိုအပ်တာကို
ဒီအိမ်က ဦးခင်အေးကို ပြောလိုက်။ သူ့ကိုကြိုက်တာခိုင်းလို့ရတယ်။
ပြီးတော့ အဲဒီတိုက်ခန်းနဲ့ ပတ်သက်တဲ့စာရွက်စာတမ်းတွေ
ဦးခင်အေးကိုပဲ ပေးထားလိုက်။ ဘာလုပ်ရမယ်ဆိုတာ ကိုကိုကြီး
သူ့ကိုပြောထားပြီးသား။ နောက် အရေးကြီးတာ တစ်ခု···
နောက် သုံးရက်နေရင် အိမ်မှာပဲ တရားသူကြီးခေါ်ပြီး
ကိုကိုကြီးနဲ့မေတ္တာ လက်ထပ်မယ်။ ဒီအတွက်
သစ္စာဘာမှ စီစဉ်ပေးစရာ မလိုဘူး။ မေတ္တာနားမှာပဲ
အချိန်ပြည့်နေပေးပါ။ အားလုံးသူ့ဟာနဲ့သူ အဆင်သင့်ဖြစ်သွားလိမ့်မယ်။
သစ္စာ ဘာမေးချင်သေးလဲ'
ကိုကိုကြီးက သူရေးဆွဲထားသော Programmeကို
နှုတ်တိုက် ရွတ်ပြပြီးတော့ သစ္စာက အငယ်။
ဘာမှလည်း သိနားလည်တာမဟုတ်။ ဒီတော့လည်း
ဘာအထွန့်တက်စရာ ရှိဦးမှာလဲ။ ဒါပေမယ့်
သစ္စာရင်ထဲ ရှင်းလင်းသွားအောင် ကိုကိုကြီးကို
သစ္စာအရဲစွန့်ပြီး မေးခွန်းတစ်ခုတော့ မေးလိုက်ပါသည်။
'မမက သစ္စာကို ပြောတယ်။ ကိုကိုကြီး လက်ထပ်ဖူးတယ်တဲ့။
အခု အဲဒီကိုကိုကြီး မိန်းမကကော'



BURMESE CLASSIC .com

'ကိုကိုကြီးတို့နှစ်ယောက်ကွဲတာ ဆယ်နှစ်ကျော်ပါပြီ။
မေတ္တာက အပုန်းကောင်းတယ်လေ။ ကိုကိုကြီးဆီက
ဘာဖြေရှင်းချက်ကိုမှ နားမထောင်ဘဲ ပုန်းနေတာ။
အခုမှ ပြန်တွေ့ရတာ။ ခုလောက်ဆို သစ္စာလည်းရှင်းပြီပေါ့။
ကဲ ...သွား၊ သစ္စာလည်း အိမ်ထဲမှာသွားနားတော့။ လိုအပ်တာရှိရင်
ဒေါ်ရွှေမိကိုပြော။ ကိုကိုကြီးလည်း အပြင်ခဏသွားလိုက်ဦးမယ်။
မေတ္တာ အိပ်ရာကနိုးလာရင် ကိုကိုကြီးဆီ
ဖုန်းဆက်လိုက် ဟုတ်ပြီလား'
သစ္စာသည် ကိုကိုကြီးစကားကို ခေါင်းညိတ်ပြလိုက်ပြီး
အအေးခွက်များကို ကိုင်ကာ အိမ်ထဲသို့ပြန်ဝင်လာခဲ့လေသည်။
■



BURMESE CLASSIC .com

အခန်း။ ၁၆။
'မဖြစ်နိုင်တာ မမရယ်' လို့ မမလက်ချောင်းများကို ကိုင်ပြီး
သစ္စာ ညည်းတွားလိုက်မိသည်။ ဒီလိုအချိန်မျိုးမှာ
မမရှေ့ မျက်ရည်တို့လည်း မကျချင်ပါ။ ကိုယ့်စိတ်တွေ
အကျဉ်းအကျပ်ထဲ ရောက်နေရတာ ကိုယ့်ဟာကိုယ်
နောင်ခါလာ နောင်ခါစျေး ဖြေရှင်းနိုင်ပေမယ့် မမစိတ်တွေ
သစ္စာကြောင့် နောက်ကျိရှုပ်ထွေးသွားရမှာကိုတော့
သစ္စာ အမှန်ပဲ စိတ်ပူမိပါသည်။
'မငြင်းနဲ့ သစ္စာရယ်။ ကိုကိုကြီးနဲ့လည်း အားလုံးတိုင်ပင်ပြောဆိုပြီးပြီ။
ကိုကိုကြီး ကိုယ်၌ကိုက လိုလိုလားလား သဘောတူပြီး
ဒီကိစ္စကို စီစဉ်တာ။ တူ ဆိုပေမယ့် သူတို့နှစ်ယောက်က
သားအဖတွေလိုပဲ နေကြတာတဲ့။ ကောင်လေးက
မိဘနှစ်ပါးလုံး မရှိကြတော့ဘူး။ ကိုကိုကြီးလက်ထဲပဲ ကြီးခဲ့တာ။
ခေါ်တာတောင် ကိုကိုကြီးကို ဒယ်ဒီလို့ပဲ ခေါ်တယ်တဲ့'
'မမတို့နဲ့ပဲ သစ္စာအမြဲနေချင်တာပဲ မမရယ်။ သစ္စာကို
ဘာလို့ ယောက်ျားပေးစားချင်ရတာလဲ'



BURMESE CLASSIC .com

'သစ္စာရယ်... ညီမလေးနားမှာ မမက အမြဲမှ မနေနိုင်တာ။
ကိုကိုကြီးကလည်း မမမရှိရင် ဒုတိယအကြိမ်
အဝေးဆုံးကိုထပ်ပြီး ထွက်သွားဦးမှာပဲ။ ငါ့ညီမလေးကို
မမ စိတ်ချချင်တယ်။ မမစိတ်ဖြောင့်ဖြောင့်နဲ့ ထားခဲ့ချင်တယ်။
မမစကားကို နားထောင်ပါကွယ်'
သစ္စာသည် မမပခုံးပေါ်မှာခေါင်းမှီပြီး မမကိုယ်လုံးလေးကို
ဖွဖွလေး ဖက်ထားလိုက်မိသည်။
သစ္စာတို့အဖြစ်တွေက ဆိုးလိုက်တာ မမရယ်။ မေမေဆိုတာကို
သစ္စာဘဝမှာ မြင်တောင်မမြင်လိုက်ရပါဘူး။ ဖေဖေကလည်း
(၇)နှစ်သမီးလောက်မှာပဲ ဆုံးခဲ့တယ်။ ဆွေမျိုးရင်းချာနည်းပါးလှတဲ့
သစ္စာတို့ဘဝထဲမှာ မမသာလျှင် သစ္စာရဲ့တစ်ဦးတည်းသော
ချစ်ခင်လေးစားအားကိုးစရာပါ။ မမနဲ့သစ္စာက
အသက် (၁၄)နှစ် ကွာတာမို့ သစ္စာမှာ မမကို
အစ်မတစ်ယောက်လိုသာမက အမေတစ်ယောက်လိုပါ ချစ်ခဲ့ရတာပါ။
အခု ဒီတစ်ယောက်တည်းသောမမက သစ္စာကိုတစ်ခါမှမမြင်ဖူးတဲ့
သူစိမ်းတစ်ယောက်လက်ထဲ ယုံယုံကြည်ကြည် အပ်နှံခဲ့တော့မလို့လား။
ဒီလိုမှပဲ မမစိတ်ချမှာလား မမရယ်။
အိုလေ... မမစိတ်ချမ်းသာမယ်ဆိုရင် သစ္စာ
ဘာကိုပဲလုပ်ပေးရလုပ်ပေးရပါ။ ခုချိန်မှာ သစ္စာအတွက်တော့
(၁) မမစိတ်ချမ်းသာဖို့ (၂) မမစိတ်ချမ်းသာဖို့နဲ့
နံပတ် (၃) မမစိတ်ချမ်းသာဖို့ပါပဲလေ။
'သစ္စာ မမပြောတာတွေ ကြားတယ်နော်။ ဒီရက်ပိုင်းအတွင်းမှာပဲ
သစ္စာတို့နှစ်ယောက်ကို လက်ထပ်ပေးဖို့ ကိုကိုကြီးကို

မမ ပြောထားတယ်။ မမစကားကို နားထောင်တဲ့အတွက်
သစ္စာဘဝတစ်ခုလုံး အမြဲစိတ်ချမ်းသာရမှာပါကွယ်။ မမဘဝမှာ
သစ္စာလေးသာ အရေးကြီးဆုံးပါ။ ကိုကိုကြီးကတောင်
သစ္စာအနောက်မှာ ရှိပါတယ်'
မမရယ်လို့ ပြောပြီး သစ္စာသည်
မမကိုသာ တိုးလို့ဖက်ထားလိုက်သည်။ သစ္စာ၏မျက်ရည်ပူပူတို့က
မမ၏အင်္ကျီဖြူဖြူလေးပေါ်သို့ ပေစွန်းကုန်ရသည်။
မမစိတ်ချမ်းသာဖို့အတွက် သစ္စာဘာမဆို ခေါင်းညိတ်ပါတော့မယ်
မမရယ်။ သစ္စာအတွက် မမဘာကိုမှ
စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး။ ကိုကိုကြီးနဲ့မမ စီမံတာကို
ကျေကျေနပ်နပ်ကြီး လက်ခံဖို့ သစ္စာ ခွန်အားတွေ မွေးမြူလိုက်ပါပြီ။
မမ ပျော်ပါတော့နော်။

■



BURMESE CLASSIC .com

အခန်း။ ၁၇။

သစ္စာလက်ထပ်ရမည့် ကိုလေးဆိုသော ယောကျ်ားတစ်ယောက်ကို မမနှင့်ကိုကိုကြီး လက်ထပ်သည့်နေ့မှာပင် သစ္စာ ပထမဆုံး တွေ့ဖူးခဲ့ပါသည်။ ထိုနေ့သည် မမနှင့်ကိုကိုကြီး ရှေ့နေရှေ့မှာ လက်မှတ်ထိုးသည့်နေ့ဖြစ်သလို သူနှင့်သစ္စာသည်လည်း လက်မှတ်ရေးထိုး ဖြစ်ခဲ့သည့်နေ့ပင် ဖြစ်ပါသည်။ ကိုကိုကြီးက နောက်သုံးရက်နေလျှင် သူတို့လက်ထပ်မည်လို့ သစ္စာကို ကြိုပြောထားခဲ့ပေမယ့် မမ၏ဆန္ဒအရ တစ်ပတ်လောက်နေမှ မင်္ဂလာကိစ္စနှစ်ခုကို တစ်ရက်တည်းဖြစ်အောင် စီစဉ်ဖြစ်ခဲ့လေသည်။ အဲဒီနေ့က မမသည် စိတ်လှုပ်ရှားသွားတာလားတော့ မပြောတတ်။ မနက်ခင်းပိုင်းမှာပင် အတော့်ကို နေမကောင်းဖြစ်နေခဲ့သည်။ လက်မှတ်ထိုးဖို့ခွန်အားကို အစွမ်းကုန်သုံးကာ စာချုပ်ပေါ်မှာ မမ လက်မှတ်ရေးထိုးတော့ ကိုကိုကြီးသည် မမပခုံးလေးကို ကြင်ကြင်နာနာပွေ့ဖက်ထားရင်း ဘာကိုမှမခံစားရသယောင် ခပ်ပြုံးပြုံးကြည့်နေခဲ့သည်။



BURMESE CLASSIC .com

သစ္စာတို့အလှည့် လက်မှတ်ထိုးသည့်အချိန်မှာတော့
ကိုလေးဆိုသောလူသည် ပွရှုပ်နေသော လက်မှတ်တစ်ခုကို
မြန်မြန်ဆန်ဆန်ထိုးကာ စာချုပ်ကို သစ္စာဘက်အခြမ်းသို့
ခပ်ကြမ်းကြမ်းပင် တိုးရွှေ့ပေးခဲ့လေသည်။ ဒီတော့မှပဲ
သစ္စာသည် ကိုယ့်ဘဝတစ်ခုလုံး ပေါင်းသင်းရမည့်
ယောကျ်ားတစ်ယောက်ကို ကိုကိုကြီးမိတ်ဆက်ပေးခဲ့တုန်းကတောင်
သေချာမကြည့်ဖြစ်ခဲ့ဘဲ အခုမှပင် ပထမဆုံးနီးနီးကပ်ကပ်
စောင်းငဲ့ကြည့်ခဲ့မိသည်။ ဘေးတစ်စောင်းမြင်နေရသော
သူ့မျက်နှာသည် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ဖြင့် ဖုံးလွှမ်းလျက်ရှိပြီး
ဖြောင့်ဖြောင့်စင်းစင်းဆံပင်များက နဖူးပေါ်မှာဝဲကာ
ကုပ်ထိအောင် ရှည်နေလေသည်။ အဖြူရောင်ရှပ်အင်္ကျီလက်ရှည်ကို
အပြင်ထုတ်ဝတ်ကာ ဂျင်းဘောင်းဘီအပြာရောင်နှင့်
တကယ့်ကို ထသွားထလာပုံစံအတိုင်း
ခပ်ရိုးရိုးပင် ဝတ်ဆင်ထားခဲ့သည်။ မျက်နှာကို
ရှေ့တည့်တည့်မှ မမြင်ရသော်လည်း
ဒီလူ့မျက်နှာကြီး တင်းနေသည်ဆိုတာကို သစ္စာသည်
စာချုပ်ပေါ်မှာ လက်မှတ်ထိုးရင်းနဲ့မှ
စိတ်မချမ်းသာစွာ သတိထားမိခဲ့လေသည်။
ဒါပေမယ့်လည်း ခုချိန်မှာ သစ္စာအတွက် ဘာကိုမှငြင်းဆန်နိုင်သည့်
အခွင့်အရေး မရနိုင်တော့။ ကိုယ့်ကို လှိုက်လှဲမှုမရှိသော
ယောကျ်ားတစ်ယောက်ကို ချစ်သော မမအတွက်
သိသိရဲ့နှင့် သည်းညည်းခံပြီး ပေါင်းသွားရုံမှတစ်ပါး
အခြားရွေးချယ်စရာလမ်း မရှိနိုင်တော့ပါ။ ဒီအတွက်လည်း



BURMESE CLASSIC .com

သစ္စာ ဘာကိုမှတွန့်ဆုတ်စဉ်းစားနေဖို့ မသင့်တော့ပါ။
သစ္စာ သတ္တိတော့ ရှိရတော့မယ်လေ။
သစ္စာတို့လက်မှတ်ထိုးကြသည့်နေ့တွင် တခြားဘယ်ဧည့်သည်မှ
အိမ်တွင် ရှိမနေခဲ့ပါ။ ကိုကိုကြီးနှင့်မမ၊ သစ္စာနှင့်သူ၊ ပြီးတော့
ရွှေနေ…နှင့် သူ၏လက်ထောက် လောလောဆယ်
ကိုကိုကြီး၏တပည့်များဖြစ်ကြသည့် ဦးခင်အေးနှင့် ဒေါ်ရွှေမိ
နောက်…ကိုလေးဆိုသောသူ၏ မန်နေဂျာ ကိုသန်းနိုင်နှင့်
ကိုလေးကို ငယ်စဉ်ကတည်းက ထိန်းကျောင်းလာခဲ့သော
ဒေါ်သန်းဆိုသည့် အဘွားကြီး ဒါပဲဖြစ်လေသည်။
မင်္ဂလာလက်မှတ်ရေးထိုးပွဲက လက်မှတ်ရေးထိုးပွဲနှင့်တောင် မတူခဲ့ပါ။
တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် ပြီးဆုံးခဲ့ပါသည်။
ပျော်ရွှင်စွာပြုံးနေကြသော ကိုကိုကြီးနှင့်မမကိုကြည့်ပြီး သစ္စာသည်
ငါ ဒီနေ့ယောကျ်ားတစ်ယောက်နှင့်
လက်ထပ်လိုက်ပါလား ဆိုတာကိုတောင် မေ့မေ့နေခဲ့လေသည်။
အဲဒီလို မေ့နေနိုင်သော်လည်း သတို့သားနှင့် သစ္စာက
တစ်ချက်ကလေးတောင် မျက်လုံးချင်းမဆုံလိုက်တာ
သူသာပြန်သွားတဲ့အထိ ဖြစ်သည်။ စကားပြောဖြစ်ဆိုတာကတော့
အဝေးကြီးကိုတောင် ရောက်သွားခဲ့ကြသည်။ ဒါပေမယ့်လည်း
သူက မပြန်ခင်တော့ မမကို သေချာနှုတ်ဆက်သွားရှာပါသည်။
မမသည် သူ့လက်ချောင်းတွေကို ကိုင်ရင်း…
'ကျေးဇူးတင်ပါတယ် ကိုလေးရယ်' ဆိုသော စကားတစ်ခွန်းမှအပ
တခြားထွေထွေထူးထူး မပြောနိုင်ရှာပါ။ အရမ်းကိုမောပန်းလာသဖြင့်
ဆေးထိုးပြီး အိပ်ခိုင်းထားလိုက်ရလေသည်။ သူပြန်မယ်ပြင်တော့



BURMESE CLASSIC .com

သစ္စာသည် သူနှင့်မဆုံအောင်
နောက်ဖေးချောင်မှာ သွားရှောင်နေလိုက်မိသည်။ သူကလည်း
သစ္စာကို မေးသည့်အသံ မကြားပါ။
ခပ်ကြမ်းကြမ်းမောင်းထွက်သွားသော သူ့ကားသံကို ကြားရတော့မှ
သစ္စာအိမ်ရှေ့ဘက်ကို ပြန်ထွက်လာခဲ့မိသည်။ အဲဒီနောက်...
ဧည့်ခန်းထဲမှာ ကိုကိုကြီးနှင့် အချိန်ကြာကြာစကားပြောဖြစ်ခဲ့ကြသည်။
'ကိုကိုကြီးနဲ့မေတ္တာကတော့ ဒီနေ့သိပ်ကိုပျော်ကြတယ်။
မေတ္တာလည်း အိပ်သာပျော်နေတာပါ။ အိပ်မက်ထဲမှာ
သူပျော်နေတယ်ဆိုတာ ကိုကိုကြီးသိတယ်။
သစ္စာအတွက်ကတော့အဖြစ်အပျက်တွေက မြန်ဆန်လွန်းတော့
အိပ်မက်တစ်ခုလို ဖြစ်နေမှာပဲဆိုတာ ကိုကိုကြီးနားလည်နေတယ်၊
ဟုတ်တယ်မဟုတ်လား သစ္စာ'
ကိုကိုကြီးသည် သစ္စာ၏ငိုင်တွေတွေ မျက်နှာကို ကြည့်ပြီး
သစ္စာ၏အတွင်းစိတ်ကိုပင် ဖတ်လို့ရသယောင်
အေးအေးဆေးဆေးပင် စကားစပါသည်။
ရှပ်အင်္ကျီအဖြူလက်ရှည်နှင့် ယောပုဆိုးအညိုရောင်ကို
သပ်သပ်ရပ်ရပ်တွဲဝတ်ထားသော ကိုကိုကြီး၏မျက်နှာကြည်ကြည်ကို
တစ်ချက်မော့ကြည့်ပြီး သစ္စာသည်
ဘာပြန်ပြောရမှန်း မသိဘဲ ငြိမ်သက်နေရသည်။
'သစ္စာမသိသေးတဲ့ ကိုလေးအကြောင်းကို
ကိုကိုကြီး ပြောပြချင်တယ်။ သိသင့်သိထိုက်တာလေးတွေပေါ့။
ကိုလေးဟာ ကိုကိုကြီးအစ်ကိုရင်းက မွေးတဲ့
တစ်ဦးတည်းသော သားပါ။ တခြားညီအစ်ကိုမောင်နှမလည်း



BURMESE CLASSIC .com

သူ့မှာ မရှိဘူး။ ကိုကိုကြီးအဖေနဲ့ ကိုကိုကြီးအစ်ကိုလင်မယားက
အမေရိကားမှာပဲ နေကြတယ်။ ကိုကိုကြီးတစ်ယောက်ပဲ
ဒီနဲ့ဟိုကို သွားလိုက်ပြန်လိုက်လုပ်နေခဲ့တာ။ ကိုလေးကို
အမေရိကားမှာ မွေးခဲ့တယ်။ သူ (၁၀)နှစ်သားအရွယ်မှာ
သူ့အဖေနဲ့အမေ ကားအက်စီးဒင့်နဲ့ ရုတ်တရက်
နိုင်ငံခြားမှာပဲ ဆုံးပါးသွားခဲ့တယ်။
အဲဒီကစလို့ ကိုလေးဟာ ကိုကိုကြီးလက်ထဲမှာပဲ
ကြီးပြင်းခဲ့တယ် ဆိုပါတော့။ သူ့အသက် (၁၉)နှစ်မှာပဲ
University ပြီးခဲ့တယ်။ အဲဒီနောက် ကိုကိုကြီးနဲ့အတူတူ
သူ မြန်မာပြည်ကို လိုက်လာခဲ့တယ်။
အဲဒီကတည်းက မပြန်တော့တာ ခုချိန်ထိပဲ။ ကိုကိုကြီးလုပ်နေတဲ့
စီးပွားရေးလုပ်ငန်းတွေထဲက တစ်ခုကို သူစိတ်ဝင်စားခဲ့တဲ့အတွက်
အဲဒီစီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးကို သူ့ကို ကိုကိုကြီး
လွှဲပြောင်းပေးခဲ့တယ်။ သူဝါသနာပါတဲ့ လုပ်ငန်းမို့
ခုချိန်မှာ သူဟာအောင်မြင်တဲ့ Businessman တစ်ယောက်ဖြစ်နေခဲ့ပြီ။
ဒီလုပ်ငန်းတွေအောင်မြင်တာဟာလည်း သူကြိုးစားလို့
သူတော်လို့ အောင်မြင်ခဲ့တာချည်းပဲ။ ကိုကိုကြီးက
ငွေရေးကြေးရေးကလွဲလို့ သူ့ကိုဘာမှပံ့ပိုးပေးနိုင်ခဲ့တာ မဟုတ်ဘူး။
ကိုကိုကြီး အဖေရဲ့တာဝန်ကလည်း ကိုကိုကြီးမှာရှိနေသေးတယ်လေ။
သူအသက်ရှင်နေသရွေ့ကာလပတ်လုံး ကိုကိုကြီးဟာ ဒီလိုပဲ
အမေရိကားနဲ့ ရန်ကုန်ကို ကူးချည်သန်းချည်လုပ်နေရဦးမှာပါပဲ။
ဒီနေ့ ကိုကိုကြီးတို့လက်ထပ်တဲ့အကြောင်း မနေ့ကပဲ
ဖေဖေ့ကို အကြောင်းကြားလိုက်တယ်။



BURMESE CLASSIC .com

သူ မတက်ရောက်နိုင်တဲ့အတွက် စိတ်မကောင်းကြောင်း ပြောတယ်။
နောက်မှပဲ မေတ္တာနဲ့သစ္စာတို့ရဲ့ ဓာတ်ပုံတွေပို့ပေးလိုက်ပါတဲ့'
ကိုကိုကြီးက စကားကို ခဏရပ်နားလိုက်ပြီး
စားပွဲပေါ်မှဓာတ်ဘူးထဲက ရေနွေးကို ခွက်ထဲထည့်နေလေသည်။
သစ္စာသည် လှမ်းယူပြီးလုပ်ပေးရမည်ဆိုတာကို နားလည်နေသော်လည်း
လူက မလှုပ်နိုင်ဘဲ တောင့်တောင့်ကြီးဖြစ်နေရသည်။
'ကိုလေးက ဆက်ဆံရေးတော့ မကောင်းဘူး သစ္စာ။
သူ့စိတ်ထဲရှိတာတွေကို ဘယ်သူမှအားမနာဘဲ
ဖွင့်တရွတ် လုပ်တတ်တယ်'
ဒီစကားကိုတော့ ကိုကိုကြီးသည် သစ္စာကို လှမ်းကြည့်ရင်း
ပြုံးပြုံးလေး ပြောပါသည်။
'သူ သစ္စာနဲ့ ကိစ္စကို ငြင်းခဲ့မှာပဲ။ သစ္စာအတွက်နဲ့
ကိုကိုကြီးတို့ ပြဿနာတွေ ကြီးကြီးမားမားဖြစ်ခဲ့ကြသေးလားဟင်'
သစ္စာ၏မေးခွန်းကို ကိုကိုကြီးသည် ချက်ချင်းပြန်မဖြေဘဲ
သေသေချာချာ စဉ်းစားပြီးမှ အေးအေးဆေးဆေးပင် ပြန်ဖြေပါသည်။
'သစ္စာက အသေအချာပြောနေမှတော့
ကိုကိုကြီးလည်း မညာချင်ပါဘူး။ ဒီကောင်က
နိုင်ငံခြားမှာကြီးတဲ့ကောင်ဆိုတော့ မြန်မာပြည်ကို ချစ်ပြီး
ခုလောလောဆယ် မြန်မာပြည်မှာနေနေတယ် ဆိုပေမယ့်
ဘိုစိတ်က နည်းနည်းကျန်ချင်သေးတယ်။
သူတစ်ခါမှ မမြင်ဖူးသေးတဲ့ မိန်းမတစ်ယောက်ကို
ကိုကိုကြီးဆန္ဒကြောင့် ဖြုန်းခနဲသူ လက်ထပ်ရမယ်ဆိုတော့
သူ ကိုကိုကြီးကို ပြဿနာတော့ ရှာပြီပေါ့။ ကိုကိုကြီးနှစ်ယောက်



BURMESE CLASSIC .com

အကြိတ်အနယ် စကားတွေပြောခဲ့ရတာတော့ မှန်ပါတယ်။
ဆိုးဆိုးဝါးဝါး ပြဿနာတော့ မဖြစ်ခဲ့ပါဘူး။ ဒါကြောင့်လည်း
သူ ဒီနေ့ သစ္စာနဲ့လက်မှတ်လာထိုးပြီး
မေတ္တာနဲ့လည်း နှုတ်ဆက်သွားနိုင်တာပေါ့'
'သူ သစ္စာကို ဘာကြောင့်ပဲဖြစ်ဖြစ် လက်ခံခဲ့တာအတွက်ပဲ
သစ္စာ သူ့ကိုကျေးဇူးတော့တင်ပါတယ်။။ နို့မို့ဆို မမစိတ်ညစ်ရမှာ'
'ကိုလေးက သစ္စာ မမကို သိပ်ချစ်သလို
ကိုကိုကြီးကို ချစ်ပါတယ်။ အခုလတ်တလောမှာတော့
သစ္စာတို့နှစ်ယောက် စိမ်းနေကြလိမ့်ဦးမယ်။ နောက်ကျရင်တော့
အားလုံး ပြေလည်သွားကြမှာပါ။ သြော်···By the way
စကားဖြတ်ပြောလိုက်ဦးမယ်။ ဒီစကားက
မေတ္တာပြောရမယ့် စကားပါ။ သူက နေမကောင်းတော့
ကိုကိုကြီးပဲ သစ္စာကို ပြောရတော့မှာပဲ။ သစ္စာ ဒီနေ့ညပဲ
ကိုလေးအိမ်မှာ သွားနေရလိမ့်မယ်'
ကိုကိုကြီးစကားကြောင့် သစ္စာသည်
တစ်ကိုယ်လုံး ကြက်သီးမွေးညင်းလေးများထသွားရကာ
မျက်နှာတစ်ခုလုံးလည်း နီရဲသွားအောင်ကို ရှက်သွားရလေသည်။
'ဒါကို ရှက်စရာလို့တော့ တွေးမနေပါနဲ့ သစ္စာရယ်။
သစ္စာက ဒီနေ့ကစပြီး ကိုလေးရဲ့တရားဝင်မိန်းမ ဖြစ်သွားပြီပဲ။
ကိုလေးက (၈)မိုင်မှာ နေတယ်။ သူကိုယ်တိုင်
စိတ်တိုင်းကျဆောက်ထားတဲ့ အိမ်ကြီး။ သူ့တပည့်တွေနဲ့ပဲ နေတယ်။
မိန်းမဆိုလို့ ဒေါ်သန်းနဲ့ ပုပုဆိုတဲ့ ဆယ့်ငါးနှစ်လောက်
ကလေးမလေးတစ်ယောက်ပဲ ရှိတယ်။ သူတို့အားလုံးကိုလည်း



BURMESE CLASSIC .com

သစ္စာကို ဂရုစိုက်ဖို့ ကိုကိုကြီး ပြောထားပြီးပါပြီ။
တစ်ခုပဲ ဒေါ်သန်းကလည်း ကိုလေးလိုပဲ
သိပ်ပြီးဆက်ဆံရေးတော့ မကောင်းလှဘူး။
စိတ်ရင်းတွေကတော့ ကောင်းပါတယ်။ နိုင်ငံခြားမှာကတည်းက သူက
ကိုလေးကို ထိန်းကျောင်းလာခဲ့တာဆိုတော့ သူက
ကိုလေးရဲ့အရိပ်လို ဖြစ်နေတယ်။ ကိုလေးဖြူရင် သူဖြူမယ်။
ကိုလေးချစ်ရင် သူချစ်မယ်။ ဒါပဲ သူသိတယ်လေ။
ဒါပေမယ့် မပူပါနဲ့ သစ္စာ။ အဲဒီအိမ်မှာ အဆင်ပြေပြေနေထိုင်နိုင်အောင်
ဒေါ်သန်းက အားလုံးစီစဉ်ပေးထားပါတယ်။
သစ္စာ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ အဲဒီအိမ်ပေါ်တက်သွားရုံပဲ'
သစ္စာသည် ကိုကိုကြီးစကားတွေကို နားထောင်ရင်း
ရှက်နေသော စိတ်တွေကို ကျိတ်မှိတ်မျိုချပြီး ကိုကိုကြီးကို
အရဲစွန့်ပြီး စကားပြောလိုက်ပါသည်။
'ကိုကိုကြီးရယ်။ သစ္စာ တစ်ခုတော့ တောင်းပန်ပါရစေ။
အဲဒီအိမ်ကို သစ္စာ သွားနေဆိုလည်း
နောက်နေ့တွေကျရင် သွားနေပါ့မယ်။ ဒါပေမယ့်
ဒီနေ့တော့ မသွားပါရစေနဲ့။ မမ အခြေအနေက
ကိုကိုကြီးလည်း မြင်နေတဲ့အတိုင်းပဲ။ ဒီတစ်ညလေးတော့ သစ္စာ
မမအနားမှာ နေချင်ပါတယ်။ သစ္စာကို ဒါတစ်ခုတော့
ခွင့်ပြုပါ ကိုကိုကြီးရယ်'
ကိုကိုကြီးသည် ရေနွေးခွက်ကို စားပွဲပေါ်ပြန်ချရင်း
သက်ပြင်းတစ်ချက်ချကာ သစ္စာကို သနားစဖွယ်ကြည့်လေသည်။
ကိုကိုကြီး၏ ကရုဏာမျက်ဝန်းများက



BURMESE CLASSIC .com

သစ္စာကို ပိုမိုဝမ်းနည်းလာစေသည်။
'သစ္စာ ပြောတာဟုတ်ပါတယ်။ နေပါ မေတ္တာအနားမှာ။
သစ္စာ နေနေသင့်ပါတယ်။ ရပါတယ်။ ကိုကိုကြီး
ကိုလေးဆီ ဖုန်းဆက်လိုက်ပါ့မယ်။ ဟုတ်ပါတယ်လေ။
ဒီလိုအချိန်မှာတော့ မေတ္တာအနားမှာ
ကိုကိုကြီးတို့နှစ်ယောက်စလုံး ရှိနေနိုင်ရင် အကောင်းဆုံးပါ။
သစ္စာလည်း စိတ်ချမ်းချမ်းသာသာနေနော်။
ဖြစ်လာမယ့် ကိစ္စတွေအားလုံးကို ဘာကိုမှ ကြိုတွေးပြီး စိတ်ပူမနေနဲ့။
ကိုကိုကြီးလည်း ရှိနေတာပဲ။ ဪ…သစ္စာ ခဏနေဦး။
သစ္စာကို ကိုကိုကြီးတစ်ခု ပေးစရာရှိတယ်'
ကိုကိုကြီးသည် ပြောပြောဆိုဆိုပင် ထိုင်ရာမှထကာ
အခန်းထဲကို ဝင်သွားပါသည်။ ခဏနေပြန်ထွက်လာတော့
လက်ထဲမှာ စာအုပ်လေးတစ်ခု ကိုင်ထားသည်။
'ရော့…သစ္စာ၊ ဒါ ချက်(ခ)စာအုပ်။ သစ္စာတို့တိုက်ခန်းကို ရွေးပြီး
ကိုကိုကြီး ပြန်ရောင်းလိုက်ပြီ။ ရောင်းရငွေကို ကိုကိုကြီး
ဘဏ်မှာ အပ်ထားတယ်။ သစ္စာ ပိုက်ဆံလိုချင်တဲ့အခါ
အချိန်မရွေး ထုတ်သုံးလို့ရတယ်။ သစ္စာ နာမည်နဲ့ပဲ
ကိုကိုကြီး အပ်ထားပေးတယ်။ ပြီးတော့ သစ္စာတို့စီးနေတဲ့
ဟို ပါပလစ်ကာလေးကို ဘာလုပ်ချင်လဲ။ ရောင်းချင်လား။
ဒါမှမဟုတ် ကားအသစ်တစ်စီးနဲ့ ပြန်လဲပေးရမလား'
သစ္စာသည် အကွက်ကျကျစီမံထားသော ကိုကိုကြီး၏အရည်အချင်းကို
အံ့သြနေရင်းမှ ကားရောင်းဖြစ်ဖို့ကိစ္စကိုတော့ အမှန်ပင်မလိုလားခဲ့ပေ။
'ဒီကားလေးက မမအရင်တည်းက စီးခဲ့တဲ့ကားလေးပါ ကိုကိုကြီး။



BURMESE CLASSIC .com

သစ္စာ ကျောင်းတက်တော့လည်း မမနဲ့သစ္စာ
အဆင်ပြေသလို တွဲစီးခဲ့တယ်။ သစ္စာတို့ ညီအစ်မနှစ်ယောက်ကို
သူ တတ်နိုင်တဲ့လုံခြုံမှုလေး ပေးခဲ့တယ်။ ဒီကားလေးဟာ
တကယ့်ကို အဖော်ကောင်းပါပဲ။ သစ္စာ မရောင်းချင်ဘူး။
ဒီအတိုင်းပဲ ဆက်စီးနေပါရစေ'
'ဒါဆိုရင်လည်း သစ္စာ သဘောပါပဲကွယ်။
အိမ်မှာကော၊ ကိုလေးဆီမှာပါ ကားတွေ အများကြီးရှိတာပဲ။
ကြိုက်တဲ့ကား သစ္စာယူသုံးခွင့် ရှိပါတယ်။
အားနာနေရမယ့်လူတွေ မဟုတ်ဘူးနော်'
ကိုကိုကြီးက သစ္စာကိုနောက်သလို ပြုံးပြုံးလေးပြောပါသည်။
သစ္စာသည် အားမနာရတော့ဘူး ဆိုသော်လည်း
အားနာစွာဖြင့်ပင် တစ်ချက်ပြုံးပြလိုက်မိသည်။
'သစ္စာ… ကိုကိုကြီး သစ္စာကို
အနူးအညွတ် တောင်းပန်ချင်တာ တစ်ခုတော့ရှိတယ်'
ကိုကိုကြီးလို လူတစ်ယောက်ဟာ သစ္စာကို
အနူးအညွတ် တောင်းပန်ချင်တယ်လို့ ဆိုလာပြန်တော့
သစ္စာမှာ အံ့ဩသွားရပြန်သည်။
'ကိုလေးနဲ့ပတ်သက်လို့ပဲ သစ္စာ။ သူက လူတစ်မျိုး။
အင်မတန်မှ Sensitive ဖြစ်တဲ့ကောင်။
သူ့စိတ်ကို ဖမ်းစားဖို့လည်း သိပ်ခက်တယ်။ သူက
သူများစိတ်ကို ဖမ်းစားချင်တဲ့ကောင်မျိုး။
သစ္စာ သူ့ကိုတော်တော်နဲ့ နားလည်နိုင်မှာ မဟုတ်ဘူး။ ဒါပေမယ့်
သူ့ကို ခွင့်လွှတ်ခြင်းနဲ့ အဆုံးစွန်ထိ နားလည်ပေးပါလို့



BURMESE CLASSIC .com

ကိုကိုကြီး တောင်းပန်ချင်တယ်။ ကိုကိုကြီး ယုံကြည်နေပါတယ်။
တစ်နေ့နေ့တစ်ချိန်ချိန်မှာ သူ သစ္စာကိုသိပ်ချစ်မြတ်နိုးလာမှာပါ။
အဲဒီအချိန်လေးကိုပဲ သစ္စာ သည်းညည်းခံပြီး စောင့်ဆိုင်းပေးပါ။
ဘယ်လိုအခြေအနေမျိုးကိုပဲ ရောက်ရောက်
သူ ကွာရှင်းပေးဖို့ ပြောလာခဲ့ရင်တောင် သစ္စာလုံးဝလက်မခံပါနဲ့။
အချိန်က စကားပြောလာမယ့်အထိ သစ္စာ စိတ်ရှည်ပေးပါ။
ကိုလေးအတွက် အချိန်တွေပေးရလေခြင်းလို့ သဘောမထားပါနဲ့။
ပြီးတော့ ကိုကိုကြီးကလည်း သူ့ရဲ့တစ်ဦးတည်းသော တူသားအတွက်
အတ္တကြီးလိုက်တာလို့လည်း သစ္စာ မထင်ပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့
သစ္စာ သူ့ကိုလက်ထပ်လိုက်ခြင်းဟာ သစ္စာ မမအတွက်
သစ္စာဘဝတစ်ခုလုံးကို ပေးဆပ်လိုက်ရခြင်းဖြစ်သလို သူကလည်း
ကိုကိုကြီးအတွက် သူ့ဘဝတစ်ခုလုံးကို
ပေးဆပ်လိုက်ရခြင်း ဖြစ်နေလို့ပဲ။ ကိုကိုကြီးပြောတာ
သစ္စာ နားလည်ပါတယ်နော်။ ဆိုလိုတာက သစ္စာရယ်'
ကိုကိုကြီးပြောနေသော စကားသံတို့သည် သစ္စာနားထဲသို့
တစ်လုံးမကျန် ဝင်ရောက်လာခဲ့သော်လည်း
အကြားအာရုံတို့သည် တိုးလာလိုက်ကျယ်လာလိုက် ဖြစ်နေခဲ့သလို
အမြင်အာရုံမှာရှိနေသော ကိုကိုကြီး၏ရုပ်သွင်သည်လည်း
ပီပြင်လာလိုက်၊ မှုန်ဝါးသွားလိုက်နှင့် သစ္စာ၏အသိစိတ်တစ်ခုလုံးက
ဖရိုဖရဲ ဖြစ်နေခဲ့လေသည်။
ကိုကိုကြီး၏ စကားလုံးတွေက သစ္စာတစ်ခါမှမရောက်ဖူးသော
နေရာသစ်တစ်ခုဆီသို့ ဆွဲဆောင်ခေါ်ယူသွားကြသည်။
သစ္စာ၏ ခန္ဓာကိုယ်တစ်ခုလုံးက သစ်ရွက်လေးတစ်ရွက်လို ပေါ့ပါးကာ



BURMESE CLASSIC .com

လေထဲမှာ ဦးတည်ရာမဲ့ လွင့်မျောနေခဲ့သည်။ သစ္စာသည်
ဒီလို သစ်ရွက်လေးတစ်ရွက်လို လွင့်မျောနေရသည့် အရသာကို
တကယ်ကို နှစ်သက်သွားမိသည်။
အမှန်ဆို သစ္စာသည်
လူသားတစ်ယောက် (အဲဒီလူသားထဲမှာမှ မိန်းမတစ်ယောက်)
မဖြစ်သင့်ဘဲ သစ်ရွက်ကလေးတစ်ရွက်သာ ဖြစ်ခဲ့ရင်
ပိုမကောင်းပေဘူးလား။ သစ်ရွက်ကလေးရဲ့ဘဝမှာ
ခံစားမှုဆိုတာလည်း ရှိမှာမဟုတ်။ ခံစားမှုမရှိသရွေ့
နာကျင်မှုဆိုတာလည်း ရှိလာမှမဟုတ်။
အဲဒီနာကျင်မှုတို့ရဲ့ အဆုံးသတ်ရာ 'ဝေဒနာ' ဆိုသည့်အရာကလည်း
ပေါ်ပေါက်လာမှာမဟုတ်။ အခုတော့ သစ္စာသည်
လူသားမိန်းကလေးတစ်ယောက် ဖြစ်နေခဲ့၍ ဒီအရာတွေကို
လက်မခံချင်သော်လည်း လက်ခံထားရဦးမည်။ ဒါတွေကိုကော
ဘယ်အချိန်ထိ လက်ခံထားရမှာလဲ သစ္စာ သေသေချာချာမသိ။
ဒါပေမယ့် သေချာသိနေသည့် အရာတစ်ခုက
သစ္စာခေါင်းထဲ၊ ဦးနှောက်ထဲမှာ ကြိုတင်ရောက်နှင့်နေပြီးပြီလေ။
သစ္စာ မျက်ရည်တွေကျရဦးမှာပေါ့။ မျက်ရည်ဆိုသော အရာသည်
သစ္စာမလိုလားဘဲနှင့်ကို သစ္စာအနားမှာ ကာလရှည်လျားစွာ
အတူတကွ နေထိုင်သွားတော့မည် ဆိုတာပင် ဖြစ်လေသည်။
■



BURMESE CLASSIC .com

အခန်း။ ၁၈။

နောက်တစ်နေ့မနက်သို့ ရောက်သောအခါ မမသည် မနက်စောစောမှာပင် အိပ်ရာမှနိုးလာခဲ့သည်။ မနေ့ကတစ်ညလုံးကတော့ မမသည် ဆေးရှိန်ကြောင့် အရာရာကို စိတ်ချသွားတာလားတော့ မပြောတတ်။

နှစ်ခြိုက်စွာ အိပ်မောကျနေခဲ့သည်။ ဒီနေ့မနက်မှာတော့ မမသည် သူ့နံဘေးနားအဆင်သင့်ရှိနေသော ကိုကိုကြီးနှင့်သစ္စာကို ဖျော့တော့စွာ ပြုံးရင်း အိပ်ရာမှနိုးထလာခဲ့သည်။

'မေတ္တာ တစ်ချိန်လုံးလည်း အိပ်ပျော်နေတယ်ထင်ပါရဲ့' လို့ ခပ်တိုးတိုးပြောတော့...

'အိပ်တော့ မေတ္တာပိုပြီး အားရှိသွားတာပေါ့' လို့ ကိုကိုကြီးက ကြင်နာစွာ ပြန်ပြောပါသည်။

'ဒီနေ့ပန်းတွေ ဘာအရောင်ထိုးထားလဲဟင် ကိုကြီး' မမစကားကြောင့် သစ္စာတို့နှစ်ယောက်လုံး ဝမ်းနည်းသွားကြရလေသည်။ မနေ့ကမှ မမအကြိုက်ထိုးထားသော ပန်းနုရောင်နှင့် နှင်းဆီပန်းများက ခုချိန်ထိ



BURMESE CLASSIC .com

လန်းဆန်းစွာ ရနံ့တွေပေးနေသေးသည် ဆိုတာကို
မမသည် သေချာမသိနိုင်တော့ပြီလား။ မမသည်
သက်မဲ့ပန်းကလေးတွေလောက်တောင် ဒီနေ့အဖို့မှာ
လန်းလန်းဆန်းဆန်း မရှိတော့ပေ။ မမ၏နောက်ဆုံးအချိန်တွေကို
ရင်ဆိုင်တွေ့ရဖို့ သစ္စာမှာခွန်အားတွေ ပျောက်ဆုံးနေရလေသည်။
'မေတ္တာကြိုက်တဲ့ ပန်းရောင်နုနုလေးတွေပဲ ထိုးထားတယ်လေ။
မေတ္တာ တွေ့ရတယ်မဟုတ်လား'
'အင်း...ဘာမှလည်း သိပ်ပြီး သဲသဲကွဲကွဲ မတွေ့ရပါဘူး
ကိုကြီးရယ်။
မျက်လုံးတွေက လေးပြီး အိပ်ချင်နေသလိုပဲ။
စိတ်ကတော့ မအိပ်ချင်ပါဘူး'
'အိပ်ချင်ရင် အိပ်လိုက်ပေါ့ မေတ္တာ။ ကိုကိုကြီးရော၊ သစ္စာပါ
မေတ္တာအနားမှာ တစ်ချိန်လုံးရှိနေတယ်။ ဟုတ်ပြီလား'
'အိပ်တော့မအိပ်ပါဘူး။ ဒါပေမယ့် မျက်လုံးမှိတ်ပြီး
ခဏတော့ မှိန်းနေချင်တယ်။ အလင်းရောင်တွေက စူးနေသလိုပဲ။
အပြင်မှာ နေတွေအရမ်းပူနေသလား မသိဘူး။
သစ္စာ...သစ္စာကော မမအနားကို တိုးပါဦး'
'မမအနားမှာ သစ္စာရှိပါတယ်'
သစ္စာသည် မမလက်ချောင်းပိန်ပိန်ကလေးများကို ညင်သာစွာကိုင်ရင်း
ငိုသံမပါအောင် သတိထားပြီး စကားပြောလိုက်ရသည်။
'မမကို ကြည့်နေနော်။ အိပ်ပျော်သွားတယ်ထင်ရင် နှိုးလိုက်။
မမ မအိပ်ချင်ဘူး။ မမကို ကြည့်နေပါနော်'
'ဟုတ်ကဲ့။ မမကို သစ္စာကြည့်နေပါ့မယ်'



BURMESE CLASSIC .com

'ကိုကြီး'
'ပြော··· မေတ္တာ ကိုကြီးအနားမှာရှိတယ်'
'မေတ္တာ မအိပ်ချင်ဘူး ကိုကြီးရယ်။ ပြန်မနိုးလာမှာကို
မေတ္တာကြောက်နေမိတယ်'
အဲဒီနောက် အခန်းတစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။
ရင်ထဲမှာ ကိုယ်စီကိုယ်ငှ ခံစားနေရသော ဝေဒနာများက
တိတ်ဆိတ်မှုကိုသာ ဖန်တီးပေးတော့သည်။ ဘာတွေခံစားနေရသလဲ။
ဘာတွေပြောချင်နေတာလဲ ဆိုတာတွေကို
ကိုယ့်ဟာကိုယ်သာ သိကြပါလိမ့်မည်။
အဲဒီနေ့မနက် (၁၀)နာရီမှာပင် မမသည် အိပ်ပျော်သွားရာမှ
သူ စိုးရိမ်သလိုပင် ပြန်လည်နိုးထမလာနိုင်ခဲ့တော့ပါ။ သူချစ်သော
ကိုကိုကြီးနှင့်သစ္စာကို နှုတ်ဆက်စကားတောင် မဆိုတော့ဘဲ
တစ်ခါတည်း ကျောခိုင်းသွားခဲ့သည်။
ပန်းနုရောင် နှင်းဆီပန်းများအလယ်တွင်တော့
သူ့ကို ရင်ခွင်ထဲမှာ ကြင်နာစွာဖက်ပွေ့ထားသော
ယောကျ်ားတစ်ယောက်နှင့် သူတို့နှစ်ယောက်အဖြစ်ကို ကြည့်ရင်း
ဝမ်းနည်းစွာငိုကျွေးနေသော မိန်းကလေးတစ်ယောက်သာ
အထီးကျန်စွာ ကျန်ရှိနေခဲ့ကြလေသည်။
■



BURMESE CLASSIC .com

အခန်း။ ၁၉။

ကိုကိုကြီးသည် သစ္စာကို ကိုလေး၏ခြံဝင်းအတွင်းသို့ ကိုယ်တိုင်ကိုယ်ကျ လိုက်ပို့ပေးခဲ့ပြီး အမေရိကားသို့ ပြန်သွားခဲ့သည်။ သစ္စာသည် စိတ်အားငယ်စွာဖြင့်ပင် ကိုလေး၏ကြီးကျယ်ခမ်းနားလှသော အိမ်ကြီးပေါ်သို့ တွန့်ဆုတ်စွာဖြင့်ပင် ခြေချခဲ့ရသည်။ သစ္စာ ဒီအိမ်ပေါ် စရောက်သည့်နေ့ရော မမရက်လည်သည့်နေ့တွေမှာပါ ကိုလေးသည် သူ့အိမ်တွင်ရှိမနေဘဲ ဂျပန်နိုင်ငံသို့ အလုပ်ကိစ္စဖြင့် ခရီးလွန်နေခဲ့သည်။ မမ အသုဘချသည့်နေ့မှာတော့ သူ့နာမည်ဖြင့် ပန်းခြင်းတစ်ခြင်းသာ ရောက်လာခဲ့သည်။ သူ မချစ်သော မိန်းမ၏ အစ်မတစ်ယောက်ရဲ့နောက်ဆုံးခရီးကို ပန်းခြင်းတစ်ခြင်းပို့ပေးတာနဲ့ပဲ လုံလောက်နေပါပြီလို့ သစ္စာ ငိုရှိုက်ရင်း တွေးခဲ့မိသည်။

ကိုကိုကြီးကိုလည်း သစ္စာရဲ့အပူတွေ ဝေမျှမနေချင်တော့ပါ။ သူကိုယ်တိုင်တောင် ရင်ထဲမှာ လောင်ကျွမ်းနေတဲ့ အပူမီးကို လှစ်လျူရှုပြီး မမရဲ့နောက်ဆုံးခရီးအတွက်လည်း



BURMESE CLASSIC .com

အကောင်းဆုံးဖြစ်အောင် စီစဉ်။ ဒီကြားထဲ အားကိုးရာမဲ့နေသော
သစ္စာကိုလည်း နှစ်သိမ့်ရန်နှင့် ကိုကိုကြီးကိုလည်း
သစ္စာ အရမ်းသနားမိသည်။ ကိုကိုကြီးသာ
သစ္စာတို့ညီအစ်မနှစ်ယောက် ရှိရာကို ရောက်မလာခဲ့လျှင်
သစ္စာကလည်း ဘာမှမလုပ်တတ် မကိုင်တတ်နှင့်
မမ၏ နောက်ဆုံးခရီးသည်လည်း
အကျည်းတန်စွာ ပြီးဆုံးသွားခဲ့လိမ့်မည်။ ခုတော့လည်း
ကိုကိုကြီးကျေးဇူးကြောင့် အရာရာသည် အဆင်ပြေချောမောစွာ
ပြီးဆုံးသွားခဲ့လေပြီ ဖြစ်လေသည်။
ကိုကိုကြီး လေဆိပ်သွားခါနီး ကိုကိုကြီးကို
သစ္စာ ထိုင်ကန်တော့တော့
ကိုကိုကြီးသည် 'သစ္စာ စိတ်ချမ်းသာပါစေကွယ်'ဆိုသော
ဆုတစ်ခုကိုသာ ခပ်တိုးတိုးလေး ပေးခဲ့သည်။ သစ္စာကလည်း
ကိုကိုကြီးပေးသောဆုကို ပေးတဲ့ဆုနဲ့ ပြည့်ပါစေလို့
တကယ့်ကို လှိုက်လှိုက်လှဲလှဲ ရင်ထဲမှာ ဆုတောင်းမိလေသည်။
နောက်တော့လည်း ကိုကိုကြီးသည်လည်း သစ္စာကို
ဒီအိမ်ကြီး အတွင်းမှာပင်
စိတ်ချလက်ချထားကာ ထွက်သွားခဲ့လေသည်။
ကိုကိုကြီး မရှိတော့တာနှင့် ဒေါ်သန်းသည် သစ္စာအနားမှာပင်
ထက်ကြပ်မကွာ ရှိနေကာ လိုအပ်တာကို လုပ်ပေးဖို့အတွက်
အဆင်သင့်အနေအထားမှာ ရှိနေပါသည်။ ဒေါ်သန်း၏အမူအရာသည်
သစ္စာအပေါ် မလိုလားသည့်သဏ္ဍာန် တစ်ခုမှမပြသလို
သူ့အလုပ်သူလုပ်နေရဟန် နွေးထွေးမှုမရှိ



BURMESE CLASSIC .com

ပုံမှန်ပင် ဆက်ဆံသွားခဲ့ပါသည်။
သစ္စာနေရသည့်အခန်းထဲကို ရောက်သွားမှ ဒေါ်သန်းက
သစ္စာအနားမှ ထွက်ခွာသွားခဲ့သည်။
အဖြူဆွတ်ဆွတ် အရာရာများဖြင့် ခင်းကျင်းထားခဲ့သော
အိပ်ရာအခမ်းအနားကြီးကို စပြီး တွေ့ရသည့်နေ့က
သစ္စာတစ်ကိုယ်လုံး ထူထူပူပူဖြင့်ပင်
ဘယ်နားနေရမှန်းမသိ ဖြစ်ခဲ့ရသည်။ ကျယ်ဝန်းလှပသော
အခန်းတစ်ခုလုံးက အဖိုးတန်ပစ္စည်းများဖြင့် တန်ဆာဆင်ထားလျက်
ဘယ်အချိန်ထဲက ပြင်ဆင်ထားလဲတော့ မသိ။
ဖုန်းကလေးတစ်စက်တောင် သစ္စာ မတွေ့ရပါ။
သစ္စာဒီအိမ်ပေါ် ရောက်ရောက်ချင်း ဟိုတစ်ယောက်
အိမ်မှာ ရှိမနေတာကိုက သစ္စာအတွက်
အနည်းငယ်တော့ အသက်ရှူချောင်သွားစေပါသည်။
ရောက်သည့်နေ့ကတည်းက သစ္စာသည်
ခုတင်ပေါ်မှာ မအိပ်ရဲဘဲ ကောဇောပေါ်မှာသာ တဘက်ကို ခေါင်းအုံး
စောင်ပါးလေးတစ်ထည်ကို ခြုံပြီး အိပ်နေခဲ့မိသည်။ သူပြန်လာရင်
ဘယ်လို စခန်းသွားရပါ့ဆိုသော အတွေးက
သစ္စာကို ညစဉ်အိပ်မပျော်စေခဲ့ပါ။
အလုပ်ကလည်း မမဆေးရုံက ဆင်းကတည်းက ခွင့်ယူထားတာမို့
ခုထိကို ပြန်မသွားရသေး။ သူနှင့်ကလည်း မဆုံရသေးတာမို့
အလုပ်က ပြန်လုပ်ရမှာလား။ ဒါမှမဟုတ်
သူခိုင်းတာပဲ လုပ်ရမှာလားနှင့် ဝေခွဲမရဖြစ်ကာ
ဘာလုပ်ရမှန်းမသိ ဖြစ်နေရသည်။ ဘာပဲဖြစ်ဖြစ် သူသည်



BURMESE CLASSIC .com

သစ္စာ၏တရားဝင်ယောကျ်ားတစ်ယောက်ဖြစ်နေပြီ ဖြစ်တဲ့အတွက်
သစ္စာနှင့်သူ စကားအနည်းငယ်ပြောဖို့တော့ လိုအပ်လိမ့်မည်ဟု
သစ္စာ ထင်ပါသည်။
မနက်ဖြန် ညနေမှာတော့ သူပြန်ရောက်လာလိမ့်မည်ဟု
ဒီနေ့မနက်စောစောကပင်
ဒေါ်သန်းက လာအကြောင်းကြားသွားခဲ့သည်။
သူနှင့်တကယ်တမ်းတွေ့ဆုံတွေ့ရမှာကို
သစ္စာစိတ်ထဲ ဝန်လေးနေတုန်းဖြစ်သော်လည်း
တစ်နေ့မဟုတ်တစ်နေ့ တွေ့ရပြောရမယ့်အတူတူ
မြန်မြန်ပြောဖြစ်ကြတော့လည်း ပြီးတာပဲလေလို့
ကိုယ့်ဘာသာကိုယ် အားပေးရပြန်လေသည်။
သူနှင့်သစ္စာတို့ ဆုံတွေ့မှုသည် အဆင်ပြေချောမောစွာဖြင့်
ပြီးဆုံးသွားပါစေလို့ သူနှင့်မတွေ့ခင် တစ်ညလုံး တစ်နေ့လုံး
သစ္စာဆုတောင်းနေခဲ့မိသည်လေ။
■



BURMESE CLASSIC .com

အခန်း။ ၂၀။

ည (၁၂)နာရီကျော်ကျော်လောက်အချိန်တွင်
သစ္စာ၏အခန်းဝသို့ သူရောက်လာခဲ့သည်။
ည (၇)နာရီလောက်ကတည်းက သူပြန်ရောက်နေမှန်း
သစ္စာ သိနေသော်လည်း ဆူညံလွန်းသော ယောကျ်ားသံများနှင့်
မိန်းမသံများကြောင့် သစ္စာသည် အခန်းထဲက မထွက်ရဲဘဲ
စာကြည့်မီးမှိန်မှိန်လေးတစ်လုံးထွန်းကာ အခန်းထဲ၏ ဆိုဖာပေါ်တွင်
ပေကပ်ပြီးထိုင်နေခဲ့မိသည်။ သူတို့၏အပြင်ဘက်မှ စကားသံများကို
ကြားတစ်ချက် မကြားတစ်ချက်နှင့် တစ်ခါတစ်ခါ သူတို့ရယ်မောသံများ
ဟိန်းခနဲ ထွက်လာလျှင်
သစ္စာသည် ထိုင်နေရာမှ ယောင်ယမ်းပြီးတောင်
မတ်တတ်ထရပ်မိလေသည်။ ည (၁၂) နာရီထိုးတော့လောက်မှ
လူသံများ တဖြည်းဖြည်းနည်းသွားရကာ ခြံထဲမှကားတစ်စီးပြီးတစ်စီး
ထွက်ခွာသွားသော အသံတို့ကို ကြားရလေသည်။
လှေကားထစ်ပေါ် တစ်ဒေါက်ဒေါက်နှင့် တက်လှမ်းလာသော
အသံကို ကြားရကတည်းက သူ့ဖိနပ်သံပဲဆိုတာ သစ္စာသိနေခဲ့ရသည်။



BURMESE CLASSIC .com

လော့ခ်ချမထားသော အခန်းတံခါးကို သူ ချောက်ခနဲ အဖွင့်မှာ
သစ္စာသည် မတ်တတ်ရပ်အနေအထားဖြင့်
သူ့ကို ကြိုမိရဲ့သားဖြစ်နေလေသည်။ သူသည်
အခန်းထဲကို ဝင်ပြီးတာနှင့် အခန်းတံခါးကို သေချာပြန်ပိတ်လိုက်ပြီး
တံခါးဝမှာပင် ကျောမှီကာ သစ္စာကို
ခပ်တည်တည် စိုက်ကြည့်နေခဲ့သည်။
စာကြည့်မီးက ခပ်မှိန်မှိန်ဖြစ်နေသည့်အပြင် မတ်တတ်ရပ်နေသော
သူ့အရပ်လောက် မမြင့်တာမို့ အလင်းရောင်က သူ့မျက်နှာကို
မရောက်ရှိဘဲ သူ့ခန္ဓာကိုယ်ပေါ်ကိုသာ
တစ်ဝက်တစ်ပျက် ရောက်ရှိနေခဲ့သည်။ သူသည်
အဖြူရောင်တီရှပ် ခပ်ကျပ်ကျပ်ကို
ကာကီရောင် ဘောင်းဘီပွပွတစ်တည်နှင့် တွဲဝတ်ထားပါသည်။
မတ်တတ်ရပ်နေသော သစ္စာအနားကို သူသည်
ချက်ချင်းလျှောက်မလာသေးဘဲ လက်ထဲမှာပါလာသော ခွက်ကို
တဖြည်းဖြည်း အရသာခံသောက်နေလေသည်။ ခဏတာအတွင်းမှာပင်
ခါးသက်သက်အနံ့တစ်ခုက တစ်ခန်းလုံးကို ဖုံးလွှမ်းသွားခဲ့သည်။
သူ အရက်တွေသောက်ထားပါလား ဆိုသောအသိက
သစ္စာတစ်ကိုယ်လုံးကို အေးစက်သွားစေကာ
လက်ထဲမှာလည်း ချွေးစေးတွေနှင့် စေးကပ်ကပ်ဖြစ်လာရသည်။
သူ အရက်မူးနေပြီလားလို့ သစ္စာကြောက်ကြောက်နှင့်
အကဲခတ်နေစဉ်မှာပင် သူက ကုန်သွားပြီဖြစ်သော အရက်ခွက်ကို
သစ္စာနှင့်မလှမ်းမကမ်းမှာ ရှိနေသော စာကြည့်စားပွဲပေါ်သို့
ခပ်ကြမ်းကြမ်းလေးပင် ဆောင့်ချလိုက်သည်။ ပြီးတော့



BURMESE CLASSIC .com

သူသည် သစ္စာမတ်တတ်ရပ်နေသော နေရာသို့ ရောက်လာခဲ့သည်။
သူ၏ခြေလှမ်းများသည် အရက်မူးသမားတစ်ယောက်လို
ယိမ်းယိုင်မနေပါ။ ပုံမှန်ပင် သစ္စာနှင့် မျက်နှာချင်းလာဆိုင်လေသည်။
သစ္စာ၏မျက်လုံးတို့က သူ့ရင်ဘတ်
တည့်တည့်နေရာလောက်တွင် ရှိနေခဲ့သည်။
ကိုယ့်ကို အပေါ်စီးက ကြည့်နေပုံရသော ယောကျ်ားတစ်ယောက်ကို
ရုတ်တရက်မို့ မျက်လုံးချင်းဆုံမော့ကြည့်ဖို့အတွက်
ရင်တွေတုန်နေခဲ့ရသော်လည်း နောက်ဆုံးမှာတော့ သစ္စာသည်
သက်ပြင်းတစ်ချက်ကို ပေါ်ပေါ်တင်တင်ချရင်း
သူ့မျက်လုံးများနှင့် ရင်ဆိုင်လိုက်လေသည်။
မျက်ခုံးထူထူ မျက်တောင်ရှည်ရှည်များအောက်က
ရေညှိစိမ်းရောင် မျက်လုံးများ၊ နှာတံစင်းစင်းနှင့်
ခပ်နီနီနှုတ်ခမ်းများကိုတော့ ကြမ်းတမ်းပုံရမည့်
မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများက ဖုံးလွှမ်းထားကြသည်။
သူ့မျက်လုံးစိမ်းစိမ်းများက အရက်သောက်ထားသူတစ်ယောက်လို
ရီဝေဝေဖြစ်မနေဘဲ သစ္စာကို စူးစူးစိုက်စိုက်ကြည့်နေပုံက
သစ္စာကို အသက်ရှူပင် ကျပ်သွားစေပါသည်။ နောက်တော့
သူ၏ဝင်သက်ထွက်သက်တို့သည် အရှိန်ပြင်းပြင်းနှင့်ပင်
သစ္စာ၏ပါးပြင်ပေါ်သို့ ပူနွေးစွာရောက်ရှိနေကြပြီ ဖြစ်လေသည်။
အဲဒီနောက် ခပ်တိုးတိုးစကားသံ တိုးတာမှ တကယ့်ကိုခပ်တိုးတိုး။
ဒါပေမယ့် ...
သဲသဲကွဲကွဲဖြစ်အောင် သူပြောပါသည်။ မင်းကို ငါမချစ်ဘူး။
လေသံက တိုးလွန်းသော်လည်း နီးကပ်စွာပြောနေခြင်းမို့



BURMESE CLASSIC .com

သစ္စာပြတ်ပြတ်သားသားပင် ကြားလိုက်ရကာ စကားလုံးတွေက
ဘယ်တော့မှ ပြန်ဆွဲထုတ်ယူလို့မရနိုင်လောက်အောင်
နှလုံးသား၏အနက်နဲဆုံးနေရာထိ
ထိုးဖောက်ဝင်ရောက်သွားကြလေသည်။
သစ္စာသည် ခံပြင်းစိတ်နှင့်အတူ သူ့ခန္ဓာကိုယ်ကြီးကို ခွန်အားကုန်သုံးပြီး
ဆောင့်တွန်းပစ်လိုက်မိသည်။
'Dadက ပြောသွားတယ်။ မင်းက ငါ့မိန်းမဖြစ်သွားပြီတဲ့။
ဟင်း... ဟင်း'
သူ၏နားနားကပ်ပြီး ရယ်လိုက်သော ခပ်တိုးတိုးအသံက
သစ္စာနားထဲမှာ ကျယ်လောင်သွားရသည်။ ဖြစ်နိုင်လျှင်
သူ့တစ်ကိုယ်လုံးကို ကန်ကျောက်ထုတ်ပြီး
ဓားနှင့်အပိုင်းပိုင်းပြတ်သွားအောင် ခုတ်သတ်ပစ်ချင်သည့် စိတ်များက
တဖွားဖွားပေါ်လာကြသည်။ ပြီးရင်လည်း
လူတွေတစ်ယောက်မှမရှိသော နေရာတစ်ခုဆီသို့ ထွက်ပြေးကာ
အာခေါင်ခြစ်ပြီး အော်ဒိုပစ်လိုက်ချင်သည်။
သစ္စာသည် ဖြစ်ချင်ခဲ့ဖူးသော သစ်ရွက်ကလေးတစ်ရွက်
အမြန်ဆုံးဖြစ်ပါစေလို့ စိတ်ထဲမှာ အရူးအမူးဆုတောင်းလိုက်မိသည်။
လေထဲမှာလွင့်မျောနေမည့် သစ်ရွက်ကလေးတစ်ရွက်
အပင်မှာစိမ်းပြီး တွယ်ကပ်နေရတာထက်စာရင်
ခြောက်ပြီးလွင့်မျောနေရသည့် အဖြစ်က
ပို၍ လွတ်လပ်မည်ထင်သည်လေ။ ဩော်...အစောကြီးကတည်းက
သစ္စာဟာ သစ်ရွက်ကလေးတစ်ရွက် ဖြစ်ခဲ့ဖို့ပဲ ကောင်းခဲ့တာပါ။
အခုတော့ သစ္စာဘဝမှာ တစ်သက်လုံး



BURMESE CLASSIC .com

ဘယ်လိုမှမေ့ပစ်လို့ ရနိုင်တော့မှာ မဟုတ်တဲ့
ဝေဒနာတစ်ပွေ့တစ်ပိုက်နဲ့ ခရီးရှည်ကြီးကို
ဆက်ပြီး လျှောက်လှမ်းရဦးမယ်။ ဖေးကူမယ့်သူမရှိ။ စာနာမယ့်သူမရှိ။
နားလည်မယ့်သူမရှိ။ ကြင်နာမယ့်သူ မရှိနဲ့လေ။
သစ္စာ၏မျက်ရည်စက်တို့သည် အိပ်ရာခင်းဖြူဖြူပေါ်တွင်
ဘာတစ်ခုမှ အရာမထင်ဘဲ ပျောက်ဆုံးသွားကြလေသည်။

■



BURMESE CLASSIC .com

အခန်း။ ၂၁။

သစ္စာသည် ထိုင်နေရာမှထကာ ပြတင်းပေါက်များဆီသို့ တိုးကပ်သွားလိုက်ရင်း အဖြူရောင်အခန်းဆီးရှည်ရှည်များကို ဖယ်ရှားလိုက်မိသည်။ အဆုံးအစမဲ့သော အပြာရောင်ကောင်းကင်ကြီးသည် စူးရှတောက်ပလွန်းမနေဘဲ ကြည့်လို့ကောင်းနေပါသည်။

မြင်တွေ့နေရသော ပတ်ဝန်းကျင်သည်လည်း စိမ်းစိမ်းစိုစို၊ သာသာယာယာနှင့် သာမန်လူတစ်ယောက်ကိုတော့ ရင်ထဲမှာ အမှန်ပင် ငြိမ်းချမ်းစေလိမ့်မည်။

ဖြစ်ပျက်ခဲ့သမျှသောကိစ္စသည် အိပ်မက်မဟုတ်ဘူးဆိုတာကို သေချာသိလာရလေ သစ္စာ၏နှလုံးသားသည် ပြင်းထန်စွာ နာကျင်လာရကာ စိတ်ဆင်းရဲကြီးစွာဖြင့် မျက်ရည်တို့က ကျလာရသည်။

ဒီခံစားချက်တွေကို လျော့နည်းသွားအောင် သစ္စာ ဘယ်သူ့ကိုများ တိုင်တည်ဖွင့်ဟရပါ့။

သစ္စာမှာ စဉ်းစားလို့မရနိုင်ခဲ့ပါလေ။



BURMESE CLASSIC .com

မမ··· သစ္စာ၏အချစ်ရဆုံး၊ အတွယ်တာရဆုံးသော မမ မေတ္တာ။
သူကတော့ သစ္စာတို့မမြင်နိုင်သောအရပ်ဒေသတစ်ခုမှာ သူ့ခရီးလမ်းကို
အပူပင်မဲ့စွာ ဆက်လျှောက်သွားပြီဖြစ်သည်။ ကျန်ရစ်ခဲ့သူ သစ္စာကို
မမသည် မှတ်မိမှာတောင် မဟုတ်တော့ပေ။ မမရယ်···
မမအတွက် သစ္စာရဲ့ လွတ်လပ်တဲ့အချိန်တွေ၊
နွေးထွေးတဲ့ညတွေ ကုန်ဆုံးသွားခဲ့ပြီဆိုတာ မမကိုသိစေချင်လိုက်တာ။
ဒါတွေဟာ မတရားဘူးလို့ အော်ဟစ်ပစ်လိုက်ချင်သော်လည်း
သစ္စာမှာဒီအခွင့်အရေးမျိုး မရနိုင်ပြန်။ ဒီအဖြစ်တွေကို မေ့ဖျောက်ပြီး
အချိန်တွေကို မြန်မြန်ကုန်အောင် ဖြတ်သန်းနိုင်ဖို့အတွက်
သည်းညည်းခံရတာ သစ္စာအတွက် ခက်ခဲလွန်းလှလေသည်။
တံခါးဖွင့်သံချက်ခနဲ အကြားရတွင် အခန်းဝ၌ လူရောက်နေမှန်း
သစ္စာသိရှိလိုက်သော်လည်း ဘယ်သူလဲဆိုတာ မေးနိုင်ဖို့ဝေးစွ
လှည့်ကြည့်နိုင်သည့် အင်အားမျိုးကတောင် ရှိမနေသည်မို့
ပြတင်းဝမှာပင် မကြားသလို ပေပြီးရပ်နေမိသည်။
'သစ္စာ··· ဒေါ်သန်းပါ။ မနက် (၆) နာရီလောက်ကပဲ
ကိုလေး သူ့အလုပ်ကိစ္စနဲ့ ရှမ်းပြည်နယ်ဘက်
ခရီး ခဏထွက်သွားတယ်။
တစ်ပတ်လောက်ပဲ ကြာမယ်ပြောပါတယ်။
အဲဒါ သစ္စာမသိသေးဘူးထင်လို့ ဒေါ်သန်းလာပြောတာပါ'
ဒေါ်သန်းသည် သစ္စာ၏ပြန်လည်တုံ့ပြန်မှုကို
အချိန်ကုန်ခံပြီး စောင့်ချင်ပုံမရပါ။ ပြောပြီးတာနှင့်
အခန်းတံခါးကို အသံမမြည်အောင် ပြန်ပိတ်ပြီး
ထွက်သွားလေတော့သည်။

သူ ဒီအိမ်ကြီးပေါ်မှာ ရှိမနေဘူးဆိုသော အသိက
သစ္စာ၏ရှုပ်ထွေးနောက်ကျိပြီး လေးလံနေသောရင်ကို
အနည်းငယ် သက်သာသွားစေသည်။ ဟိုတစ်နေ့ညက
သူနှင့်ဒီအခန်းထဲမှာဆုံဖြစ်ပြီး သူနှင့်ထပ်မဆုံဖြစ်တော့တာ
ဒီနေ့နဲ့ဆိုရင် လေးရက်မြောက်ပြီဖြစ်သည်။ ကြားရက်တွေမှာ
သူ့စကားပြောသံ၊ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သံများကို
တစ်ခါတစ်ရံ ကြားနေရသော်လည်း
သစ္စာကလည်း အခန်းထဲက အခန်းပြင်မထွက်တော့သလို
သူကလည်း ဒီအခန်းဘက်ကို လုံးဝခြေဦးလှည့်မလာတော့ပါ။
သစ္စာတို့နှစ်ယောက်၏ဆုံတွေ့မှုအစမှာပင်
နှစ်ယောက်ကြားဆက်ဆံရေးသည် အေးစက်စွာ၊ ခါးသီးစွာ၊
မာကျောစွာ၊ ခက်ထန်စွာဖြင့် ရှင်သန်ခဲ့ပြီဖြစ်သည်။
သစ္စာသည် မဲ့ပြုံးလေးတစ်ချက်ပြုံးရင်း
ပြတင်းပေါက်ကို ကျောခိုင်းလိုက်သည်။ သူ မရှိသည့်အချိန်တွေမှာ
သစ္စာလုပ်စရာရှိတာလေးတွေ လုပ်ရဦးမည်လေ။ ဘာလုပ်လုပ်
သူ့ကို ခွင့်တောင်းခံစရာမလိုတော့တာလည်း
စိတ်က အလိုလို သိရှိနေလိုက်သည်။
ဒီနေ့အတွက် သစ္စာပထမဆုံးလုပ်ရမည့်အလုပ်က
ဘုရားဆီသို့သွားရန်ဖြစ်သည်။ ရေမိုးချိုး၊ ခေါင်းလျှော်၊
အဝတ်အစားလဲပြီးတာနှင့် ဒီအိမ်၏ဘုရားခန်းမှာပဲ
သစ္စာ ဘုရားရှိခိုးရမည်။ သစ္စာရင်ထဲမှာ
လောက်မြိုက်နေသောအပူမီးတို့ကို ဘုရား၏တရားတော်များက
ငြိမ်းသတ်ပေးနိုင်လိမ့်မည်လို့ သစ္စာယုံကြည်မိသည်။



BURMESE CLASSIC .com

သစ္စာမှာ အားကိုးစရာ
မြတ်စွာဘုရားကိုယ်တော်တိုင် ရှိနေပါသေးသည်လေ။



BURMESE CLASSIC .com

အခန်း။ ၂၂။

အလင်းရောင် များများဝင်အောင်ပြုလုပ်ထားသော ဘုရားခန်းက ကျယ်ဝန်းလှသည့်အပြင် ပန်းများဝေဝေဆာဆာဖြင့် သပ္ပာယ်စွာတည်ရှိနေလေသည်။ ဘုရားစင်ရှေ့ရှိ နူးညံ့သောကော်ဇောပေါ်တွင် အသာထိုင်ချလိုက်ရင်း ပထမဆုံး ဘုရားဆီမီးကို စတင်ပူဇော်နေစဉ်မှာပင် ဘုရားခန်းတွင်းသို့ ဝင်လာသောခြေသံကြောင့် သစ္စာလှည့်ကြည့်လိုက်မိသည်။

ဒေါ်သန်းသည် ဘုရားဆွမ်းတော်တင်ရန် လင်ပန်းတစ်ချပ်ဖြင့် သစ္စာနောက်နားတွင် ရပ်နေခဲ့သည်။ ခဏနေမှ သစ္စာကို ကျော်လွန်ပြီး ဘုရားဆွမ်းတော်ကပ်လေသည်။ ဆွမ်းကပ်နေသော ဒေါ်သန်းကို သစ္စာ ငေးကြည့်နေစဉ်မှာပင် ဒေါ်သန်းက စကားစလာခဲ့သည်။

'နောက်နေ့တွင် သစ္စာဆွမ်းတော်ကပ်ချင်တယ်ဆိုရင် ဒေါ်သန်းလုပ်ပေးမယ်လေ။ ကိုလေးကတော့ သူအိမ်မှာရှိတဲ့ အချိန်တွေဆိုရင် မနက်တိုင်းဘုရားဆွမ်းတော်ကို



BURMESE CLASSIC .com

သူကိုယ်တိုင် အမြဲကပ်တယ်။ ဘုရားတရားကြည်ညိုတဲ့နေရာမှာတော့
သူတို့မိသားစုထဲ ကိုလေးကို တစ်ယောက်မှ မမီဘူး။
ဘုရားစာတွေကို ဌာန်ကရိုင်းကျကျ ဖတ်တတ်တဲ့နေရာမှာလည်း
နိုင်ငံခြားမှာ မွေးတဲ့လူလို့တောင် ထင်စရာမရှိဘူး။
တော်တန်ရုံဘုန်းကြီးတောင် အရှုံးပေးရလိမ့်မယ်။
အင်းလေ… အရှုံးပေးရဆို ငယ်ငယ်ကတည်းက တစ်ပတ်တစ်ရက်
မြန်မာဘုန်းကြီးကျောင်းမှာ စာသင်ခဲ့ရတာကိုး'
ဒေါ်သန်းက သူ့ဟာသူပြောသလိုလိုနှင့် သစ္စာကို စကားတွေပြောနေပြီး
သူ့စကားသူ ဘာကိုမှန်းမသိ သဘောကျကာ ခပ်တိုးတိုးရယ်မောရင်း
သစ္စာ ထိုင်နေသော အနားတွင် ဝင်ထိုင်လိုက်လေသည်။
ပြီးတော့ သစ္စာမျက်နှာကို သေသေချာချာကြည့်ရင်း
နှစ်ကိုယ်သာ ကြားလောက်သော အသံဖြင့်
ဒေါ်သန်းစကားပြောလေသည်။
'ဒီသံသရာထဲကနေ ရုန်းမထွက်နိုင်သေးတဲ့ ကာလပတ်လုံးတော့
ဒီဘဝမျိုးတော့ လိုချင်တယ်။ ဟိုဘဝမျိုးတော့ မလိုချင်ဘူးလို့
ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ရနိုင်မှာမဟုတ်ဘူး သစ္စာ။
ရှေ့ဘဝကအကျိုးဆက်တွေကြောင့် ဘဝဘဝတွေမှာ
ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ကျင်လည်နေရဦးမှာပဲ။
ပျော်စရာတွေနဲ့ ကြုံရတဲ့အခိုက်မှာ ကျေနပ်ကြရသလို
ဆင်းရဲဒုက္ခနဲ့ ကြုံရတဲ့အချိန်မှာလည်း
ခံနိုင်ရည်ရှိအောင် ကြိုးစားကြရမယ်။ ဒါဟာ
လူရယ်လို့ဖြစ်လာပြီးရင် လူတိုင်းလူတိုင်းကြုံဆုံရမယ့်
ဓမ္မတာပါပဲ။ အကောင်းဆုံးကတော့ ရောင့်ရဲကျေနပ်တတ်တဲ့



BURMESE CLASSIC .com

စိတ်ကို ကြိုးစားပြီး မွေးမြူတတ်ဖို့ပဲ။
ဘာကိုမှတွေးပြီး သစ္စာစိတ်ညစ်မနေသင့်ဘူး’
သစ္စာသည် ဒေါ်သန်းမျက်နှာကို အံ့သြစွာ ငေးကြည့်လိုက်မိသည်။
ဒေါ်သန်းသည် သစ္စာ၏ရင်တွင်းသို့ အဘယ်ကြောင့်များ
ဝင်ကြည့်လို့ရသွားနိုင်ရတာလဲ။ တွေ့ဖူးသောရက်ပိုင်းလေးအတွင်းမှာပင်
ဒေါ်သန်းသည် လူတစ်ယောက်၏မနောကို
တိကျစွာ အကဲခတ်နိုင်စွမ်းရှိနေလေသည်။
‘သစ္စာထမင်းစားချင်တဲ့အချိန် အဆင်သင့်ဖြစ်အောင်
ဒေါ်သန်းထမင်းစားခန်းထဲမှာ သွားပြင်လိုက်ဦးမယ်နော်’
အဲဒီနောက် ဒေါ်သန်းသည် သစ္စာဘေးမှ
ဖျတ်ဖျတ်လတ်လတ်ပင် ထထွက်သွားပါသည်။ သစ္စာမှာတော့
ဒေါ်သန်း၏တရားသဘောဆန်သော စကားများကို
ပြန်လည်ကြားယောင်ရင်း ငိုင်တွေနေမိသည်။
ရှေးဘဝ…ဘဝကအကျိုးဆက်တွေကြောင့်
ကြုံတွေ့ရမယ့်ဘဝတွေမှာလည်း
ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ကျင်လည်နေရဦးမှာပဲတဲ့။
ဒေါ်သန်း၏မှန်ကန်သော စကားတစ်ခွန်းဖြစ်ပါသည်။
သို့ပေမယ့်လည်း ရောင့်ရဲကျေနပ်တတ်တဲ့ စိတ်ကိုမွေးမြူဖို့ဆိုတာက
သစ္စာအတွက် ခံရခက်စေပါသည်။
ရောင့်ရဲတယ်ဆိုသော စကားတစ်ခွန်းကို ဒေါ်သန်းသည်
ဘယ်အရာနှင့်များ နှိုင်းယှဉ်၍ ပြောသွားတာပါလိမ့်။
ဒေါ်သန်းမသိသော ရောင့်ရဲခြင်းနှင့် သစ္စာသိသော
ရောင့်ရဲခြင်းအဓိပ္ပာယ်တို့က…

အနည်းငယ်တော့ ကွဲလွဲကြလိမ့်မည်။
သစ္စာ၏အတွေးတွေထဲတွင်
အနယ်အမှုန်များဖြင့် ရှုပ်ပွလို့ သွားရလေသည်။

အခန်း။ ၂၃။

'သစ္စာတို့များ မုန်းဖို့ကောင်းလိုက်တာနော်။
မင်္ဂလာဆောင်လိုက်တာတောင် အေးတို့ကို ဖိတ်ဖော်မရဘူး။
မမေတ္တာ ဆုံးတော့လည်း
နည်းနည်းပါးပါးလေးတောင်အသံမပေးဘူး။ သိပ်ကိုတစိမ်းဆန်တာပဲ'
နေ့လယ်ပိုင်း ကလေးတွေကို အိပ်ခိုင်းထား၍
ခဏအားလပ်နေသောအချိန်တွင် သစ္စာပခုံးကို
တွန်းတွန်းတိုက်တိုက်လေးလုပ်ရင်း မကျေမနပ်ပြောလိုက်သော
အေးသီတာစကားတို့ကြောင့် သစ္စာသည် မချိပြုံးလေးတစ်ချက်ပြုံးရင်း
အေးသီတာကို ကြည့်လိုက်မိသည်။ အေးသီတာဘေးမှာတော့
မမသူဇာရယ်၊ နွယ်နီတင်ရယ် နှစ်ယောက်သားက
သစ္စာကို ခပ်ပြုံးပြုံးပင် ကြည့်နေကြပါသည်။
သစ္စာသည် သုံးယောက်လုံး၏အကြည့်ဒဏ်ကို ခံနိုင်ရည် မရှိစွာ
ဘာကစပြောရမှန်း မသိအောင်ကို စဉ်းစားရကျပ်သွားရသည်။
'သိပ်လည်းမပြောပါနဲ့ အေးသီတာရယ်။ မမေတ္တာမဆုံးခင်
သစ္စာကို စိတ်ချသွားရအောင် လက်ထပ်ပေးခဲ့တာလို့



BURMESE CLASSIC .com

သစ္စာက ပြောပါတယ်။ သူလည်း အပူတွေများနေတော့
တို့တွေကို ဘယ်သတိရနိုင်ပါ့မလဲ။ အခု ဒီအလုပ်လေးကိုပဲ
မမေ့မလျော့ပြန်လာလုပ်တာကိုပဲ ကျေးဇူးတင်ကြဦး'
မမသူဇာက သစ္စာ အလုပ်စဝင်သည့်နေ့မှာပင်
ပြောထားသော အကြောင်းအရာကို အတိုချုပ်လေးကို
ဖာဖာထေးထေးဖြင့် ရှင်းလင်းအောင် ဝင်ပြောပြရှာပါသည်။
'ယောကျ်ားကိုတော့ ကျောင်းခေါ်လာပြီး မိတ်ဆက်ပေးဦးနော်။
သစ္စာက ချောချောလေးဆိုတော့
ယောကျ်ားကကော ချောလားဆိုတာ သိပ်သိချင်တယ်'
မပြောပါနဲ့ဆိုသည့်ကြားက ပြောလိုက်သော အေးသီတာစကားကြောင့်
သစ္စာသည် သူ့ကို ဖျတ်ခနဲ သတိရသွားမိသည်။ သူသည် သစ္စာ၏
တရားဝင်ယောကျ်ားတစ်ယောက် ဖြစ်နေခဲ့ပြီပဲ။ ဒါပေမယ့်လည်း
အေးသီတာတောင်းဆိုသလို သူသည် သစ္စာ၏ယောကျ်ားပါလို့
သူ့လက်ကို ဆွဲပြီး မိတ်ဆက်ပေးနိုင်မည့် အခြေအနေကတော့
ဘယ်တော့မှဖြစ်လာမှာ မဟုတ်တော့ပေ။
ကိုယ့်ဝမ်းနာကိုယ်သာလျှင် အသိဆုံးပါပဲလေလို့ တွေးရင်း
မျက်ရည်တို့ဝေ့သီလာသော မျက်လုံးများဖြင့်
အေးသီတာတို့ကို မော့ကြည့်လိုက်မိသည်။
'သူက မချောပါဘူး အေးသီတာရယ်။
အရုပ်ဆိုးအကျည်းတန်တဲ့အပြင် စိတ်ကလည်းပုပ်သေးတယ်။
သစ္စာနဲ့လည်း မတည့်ပါဘူး'
သစ္စာက အတည်ပေါက်ပြောလိုက်သော်လည်း သုံးယောက်လုံးက
သစ္စာနောက်ပြောသည်ထင်ပြီး ရယ်မောလိုက်ကြသည်။



BURMESE CLASSIC .com

'သစ္စာက ဒီလောက်ချောတာ အရုပ်ဆိုးဆိုးယောကျ်ားကြီးကိုတော့
မယူလောက်ဘူးဆိုတာ တို့တော့ယုံတယ်ဟေ့'
နွယ်နီတင်ပါ ဝင်ပြောလိုက်သောကြောင့် သစ္စာသည်
ဘာမှဆက်မပြောတော့ဘဲ 'အိမ်သာခဏသွားလိုက်ဦးမယ်' ဆိုပြီး
သူတို့ရှေ့မှ ရှောင်ထွက်လာခဲ့လေသည်။ ရင်ထဲမှာတော့
သူ့အကြောင်းတွေးမိတိုင်း တလှပ်လှပ်နှင့် မတည်မငြိမ်ဖြစ်နေရသည်။
အေးသီတာ၊ နွယ်နီတင်နှင့် မမသူဇာတို့၏ခင်ပွန်းများသည်
တစ်ခါတစ်ရံ သူတို့၏ဇနီးသည်များကို
ကျောင်းကို လာကြိုလေ့ရှိကြသည်။ အဲဒီအခါ
သူတို့တစ်တွေ၏ မျက်နှာများသည် ပြုံးရွှင်စွာရှိနေကြတာကို
သစ္စာလည်း တွေ့ဖူးရင်း သဘောကျနေခဲ့ဖူးပါသည်။
သစ္စာက အခုအိမ်ထောင်ကျတော့ သူတို့အတွက်
သစ္စာသည် ခုချိန်မှာ စချင်နောက်စရာ ဖြစ်ချင်ဖြစ်နေလိမ့်မည်။
အဲဒီလို အစအနောက်ခံဖို့အတွက် ခံနိုင်သည့်အင်အား
သစ္စာမှာ မရှိသေးဘူးဆိုတာ သူတို့တစ်တွေတော့ သိကြမှာမဟုတ်။
သစ္စာသည် လူတွေကြားထဲမှာ ကြာကြာနေလို့
ဖြစ်ပါတော့မလားလို့ စိုးရိမ်နေမိလေသည်။
သစ္စာလည်း အိမ်သာထဲလည်းမဝင်ဘဲ အိမ်သာရှေ့မှာ
ငါးမိနစ်လောက်ရပ်ကာ ကျောင်းထဲပြန်ဝင်လာခဲ့သည်။
အခန်းထဲသို့ ပြန်မဝင်ခင် အေးသီတာတို့
ခပ်တိုးတိုးပြောနေသော စကားတို့ကို
သစ္စာသည် အပြင်မှကြားနေရပါသည်။
'သစ္စာ သိပ်ပြောင်းသွားတယ်နော် မမသူဇာ။ အရင်တုန်းကလည်း



BURMESE CLASSIC .com

သူက သိပ်ပြီးသွက်သွက်လက်လက်ကြီး မဟုတ်ပေမယ့်
ဒီလိုငေးငေးငိုင်ငိုင်မဟုတ်တာတော့ သေချာတယ်။ သူ့ကြည့်ရတာ
ယောကျ်ားနဲ့ကော အဆင်မှပြေရဲ့လားလည်း မသိ'
'အဲဒါကြောင့် မမက အေးကို ပြောနေတာပေါ့။
သူ့ကိုသိပ်မပြောပါနဲ့လို့။ သူ့အစ်မဆုံးလို့
ဝမ်းနည်းနေတာလည်း ပါမှာပေါ့လေ။
သူ့မျက်နှာလေး မှိုင်မှိုင်နေတာတွေ့ရတော့ မမလည်းစိတ်မကောင်းဘူး။
နောက်နေ့တွေကျရင် အဲဒီအကြောင်းတွေ သိပ်မပြောကြပါနဲ့တော့။
သစ္စာက သနားစရာလေးပါကွယ်'
'သစ္စာ နွယ်နီ့ကိုတစ်ခါပြောဖူးတယ်။ သူ့အစ်မရောဂါက
ဘယ်လိုမှ ကုလို့မရတော့ဘူးတဲ့။ သူ့အစ်မနဲ့ ပတ်သက်လို့တော့
သူအစောကြီးကတည်းက ကြိုသိထားတဲ့ပုံပါ။
အိမ်ထောင်ပြုဖြစ်မယ့်အကြောင်းကိုတော့ တစ်ခါမှမပြောခဲ့ဘူး။
သူတို့က ညီအစ်မနှစ်ယောက်တည်း ရှိကြတာဆိုတော့
သစ္စာ တော်တော်ခံစားလိုက်ရမှာပဲ'
'အင်း… ကြည့်ရတာ သူ့အစ်မက လက်ထပ်ပေးသွားတယ်ဆိုတော့
သူ မချစ်မနှစ်သက်ဘဲ လက်ခံလိုက်ရတာထင်ပါတယ်။ သေချာတာက
သစ္စာမှာ တခြားရည်းစားသနာကိစ္စတွေဘာတွေလည်း ရှိပုံမရဘူး။
ကြည့်ရတာ အသက်ကြီးကြီး၊ ရုပ်ခပ်ဆိုးဆိုး
အဘိုးကြီးတစ်ယောက်ကိုများ ယူလိုက်ရလားမသိပါဘူးဟယ်'
'ပိုက်ဆံတွေဘာတွေချမ်းသာတဲ့သူ ဖြစ်ချင်လည်းဖြစ်မှာပေါ့ဟယ်'
'သစ္စာကိုကြည့်ရတာ ဘာမှလည်းတိုးတက်လာတဲ့ပုံ မတွေ့ပါဘူး။
သူ့ကားဟောင်းလေးနဲ့ သူ့ယူနီဖောင်းလေးနဲ့ ပုံမှန်ပါပဲ။



BURMESE CLASSIC .com

စိန်နားကပ်အကြီးကြီး ပန်လာတာလည်း မတွေ့ရပါဘူး’
‘သစ္စာက စိတ်ကောလူပါအေးအေးချမ်းချမ်းလေးနဲ့
သိပ်ချစ်ဖို့ကောင်းတာ။ သူတစ်ယောက်တည်း
ဘဝကို ဆက်ရုန်းကန်နေရဦးမယ်ဆိုရင်တော့
သူ့အတွက် တကယ့်ကိုစိတ်မကောင်းစရာပဲ’
‘နွယ်နီပြောတာ စဉ်းစားကြည့်လေ မမရယ်။
သစ္စာသာ တကယ့်ကို သူဌေးကြီးတစ်ယောက်နဲ့
အိမ်ထောင်ကျသွားခဲ့တယ်ဆိုရင် ဒီကလေးထိန်းကျောင်းက
ဆရာမအလုပ်ကို သူဘာလုပ်ဖို့ ပြန်လာလုပ်တော့မှာလဲ၊ ဟုတ်ဘူးလား’
သူတို့၏ထင်မြင်ချက်များကို နားထောင်ရင်း သစ္စာသည်
အခန်းကွယ်လေးမှာပင် တောင့်တောင့်လေးဆက်ရပ်နေမိသည်။
ဩော်… တွေးချင်သလိုသာ တွေးကြပါစေတော့လေ။
မျိုးသိပ်မှုတွေ၊ လျှို့ဝှက်ချက်တွေနဲ့ ပြည့်နေတဲ့
သစ္စာကို မရိုးသားသူလို့လည်း မြင်ချင်မြင်ကြပါစေ။
သစ္စာမှာ ဖြေရှင်းစရာ အကြောင်းကမှ မရှိတော့ဘဲ
ဖြစ်ပျက်ခဲ့သမျှသော အကြောင်းတို့ကို
ကျေကျေနပ်နပ်ကြီးပဲ လက်ခံဖို့အတွက်
သစ္စာ ခွန်အားတွေ စမွေးနေခဲ့ပြီပဲ မဟုတ်ဘူးလား။ လူတွေအားလုံး
သစ္စာကို နားမလည်ချင်နေ သစ္စာကတော့
အားလုံးကို နားလည်ပေးဖို့အတွက် ဆုံးဖြတ်ပြီးပြီလေ။
■



BURMESE CLASSIC .com

အခန်း။ ၂၄။

ည (၁၂)နာရီကျော်နေပြီ ဖြစ်သော်လည်း

သစ္စာတစ်ယောက်တည်း

ဘယ်လိုမှအိပ်လို့မရနိုင်အောင် ဖြစ်နေသောကြောင့်

သစ္စာသည် အခန်းတံခါးကိုဖွင့်ပြီး အပြင်သို့ထွက်လာခဲ့မိလိုက်သည်။

ခပ်မှိန်မှိန်ထွန်းထားသော မီးအလင်းရောင်အောက်တွင်

အိမ်တစ်အိမ်လုံးသည် တိတ်ဆိတ်ငြိမ်သက်လို့နေသည်။

သစ္စာသည် အခန်းအပြင်ဘက်သို့ ရောက်ရောက်ချင်း

ခြေလှမ်းတွေကို ဘယ်ကို ဦးတည်ရမှန်းမသိ စဉ်းစားနေမိသည်။

ဒီအိမ်ကို စရောက်ရောက်ချင်းသာ

ဒီအိမ်အတွင်းပိုင်းရှိ လှေကားကို အသုံးပြုပြီး

အပေါ်ထက်၊ အောက်ထပ် သွားခဲ့ဖူးပေမယ့်

ကိုကိုကြီး ပြန်သွားကတည်းက

သစ္စာ အခန်းနောက်ဘက်ဝရန်တာကနေ ထုတ်ထားသော

ကြောင်လိမ်လှေကားကိုသာ အသုံးပြုပြီး

အောက်ကို ဆင်းဖြစ်ခဲ့သည်။ ထမင်းသွားစားရင်လည်း



BURMESE CLASSIC .com

အဲဒီလှေကားကနေဆင်းပြီး အိမ်နောက်ဖေးကနေပတ်ကာ
မီးဖိုထဲက စားပွဲမှာပဲဝင်စားလိုက်သည်။
ဒေါ်သန်းက ထမင်းစားခန်းထဲမှာ သစ္စာအတွက်
ထမင်းအမြဲပြင်ထားသော်လည်း ကျယ်ဝန်းခမ်းနားလှသော
သူတို့၏ထမင်းစားခန်းကြီးထဲမှာ
တစ်ယောက်တည်း ထမင်းထိုင်စားရရင်
ဘယ်လိုမှထမင်းစားဝင်မှာ မဟုတ်တာကြောင့်
ကိုကိုကြီး မရှိတော့တာနှင့် အဲဒီထမင်းစားခန်းမှာ
ထမင်းထိုင်စားဖို့ ကိစ္စကလည်း ပြီးဆုံးသွားပြီ ဖြစ်သည်။
သစ္စာ ဟိုတလောက လေးရက်လောက်
အောက်မဆင်းသည့် ရက်တွေတုန်းကတော့
ဒေါ်သန်းသည် အလိုက်တသိပင်
အပေါ်ထပ်ကို ထမင်းပို့ပေးခဲ့ပါသည်။ ဘာကြောင့်ထမင်းမစားလဲ
ဘာဘာညာညာ စကားပိုတွေမေးမနေခဲ့ဘဲ ကော်ဖီချိန်ကော်ဖီ၊
ထမင်းစားချိန်ထမင်းကို တစ်ခါတလေလည်း
သူကိုယ်တိုင်ဖြစ်စေ၊ ပုပုနဲ့ဖြစ်စေ အချိန်မှန်ပို့ပေးခဲ့ပါသည်။
အခန်းထဲက ရေခဲသေတ္တာမှာလည်း
ရေပုလင်း၊ နွားနို့၊ အအေး၊ အသီးအနှံစုံစုံလင်လင်နှင့်
တခြားချိုချိုချဉ်ချဉ်စားစရာလေးများကိုလည်း
ဖွယ်ဖွယ်ရာရာ ထည့်ထားပေးခဲ့သည်။
ဒီတော့သစ္စာသည် ဒီအိမ်ကြီးပေါ်ရောက်လာကာ
ဆယ်ရက်ကျော်ပြီဖြစ်သော်လည်း အိမ်ကြီးနှင့်မရင်းနှီးဘဲ
ဧည့်သည်တစ်ယောက်လို ဖြစ်နေခဲ့သည်။



BURMESE CLASSIC .com

သစ္စာ အိပ်ခန်းတံခါးမှထွက်ပြီး ညာဘက်ချိုးလိုက်တာနှင့်
ကြည်ညိုဖွယ်ရာ ဘုရားခန်းကို
အညိုဖျော့ဖျော့ဇာခန်းဆီးနှစ်ခုကို နှစ်ဖက်ခွဲထားသည့်ကြားမှ
ရောင်စုံမီးအလင်းရောင်ဖြင့် သပ္ပာယ်စွာ ဖူးတွေ့ရသည်။
သစ္စာသည် ဘုရားခန်းထဲကို
ညဦးပိုင်းတစ်ခေါက် ဝင်ခဲ့ပြီးဖြစ်သော်လည်း
နောက်တစ်ကြိမ်ထပ်ဝင်ကာ ရှိခိုးဦးချလိုက်မိပြန်သည်။
သူပြန်လာရင်တော့ ဘုရားခန်းမှာ နှစ်ယောက်မဆုံဖို့အတွက်
သတိထားရှောင်ရှားရဦးမည်မို့
လက်အုပ်ချီထားရင်းမှ တွေးလိုက်မိသည်။
သစ္စာသည် ဘုရားခန်းမှထွက်လာပြီးနောက်
ဝရန်တာတံခါးကိုဖွင့်ကာ ဝရန်တာမှာထွက်ရပ်လိုက်သည်။
ခပ်ဖြည်းဖြည်းတိုက်နေသော လေအေးအေးက
အသက်ရှူကျပ်နေသော သစ္စာအတွက်
အနည်းငယ်လန်းဆန်းသွားစေသည်။
ဝရန်တာကျယ်ကြီးမှ ကြည့်လိုက်လျှင်
အိမ်ရှေ့မှ ရေကူးကန်ပြာပြာကြီးကို
မြက်ခင်းစိမ်းများအလယ်တွင် လှပစွာတွေ့ရလေသည်။
သူ၏အိမ်ကြီးသည် ဘယ်နေရာမှကြည့်ကြည့်
ဘယ်အချိန်ပဲကြည့်ကြည့် သူ့နေရာနှင့်သူ စနစ်တကျနှင့်
အမြဲတမ်းလှပနေတတ်သည်။
သစ္စာ ဒီအိမ်ကို စရောက်သည့်နေ့က
အောက်ထပ်ဧည့်ခန်းထဲတွင် ကိုကိုကြီးနှင့်စကားပြောရင်း

ခဏာထိုင်ခဲ့ဖူးပါသည်။ သစ္စာတစ်ခါမှမမြင်ဖူးသော
ဆိုဖာဆက်တီကြီးများ၊ မီးမထွန်းဘဲနဲ့တောင်
အရောင်တဖျပ်ဖျပ်လက်ကာ လှပလွန်းသည့်
ခရစ္စတယ်မီးဆိုင်းကြီးများ၊ ဓာတ်ပုံမှန်ဘောင်ဆိုဒ်စုံကိုတင်ထားသော
မဟော်ဂနီရောင်စန္ဒရားကြီးနှင့် တန်ဖိုးကြီးလှမည့်
ပန်းချီကားများဖြင့် တန်ဆာဆင်ထားသော ဧည့်ခန်းအပြင်အဆင်က
တခြားလူတွေအတွက်တော့မသိ သစ္စာအတွက်တော့
ထိုင်နေရာတာကိုပင် အနေရကျပ်စေပါသည်။
ဧည့်ခန်း၏ ထိပ်တည့်တည့်နေရာမှာတော့
ကိုကိုကြီးနှင့်သူ နှစ်ယောက်တွဲရိုက်ထားသည့် ဓာတ်ပုံကို
အကြီးကြီး ချိတ်ဆွဲထားတာ တွေ့ရသည်။
အနက်ရောင်ကုတ်အင်္ကျီဆင်တူဖြင့် ကင်မရာကို ကြည့်မနေဘဲ
တစ်နေရာကို ကြည့်ပြီး ရယ်မောနေကြသည်။
ခပ်စောင်းစောင်းမျက်နှာများက ခဏခဏ
ပြန်ကြည့်ချင်စရာကောင်းလောက်အောင် ဆွဲဆောင်မှုရှိလေသည်။
သစ္စာသည် ဓာတ်ပုံအကြောင်းကို ပြန်သတိရသွားတာနှင့်
အဲဒီဓာတ်ပုံကို ထပ်ကြည့်ချင်သည့်စိတ်က အလိုလိုဖြစ်ပေါ်လာသည်။
အဲဒီနောက် သစ္စာသည် ဝရန်တာတံခါးကို သေချာပြန်ပိတ်လိုက်ပြီး
အောက်ထပ်သို့ ခြေသံမကြားအောင်
ခပ်ဖြည်းဖြည်း ဆင်းလာခဲ့လိုက်သည်။
အလင်းရောင်မှိန်ဖျော့ဖျော့အောက်တွင် ထည်ဝါလှသော
ဧည့်ခန်းကျယ်ကြီးသည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့်
သစ္စာကို ကြိုဆိုနေလေသည်။



BURMESE CLASSIC .com

မီးခလုတ်ကို ချောက်ခနဲအဖွင့်မှာ မီးဆိုင်းကြီး၏အလင်းရောင်က
အခန်းတစ်ခုလုံးကို ဖုံးလွှမ်းသွားတာမို့
သစ္စာမှာ ရုတ်တရက်လန့်သွားရသည်။ အဲဒီနောက် သစ္စာသည်
ကိုယ့်စိတ်ကိုယ် ငြိမ်သွားအောင် ကြိုးစားရင်း
သူတို့နှစ်ယောက်၏ဓာတ်ပုံကြီးနားသို့ တရွေ့ရွေ့တိုးကပ်လာခဲ့သည်။
ကိုကိုကြီးတို့တူဝရီးနှစ်ယောက်သည် အရပ်ရှည်တာခြင်းသာတူညီကြ၍
မျက်နှာကျပုံကတော့ အတော်ပင် ကွာခြားပါသည်။
ကိုကိုကြီးမျက်နှာက မြန်မာဆန်ပြီး သိမ်မွေ့သည့်ပုံပေါ်လွင်နေပေမယ့်
သူ့မျက်နှာကတော့ အနောက်တိုင်းဆန်ပြီး အရာရာကို
အလေးအနက်မထားသည့်ပုံပေါ်နေပါသည်။ ဒါပေမယ့်လည်း
သူသည် ကိုကိုကြီးအပေါ်တော့ ချစ်ခင်လေးစားကြောင်းကို
အိမ်ဦးခန်းမှာ သေချာချိတ်ထားသည့်
ဒီဓာတ်ပုံကြီးက သက်သေခံနေပါသည်။
သစ္စာသည် ဓာတ်ပုံထဲမှ သူ့မျက်နှာကို ငေးခနဲကြည့်မိနေရင်းမှ
အကြည့်ကို ဖျတ်ခနဲလွှဲလိုက်မိသည်။
နောက် ဓာတ်ပုံမှန်ဘောင်များတင်ထားသော
စန္ဒရားကြီးဘက်သို့ လျှောက်လာခဲ့လိုက်သည်။
စန္ဒရားပေါ်တွင် တင်ထားသော ဓာတ်ပုံများက စိတ်ဝင်စားစရာပင်။
သူ ငယ်စဉ်တုန်းက ပုံလေးတွေက
အသက်အရွယ်အလိုက် ပြောင်းလဲသွားသည်။ သူအဘိုးဟုယူဆရသော
စတိုင်လ်ကျကျ အဘိုးကြီးတစ်ယောက်နှင့် တွဲရိုက်ထားသောပုံ၊
နောက် ကိုကိုကြီးနှင့် တွဲရိုက်ထားသောပုံ၊
သူ့အဖေအမေဟု ယူဆရသော လူနှစ်ယောက်နှင့် တွဲရိုက်ထားသောပုံ



BURMESE CLASSIC .com

ပြီးတော့ သူ၏ယခုလက်ရှိပုံ အားလုံးသည် တစ်ပုံချင်း၊ တစ်ပုံချင်း
စိတ်ဝင်စားစရာကောင်းအောင် ရိုက်ကူးထားလေသည်။
သူ့လက်ရှိပုံမှာ ထုံးစံအတိုင်း မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများဖြင့်
အရက်ခွက်ကို ကိုင်ကာ အားရပါးရရယ်မောနေသည့်ပုံ ဖြစ်သည်။
သစ္စာသည် အရက်ခွက်ကိုင်ထားသော သူ့လက်ချောင်းများကိုကြည့်ပြီး
သက်ပြင်းတစ်ချက်ချမိကာ မျက်လုံးကို
တခြားဓာတ်ပုံမှန်ဘောင်တစ်ခုဆီသို့ လွှဲလိုက်သည်။
အို:...ဒီဓာတ်ပုံကို မြင်လိုက်ရသည့်ခဏမှာတော့
သစ္စာသည် အံ့သြစိတ်နှင့်အတူ
ပါးစပ်ကလေးတောင် ဟောင်းလောင်းဖြစ်သွားရသည်။
ဓာတ်ပုံက တခြားပုံတော့မဟုတ်ပါ။
ကိုကိုကြီးနှင့်မမ၏ ပုံပင်ဖြစ်လေသည်။ မမသည်
ကိုကိုကြီးရင်ခွင်ထဲမှာ ခပ်ပြုံးပြုံးလေးရှိနေသလို
ကိုကိုကြီးကလည်း မမကို ချစ်မြတ်နိုးစွာငုံ့ကြည့်နေသည့်
ပုံလေးပင် ဖြစ်သည်။ သစ္စာသည် ဓာတ်ပုံလေးကို
အနည်းငယ်တုန်ယင်သောလက်ဖြင့် လှမ်းယူလိုက်ပြီး
အနီးကပ်သေချာကြည့်မိသည်။ ပြီးတော့ရင်ဘတ်ထဲမှာ
ဓာတ်ပုံလေးကို ထည့်ရင်း မမကိုသတိရသည့်စိတ်က
ရင်ထဲမှာ အဆမတန်ဖိစီးလာလေသည်။
ဒီဓာတ်ပုံလေးသည် မမတို့လက်မှတ်ထိုးသည့်နေ့က
ဓာတ်ပုံလေးပင်ဖြစ်သည်။ ဘယ်သူက ရိုက်ပေးလဲဆိုတာ
သစ္စာတောင် သတိမထားမိလိုက်။
အခုလို မမ၏နောက်ဆုံးနေ့ရက်တွေမှာ ရိုက်ကူးထားသည့်



BURMESE CLASSIC .com

မမပုံကို မြင်တွေ့ရတော့ သစ္စာစိတ်ထဲ
မမကို လွမ်းကာ မျက်ရည်စက်တို့က ပါးပြင်ပေါ်ကို
အလိုလိုကျလာခဲ့ရသည်။ သစ္စာရင်ထဲမှာ
ပြောချင်နေသောစကားတို့က တစ်ပုံတစ်ပင်။
ဘယ်ကစပြီး ပြောရမှန်းမသိ။ ဒါ့အပြင်
ရင်ထဲကဝမ်းနည်းမှုအလုံးကြီးက
သစ္စာပြောချင်သည့် စကားလုံးများကို ပိတ်ဆို့ထားကြသေးသည်။
သစ္စာသည် ထိုနေ့ညက မမဓာတ်ပုံလေးကို ရင်ခွင်ထဲမှာထည့်ပြီး
ခပ်တင်းတင်းဖက်ထားရင်း စန္ဒရားကြီးရှေ့မှာ
အချိန်ကြာကြာ မတ်တတ်ရပ်နေခဲ့မိသည်။
မနက်လေးနာရီလောက်ကျမှ ဓာတ်ပုံမှန်ဘောင်လေးကို
စန္ဒရားပေါ်ပြန်တင်ခဲ့ပြီး ကိုလေးမျက်နှာကို ကြည့်ရင်း
စကားတချို့ပြောကာ အိမ်ပေါ်ထပ်သို့ ပြန်တက်လာခဲ့လိုက်သည်။
သစ္စာပြောခဲ့မိသော စကားတို့မှာ
'ကျွန်မအစ်မ ဓာတ်ပုံလေးကို ခုလိုအသိအမှတ်ပြုပြီး
ဧည့်ခန်းမှာထားပေးထားတဲ့အတွက် ရှင့်ကိုကျွန်မ
ကျေးဇူးအများကြီး တင်ပါတယ်'

ဟူ၍ ဖြစ်လေသည်။

■

အခန်း။ ၂၅။

စနေနေ့ ကျောင်းပိတ်တာမို့ ရေမိုးချိုး၊ ခေါင်းလျှော်အဝတ်အစားလဲပြီး ဘုရားရှိခိုးရန် အခန်းထဲက အထွက်မှာတော့ အောက်ထပ်ဧည့်ခန်းဆီမှ ခပ်ကြမ်းကြမ်းထွက်ပေါ်လာသော စန္ဒရားသံကြောင့် လှမ်းလက်စ သစ္စာ၏ခြေလှမ်းတို့က ရုတ်တရက်ဆိုသလို ရပ်တန့်သွားရသည်။ ငြိမ့်ညောင်းသော သံစဉ်မဟုတ်ဘဲ ဆူဆူညံ့ညံ့သံစဉ်တစ်ခုကို စိတ်ပါလက်ပါတီးခတ်နေသော သူသည် မည်သူဖြစ်နိုင်သနည်း။ ပြေးကြည့်စရာတောင်မလိုပါ။ ဒီအိမ်ဧည့်ခန်းထဲက ခမ်းနားသောစန္ဒရားကြီးကို တီးခတ်ရဲမည့်သူမှာ ဒီအိမ်ရှင်မှတစ်ပါး တခြားသောသူ ဖြစ်နိုင်စရာအကြောင်းမရှိလှပါ။ ဒါဆိုရင် သူပြန်ရောက်နေပြီပေါ့လို့ သစ္စာတွေးလိုက်မိသည်။ သူပြန်ရောက်နေပြီဆိုရင်ဖြင့် သစ္စာမှာ ဘုရားခန်းတောင်မသွားဝံ့တော့ဘဲ အိမ်ထဲမှာ အနေကျပ်စွာနေထိုင်ရမည့် အရေးကို တွေးပြီး စိတ်ညစ်သွားမိသည်။ သစ္စာသည် ဘုရားခန်းဘက်သွားမည့် စိတ်ကူးများကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။



BURMESE CLASSIC .com

နောက် အခန်းထဲမှ ခန်းဆီးရှည်ကြီးများကို ဖယ်ရှားလိုက်ရင်း
ခြံဝင်းထဲသို့ လှမ်းကြည့်လိုက်မိသည်။
ရေကူးကန်နံဘေးက မြက်ခင်းပြင်တွေပေါ်မှာ စားပွဲကုလားထိုင်တွေကို
နေရာချ ညွှန်ကြားနေသော ကိုသန်းနိုင်ကို
အလုပ်သမားငါးယောက်နှင့်အတူ တွေ့လိုက်ရသည်။ ကြည့်ရတာ
ဒီညအိမ်မှာ ပွဲတစ်ခုခုလုပ်စရာရှိလိမ့်မည်လို့ သစ္စာတွေးစဉ်မှာပင်
ဪ… ဒီအိမ်ကြီးကလည်း သူပြန်ရောက်လာမှပဲ
လှုပ်ရှားသက်ဝင်လာပါလားဆိုတာကိုပါ
တစ်ဆက်တည်း သတိထားမိလိုက်သည်။
သစ္စာသည် သက်ပြင်းလေးတစ်ချက်ချရင်း
ရေခဲသေတ္တာထဲမှ နွားနို့ဘူးကိုယူပြီး
ဖန်ခွက်ထဲသို့ ငှဲ့ထည့်လိုက်သည်။ ဒီနေ့တော့
သူအိမ်မှာရှိနေသရွေ့ တစ်ချိန်လုံး
သစ္စာဘယ်ကိုမှ သွားဖြစ်တော့မှာမဟုတ်ဘူးဆိုတာ သေချာသွားသည်။
သစ္စာသည် နွားနို့ဖန်ခွက်ကို ကိုင်ရင်း
အိပ်ခန်းထဲမှ ဆိုဖာဖြူဖြူကြီးပေါ်တွင် ထိုင်လိုက်စဉ်မှာပင်
အခန်းတံခါးခေါက်သံ ကြားလိုက်ရပြီး
ခဏနေတော့ တံခါးပွင့်သွားတာကို တွေ့လိုက်ရသည်။
ဒေါ်သန်းသည် လင်ပန်းတစ်ချပ်နှင့် အခန်းထဲကိုဝင်လာပြီး
သစ္စာရှေ့က စားပွဲပေါ်မှာ လင်ပန်းကို တင်လိုက်သည်။
အငွေ့တထောင်းထောင်းထနေသော မုန့်ဟင်းခါးနံ့က
သစ္စာကို နွားနို့သောက်ချင်သည့်စိတ် ပျောက်သွားစေလေသည်။
'သစ္စာ ဒီနေ့ ဘယ်သွားဦးမလဲ'



BURMESE CLASSIC .com

ဒေါ်သန်းသည် စားပွဲပေါ်မှ ပန်းကန်များကို နေရာတကျချရင်း
သစ္စာကို မကြည့်ဘဲ မေးခွန်းထုတ်ပါသည်။
'ဘယ်မှသွားစရာမရှိပါဘူး'
'ကိုလေး ဒီနေ့မနက် အစောကြီးကပဲ ပြန်ရောက်တယ်။ ညကျရင်
အိမ်မှာ သူ့သူငယ်ချင်းတွေနဲ့ ပါတီရှိတယ်။
သစ္စာ သွားစရာမရှိဘူးဆိုရင် နေ့လယ်စာကော၊ ညနေစာပါ
ဒေါ်သန်း အခန်းထဲကို ပို့ခိုင်းလိုက်မယ်။ ဟုတ်ပြီလား။
တခြားလိုအပ်တာရှိရင် ဟိုအင်တာကွန်ခလုတ်ကနေ
မီးဖိုချောင်ထဲကို ခေါ်လို့ရတယ်'
ဒေါ်သန်းသည် သစ္စာမတွေ့သေးသော
အင်တာကွန်ခလုတ်ကိုပါ လှမ်းပြကာ
သူ့အစီအစဉ်ကို ပြောပါသည်။ သစ္စာသည် ဒေါ်သန်းကို
ဘာမှပြန်မပြောဘဲ မုန့်ဟင်းခါးပန်းကန်ကိုသာ ကြည့်နေလိုက်မိသည်။
'သစ္စာ'
ဒေါ်သန်းခေါ်သံကြောင့် သစ္စာ ဒေါ်သန်းကို ကြည့်လိုက်မိသည်။
'ကိုလေးက မှာလိုက်တယ်။ ညနေ သူ့မိတ်ဆွေတွေရှေ့မှာ
သစ္စာအပြင်ကို ထွက်မလာပါစေနဲ့တဲ့'
ပြောပြီးတာနှင့် ဒေါ်သန်းသည် အခန်းထဲမှထွက်သွားတော့သည်။
သစ္စာသည် ဒေါ်သန်းထွက်သွားရာ နောက်ကျောပြင်ကို
ခပ်ကြောင်ကြောင် လိုက်ကြည့်နေရင်းမှ
ရင်ထဲမှာ ဝမ်းနည်းစိတ်တို့က တလိပ်လိပ်တက်လာရသည်။
ကိုလေး သစ္စာအပေါ်ထားတဲ့ သဘောထားကို
ဒီလောက်ပြောင်ပြောင်တင်းတင်း ဖော်ပြစရာမလိုပါဘူးလို့



BURMESE CLASSIC .com

သစ္စာမချိတင်ကဲ တွေးလိုက်မိရင်း လူတစ်ကိုယ်လုံးက ပျော့ခွေကာ ဆိုဖာပေါ်တွင် လှဲချလိုက်မိသည်။

ဩော်... ဒါတွေကို ကြိုမြင်လို့ သစ္စာကို

ကိုကိုကြီး မှာခဲ့ပါတယ်လေ။

သစ္စာရဲ့အခြေအနေကို သစ္စာသိရမှာပေါ့။



BURMESE CLASSIC .com

အခန်း။ ၂၆။

ခြံဝင်းထဲမှ သာယာငြိမ့်ညောင်းသော ဂီတသံက အိမ်ပေါ်ထပ်ရှိ သစ္စာအခန်းထဲထိတိုင် လွင့်မျောပျံ့ဝဲလာကြသည်။

ညတောင် (၇)နာရီထိုးသွားခဲ့ပြီပဲလို့ နာရီကိုကြည့်လိုက်မိရင်း သစ္စာတစ်ယောက်တည်း အခန်းထဲမှာ စာကြည့်မီးမှိန်မှိန်လေး တစ်ခုကိုသာထွန်းပြီး တစ်နေ့လုံး ငြိမ်ငြိမ်လေး ထိုင်နေခဲ့မိသည့်အဖြစ်ကို ပြန်သတိရလာသည်။

တစ်နေကုန် တောင်စဉ်းစားမြောက်စဉ်းစားနှင့် အချိန်တွေဘယ်လိုကုန်လို့ ကုန်သွားမှန်းတောင် မသိလိုက်ရပါ။

သီချင်းသံတွေကြားမှ သစ္စာသည် ဒီညခြံဝင်းထဲမှာ ပြုလုပ်မည့်ပါတီပွဲကို ပြန်လည်သတိရသွားခဲ့သည်။

အဲဒီနောက် သစ္စာသည် ခြေလှမ်းတို့ကို အသံမကြားအောင် ထိန်းသိမ်းရင်း ခန်းဆီးရှည်ကြီးများချထားသော ပြတင်းပေါက်ဆီသို့ တိုးကပ်လာခဲ့သည်။

နောက် ခန်းဆီးစကို အနည်းငယ်လေးလှပ်လိုက်ပြီး ခြံဝင်းအတွင်းသို့ လှမ်းကြည့်လိုက်လေသည်။

မြင်ရသောမြင်ကွင်းထဲမှာတော့ လူတွေက များများစားစားမဟုတ်လှပါ။
ဧည့်သည်ဟုယူဆရသော ဝတ်ကောင်းစားလှဝတ်ထားသည့်
လူတွေက ဆယ့်ငါးယောက်၊ အယောက်နှစ်ဆယ်လောက်သာရှိပြီး
ကျန်တဲ့သူတွေကတော့ လိုအပ်တာများကို အဆင်သင့်လုပ်ပေးနေသော
အလုပ်သမားများသာ ဖြစ်လေသည်။ လာသည့်ဧည့်သည်များထဲတွင်
ဆယ့်ငါးယောက်လောက်က မိန်းကလေးတွေပဲဆိုတာကို
သစ္စာသတိထားမိသလို တစ်ယောက်နှင့်တစ်ယောက်ကလည်း
ခေတ်မီမီ နောက်ဆုံးပေါ်အဝတ်အစားများနှင့်
အပြိုင်အဆိုင်လှနေကြလေသည်။
သစ္စာသည် လူတွေကြားထဲမှာ
သူ့ကို မျက်လုံးတစ်ချက်ဝေ့ကာ ရှာမိလိုက်သည်။
အနက်ရောင်ရှပ်အင်္ကျီ၊ အနက်ရောင်ကုတ်အင်္ကျီနှင့်
အနက်ရောင်ဘောင်းဘီကိုတွဲဝတ်ထားသော သူ့ကို
အမှောင်ထဲရောက်နေသော်လည်း ထင်ထင်ရှားရှားပင်တွေ့လိုက်ရသည်။
သူ့အပေါင်းအသင်းမိတ်ဆွေတွေနှင့် တွန်းတွန်းတိုက်တိုက်
ရယ်မောစကားပြောနေဟန်က သွက်လက်ကာ လွတ်လပ်နေလေသည်။
သစ္စာ ကြည့်နေစဉ်မှာပင် ခြံထဲသို့ကားလှလှလေးတစ်စီးက
ခပ်ဖြည်းဖြည်းမောင်းဝင်လာတာကို တွေ့ရသည်။
သူ၏မျက်လုံးများသည် မိတ်ဆွေများနှင့် စကားပြောနေရာမှ
ထိုကားလှလှလေးထံသို့ရောက်သွားပြီး
သူ၏ခြေလှမ်းများက ကားဆီသို့
မပြေးရုံတမယ် ဦးတည်သွားလေသည်။ ကားပေါ်မှဆင်းလာသူက
မိန်းကလေးတစ်ယောက်။ ထိုမိန်းကလေးမျက်နှာကို

သေသေချာချာ မမြင်ရသော်လည်း အဝေးက မြင်ရသော
မိန်းကလေး၏ကိုယ်နေဟန်ထားက သွယ်သွယ်နွဲ့နွဲ့နှင့်
ယောကျ်ားတစ်ယောက် မြင်လိုက်တာနဲ့
ချက်ချင်းရင်ခုန်စေလောက်အောင် ဆွဲဆောင်နိုင်စွမ်းရှိလေသည်။
ထိုစဉ်မှာပင် သူ့မျက်လုံးများက
သစ္စာကြည့်နေသော ပြတင်းပေါက်ဆီသို့ ဝဲခနဲ
တစ်ချက်ရောက်ရှိလာပြီး ဘာမှမဖြစ်သယောင်
သူ့အမျိုးသမီးကို ခါးဖက်ပြီး
လူတွေကြားထဲ ဆက်လျှောက်သွားလေသည်။
သစ္စာကို ကျောခိုင်းလျှောက်သွားသော
သူတို့နှစ်ယောက်ကို ကြည့်ပြီး သစ္စာရင်ထဲမှာ
မကျေနပ်စိတ်တို့က တဖွားဖွားပေါ်လာခဲ့သည်။
ဘယ်သူ့ကိုမကျေနပ်သည်၊ ဘာကိုမကျေနပ်သည်ဆိုတာကို
ရေရေရာရာမသိသော်လည်း စိတ်ထဲမှာမကျေမနပ်စိတ်တွေ
ဖြစ်ပေါ်လာရတာတော့ အမှန်ပင် ဖြစ်သည်။
သစ္စာသည် ဖက်လှဲတကင်းရှိနေကြဦးမည့်
သူတို့၏အမူအရာတွေကို ဆက်မကြည့်ချင်တော့တာနှင့်
ပြတင်းပေါက်မှခွာကာ အိပ်ရာပေါ်မှာခွေနေလိုက်မိသည်။
သစ္စာနှင့်ထိုအမျိုးသမီးပေါ်ထားသော သူ၏သဘောထားကွာခြားချက်က
သစ္စာအတွက် အတော်ပင်ခံရခက်လှသည်။ သစ္စာသည်
သူ၏တရားဝင် မိန်းမတစ်ယောက်ဆိုတာ
လူတွေမှ သိပါလေစ။ သစ္စာရင်ထဲမှာ
အတွေးတွေကြောင့် မောပန်းလွန်းလှသည်။

'သစ္စာ'
အင်တာကွန်ခလုတ်မှ ခပ်ကျယ်ကျယ်ထွက်လာသော
ဒေါ်သန်း၏ခပ်ဩဩအသံကြောင့် သစ္စာမှာလန့်ဖျပ်သွားရကာ
အိပ်ရာပေါ်မှတောင် ထထိုင်မိလိုက်လေသည်။
'အပေါ်ထပ်ကနေကြည့်နေတာ ကိုလေးမြင်ရတယ်တဲ့။
နောက်တစ်ခါ အဲလိုကြည့်တာ မတွေ့ချင်ဘူးလို့
ဒေါ်သန်းကို ပြောခိုင်းတယ်'
အခန်းတစ်ခန်းလုံးက ကိုယ့်အသက်ရှူသံပဲ
ကြားရလောက်အောင် တိတ်ဆိတ်သွားလေသည်။
သစ္စာသည် အိပ်ရာခင်းကို လက်ဖြင့်တင်းတင်းဆုပ်ရင်း
အသက်မရှူဘဲ အံကို ကြိတ်ထားမိသည်။
ရင်ထဲမှာ ရှက်တာရော၊ ဝမ်းနည်းတာရော၊ ဒေါသဖြစ်တာရော
စုပြုံကာ မျက်ရည်တို့က ပါးပြင်ပေါ်သို့
တစ်ပေါက်ချင်း ဖြည်းဖြည်းကျလာခဲ့သည်။
သစ္စာကိုကျတော့ ရက်စက်လိုက်တာ ဆိုသည့်အတွေးက
လူကို ပို၍ ယူကျုံးမရဖြစ်စေသည်။
သစ္စာသည် ခေါင်းအုံးပေါ်မှာ မျက်နှာအပ်ပြီး
ရှိုက်ကြီးတငင် ငိုကျွေးလိုက်မိသည်။
သစ္စာ၏ရှိုက်သံတို့က ခြံဝင်းအတွင်း ဂီတသံကြားမှ
ထိုးထွက်လာသော ရယ်မောသံများ၏အောက်တွင်
တိတ်တိတ်ဆိတ်ဆိတ်ပင် ပျောက်ကွယ်သွားကြလေသည်။
■

အခန်း။ ၂၇။

သစ္စာသည်ကျောင်းမှပြန်လာပြီး အိမ်ပေါ်ကိုတန်းမတက်သေးဘဲ ဗိုက်က အရမ်းဆာနေတာကြောင့် ဟိုတစ်ယောက် မရှိသေးခင် ထမင်းတစ်ခါတည်းစားသွားလိုက်မယ်ဆိုသော အတွေးဖြင့် ကားပေါ်ကဆင်းတာနှင့် မီးဖိုးချောင်ဘက်သို့ တစ်ခါတည်း လျှောက်လာခဲ့လိုက်သည်။

ညနေ (၄)နာရီထိုးနေပြီဖြစ်သော်လည်း မီးဖိုထဲမှာ လူတစ်ယောက်မှ သစ္စာမတွေ့ရပါ။ စကားပြောနေသော အသံကို ခပ်သဲ့သဲ့ကြားလိုက်ရတာကြောင့် နားစွင့်လိုက်တော့ မီးဖိုချောင်ရဲ့ဟိုတစ်ဖက် ထမင်းစားခန်းထဲမှာ များပြားလှသော ပန်းကန်အထပ်လိုက်ကြီးကို အဝတ်တစ်ခုဖြင့်သုပ်နေကြသော ဒေါ်သန်းနှင့်ပုပုကို လှမ်းတွေ့လိုက်ရသည်။

ဒီအိမ်ကြီးမှာ နေသောလူ များများစားစား မရှိသော်လည်း ဒေါ်သန်းနှင့်ပုပုမှာ ကြည့်လိုက်တာနှင့် ဘယ်တော့မှ အလုပ်နဲ့လက် ပြတ်တာကို မတွေ့ရ။



BURMESE CLASSIC .com

အလုပ်တွေ တကယ်ပဲများသလား။ ဒါမှမဟုတ်
သူတို့ကပဲ အလုပ်ကို ရှာကြံလုပ်နေကြသလား မပြောတတ်။
နှစ်ယောက်သားတလှုပ်လှုပ်နှင့်
အမြဲအလုပ်လုပ်နေကြတာကို တွေ့ရသည်။
သစ္စာသည် ထမင်းအိုးထဲမှ ထမင်းကို
အသံမမြည်အောင် ခူးထည့်နေရင်း သစ္စာသည်
သူတို့တွေအတွက် အလုပ်ပိုတစ်ခုများ
ဖြစ်နေမလားလို့ စဉ်းစားလိုက်မိသည်။ နောက်ရက်တွေကျရင်
ဟိုတစ်ယောက်နှင့်မဆုံအောင် ကိုယ့်ဘာသာကိုယ် စဉ်းစားပြီး
ထမင်းကို အောက်မှာပဲ ဖြစ်နိုင်ရင် ဆင်းစားဖို့
တစ်ဆက်တည်း ဆုံးဖြတ်လိုက်လေသည်။
မီးဖိုပေါ်တွင် ကြက်သားအိုးနှင့် ပုစွန်အိုးနှစ်ခုတွေ့သော်လည်း
သစ္စာသည် ပန်းကန်ထဲသို့ ကြက်သားတစ်တုံးနှင့်
အရည်နည်းနည်းသာ ခပ်ထည့်လိုက်ပြီး မီးဖိုထဲက
ထမင်းစားပွဲပေါ်မှာပင် ငြိမ်ငြိမ်သက်သက်ထိုင်စားနေလိုက်သည်။
သစ္စာထမင်းစားနေစဉ်မှာပင် ဘယ်သူမှ မရှိဘူးအထင်နှင့်
လွတ်လွတ်လပ်လပ်ပြောနေကြသော ဒေါ်သန်းနှင့်ပုပု၏စကားသံကို
သစ္စာအတိုင်းသားပင် ကြားနေရလေသည်။
'နောက်တစ်ပတ် စနေကျရင်လည်း ခြံထဲမှာပါတီရှိသေးတယ်တဲ့။
မနက်က ဦးသန်းနိုင်ပြောနေတာ ကြားရတယ်'
'ညည်းတို့ အစ်ကိုလေး ပျော်ဖို့က အရေးကြီးဆုံးလေ။
သူပျော်မယ့်ကိစ္စဆိုရင် ငါတို့တွေက ဘာမဆိုလုပ်ပေးနိုင်ဖို့
အဆင်သင့်ရှိရမှာပေါ့'

'ဒေါ်ဒေါ်သန်း အစ်ကိုလေးက နိုင်ငံခြားမှာနေပေမယ့်
မြန်မာလိုကလည်း မွတ်နေတာပဲနော်။
ဒေါ်ဒေါ်သန်း သင်ပေးထားတာလား'
'ကြံကြံဖန်ဖန်အေ၊ သူကျောင်းတက်တဲ့အရွယ်ကတည်းက
ကိုကိုကြီးက အိမ်မှာမြန်မာဆရာမတစ်ယောက်ကို
နာရီနဲ့ငှားပြီး မြန်မာစာကို သေသေချာချာ
ရေးတတ်၊ ဖတ်တတ်၊ ပြောတတ်အောင် ဂရုတစိုက်သင်ပေးခဲ့တာ။
ဒါတင်မကသေးဘူး။ အရွယ်နည်းနည်းကြီးလာတော့
တစ်ပတ်တစ်ခါ ဘုန်းကြီးကျောင်းခေါ်သွားပြီး
ဘုရားစာတွေကို သေချာသင်ခိုင်းခဲ့တာ။ ဒါကလည်း
ကိုလေးက စိတ်ဝင်စားဦးမှကိုး။ သူစိတ်ဝင်တစားရှိခဲ့လို့လည်း
ခုချိန်မှာသူ့အတွက် ကျွမ်းကျွမ်းကျင်ကျင်ရှိနေတာပေါ့'
'ဒေါ်ဒေါ်သန်းကော နိုင်ငံခြားမှာ ဒီလောက်အကြာကြီးနေလာတာ
အင်္ဂလိပ်လိုလေးဘာလေး နည်းနည်းပါးပါး မပြောတတ်ဘူးလား'
'အို အေ… ကျုပ်က တစ်နေ့တစ်နေ့
အိမ်ထဲက အိမ်ပြင်ထွက်တာမှ မဟုတ်တာ။
ဒီကလေးကိစ္စ၊ အိမ်မှုကိစ္စနဲ့တင် ရှုပ်နေတာ။
ယားလို့တောင် မကုတ်အားဘူး။ အိမ်မှာတစ်အိမ်သားလုံးက
မြန်မာလိုပဲပြောကြတာ။ သူတို့အပေါင်းအသင်းဘိုတွေလာရင်သာ
အင်္ဂလိပ်လိုပြောတာ ကြားရတာ။ ဒီတော့ကျုပ်က
ဘယ်လိုလုပ် စာတတ်မှာတုံး'
'အစ်ကိုလေးက မသင်ပေးဘူးလား'
'ဒီကလေးလား သင်ပေးတယ်လေ။ ငါ့ကို မြန်မာစာတွေချည်းပဲ'



BURMESE CLASSIC .com

ဒေါ်သန်းက သူ့စကားသူ သဘောကျပြီး
တဟဲဟဲနှင့်ရယ်မောလိုက်သည်။ သူတို့၏စကားများသည်
စိတ်ဝင်စားစရာကောင်းနေတာမို့ သစ္စာသည်
ထမင်းကို ခပ်ဖြည်းဖြည်းစားရင်းမှ ဆက်ပြီးနားထောင်နေလိုက်မိသည်။
'အစ်ကိုလေး အဖေနဲ့အမေက ဘာလို့အစောကြီးသေသွားရတာလဲ'
'ကားတိုက်တာအေ့။ အဲဒီတုန်းက တစ်အိမ်လုံးကမ္ဘာပျက်မတတ်ဘဲ။
ဒါပေမယ့်လည်း ကိုကိုကြီးက သူ့တူကို
ကလေးစိတ်ဓာတ် မယိမ်းယိုင်သွားအောင်
ဟန်မပျက်ထိန်းပေးနိုင်ခဲ့တယ်။ ညည်းတို့အစ်ကိုလေးက
သူ့ဦးလေးလက်ထဲတစ်သက်လုံး ကြီးခဲ့ရသလို
ကိုကိုကြီးကျေးဇူးတွေကလည်း ကိုလေး
ဒီတစ်သက်ဆပ်ကုန်မှာ မဟုတ်တော့ဘူး။
အင်း... ဒါကြောင့်လည်း သစ္စာနဲ့လက်ထပ်ဖို့ ကိစ္စကို
ကိုလေး ခေါင်းညိတ်ခဲ့ရတာပေါ့လေ'
'အစ်ကိုလေးက မသစ္စာကိုတော့ လုံးဝကို မချစ်ဘူးထင်တယ်နော်'
'သြော်... ဒါကတော့ လူကြီးပေးစားလို့ ယူရတဲ့
အိမ်ထောင်တစ်ခုကိုအေ့။ ချက်ချင်းကြီးတော့
ဘယ်လိုလုပ်ပြီး ပြေပြေလည်လည်ရှိပါ့မလဲ။
နောက်တော့လည်း သူ့ဟာနဲ့သူ အဆင်ပြေဖြစ်သွားမှာပေါ့'
'ဟင်... ပုပုတော့မထင်ပါဘူး။ အစ်ကိုလေးက မသစ္စာအပေါ်မှာ
ဒီလောက်တင်းမာနေတာ ပုပုဖြင့်ကြားကတောင် ကြောက်တယ်။
ဟိုနေ့ညကလည်း မသစ္စာ ကားရပ်ထားတာကိုကြည့်ပြီး
ဒီလောက်စုတ်နေတဲ့ကားကို



BURMESE CLASSIC .com

သူ့ညှော်သည်တစ်ယောက်ယောက်တွေ့သွားလို့ ဘယ်သူ့ကားလဲမေးရင်
ငါ မဖြေတတ်ဘူး။ လွတ်ရာကျွတ်ရာ ရွှေ့ထားကြစမ်းဆိုလို့
ကိုလေးကားမောင်းတဲ့ ဦးလှဝင်းကြီးအလုပ်တွေရှုပ်သွားတာ
ဒေါ်ဒေါ်သန်းလည်း မြင်ရက်သားနဲ့။ မနက်ကျမှ
မသစ္စာထားတဲ့နေရာ ပြန်ထားထားရတာ'
သစ္စာသည် ပုပုစကားကြောင့် စားနေသောထမင်းလုပ်ပင်နင်သွားရကာ
ရင်ထဲ တော်တော်မကောင်းဖြစ်သွားရလေသည်။
သစ္စာအပေါ်ထားတဲ့ သူ့သဘောထားက
သစ္စာထင်ထားတာထက်တောင် ပြတ်သားနေရရောလား။
'ဒီအကြောင်း သစ္စာသိတာ မဟုတ်ဘူးနော်။
ညည်းထမင်းပို့ရင် စကားပိုတွေ လျှောက်ပြောမနေနဲ့ဦး။
ကားသော့အပိုယူထားတဲ့ကိစ္စလည်း
ယောင်လို့တောင် မထွက်မိစေနဲ့'
'အမလေး… ဒေါ်ဒေါ်သန်းကလည်း စိတ်ပူနေလိုက်တာ။
အဲဒီမသစ္စာနဲ့ ပုပုစကားပြောဖို့ မပြောနဲ့။
ခုထိ မျက်လုံးချင်းတောင် မဆုံဖူးသေးဘူး။
သူကြည့်လိုက်တိုင်း အမြဲတွေးနေငေးနေတာ။
တစ်ခါတလေ သူ့ကို ကြည့်ပြီး
အသက်တောင်ရှူရဲ့လားလို့ စဉ်းစားမိတယ်'
'ကောင်မလေးက တစ်ကောင်ကြွက် သနားစရာပါအေ။
ကိုကိုကြီး အတင်းအကျပ်စီမံလို့ ကိုလေးက မနိုင်နိုင်ရာ
သစ္စာကို ဖိထောင်းတာလည်းပါတယ်။ သူ့ခမျာ
ကိုလေးရဲ့မိန်းမသာဆိုတယ် ဘယ်မှာများ ပေါ်ပေါ်ထင်ထင်နေရလို့လဲ။



BURMESE CLASSIC .com

သူ့ဟာသူ အနေကုတ်ကုတ်လေးနဲ့
လူမျက်စိမနောက်အောင်နေရှာပါတယ်။ ကိုလေးကလည်း
ဒေါသကြီးတတ်တာကလွဲလို့ ရိုင်းစိုင်းတဲ့စိတ်မျိုးတော့ မရှိပါဘူး။
တဖြည်းဖြည်းတော့ ပြေလည်သွားကြလိမ့်မယ်လို့ မျှော်လင့်ရတာပါပဲ'
'ဟိုတစ်နေ့ညက အစ်ကိုလေးခါးဖက်ထားတဲ့
အစ်မကြီးက ဘယ်သူလဲ။ မျက်နှာလေးကလည်း အရမ်းချောတာပဲ'
'အဲဒါကတော့ သူ့ရဲ့စပယ်ရှယ်ဧည့်သည်ပဲပေါ့။
နာမည်က 'ဒေလီယာ'တဲ့။ ကိုလေးပတ်သက်တဲ့မိန်းမတွေထဲမှာတော့
အဲဒီမိန်းကလေးကို သူ ဦးစားအပေးဆုံးပဲ'
'အဲဒီအစ်မကြီးက ကိုလေးမိန်းမယူလိုက်တာ မသိဘူးလား'
'ဟဲ့... ဘယ်လိုလုပ်ပြီးသိမှာလဲ။ လက်ထပ်တဲ့ကိစ္စက
ကိုကိုကြီးနဲ့နှစ်ဦးသဘောတူပြီး တိုးတိုးတိတ်တိတ်
ဘယ်ဧည့်သည်မှတောင် မပါဘဲ လက်ထပ်ခဲ့တာ။
သတင်းစာထဲတောင် ထည့်တာမဟုတ်ဘူး။
ညည်းနော် ငါ့ဆီကနေအကုန်စပ်စုပြီး
ဈေးထဲသွားရင် စကားတွေမများနဲ့ဦး။ တစ်ခုခုပြန်ကြားလို့ကတော့
ငါက အသေသတ်မှာ'
'အဟီးဟီး... ပုပု အဲလိုမပြောတတ်ပါဘူး ဒေါ်ဒေါ်သန်းရဲ့'
'အေး ဒါဆိုရင် ဒါတွေကိုမြန်မြန်ပြီးအောင်သုပ်။
ခဏနေ သစ္စာပြန်လာတော့မယ်။
ဘယ်နှနာရီတွေ ထိုးကုန်ပြီလဲ မသိပါဘူး။
ဟဲ့... လေးနာရီတောင်ရှိနေပြီပဲ။ ကဲကဲ... လုပ်စရာရှိတာ
စကားမများဘဲ မြန်မြန်လုပ်မှပေါ့။ ထမင်းတွေဟင်းတွေနွေးရဦးမယ်။



BURMESE CLASSIC .com

ပြီးရင် အသီးအရွက်ကလေးတစ်ခုကြော်ဖို့ ပြင်ရဦးမယ်။
ကန်စွန်းရွက်နဲ့မှိုလေးလည်း ကြော်လိုက်ပါ့မယ်လေ'
သစ္စာသည် ထမင်းပန်းကန်ကို ရေစင်အောင် ဆေးပြီး
ပန်းကန်စင်ပေါ်တွင် စစ်လိုက်သည်။
နောက် မီးဖိုဘက်ကနေ ထမင်းစားခန်းကို
မြင်ရသောနေရာတစ်ခုတွင် သွားရပ်လိုက်သည်။
မြင်လိုက်ရသော လူရိပ်ကြောင့် ဒေါ်သန်းကော၊ ပုပုပါ
သစ္စာကို လှမ်းကြည့်ပါသည်။ သစ္စာသည်
သူတို့နှစ်ယောက်လုံးကို ဝေ့ဝဲကြည့်ပြီး
မတိုးမကျယ်လေသံနှင့်ပင် စကားပြောလိုက်မိသည်။
'သစ္စာ ထမင်းစားပြီးသွားပြီ။ ဒီည သစ္စာကို
ထမင်းလာမပို့ပါနဲ့တော့လို့ ပြောတာပါ'
ပြောပြီးတာနှင့် သစ္စာသည် မီးဖိုချောင်ထဲမှ
ဖြည်းညင်းစွာပင် ပြန်ထွက်လာခဲ့သည်။
အိမ်ပေါ်ကို တက်သော ကြောင်လိမ်လှေကားက
ကွေ့ကွေ့ကောက်ကောက်မို့ သစ္စာသည်လည်း
လှေကားထစ်များကို ကွေ့ကွေ့ကောက်ကောက်ပင် တက်ခဲ့ရသည်။
သစ္စာသည် လှေကားလက်ရန်းများကို ကိုင်ရင်းမှ
တစ်စုံတစ်ခုကို တွေးမိရင်းပြုံးလိုက်မိသည်။
သြော်... သစ္စာအတွက် ရှေ့လျှောက်ရမယ့်ခရီးက
ပုံသေနည်းတစ်ခု ရှိနေခဲ့ပြီလေ။
■



BURMESE CLASSIC .com

အခန်း။ ၂၈။

'သစ္စာမှာ ကိုယ်ဝန်ရှိနေပြီတဲ့ သစ္စာရေ'

မမသူဇာဝမ်းပန်းတသာပြောလိုက်သော စကားသံတို့က

သစ္စာနားထဲဗုံးတစ်လုံးပေါက်ကွဲသလို ဆူညံသွားရကာ

လူတစ်ကိုယ်လုံးကလည်း ကြက်သီးဖြန်းဖြန်းထသွားစေသည်။

အမြင်အာရုံများကလည်း မှုန်ဝါးသွားရကာ စိတ်ထဲမှလည်း

'ငိုချင်သလိုလို၊ ရယ်ပဲရယ်ချင်သလိုလိုနှင့် လူက ထိုင်နေရင်းနဲ့ကို

ကယောင်ချောက်ချား ဖြစ်လာရသည်။

ဘုရား...ဘုရား... သစ္စာမှာ ကိုယ်ဝန်ရှိနေပြီတဲ့။

သစ္စာမမျှော်လင့်ထားတဲ့ အကြောင်းအရာတစ်ခုက

သစ္စာကို အလစ်မှာဒုက္ခပေးလိုက်ပြီ ဖြစ်သည်။

သစ္စာ မယုံချင်ပါ။။ ဒါသာတကယ်ဆိုရင်

သစ္စာဘဝကြီး အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားတော့မှာပေါ့။

ဘုရား...ဘုရား... သစ္စာကို ဘယ်သူကူညီနိုင်မှာလဲ။

သစ္စာတော့ ဒုက္ခရောက်ပါပြီလေ။

'သစ္စာ... သစ္စာ... အမလေး...ကြည့်ပါဦး။



BURMESE CLASSIC .com

အသံတိတ်ဝမ်းသာနေတယ်ပေါ့လေ။
ကဲ ထထ ပြန်လို့ရပြီ ပြန်စို့'
မမသူဇာဆွဲခေါ်သည့်နောက်ကို အလိုက်သင့်ပါလာရင်း
လူကဘယ်လိုလုပ်ပြီး ကားပေါ်ရောက်လာမှန်းတောင်
မသိဘဲ ဖြစ်သွားရသည်။
'သစ္စာရေ၊ ဒါဝမ်းသာစရာကိစ္စနော်။ ဘာကိုမှတွေးပြီး စိတ်ပူမနေနဲ့။
သစ္စာဘဝမှာ လုပ်စရာတွေအများကြီးရှိလာပြီ။
ကဲ... ဘယ်လောက်ပျော်စရာကောင်းလဲ။
မမလည်း ပထမဆုံးကိုယ်ဝန်ဆောင်တဲ့အချိန်တုန်းက
အရမ်းကို ရင်ခုန်ခဲ့ရတာ။ ကိုယ်ဝန်နဲ့ပတ်သက်ပြီးတော့လည်း
အားငယ်စရာမရှိဘူး။ မွေးတဲ့အထိ မမတာဝန်ယူပေးမယ်။
မကြောက်နဲ့သိလား'
မမသူဇာက ဖွယ်ဖွယ်ရာရာလေးတွေနှင့်
သစ္စာအားရှိအောင် ပြောနေသော်လည်း သစ္စာမှာတော့
လူတစ်ကိုယ်လုံး လွင့်မျောနေရသလို ခံစားရကာ
သူ့မျက်နှာကိုလည်း မျက်လုံးထဲမှာ မြင်ယောင်နေမိသည်။
သူနှင့်ရင်ဆိုင်ရဦးမည့်အရေးက
သစ္စာ၏နှလုံးသားကို ပူလောင်စေလေသည်။ အမှန်ဆို
သူနှင့်သစ္စာသည် တစ်ညတာလေးသာ အတူဆုံလိုက်ခြင်းဖြစ်သည်။
အဲဒီတစ်ညတာလေးသည် သစ္စာဘဝကို
ဒီလောက်တောင်ပဲ ပြောင်းလဲသွားစေနိုင်သလားဆိုတာကို
သစ္စာမှာ မယုံကြည်နိုင်အောင် ဖြစ်နေရသည်။ သူနှင့်လည်း
အဲဒီညကသာတွေ့ပြီး ထပ်မဆုံဖြစ်တော့တာ ခုချိန်ထိပဲလေ။



BURMESE CLASSIC .com

'ကိုယ်ဝန်ရှိခါစမှာတော့ သစ္စာ
နည်းနည်းလေးနေရထိုင်ရတာ ခက်လိမ့်မယ်။
အခုလို မူးတာအန်တာမျိုးပေါ့။ ဒါကလည်း ခဏပါပဲ။
နောက်သုံးလလောက်ကြာရင် စားလို့ကောင်း၊ အိပ်လို့ကောင်းနဲ့
သစ္စာပေါင်ချိန်တွေတောင် တိုးလာဦးမယ်သိလား။
စားချင်တာရှိရင် အောင့်မထားနဲ့။ စားသာစားပစ်လိုက်။
ချဉ်ခြင်းတပ်တုန်းစားရတာလောက် ဘယ်အရာကမှအရသာမရှိဘူး။
စိတ်ကျန်းမာအောင် နေဖို့ကတော့ အရေးကြီးတယ်နော်။
စိတ်ဆင်းရဲစရာဘာကိုမှ မတွေးနဲ့။ စိတ်ချမ်းသာမှ
သစ္စာရဲ့ကလေးလေးက လှမှာ'
စိတ်ချမ်းသာမှတဲ့။ ဪ… သစ္စာရဲ့အဖြစ်က
လူတွေသိအောင်၊ နားလည်အောင် ပြောနိုင်စွမ်းမရှိတဲ့
အခြေအနေမျိုးဆိုတာ ဘယ်သူမှ မသိကြပါလား။
မမသူဇာ ကားမောင်းနေတာ မြန်လွန်းသည်လို့
သစ္စာထင်နေမိသည်။ သစ္စာနံဘေးမှာမြင်နေရသောအရာတွေက
မျက်လုံးထောင့်မှာ ရိပ်ခနဲရိပ်ခနဲ ဖြစ်နေကြတာ
သစ္စာခေါင်းကို မူးလာစေသည်။
'သစ္စာ ဘယ်လိုအကူအညီမျိုးကိုမဆို မမကိုပြောနော်။
ဘာပဲဖြစ်ဖြစ် မမကိုတိုင်ပင်လို့ရတယ်။ မမကို
သစ္စာရဲ့အစ်မတစ်ယောက်လို သဘောထားပြီး
ဆက်ဆံပါ… သစ္စာရယ်နော်။ အေးသီတာတို့၊ နွယ်နီတို့ကလည်း
ဒီအကြောင်းသာ သိရင် သိပ်ဝမ်းသာကြမှာပါ။
သူတို့ကို တစ်ခုခုကျွေးဖို့သာ သစ္စာပြင်ထားပေတော့'



BURMESE CLASSIC .com

လောကကြီးရယ်…
ဒီမြေပြင်ပေါ်မှာ သစ္စာကို ခေါ်မထားချင်တော့ဘူးတဲ့လား။
သစ္စာဘဝမှာ ဘယ်သူ့ကိုမှ ဒုက္ခမပေးဖူးဘဲနဲ့…
ကိုယ့်အလှည့်ကျမှ ဘယ်လိုဒုက္ခဆိုးတွေကို ခံစားနေရတာပါလိမ့်။
ဝဋ်ကြွေးတွေ ဆပ်နေရတယ်ဆိုရင်လည်း ဘယ်အချိန်လောက်ထိ
ဒီဝဋ်ကြွေးတွေကို သစ္စာ ဆပ်နေရဦးမှာပါလိမ့်နော်။
သစ္စာသည် မျက်လုံးများကို မှိတ်ပြီး ခေါင်းကိုမှီထားလိုက်မိသည်။
ဒေါ်သန်းပြောခဲ့ဖူးသော စကားတစ်ခွန်းက
သစ္စာနားထဲ အလိုလိုကြားလာခဲ့သည်။
ပျော်စရာတွေနဲ့ကြုံရခိုက်မှာ ကျေနပ်ကြရသလို
ဆင်းရဲဒုက္ခနဲ့ကြုံရတဲ့အချိန်မှာလည်း
ခံနိုင်ရည်ရှိအောင် ကြိုးစားရမယ်တဲ့လေ။
■



BURMESE CLASSIC .com

အခန်း။ ၂၉။

'နေမကောင်းဘူးလား သစ္စာ'

ညနေပိုင်း ထမင်းလာပို့သော ဒေါ်သန်းအသံကို ကြားတာနှင့်

သစ္စာသည် အိပ်ရာထဲမှာ လှဲနေရာမှ ထထိုင်လိုက်သည်။

ခေါင်းထဲမှာက တရိပ်ရိပ်မူးဝေလို့နေသည်။

ဘာကိုမှ မစားချင်တာ ဘယ်သူမှ မသိကြ။

ဝေဒနာက ခံရတာခက်လှသည်။ အခုလည်း ညနေထမင်းလာပို့တိုင်း

သစ္စာ အိပ်ရာထဲအမြဲခွေနေတာကို ပုပုကပြန်ပြောတာပဲ ဖြစ်လိမ့်မည်။

ဒီနေ့ညနေမှာတော့ ဒေါ်သန်းကိုယ်တိုင် ထမင်းလာပို့ရင်း

သစ္စာကိုမေးခွန်းထုတ်ပါသည်။ သစ္စာသည်

ဖရိုဖရဲဖြစ်နေသော ဆံပင်များကို တစ်ပတ်လျှိုလေးထုံးလိုက်ရင်း

အိပ်ရာပေါ်မှ ထရပ်လိုက်သည်။

အခြေအနေမကောင်းသော သစ္စာပုံစံကို ရိပ်မိပြီး ဒေါ်သန်းသည်

သစ္စာအနားသို့ အပြေးကလေးရောက်လာပါသည်။

'ဘာဖြစ်သလဲ သစ္စာ။ နေလို့မကောင်းရင်

ဒေါ်သန်းဆရာဝန် ခေါ်ပေးမယ်လေ'

ဒေါ်သန်းက သူတတ်သလောက် မှတ်သလောက်လေးသံနှင့်
သစ္စာကို ကြင်ကြင်နာနာပင် ပြောရှာပါသည်။
သစ္စာသည် ယိုင်နေသော ခန္ဓာကိုယ်ကို
ဒေါ်သန်းလက်ကို ကိုင်ကာ ထိန်းလိုက်ရင်း
'ကျွန်မ သူနဲ့စကားနည်းနည်းပြောစရာရှိတယ်။
သူ့ကို ကျွန်မ ဘယ်မှာတွေ့လို့ရမလဲ'
'သူ'
'ကိုလေးကို ပြောတာပါ'
'ဩော်... ခုချိန်တော့ ကိုလေးက ပြန်မရောက်သေးဘူး။
ည (၇)နာရီလောက်ဆို ပြန်ရောက်ပါပြီ။ ညဘက်အလုပ်ရှိမရှိ
ဒေါ်သန်းလည်း သေချာမသိဘူး။ သူပြန်လာတာနဲ့
ဒေါ်သန်းသွားပြောပေးပါ့မယ်။ သစ္စာခေါင်းမူးနေတယ် ထင်တယ်။
ပြန်အိပ်ရင် အိပ်နေလိုက်လေ။ ထမင်းတော့ မစားနဲ့တော့နော်။
အစာမကြေဘဲ ဖြစ်နေမှာစိုးလို့။
အားရှိသွားအောင် ကြက်စွပ်ပြုတ်ပူပူလေးသောက်လိုက်။
ဒေါ်သန်းအခုပဲ သွားလုပ်လိုက်မယ်နော်။ ကဲကဲ... ပြန်အိပ်နေလိုက်'
ဒေါ်သန်းသည် သစ္စာကို အိပ်ရာပေါ်မှာပြန်လှဲစေကာ
စောင်ပါးပါးလေးတစ်ထည်ကို ဗီဒိုထဲမှ သွားထုတ်ပြီး
သေချာခြုံပေးပြီးမှ အခန်းထဲမှထမင်းပန်းကန်များကို ယူပြီး
အပြင်ကို ပြန်ထွက်သွားပါသည်။ သစ္စာမျက်နှာပေါ်မှာတော့
မျက်ရည်စီးကြောင်းတစ်ခုက တလိမ့်လိမ့်စီးကျလာကြသည်။
ပူနွေးသော မျက်ရည်တို့က သစ္စာကို အားမပေးနိုင်ပါလေ။
■



BURMESE CLASSIC .com

အခန်း။ ၃၀။

အခန်းတံခါးဖွင့်သံနှင့်အတူ သစ္စာ၏အိပ်ခန်းတစ်ခန်းလုံးက လင်းထိန်သွားရသည်။ တစ်စုံတစ်ယောက်က သစ္စာအိပ်ခန်းမီးကို ဖွင့်လိုက်ဟန်တူပါသည်။ သစ္စာသည် မျက်လုံးများမှိတ်ထားရာမှ ဖြည်းညင်းစွာဖွင့်ရင်း အိပ်ရာပေါ်လှဲနေရာမှ ထလိုက်သည်။ မီးရောင်ကြောင့် သစ္စာ၏မျက်လုံးတွေက ကျိန်းစပ်စပ်။ ရင်ထဲမှာ ညနေကလောက်တော့ အော်ဂလီဆန်မနေတော့ဘဲ အနည်းငယ် သက်သာနေသည်။ နာရီကို လှမ်းကြည့်လိုက်တော့ ည (၇)နာရီထိုးနေပြီ ဖြစ်သည်။ သစ္စာအိပ်ပျော်သွားတာပဲလို့တွေးရင်း အခန်းထဲဝင်လာသူကို လှည့်ကြည့်လိုက်သည်။ အိပ်ခန်းထဲက သစ္စာထိုင်နေကျဆိုဖာပေါ်တွင် သူသည် အေးအေးဆေးဆေးထိုင်နေကာ သစ္စာကို ခပ်တည်တည် ကြည့်နေလေသည်။ သစ္စာသည် ရုတ်တရက် သူ့မျက်လုံးများနှင့် ရင်ဆိုင်ရလိုက်ရတာမို့ တုန်ခနဲတစ်ချက်ဖြစ်သွားပြီး မတ်တတ်ထရပ်လိုက်မိသည်။

သစ္စာမတ်တတ်ရပ်လိုက်တာနှင့် သူ့စကားသံက
အေးစက်စက်ထွက်ပေါ်လာလေသည်။
'ဘာပြောမလို့လဲ'
သူ့မေးခွန်းက ခပ်တိုတိုဖြစ်ပေမယ့်
သစ္စာပြန်ဖြေရမည့် စကားလုံးတွေက
လည်ချောင်းဝမှာ နင်နေပြီး ချက်ချင်းပြောမထွက်ပါ။
လက်ချောင်းများကို ကျိုးကြေသွားမတတ် လိမ်ဖွဲ့မိနေပြီး
အယဉ်ကျေးဆုံး စကားတစ်ခွန်းကို
အပြင်းအထန်ပင် စဉ်းစားနေမိသည်။
'ဘာပြောမလို့လဲလို့ မေးနေတယ်လေ။ ဘာလို့ပြန်မပြောတာလဲ'
သူ့အသံက အနည်းငယ်ကျယ်သွားတာမို့ သူနှင့်သစ္စာ
မျက်လုံးချင်းဆုံလိုက်မိလေသည်။ သူ့မျက်လုံးစိမ်းများက
အရောင်တောက်ပနေပေမယ့် သစ္စာ၏မျက်လုံးများကတော့
ခြောက်သွေ့နေလိမ့်မည်ဟု သစ္စာ သိနေလေသည်။
သစ္စာသည် သူနှင့်ဆုံထားသော မျက်လုံးများကို
လွှဲဖယ်ဖို့မကြိုးစားတော့ဘဲ သူ့မျက်နှာကိုပင် စေ့စေ့ကြည့်ကာ
စကားကို တစ်လုံးချင်း ပြောချလိုက်သည်။
သစ္စာ၏စကားသံတို့သည် သူကြားလောက်ရုံခပ်တိုးတိုးဆိုပေမယ့်
အနည်းငယ် မာဆတ်နေမှာတော့ သေချာပါသည်။
'ကျွန်မမှာ ရှင်နဲ့ရတဲ့ ကိုယ်ဝန်ရှိနေပြီ'
ပြောမယ့်ပြောတော့လည်း သစ္စာသည် ကြွေ့ဝိုက်မနေတော့ဘဲ
တဲ့တိုးပဲ ပြောလိုက်တော့သည်။
'ဘာပြောလိုက်တယ်'



BURMESE CLASSIC .com

သူသည် ထိုင်နေရာမှ ဝုန်းခနဲထရပ်လိုက်ကာ
သစ္စာကို စူးစူးဝါးဝါးကြည့်နေလေသည်။ သစ္စာသည်
သူ့မေးခွန်းကို ပြန်မဖြေဘဲ သူ့မျက်နှာကိုသာ
မျက်တောင်မခတ် လိုက်ကြည့်နေလိုက်မိသည်။
သူ၏မျက်နှာပေါ်မှာတော့ အံ့သြခြင်းနှင့်အတူ
မယုံကြည်နိုင်ခြင်းတို့ကိုပါ ယှဉ်တွဲပြီး တွေ့နေရလေသည်။
အဲဒီနောက် သူ့ပါးစပ်က ရေရွတ်လိုက်သံတစ်ခု
'ကိုယ်ဝန်ရှိနေပြီ…
ဟာ… ကိုယ်ဝန်ရှိနေပြီ ဟုတ်လား။ ဒီမှာဟေ့
ငါ ကလေးလုံးဝမလိုချင်ဘူးနော်။
ခုချိန်မှာ ဘာကလေးမှ ငါမလိုချင်ဘူး။
ခင်ဗျား ဘာအဓိပ္ပာယ်နဲ့ ဒီကလေးကို ယူရတာလဲ'
ဩော်… ပြောတတ်လိုက်တာနော်။ ဘာအဓိပ္ပာယ်နဲ့
ဒီကလေးကို ယူရတာလဲတဲ့။ တော်တော်လည်း
အဓိပ္ပာယ်ရှိတဲ့ မေးခွန်းပါပဲ။ သစ္စာတစ်ယောက်တည်းနဲ့
ဒီကလေးဖြစ်မလာနိုင်ဘူးဆိုတာ သူနိုင်ငံခြားမှာနေခဲ့ပြီး
ဒီလောက်လေးတောင် မသိဘူးတဲ့လား'
'ဒီမှာ ခင်ဗျားဘာသာခင်ဗျား ဘာအဓိပ္ပာယ်နဲ့ပဲ
ဒီကလေးကိုမွေးမွေး အဲဒီကလေးနဲ့ပတ်သက်လို့
ဘာတာဝန်မှမယူနိုင်ဘူး။ အဲဒါကိုမှတ်ထား'
ဒေါသတွေဖြစ်ပြီး ဆောက်တည်ရာမရဖြစ်နေသော
သူ့မျက်နှာကိုကြည့်ပြီး သစ္စာအံ့သြနေမိသည်။ သူ့စိတ်ထဲမှာ
သစ္စာကို ဘယ်လောက်အထင်သေးထားလဲဆိုတာ



BURMESE CLASSIC .com

သစ္စာခန့်မှန်းကြည့်လို့ ရပါသည်။ သစ္စာသည် ပြုံးလိုက်မိသော်လည်း
မျက်နှာပြင်ပေါ်က အကြောတွေက
တစ်ခုမှလှုပ်မသွားတာကို သတိထားမိသောကြောင့်
သူနဲ့ပတ်သက်လာရင် အပြုံးတစ်ခုဖြစ်အောင်တောင်
မဖန်တီးနိုင်တော့တာကို နားလည်ရင်း
သူ့ကိုစကားတစ်လုံးချင်း ပြောလိုက်မိသည်။
'ရှင်နဲ့ပတ်သက်နေတာမို့ ဒီကိစ္စကို ရှင့်ကိုအသိပေးတာ။
ဒီကလေးဟာ ရှင့်ကလေးဆိုတာကို ရှင်အသိအမှတ်ပြုရင်လုံလောက်ပြီ။
တာဝန်ယူဖို့တွေ၊ ရှာဖွေကျွေးမွေးဖို့တွေ မလိုပါဘူး။
ကျွန်မမှာ မိခင်စိတ်အပြည့်အဝရှိတယ်။
ဒီကလေးတစ်ယောက်အတွက် လိုအပ်ရင်
ကျွန်မဘဝကိုရင်းပြီး ကျွန်မတာဝန်ယူနိုင်တယ်။
ဒီလောက်ပဲ ရှင့်ကိုကျွန်မပြောချင်တာပါ'
သစ္စာသည် ပြောပြီးတာနှင့်
ထိုယောကျ်ားကို ကျောခိုင်းပစ်လိုက်လေသည်။
ပြီးတော့ ခြေလှမ်းတို့က ပြတင်းဝများဆီသို့တိုးကပ်သွားရင်း
ခန်းဆီးစများကို ဖြည်းဖြည်းဆေးဆေးပဲ ဆွဲဖွင့်လိုက်သည်။
သစ္စာစိတ်တွေ အစောပိုင်းတုန်းကလို
မလှုပ်ရှားနေကြတော့တာက အံ့သြစရာ။
အပြင်မြင်ကွင်းက အမှောင်ထုတို့စိုးမိုးနေပြီ ဖြစ်သည်။
သစ္စာသည် အရာရာအားလုံးကို ငေးကြည့်နေသော်လည်း
အမှောင်တစ်ခုက လွဲလို့ ဘာကိုမှမမြင်ရပါ။
အဲဒီအမှောင်ထုကြီးကိုသာ လိုက်ကြည့်ရင်း



BURMESE CLASSIC .com

ကလေးလေးတစ်ယောက်အကြောင်းကို တွေးနေမိသည်။
သစ္စာတစ်ခါမှ မမြင်ဖူးသေးသော သစ္စာဗိုက်ထဲမှာရှိနေသည့်
ကလေးလေးတစ်ယောက် အကြောင်းပေါ့။
ကုန်လွန်ခဲ့တဲ့ နာရီတွေတုန်းကထိ သစ္စာသူ့အပေါ်မှာ
သံယောဇဉ် မရှိခဲ့သေးတာအမှန်ပင်။ အခုတော့
သူ့အပေါ်မှာ တိတိလင်းလင်းတာဝန်မယူနိုင်ဘူးလို့ ပြောသွားခဲ့တဲ့
ယောကျ်ားတစ်ယောက်ကြောင့် သစ္စာမှာ အားအသစ်တွေပေါ်လာရသလို
သူ့အပေါ် အသနားပိုကာ သံယောဇဉ်တွေ ဖြစ်ခဲ့ရပြီ။
ဒီကလေးလေးကို လူ့လောက အပြင်ထိရောက်လာအောင်
သစ္စာဘာလို့ မမွေးနိုင်ရမှာလဲ။ တကယ်တော့
ဒီကလေးလေးဟာ သစ္စာဘဝမှာ
အမှန်တကယ်ပင် လိုအပ်နေခဲ့သည့်
သွေးသားရင်းချာတစ်ယောက်ပင် ဖြစ်သည်။
သူသည် ရှေ့ဆက်ရမည့် သစ္စာ၏ဘဝအတွက်
ခွန်အားတစ်ခု သေချာဖြစ်လာဦးမည်။ သူနဲ့အတူတူနေနေရရင်
သစ္စာအတွက် အချိန်ဆိုတာတွေကို တွေဝေငေးမောမနေဘဲ
မြန်မြန်ဆန်ဆန် ဖြတ်သန်းရဦးမည်။ နောက်တစ်ခုက
သူသည် သစ္စာအတွက် ပျောက်ဆုံးနေတာကြာပြီ ဖြစ်သော
'ပျော်ရွှင်မှု' ဆိုတဲ့အရာကို သယ်ဆောင်လာပေးဦးမှာ ဖြစ်သည်။
သစ္စာသည် ကိုယ့်အတွေးကိုယ် ကျေနပ်စွာ
လှိုက်လှိုက်လှဲလှဲပင် ပြုံးလိုက်မိသည်။ ဒီတစ်ခါအပြုံးကတော့
မျက်နှာပြင်မှာ လာဟပ်တာ သေချာပါသည်။
အင်း...



BURMESE CLASSIC .com

ကလေးလေး မေမေလို့ ခေါ်တတ်လာမယ့်အချိန်တွေကို
သစ္စာ ရင်ခုန်စွာ စောင့်နေရဦးမှာပေါ့လေ။

■



BURMESE CLASSIC .com

အခန်း။ ၃၁။

သစ္စာသည် ကျောင်းမှ ခွင့်တစ်ပတ်ယူလိုက်ပြီး
အနားယူနေရင်းမှ အိမ်ကိုဖြည်းဖြည်းပင်ပြောင်းလိုက်သည်။
အိမ်ပြောင်းလိုက်တယ်ဆိုတာကလည်း တခြားဝေးဝေးလံလံမဟုတ်ပါ။
သူလိုယောကျ်ားနှင့် တစ်မိုးအောက်မှာ
အတူနေထိုင်ချင်သည့် စိတ်များက မရှိတော့တာမို့
အိမ်၏အနောက်ဘက် အလုပ်သမားများနေထိုင်သော
တိုက်တန်းလျားသို့ ပြောင်းရွှေ့လိုက်ခြင်း ဖြစ်သည်။
သစ္စာ၏အိပ်ခန်းအနောက်ဘက်က ကြည့်လျှင်
ထိုအခန်းများကို မြင်နေရပါသည်။ အလုပ်သမားတိုက်ခန်းသည်
အပေါ်ထပ်မှာ လေးခန်း၊ အောက်ထပ်မှာလေးခန်းလောက်ပါဝင်သော
နှစ်ထပ်တန်းလျား ဖြစ်သည်။
တိုက်ခန်း၏အနောက်ဘက်မှာတော့
ရေချိုးခန်း၊ အိမ်သာ စသည်တို့ကို သူ့နေရာနှင့်သူ
စနစ်တကျ ဖွဲ့စည်းထားသည်။
သစ္စာသတိထားမိသည်က အဲဒီတန်းလျားများ၏



BURMESE CLASSIC .com

အစွန်ဆုံးအခန်းကို ဖြစ်သည်။ ထိုအစွန်ဆုံးခန်းသည်
တိုက်တန်းလျားၜ၏ နံဘေးတွင် သီးသန့်သဖွယ် ထုတ်ထားပြီး
နှစ်ထပ်မဟုတ်ဘဲ ရိုးရိုးတစ်ထပ်ခန်း ဖြစ်သည်။ အခန်းထဲတွင်
ရေချိုးခန်း၊ အိမ်သာကလည်း သူ့ဟာသူအဆင်သင့်ပါပြီး ဖြစ်သည်။
အခန်းနံဘေးမှာလည်း ကားရပ်ဖို့နေရာက အဆင်သင့်။
အိမ်၏အရှေ့ဘက်ကနေ တကူးတက ဝင်မကြည့်ရင်လည်း
ဒီအလုပ်သမားတန်းလျားကို မြင်စရာမရှိသော အနေအထားဖြစ်သည်။
သစ္စာသည် ထိုအခန်း၏အနေအထားကို လေ့လာပြီးတာနှင့်
ဒေါ်သန်းကို ချက်ချင်းပင် ဆင်းမေးခဲ့သည်။ အဲဒီအခန်းမှာ
ဘယ်သူမှလူမနေဆိုသော အဖြေစကားကိုရတာနှင့် သစ္စာသည်
အပေါ်ထပ်မှ ကိုယ့်ပစ္စည်းများကိုယ်ယူပြီး
ဘယ်သူ့သဘောတူညီချက်မှ မယူဘဲ အခန်းပြောင်းလိုက်လေသည်။
ဒေါ်သန်းသည် ထိုကိစ္စအတွက် တစ်စုံတစ်ရာမေးဖို့
ပါးစပ်ပြင်လိုက်သေးသော်လည်း
သူ့ဟာသူ ဘယ်လိုအသိတရားရသွားခဲ့လဲမသိ
ဆိတ်ဆိတ်နေပြီး ပုပုနှင့်အတူ
ပစ္စည်းများကို ကူညီရွှေ့ပြောင်းပေးခဲ့သည်။
သစ္စာသည် ထိုအခန်းလေးထဲကို ရောက်သွားတာနှင့်
စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားတာတော့ အမှန်။
အခန်းလေးကကျဉ်းသော်လည်း အိမ်ပေါ်က အခန်းကျယ်ကြီးထက်
လုံခြုံနွေးထွေးမှု ပေးနိုင်တာကတော့လည်း အမှန်။
ဒေါ်သန်းလာထည့်ပေးထားသော ခုတင်၊ စာကြည့်စားပွဲ၊
ကုလားထိုင်တို့က သစ္စာနေခဲ့ဖူးသော



BURMESE CLASSIC .com

တိုက်ခန်းကျဉ်းလေးမှ ပစ္စည်းများ၏ အနေအထားနှင့်ပင်ခပ်ဆင်ဆင်မို့
မခမ်းနားလည်း သစ္စာမှာတော့ အလွန်တရာကိုကျေနပ်မိသည်။
ထိုသို့ အခန်းပြောင်းရွှေ့လိုက်မှုနှင့် ပတ်သက်၍
အိမ်ကြီးပေါ်မှယောက်ျား၏ တုံ့ပြန်မှုတစ်ခုတလေ
သစ္စာမခံစားရပါ။ သူက လျစ်လျူရှုသော သစ္စာအတွက်
နေရတာ လွတ်လပ်လေဆိုတာကိုတော့ သူ့ကို သိစေချင်သည်။
သစ္စာသည် တစ်ပတ်လုံးလုံး နေလို့ထိုင်လို့သိပ်မကောင်းသည့်ကြားကမှ
ကိုယ့်အခန်းလေးကို သပ်သပ်ရပ်ရပ်ဖြစ်အောင်ရှင်း၊
ဘုရားစင်လေးတစ်ခုလုပ်၊ လိုအပ်တာလေးတွေ ထွက်ဝယ်နှင့်
တစ်အိမ်လုံးမှာ ရှိတဲ့လူတွေ (သူမှလွဲလို့ပေါ့လေ) အကဲခတ်နေကြသည်ကို
သိသိရဲ့နှင့်
တမင်ပင် မသိချင်ယောင်ဆောင်ကာ
အချိန်တွေ ကုန်သွားခဲ့လေသည်။
သစ္စာဘဝရဲ့ ပထမခြေလှမ်းက စတင်ခဲ့ပြီလေ။
ဒုတိယခြေလှမ်းကတော့ ကလေးလေးမွေးပြီးတာနှင့်စရမည်။
■



BURMESE CLASSIC .com

အခန်း။ ၃၂။
'သစ္စာ ဒီတစ်ပတ်ကျောင်းပြန်လာတာ ရွှင်ရွှင်လန်းလန်းရှိတယ်ဟေ့။
နေလို့ထိုင်လို့ကော ကောင်းသွားပြီမဟုတ်လား'
မမသူဇာ၏ သစ္စာအပေါ် ဂရုတစိုက်ပြောလိုက်သောစကားသံကြောင့်
သစ္စာမျက်နှာလေးပြုံးရင်း မမသူဇာကို မော့ကြည့်လိုက်မိသည်။
'နေလို့ကောင်းပါတယ် မမ။ သစ္စာလည်း
မမဆီမှာ ခွင့်ခဏခဏယူရတာကို အားနာနေတယ်'
'သြော်… အားနာရမယ့်လူတွေမှ မဟုတ်တာသစ္စာရယ်။
မမပြောပြီးပြီပဲ။ မမတတ်နိုင်တာဆို အကုန်ကူညီမယ်လို့။
သြော်… တစ်ခု… သစ္စာဗိုက်ကောအပ်ပြီးပြီလား။
အခု ဘယ်ဆရာဝန်နဲ့ပြထားလဲ။ ဆေးရုံကောရွေးပြီးပြီလား'
မမသူဇာ စကားကြောင့် သစ္စာတွေခနဲတစ်ချက်ဖြစ်သွားရသည်။
ဟုတ်သားပဲ။ ဒါတွေကို သစ္စာ
ဘာတစ်ခုမှ မလုပ်ရသေးပါလားဆိုတာကို သတိရသွားမိသည်။
သစ္စာ၏ငိုင်တွေသွားသော အမူအရာကို မမသူဇာသည်
ရိပ်မိသွားလား မပြောတတ်။ သူ့မေးခွန်းကို



BURMESE CLASSIC .com

သူ့ဟာသူပင် ပြန်ဖြေပါသည်။
'သစ္စာဘယ်သူနဲ့မှ မပြထားသေးဘူးဆိုရင်လည်း
မမသူငယ်ချင်းတစ်ယောက်ဆီမှာ လိုက်အပ်ပေးမယ်လေ။
သူလည်း ပါရဂူတစ်ယောက်ပဲ'
သစ္စာသည် ဒီတစ်ခါတော့ ဆိုင်းတွမနေတော့
ခေါင်းကို ခပ်မြန်မြန်ပင် ညိတ်ပြလိုက်ရင်း
'မမသူဇာ အဲလိုစီစဉ်ပေးရင်တော့ အကောင်းဆုံးပါပဲ။
သစ္စာကလည်း လောလောဆယ်ဘာမှ နားမလည်သေးတော့
ဘာလုပ်ရမှန်းမသိ စဉ်းစားနေမိတာပါ'
'အေး… ဒါဆိုလည်း ရတယ်လေ။ မနက်ဖြန်ကျောင်းဆင်းတာနဲ့
မမတို့ သွားကြတာပေါ့။ သစ္စာကားနဲ့ပဲ သွားကြမယ်။
ပြီးမှ မမကို အိမ်ပြန်ပို့ခဲ့၊ ဟုတ်ပြီလား'
'ဟုတ်ကဲ့'
မမသူဇာသည် သူ့စကားကို ဖြတ်ပြီး
သစ္စာအနားမှာ ထွက်သွားပါတော့သည်။ သစ္စာစိတ်ထဲမှာတော့
မမသူဇာကို လှိုက်လှိုက်လှဲလှဲ တကယ်ပင်ကျေးဇူးတင်နေမိခဲ့သည်။
■



BURMESE CLASSIC .com

အခန်း။ ၃၃။

'သစ္စာ ကိုယ်ဝန်ရှိနေပြီဆို'

မီးဖိုချောင်ထဲမှ ထမင်းစားပွဲတွင် သစ္စာ ထမင်းထိုင်စားနေစဉ် ဒေါ်သန်းကအနားရောက်လာပြီး သစ္စာကို ခပ်တိုးတိုးပင်မေးပါသည်။ သစ္စာသည် ဒေါ်သန်းမေးခွန်းကို ခေါင်းညိတ်ပြီးတော့သာ အဖြေပြန်ပေးလိုက်ပြီး ထမင်းကို ဆက်စားနေမိသည်။

'ဝမ်းသာစရာပဲ သစ္စာ။ ကိုလေးက ဒေါ်သန်းကို ပြောတယ်။ သစ္စာမှာ ကိုယ်ဝန်ရှိနေတယ်။ အဲဒါသေချာဂရုစိုက်ပေးပါတဲ့'

အဲဒါဆိုသော စကားနောက်က နောက်ဆက်တွဲစကားမှာ ဒေါ်သန်း၏ သူ့ဟာသူလုပ်ကြံပြောလိုက်သော ကိုယ်ပိုင်စာလုံးမှန်း သိလိုက်တာမို့ သစ္စာသည် ဒေါ်သန်းမျက်နှာကို ကြည့်ရင်း ပြုံးလိုက်မိသည်။ ဒေါ်သန်းသည် သစ္စာအပြုံးကြောင့် အနည်းငယ်အနေရအထိုင်ရ ခက်သွားသော်လည်း ဘာမှမသိလိုက်သလို ပုံစံနှင့် စကားကို ဆက်ပြောပါသည်။

'ဒေါ်သန်းကတော့

နောက်ထပ်ကလေးတစ်ယောက် ထိန်းရဦးမှာကို



BURMESE CLASSIC .com

တွေးပြီး ပျော်နေမိတယ်။ သစ္စာ စားချင်တာရှိရင်
ဒေါ်သန်းကိုပြောနော်။ အားမနာနဲ့။ ဒေါ်သန်းချက်ချင်းလုပ်ပေးမယ်။
ဒီလိုအချိန်က ချဉ်ချဉ်ငံငံလေးတွေ သိပ်စားချင်တာ။
အခုကော ထမင်းစားလို့ကောင်းရဲ့လား'
'ကောင်းပါတယ်'
သစ္စာသည် မကောင်းတတ်စွာ
ဒေါ်သန်းကို စကားပြန်ပြောလိုက်မိသည်။ အမှန်ဆို ဒီစကားတွေ
ဒေါ်သန်းမပြောလည်း နေလို့ရတာပဲဥစ္စာ။
ခုလို အလိုက်တသိပြောနေတာကိုပဲ သစ္စာသူ့ကို
စိတ်ထဲမှ ကျေးဇူးတင်မိပါသည်။
'သစ္စာ ထမင်းစားနေတုန်း ဒေါ်သန်းလည်း ဘေးနားကနေပြီး
စကားတွေအများကြီး မပြောချင်ပါဘူး။ ဒါပေမယ့်လည်း
ဒီအချိန်ပဲ ဒေါ်သန်းလည်း သစ္စာကို တွေ့ခွင့်ရတာမဟုတ်လား။
ဒီတော့ ဒေါ်သန်း သစ္စာကို စကားနည်းနည်းတော့ ပြောချင်တယ်'
သစ္စာသည် ငြိမ်သက်စွာနေနေလိုက်ခြင်းဖြင့်
ဒေါ်သန်း၏စကားကို နားထောင်နေသည့်အကြောင်း ဖော်ပြလိုက်သည်။
ဒေါ်သန်းက စကားဆက်ပြောပါသည်။
'ပါရမီဖက် ဆိုတဲ့စကားလုံးကို သစ္စာနားလည်သလား…
ဒေါ်သန်း နားလည်သလောက် ပြောပြမယ်နော်။
ဗုဒ္ဓဘာသာဝင်မိန်းမတွေဟာ
အိမ်ထောင်တစ်ခုကို ထူထောင်လိုက်ပြီဆိုတာနဲ့
ကိုယ့်အိမ်ထောင်ဖက်ကို ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ
ဒီလူဟာ ကိုယ့်ရဲ့ယောက်ျားဖြစ်သွားပြီဆိုတာကိုတော့ လက်ခံရမှာပဲ။



BURMESE CLASSIC .com

လောကကြီးရဲ့ထုံးစံအရ
ယောကျ်ားတွေဟာ မိန်းမတွေအတွက်
မွန်မြတ်တယ်လို့ ယူဆထားတဲ့အတွက် ယောကျ်ားတွေက
အမြဲတမ်း အသာစီးရကြတာချည်းပဲ။
အဲဒီယောကျ်ားဟာ ကိုယ့်ရဲ့အိမ်ထောင်ဦးစီးဖြစ်လာတဲ့အချိန်မှာ
မိန်းမဟာ ယောကျ်ားရဲ့ရည်မှန်းချက်အောင်မြင်ရေးကို
ဘက်ပေါင်းစုံကနေ ထောက်ပံ့အားပေးရတယ်။
အဲဒီလိုပြုခြင်းကို 'ပါရမီ'ဖြည့်ခြင်းလို့ ခေါ်တယ်။
ဒေါ်သန်းရဲ့အနေအထားနဲ့ သစ္စာတို့လင်မယားနှစ်ယောက်ကြားမှာ
ဝင်ရောက်ဖြန်ဖြေညှိနှိုင်းပေးဖို့ အခွင့်အရေးမရှိပါဘူး။
တစ်ယောက်ပြောတာကို တစ်ယောက်နားမှာ
နားဝင်ချိုအောင် ပြောပြရုံလောက်ပဲ တတ်နိုင်ပါတယ်။
ကိုလေး အလုပ်ဘယ်လောက်များတာ
သစ္စာလည်း မျက်မြင်ပါ။ သစ္စာမှာသာ 'ပါရမီဖက်' စိတ်ကလေးရှိရင်
ကိုလေးရဲ့သဘောထားတွေကလည်း
မြန်မြန်ဆန်ဆန် ပြောင်းလဲလာမှာပါ။
သူလုပ်နေတဲ့အလုပ်တွေအားလုံးဟာလည်း
သစ္စာတို့အတွက်ပဲ ဖြစ်လာမှာပါ။
သည်းခံခြင်းဟာ အရာရာကို အောင်မြင်နိုင်ပါတယ် သစ္စာ'
သစ္စာသည် ဒေါ်သန်းစကားအဆုံးမှာ
ထမင်းစားခြင်းကို လက်စသတ်လိုက်သည်။ ပြီးတော့
ထိုင်ရာမှထကာ ပန်းကန်ဆေးသည်။ ပန်းကန်ကို စင်မှာတင်သည်။
ပြီးတော့မှ လက်သုတ်ပဝါဖြင့် လက်ကိုသုပ်ရင်း



BURMESE CLASSIC .com

ဒေါ်သန်းမျက်နှာကိုကြည့်ပြီး စကားတစ်ခွန်းပြောလိုက်သည်။
'ကျွန်မဘဝအတွက် ပျော်ရွှင်ချမ်းမြေ့မှုအနေနဲ့လည်း
အထောက်အကူ မဖြစ်ဘူး။ အနာဂတ်မှာ
ကောင်းကျိုးဖြစ်ဖို့ကိုလည်း လမ်းမမြင်ဘူး။ ဒါ့အပြင် ပါရမီဖြည့်ဖို့
မသင့်တဲ့လူတစ်ယောက်မှန်း သိပါရဲ့နဲ့ သူလုပ်ချင်တာလုပ်ပါစေတော့
မျက်စိမှိတ်ပြီး ခေါင်းငုံ့နေပါတော့မယ်လေလို့ ကျွန်မက
ကိုယ့်ကိုယ်ကို အဆုံးခံပြီး နေရမယ်တဲ့လား။
ကျွန်မ အဲလောက်တော့ မရင့်ကျက်သေးဘူး ဒေါ်သန်းရယ်။
ဒါပေမယ့်လည်း ဒီကလေးမမွေးခင်အချိန်ထိတော့
ကျွန်မရဲ့စိတ်တွေကို ကျွန်မချုပ်ထိန်းထားရဦးမှာပါ'
အဲဒီနောက် သစ္စာ မီးဖိုချောင်ထဲမှ ပြန်ထွက်လာခဲ့သည်။
ဘာကိုမှမစဉ်းစားဘဲ လွယ်လင့်တကူ လက်ထပ်ခဲ့ကြတဲ့
အိမ်ထောင်တစ်ခုဟာ တစ်ခါတလေ
ဒီလိုပဲပေါက်ကွဲမှုလေးလည်း တွေ့မှာပေါ့လို့
သစ္စာ တွေးနေမိသည်။

■



BURMESE CLASSIC .com

အခန်း။ ၃၄။
ကျောင်းမှပြန်လာသော သစ္စာကိုမြင်သည်နှင့်
ဒေါ်သန်းက သစ္စာလက်ထဲ စာတစ်စောင်လာထည့်သွားပါသည်။
ငါ့ဆီလည်း စာရေးမယ့်သူ မရှိပါဘူးလေလို့တွေးရင်း
သစ္စာသည် စာအိတ်ပေါ်မှ ကိုယ်တစ်ခါမှမမြင်ဖူးသောလက်ရေးကို
ဇဝေဇဝါကြည့်ကာ အခန်းထဲသို့ ဝင်လာလိုက်သည်။
အခန်းတံခါးကို ပြန်ပိတ်လိုက်ပြီးနောက် အဝတ်အစားမလဲသေးဘဲ
စာအိတ်ကို ထပ်ကြည့်လိုက်လေသည်။
စာအိတ်ပေါ်မှာရေးထားသော လိပ်စာပေါ်က နာမည်တစ်ခု
Kyaw Thant
ကျော်သန့်ဆိုသော နာမည်ကိုမြင်မှ ကိုကိုကြီး၏စာဆိုတာကို
သစ္စာသိလိုက်ရသည်။ ကိုကိုကြီး သစ္စာကို
စိတ်ချလက်ချထားဖြစ်ခဲ့တာ အချိန်တွေတောင်
တော်တော်ကြာသွားခဲ့ပြီပဲ။ သစ္စာသည် ကိုကိုကြီးစာကို
ဖြည်းလေးစွာပင် ဖောက်ဖတ်လိုက်လေသည်။
သစ္စာ…



BURMESE CLASSIC .com

အလုပ်ပြန်လုပ်နေတယ်လို့ ကိုကိုကြီးသိရတယ်။
သစ္စာဝါသနာပါတဲ့အလုပ်ကို သစ္စာလုပ်နေရတော့
အဆင်ပြေမယ်လို့ မျှော်လင့်ပါတယ်။
ကိုကိုကြီးတို့စကားကို နားထောင်ပေးခဲ့တဲ့
သစ္စာတို့နှစ်ယောက်လုံးကို ကိုကိုကြီး အမြဲကျေးဇူးတင်နေမိတယ်။
ဒီ့အပြင် မေတ္တာကိုမပေးလိုက်ရတဲ့ အကြွေးတစ်ခု
သစ္စာကို ပေးခွင့်ရတဲ့အတွက် ကိုကိုကြီး အမြဲကျေနပ်ပါတယ်။
သစ္စာရေ… ကိုယ်မဆုံးဖြတ်နိုင်တဲ့ အရာတော်တော်များများကို
အချိန်ဆိုတဲ့တရားသူကြီးက ဆုံးဖြတ်ပေးလေ့ရှိတယ်တဲ့။
အချိန်တစ်ခုပဲ သစ္စာစိတ်ရှည်ရှည်နဲ့ပေးပါ။ တစ်နေ့မှာ
သစ္စာဘဝ အစစအရာရာ လုံခြုံပြည့်စုံသွားလိမ့်မယ်လို့
ကိုကိုကြီး ယုံကြည်ထားတယ်။
ကိုကိုကြီး သစ္စာဆီကို
ခဏခဏစာမရေးနိုင်တာ၊ ဖုန်းမဆက်နိုင်တာကိုတော့
ကိုကိုကြီးအပေါ်မှာ နားလည်ပေးစေချင်တယ်။
အတိတ်ကို ခဏခဏပြန်သတိမရချင်တဲ့ သဘောကြောင့်ပါ။
ကိုလေးနဲ့ အဆင်ပြေအောင်နေတယ်ဆိုတာကို ကြားရတဲ့အတွက်
ကိုကိုကြီး ဝမ်းသာမိတယ်။
သစ္စာ အရေးအကြောင်းရှိရင် ဆက်သွယ်ဖို့
ကိုကိုကြီးလိပ်စာနဲ့ ဖုန်းနံပတ်တွေ ထည့်ပေးလိုက်တယ်။
သစ္စာလိမ္မာတဲ့အတွက် ကိုကိုကြီး စိတ်ချမ်းသာနေတယ်နော်
သစ္စာသိဖို့ပါ။

ကျော်သန့်



BURMESE CLASSIC .com

ကိုကိုကြီးစာက ခပ်တိုတိုပေမယ့်
အဓိပ္ပာယ်မြောက်မြားစွာနှင့် အဆုံးသတ်သည်။
သစ္စာသည် စာကို စာအိတ်ထဲသေချာပြန်ထည့်ရင်း
ခေါင်းရင်းစာကြည့်စားပွဲပေါ်မှ
ဓာတ်ပုံလေးဆီ အကြည့်ရောက်သွားသည်။
ဟိုအိမ်ကြီးပေါ်က ဆင်းကတည်းက ဘယ်သူ့ကိုမှ ခွင့်မတောင်းဘဲ
ဧည့်ခန်းစန္ဒရားပေါ်မှ ယူလာခဲ့သော ကိုကိုကြီးနှင့်မမဓာတ်ပုံ။
သူတို့နှစ်ယောက်လုံးသည် သစ္စာ၏အဖြစ်အပျက်တို့ကို
ဘာတစ်ခုမှ မသိရှိနိုင်ကြတော့။
ကိုကိုကြီးကို ပြောပြနိုင်သည့် အခွင့်အရေး
သစ္စာမှာ ရှိနေသေးသော်လည်း သစ္စာ ပြောပြချင်စိတ်လည်းမရှိတော့ပါ။
သစ္စာ၏ဘဝက ဖတ်ချင်စဖွယ် ဝတ္ထုတစ်အုပ်လို
စိတ်ကူးယဉ်ဆန်လွန်းလှသည်။ ပြောပြရင် ယုံနိုင်စရာမရှိကြ။
ဘယ်သူကမှလည်း နားလည်ကြမှာမဟုတ်။ ဒါပေမယ့်လည်း
ဒါဟာ အပြင်လက်တွေ့ဘဝမှာ တကယ်ရှိနေခဲ့သည်ဆိုတာကို
တစ်ခါတစ်ခါတော့လည်း သစ္စာ အော်ဟစ်ပြီး
လူတွေကို ပြောလိုက်ချင်သည်။
သည်းခံရမယ့် ဝတ္တရား
စောင့်ထိန်းရမယ့် ဝတ္တရား
ပေးဆပ်ရမယ့် ဝတ္တရားတို့က သစ္စာဘဝကို
ဘယ်အချိန်ထိ အကျဉ်းချထားဦးမလဲဆိုတာကို
သစ္စာ မတွေးတတ်။
အချိန်တစ်ခု



BURMESE CLASSIC .com

ကိုကိုကြီးပြောသော အချိန်တစ်ခု
အဲဒီအချိန်တစ်ခုကိုပဲ သစ္စာ စိတ်ရှည်လက်ရှည်ဆက်စောင့်ရဦးမှာပေါ့။
ဒါပေမယ့်လည်း အဲဒီအချိန်ကို ရောက်လာသည့်နေ့မှာ
ကိုကိုကြီးတွက်ချက်၍ရထားသော အဖြေနှင့်
သစ္စာတွက်ချက်၍ ရထားသောအဖြေနှစ်ခု။
ဘယ်လောက်ထိ ကွဲလွဲမှုရှိနေဦးမယ်ဆိုတာကိုတော့
သစ္စာ ကြိုတင်၍ မသိရှိနိုင်ပါလေ။

■



BURMESE CLASSIC .com

အခန်း။ ၃၅။
အခန်းတံခါးကို လုံခြုံစွာပိတ်ထားသော်လည်း
အိမ်ရှေ့ခြံဝင်းအတွင်းမှ ဂီတသံနှင့်ရယ်မောသံများက
တစ်ခါတစ်ခါ လေနဲ့အတူ သစ္စာအခန်းထဲရောက်ရောက်လာကြသည်။
ဒီနေ့ညလည်း အိမ်ရှေ့မြက်ခင်းမှာ ပါတီရှိနေပါသည်။
ဒီလူဟာ တကယ့်ကိုအပေါင်းအသင်းခုံမင်ပြီး
အပျော်အပါးကြိုက်တဲ့ လူပဲလို့ သစ္စာတွေးနေမိသည်။
တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါလောက် သူအိမ်မှာရှိရင်ရှိသလို
အိမ်ထဲတစ်လှည့် အိမ်ပြင်တစ်လှည့်၊ သူ့အပေါင်းအသင်းတရုန်းရုန်းနှင့်
သူသည် အမြဲပျော်နေတတ်လေသည်။ အင်းလေ
သူ ဒီလိုပျော်ပျော်နေချင်လို့လည်း မိန်းမ မယူချင်ခဲ့တာနေမှာပေါ့လေလို့
သစ္စာသူ့အပေါ်မှာ တဖြည်းဖြည်း
ညှာညှာတာတာ တွေးပေးတတ်လာသည်။
လွတ်လွတ်လပ်လပ်နေချင်သော သူ့ဘဝထဲကို
မိန်းမတစ်ယောက်ဝင်ရောက်လာခဲ့တဲ့အတွက် အဲဒီမိန်းမကလည်း
သူလိုလားနှစ်သက်တဲ့ မိန်းမမျိုးမဟုတ်ပြန်တဲ့အတွက်



BURMESE CLASSIC .com

သူလည်းပဲ အနေရခက်မှာတော့ အမှန်ပင်။
ဒါသည်လည်း သူ့အပြစ်မဟုတ်။ အခုဆိုရင်
အဲဒီမိန်းမတင်မကေသေး နောက်ထပ်အဆွယ်အပွားလေးတစ်ခုကပင်
လူ့လောကထဲသို့ သိပ်မကြာခင်ရောက်လာတော့မည်။
သစ္စာသည် ပူပူလေးဖြစ်နေသော ကိုယ့်ဗိုက်ကို
ခပ်ရှက်ရှက်လေးကြည့်ရင်း ဖွဖွလေးကိုင်လိုက်မိသည်။
ပြီးတော့ သက်ပြင်းလေးတစ်ချက်ချမိသည်။
တရားသဘောနှင့်ကြည့်ရင် ဒီအဖြစ်အပျက်ကိစ္စတွေအားလုံးသည်
ဘယ်သူ့ဘယ်သူ့ကိုမှ အပြစ်တင်၍တော့ မရနိုင်ပါ။
ကံကြမ္မာ၏လှည့်စားမှုအောက်တွင် လည်ပတ်နေရခြင်းဖြစ်သည်။
ကောင်းမယ်ထင်လို့ ဖန်တီးပေးခဲ့ကြသူတွေကလည်း
ဖန်တီးပေးခဲ့သည်။ အဲဒီအတွက် အကျိုးရလဒ်ကတော့
အဲဒီလူရဲ့ ကံကြမ္မာနှင့်ပဲ သက်ဆိုင်မည်လို့
သစ္စာထင်သည်။ အခုတော့ သစ္စာသည်
အရာရာကို တွေးဆကာ နားလည်ပေးတတ်လာပြီလေ။
သစ္စာသည် ဗိုက်ဆာလာတာနှင့် ကော်ဖီလေးတစ်ခွက်ထဖျော်ရင်း
ကိတ်ခြောက်လေးနှင့်စားလိုက်သည်။ ဒီနေ့ညနေကတည်းက
ခြံထဲမှလူတွေ ရုတ်ရုတ်တွေ့တာနဲ့ ထမင်းတောင်ထွက်မစားတော့ဘဲ
ကျောင်းကပြန်ရောက်ကတည်းက အခန်းထဲမှာပင် ငြိမ်နေလိုက်သည်။
ကိုယ်ဝန်က ခုနစ်လကျော်လာပြီဖြစ်တဲ့အတွက် နေရထိုင်ရတာ
အရင်ကလောက် မဆိုးဝါးတော့ပါ။ ပုံမှန်အခြေအနေပြန်ဖြစ်လာသည်။
ပြီးတော့ တစ်နေကုန်လိုလို
ကျောင်းက ကလေးတွေကြားထဲမှာပဲ နေနေရသည့်အတွက်



BURMESE CLASSIC .com

အမျက်ထွက်စရာ၊ ဝမ်းနည်းစရာ၊ တွေဝေနေစရာ သိပ်မလိုတော့။
ကိုယ့်စိတ်ကို ကျန်းမာအောင် ကိုယ့်ဟာကိုယ်ပဲပြုလုပ်ရမည်လေ။
သစ္စာကော်ဖီသောက်ပြီးသည့်အခါ ခံတွင်းကချဉ်လာပြီး
ရေက သောက်ချင်လာသည်။ အခန်းထဲရှိ
ရေဖန်ချိုင့်ကို လှမ်းကြည့်မိတော့ ဒီနေ့အတွက် ရေကမဖြည့်ရသေး။
သစ္စာ စိတ်နည်းနည်းညစ်သွားမိသည်။ မနေ့ကတည်းက
ရေနည်းနည်းပဲ ကျန်တာသတိထားမိသော်လည်း
ဒီနေ့မှ ဖြည့်မည်လို့ စိတ်က တွေးခဲ့မိသည်။
အခုတော့ ရေက မရှိပါဘူးဆိုမှ
ရေအေးအေးလေးသောက်ချင်သည့် စိတ်က ပိုများလာရသည်။
ရေခဲသေတ္တာထဲက ရေအေးလေးတစ်ပုလင်းလောက်တော့
လူအခြေအနေကြည့်ပြီး သွားယူရမှာပဲလို့တွေးရင်း
နာရီကိုကြည့်မိတော့ ည (၈)နာရီကျော်နေပြီ ဖြစ်သည်။
သစ္စာသည် ဆံပင်ရှည်တစ်ထွေးကြီးကို
ဝါးဘီးဖြင့် ဘီးဆံပတ်ပတ်လိုက်သည်။
T ရှပ်ပွပွအောက် ဗိုက်ပူပူက
သိသိသာသာရှေ့ကိုထွက်နေသည်ကို သတိထားမိရင်း
အင်္ကျီဖြင့်ဆွဲကာ ပူနေသောဗိုက်ကို
အနည်းငယ်ဖုံးသွားအောင် ကာကွယ်လိုက်သည်။
နောက် အခန်းတံခါးကို အသာဖွင့်ပြီး
အပြင်ကို ချောင်းကြည့်လိုက်တော့ မြင်ကွင်းထဲမှာ
လူရိပ်လူယောင်မတွေ့ရ။ မီးဖိုဘက်ကို လှမ်းကြည့်မိတော့
ပုပုကို လှမ်းတွေ့ရသည်။ သစ္စာအခန်းဘေးမှာနေသော

အလုပ်သမားများကိုလည်း မတွေ့ရ။
အကုန်လုံး အိမ်ရှေ့ရောက်နေကြပုံရသည်။ သစ္စာသည်
အခန်းရှေ့မှမီးကို ပိတ်ပြီး မှောင်ရိပ်ခိုကာ မီးဖိုချောင်ဘက်သို့
မြန်မြန်လေးပင် လမ်းလျှောက်လာခဲ့သည်။
အခန်းမှ မီးဖိုဆောင်ဘက်ကိုအသွား ပိုမိုကျယ်လောင်စွာကြားရသော
တေးသီချင်းသံများက သစ္စာခြေလှမ်းတွေကို
မြန်သထက်မြန်အောင် မီးဖိုဆောင်ဘက်သို့
အတင်းကို တွန်းပို့လိုက်သောကြောင့်
သစ္စာမီးဖိုချောင်ထဲသို့ ရောက်သည့်အချိန်မှာ
လူက အနည်းငယ် မောပန်းနေရကာ
အာခေါင်တွေက ခြောက်သွေ့နေရပြီး ရေသောက်ချင်သည့်စိတ်က
တားမနိုင်ဆီးမရ ဖြစ်လာရသည်။
မီးဖိုထဲမှာတော့ ပုပုသည် ပန်းကန်တွေ တစ်ထပ်ကြီးကို
ပန်းကန်ဆေးသည့်စက်ထဲ ဂရုတစိုက်ထည့်နေပါသည်။
ဒေါ်သန်းကိုတော့ သစ္စာမတွေ့ရ။ ရုတ်တရက်ဝင်လာသော
သစ္စာကို ကြည့်ပြီး ပုပုက
မျက်လုံးလေးပြူးရင်း လိုက်ကြည့်နေပါသည်။
သစ္စာသည် ပုပုကို မမြင်သလိုလုပ်ရင်း
ရေခဲသေတ္တာအနားသို့ တိုးသွားလိုက်သည်။
'ပုပုဘာလုပ်ပေးရမလဲ မမ။ ထမင်းစားမလို့လားဟင်။
ပုပု ပြင်ပေးမယ်လေ'
သစ္စာသည် ပုပုကို လှည့်မကြည့်ဘဲ ခေါင်းခါပြရင်း
ရေခဲသေတ္တာတံခါးကို ဆွဲဖွင့်လိုက်သည်။



BURMESE CLASSIC .com

ပြီးတော့ ရေပုလင်းတစ်ပုလင်းကို ဆွဲထုတ်ပြီး
ဖန်ခွက်ထဲသို့ အပြည့်ထည့်ကာ
ရေကိုအားရပါးရ မော့သောက်လိုက်သည်။ ရေအေးတို့က
သစ္စာခန္ဓာကိုယ်ထဲ ဝင်ရောက်သွားတာနှင့်
သစ္စာတစ်ကိုယ်လုံး ချက်ချင်းလိုပင်
လန်းဆန်းကြည်လင်သွားရလေသည်။
ဒါကြောင့်လည်း ရေဟာ သတ္တဝါတွေအတွက်
တော်တော်အရေးကြီးတာနေမှာလို့
ရေတစ်ဝသောက်လိုက်ရသည့်အတွက် ကျေနပ်ကာ
ရေကို ကြံဖန်ကျေးဇူးတင်ရင်း
နောက်ထပ်ရေတစ်ပုလင်းကိုပါ ထပ်ယူလိုက်ကာ မီးဖိုချောင်ထဲမှ
သစ္စာပြန်ထွက်ဖို့ ပြင်လိုက်ပါသည်။ အဲဒီမှာတင်
မီးဖိုချောင်ထဲသို့ သစ္စာမထင်မှတ်ထားသည့် လူတစ်ယောက်သည်
ဗြုန်းခနဲဆို ရောက်ရှိလာသောကြောင့်
သစ္စာ၏လှမ်းလက်စ ခြေလှမ်းတို့သည်
ရုတ်တရက်ဆိုသလိုပင် ရပ်တန့်သွားခဲ့ရသည်။
နီညိုရောင် တီရှပ်နှင့်ဂျင်းဘောင်းဘီအနက်ရောင်ကို
တွဲဝတ်ထားသော သူသည်
သစ္စာကို ရုတ်တရက်မြင်လိုက်ရသည့်တစ်ခဏမှာ အံ့ဩသွားသလို
သူ့ခြေလှမ်းတွေကို ရှေ့ဆက်တိုးမလာဘဲ
သစ္စာကို စူးစူးစိုက်စိုက်ပင် ကြည့်နေပါသည်။
သူ့မျက်လုံးများနှင့် သစ္စာအဆုံမှာတော့ သူ့မျက်လုံးထဲတွင်
သစ္စာအဓိပ္ပာယ်မဖော်တတ်သော စကားလုံးပေါင်းများစွာကိုတွေ့ရသည်။



BURMESE CLASSIC .com

သူသည် သစ္စာကို ဘာတစ်ခွန်းမှ မပြောဘဲ
သေသေချာချာကြည့်နေသလို သစ္စာကလည်း
ရပ်နေရာကနေ ထွက်မသွားဘဲ သူ့မျက်နှာကို
ပြန်ငေးကြည့်နေမိလေသည်။
အခန်းတစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်သွားရသည်။
ပုပု၏ပန်းကန်သံများကိုလည်း မကြားရတော့။
နားထဲမှ သီချင်းသံစကားသံများကလည်း
တဖြည်းဖြည်းတိုးပါး ပျော်ကွယ်သွားကြသည်။
အချိန်ဘယ်လောက်ကြာကြာ သစ္စာတို့
တစ်ယောက်ကိုတစ်ယောက်ကြည့်နေမိကြလဲ မပြောတတ်။
သစ္စာတို့နှစ်ယောက်ကြားထဲကို မိန်းကလေးလှလှတစ်ယောက်
ဖျတ်ခနဲဝင်အလာမှာ သစ္စာသည် ရပ်တန့်နေသော အဖြစ်အပျက်ကို
ချက်ချင်းပင်သတိရပြီး ခေါင်းကို ငုံ့ကာ မီးဖိုထဲမှ
ကပျာကယာ ပြန်ထွက်လာခဲ့မိသည်။
အိပ်ခန်းသို့ပြန်နေသော သစ္စာခြေလှမ်းတို့က
မြေကြီးနှင့်မထိသလို လူက မြောက်နေသည်ထင်ရသည်။
သစ္စာ၏ကျောပြင်ကို တစ်စုံတစ်ယောက်ကြည့်နေမှန်းကိုလည်း
အလိုလိုသိနေတာကြောင့် ကိုယ့်ကျောကလည်းကိုယ်မလုံချင်။
ရင်ထဲမှာလည်း တလှပ်လှပ်နှင့် သစ္စာသည်
ကိုယ်နားခိုရာ အခန်းကျဉ်းလေးထဲသို့
အမြန်ဆုံးရောက်ပါစေလို့သာ သွားရင်းနှင့် ဆုတောင်းနေမိလေသည်။

အခန်း။ ၃၆။

မီးဖိုထဲမှာထမင်းစားပြီး သစ္စာအခန်းဘက်ကို ပြန်အလာမှာ
ဒေါ်သန်းသည် သစ္စာနောက်နားမှ ကပ်ပြီးပါလာပါသည်။
သစ္စာသည် ဒေါ်သန်းကို ဘာလုပ်မလို့လိုက်လာတာလဲလည်း
လှမ်းမမေးဘဲ အခန်းထဲရောက်တော့ ခုတင်ပေါ်မှာထိုင်လိုက်စဉ်
ဒေါ်သန်းကလည်း သစ္စာ၏ တစ်ခုတည်းသော
ကုလားထိုင်ပေါ်တွင် နေရာယူပါသည်။
သစ္စာသည် ခုတင်ပေါ်တွင် စနစ်တကျခေါက်ထားသော
ကလေးအဝတ်ကလေးများ၊ အနှီးစများ၊
သစ္စာအတွက် အဝတ်ပိုလေးများကို အိတ်တစ်လုံးထဲသို့
စိတ်ရှည်လက်ရှည်ထည့်နေမိသည်။ ပြီးတော့…
သစ္စာ ဆေးရုံတက်ရင် လိုအပ်မည့် အရာများကိုလည်း
သတိရရင် ရသလို စာရွက်တစ်ရွက်ထဲမှာရေးမှတ်နေမိသည်။
ဒေါ်သန်းသည် သစ္စာ၏လှုပ်ရှားမှုများကို
အချိန်ကြာကြာ ငြိမ်သက်ကြည့်နေပြီးမှ စကားစပါသည်။
'သစ္စာကိုယ်ဝန်က ဘယ်လောက်တောင်ရှိသွားပြီလဲ။

မွေးဖွားဖို့ရက်က နီးပြီလား'
'လိုပါသေးတယ်'
'အေးကွယ်... အခုတလောအိမ်မှာကလည်း
အလုပ်တွေက ရှုပ်နေတာနဲ့ ဒေါ်သန်းလည်း
သစ္စာနဲ့ကို စကားမပြောရဘူး။ ဘာတွေလိုသေးလဲ သစ္စာ။
ခိုင်းစရာရှိရင် ဒေါ်သန်းကိုပြောပါ။ သစ္စာက ဘာမှမပြောတော့
ဒေါ်သန်းလည်း ဘာလုပ်ပေးရမှန်း မသိဘူး'
'ကျွန်မကျောင်းက ဆရာမက ကျွန်မဘာတွေလုပ်ရမယ်၊
လိုအပ်တယ်ဆိုတာကို အကုန်ပြောပြထားပါတယ်'
'သြော်...'
ဒေါ်သန်းသည် ဘာဆက်ပြောရမှန်း မသိတော့သလို
သြော်... တစ်လုံးနှင့် စကားရပ်သွားပါသည်။
သစ္စာ ဒီအိမ်ကလူတွေဆိုရင်
ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါ။ အစောပိုင်းကာလတွေတုန်းကသာ
ဒီကိုယ်ဝန်ဆောင်ရခြင်း ကိစ္စနှင့်ပတ်သက်လို့
တုန်လှုပ်ချောက်ချားခဲ့ရသော်လည်း အခုတော့လည်း
အချိန်တွေကုန်လာတာနှင့်အညီ အဲဒီစိတ်တွေက
မရှိသလောက်နီးပါး လျော့ပါးကုန်ပြီ ဖြစ်သည်။
တစ်ခါတလေ သစ္စာသည် ငါ့စိတ်တွေဟာ
ငါထင်ထားတာထက်တောင် ပိုခိုင်မာနေပါလားဆိုတာကို
တွေးရင်း အံ့ဩနေရသည်။ ဘာမှန်းညာမှန်းမသိဘဲ
ယောကျ်ားတစ်ယောက်တောင် ယူရဲခဲ့သေးတာ
ကလေးတစ်ယောက်မွေးဖို့ကိုတော့ ဘာအတွက်နဲ့



BURMESE CLASSIC .com

သစ္စာ တုန်လှုပ်နေရဦးမှာတဲ့လဲဆိုတာကို
သစ္စာ အချိန်မီ သိရှိခဲ့သည်။
တစ်ခုပဲ…
သစ္စာဘေးနားမှာ သစ္စာအတွက် တိုးတိုးဖော်တိုင်ပင်စရာ
အဖော်တစ်ယောက်ရှိမနေခြင်းပင်။ ဒီအတွက်လည်း
သစ္စာမှာ အစောပိုင်းအားငယ်နေခဲ့ရပေမယ့်
ခုတော့လည်း မမသူဇာ၊ အေးသီတာနှင့် နွယ်နီတင်တို့၏
ရိုင်းပင်းစွာ ကူညီစာနာမှုအောက်မှာ သစ္စာသည်
အရာရာကို နေသားကျခဲ့ပြီ ဖြစ်သည်။
အခုနေ ဗိုက်နာလည်း သစ္စာအိတ်တစ်လုံးဆွဲကာ
ဆေးရုံပေါ်သို့တက်ပြီး ကိုယ့်ဟာကိုယ်
ကလေးသွားမွေးလိုက်ဖို့ အဆင်သင့်ပင်။
မတော်တဆ ခွဲစိတ်ရမည်ဆိုရင်လည်း ကိုယ်ဟာကိုယ်ပဲ
လက်မှတ်ထိုးပေးလိုက်ဖို့ ဝန်မလေးတော့။ လောကကြီးသည်
သစ္စာကို အချိန်တိုတိုအတွင်းမှာပင်
တည်ငြိမ်ရင့်ကျက်အောင် ဖန်ဆင်းပေးလိုက်ပြီ ဖြစ်သည်။
'သစ္စာ ဘယ်ဆေးရုံမှာမွေးမှာလဲ'
ဒေါ်သန်းက အခန်းထဲမှ မထွက်သွားသေးဘဲ
ဖွဲနပဲနှင့် စကားဆက်ပြန်သည်။ သစ္စာသည် မပြုံးမရယ်နှင့်
ဒေါ်သန်းမျက်နှာကို ကြည့်လိုက်ရင်း
'ဒေါ်သန်းက လာမလို့လား'
'ဩော်… ဘယ့်နှယ်မေးလိုက်တာလဲ သစ္စာရယ်။ သစ္စာကလေးမွေးရင်
ဒေါ်သန်းပဲလိုက်ပြီး စောင့်ရှောက်ကူညီရမယ့်ကိစ္စကို



BURMESE CLASSIC .com

သစ္စာ ဗိုက်နာတာနဲ့ ဒေါ်သန်းပါ
ဆေးရုံတစ်ခါတည်း လိုက်တက်ရမှာပေါ့။ မီးနေစောင့်တဲ့အတွေ့အကြုံ
ဒေါ်သန်းမှာ ရှိပါတယ်'
သစ္စာသည် ဒေါ်သန်းစကားကြောင့် မျက်နှာက
အနည်းငယ်တော့ ပြုံးသွားရသည်။ ဒေါ်သန်းကတော့
သစ္စာအပေါ်မှာ စေတနာအနည်းငယ်ရှိလိမ့်မည် ဆိုတာကိုတော့
သစ္စာ ယုံကြည်မိပါသည်။ ဒါပေမယ့်လည်း
'နေပါစေတော့ ဒေါ်သန်းရယ်။ သစ္စာအတွက် အရေးမကြီးပါဘူး။
ဟိုတစ်ယောက်ကိစ္စတွေနဲ့တောင် ဒေါ်သန်းမှာ
တစ်နေ့တစ်နေ့အားရတာမှ မဟုတ်တာ။
သစ္စာ ကိုယ့်ဟာကိုယ်ပဲ အားကိုးပါ့မယ်' လို့
စိတ်ထဲက ခပ်တိုးတိုးပြောလိုက်မိသည်။
ပါးစပ်က ထွက်လာသည့် စကားကတော့
'သစ္စာလိုအပ်တာနဲ့ ဒေါ်သန်းကိုပြောပါ့မယ်။ ကဲ ဒေါ်သန်းလည်း
လုပ်စရာရှိတာလုပ်တော့လေ။ သစ္စာလည်း နားတော့မယ်'
သစ္စာ၏ အလိမ္မာလေးနှင့် နှင်လိုက်သောစကားအဆုံးမှာ
ဒေါ်သန်းကလည်း အလိုက်တသိပင်
သစ္စာ၏အခန်းထဲမှ ထွက်ခွာသွားပါတော့သည်။

■



BURMESE CLASSIC .com

အခန်း။ ၃၇။

သစ္စာ၏ ခြေထောက်ကလေးတွေ လက်ကလေးတွေ
အနည်းငယ်ရောင်လာပြီမို့ သစ္စာသည်
ဒီနေ့ပင် ကျောင်းမှ ခွင့်ယူခဲ့ပါသည်။
မွေးဖွားဖို့ရက်က လိုသေးသော်လည်း မမသူဇာက
တစ်နေ့တစ်နေ့ ကျောင်းမှာမတ်တတ်နှင့် သစ္စာပင်ပန်းနေတာမို့
မွေးပြီးမှပဲ အလုပ်ပြန်လုပ်ဖို့ ပြောလာသောကြောင့်
သစ္စာလည်း အလုပ်မသွားတော့ဖို့ ဆုံးဖြတ်လိုက်ခြင်းပင်။
မွေးမယ့်ရက်ကျမှပဲ မမသူဇာဆီ ဖုန်းဆက်ဖို့အတွက် ကတိပေးခဲ့သည်။
သစ္စာသည် ကားကို အခန်းဘေးမှာပင် ကပ်ရပ်ပြီး
အခန်းထဲသို့ဝင်လာခဲ့လိုက်သည်။ ခဏနေတော့ ဒေါ်သန်းသည်
အပြင်မှတံခါးလာခေါက်ပါသည်။ သစ္စာတံခါးဖွင့်ပေးလိုက်တော့
ဒေါ်သန်း၏နံဘေးမှာ ပုပုကို တွေ့လိုက်ရသည်။
ပုပုကိုင်ထားသော လင်ပန်းထဲမှာတော့
အငွေ့မပြယ်သေးသော ကြာဆံချက်တစ်ပန်းကန်က



BURMESE CLASSIC .com

ငရုတ်သီးမှုန့်၊ သံပရာသီး၊ နံနံပင်ပန်းကန်လေးများ ဝိုင်းရံကာ
တကယ့်ကို စားချင်စဖွယ်။ ဒေါ်သန်းလက်ထဲမှာတော့
ဖရဲသီးစိတ်ကလေးကို ဖန်ခွက်ဝမှာတပ်ထားသော ဖျော်ရည်တစ်ခွက်။
ဒေါ်သန်းကမျက်ရိပ်ပြလိုက်တော့ ပုပုက စားစရာပန်းကန်များကို
သူ့နေရာနှင့်သူချပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။
ဒေါ်သန်းသည် သစ္စာ၏ပူပူတင်းတင်းဖြစ်နေသောဗိုက်ကို
တစ်ချက်မျက်စိဝေ့ကြည့်ရင်း မသက်မသာလေသံနှင့်စကားစသည်။
'ကျောင်းကလည်း ဘယ်တော့မှနားမှာလဲ သစ္စာရယ်။
ဗိုက်ကြီးတကားကားနဲ့ ကိုယ်တိုင်ကားမောင်းမောင်းနေတာကိုကြည့်ပြီး
ဒေါ်သန်းဖြင့် တစ်ချက်မှစိတ်မချမ်းသာဘူး။
အိမ်က လိုက်ပို့ပေးမယ်ဆိုတော့လည်း ပြောမရ။
ဒေါ်သန်းဖြင့် တစ်ခါတစ်ခါ သိပ်စိတ်ညစ်တာပဲ'
ဒေါ်သန်း၏အသံက တကယ့်ကို
စိတ်ညစ်သည့်အသံ ပေါ်လွင်နေပါသည်။
သစ္စာသည် ဒေါ်သန်းကို ခပ်ပြုံးပြုံးလေး ပြန်ကြည့်ရင်း
'သစ္စာကြောင့် စိတ်ညစ်တာပေါ့ ဟုတ်လား'
'အေးလေ··· ပြောလို့မှမရကြတာ။
အိမ်ပေါ်ကတစ်မျိုး၊ အိမ်အောက်တစ်မျိုးနဲ့
ဒေါ်သန်း တကယ်စိတ်ညစ်တယ်'
'သစ္စာကြောင့် စိတ်ညစ်တယ်ဆိုရင်
သစ္စာလည်း စိတ်မကောင်းပါဘူး။ ဒါပေမယ့်လည်း
သစ္စာအတွက်က ဘာမှမပူနဲ့။
ကိုယ့်ဟာကိုယ် အဆင်ပြေနေတာပဲ'



BURMESE CLASSIC .com

ဒေါ်သန်းသည် သစ္စာစကားကြောင့် သက်ပြင်းရှည်တစ်ချက်ကို
အသံခပ်ကျယ်ကျယ်ပင် ချပစ်လိုက်လေသည်။
ပြီးမှ စိတ်လျှော့သော လေသံနှင့်
'အလုပ်က ဘယ်တော့နားမှာလဲ'
'မနက်ဖြန်ကစပြီး သွားစရာမလိုတော့ပါဘူး'
'အင်း… ကြားရတာ တော်ပါသေးရဲ့။ ကိုယ်ဝန်က သိပ်ရင့်နေပုံရပြီ။
ကိုလေးက သစ္စာဗိုက်တကားကားနဲ့
အလုပ်သွားနေတာကို မကြိုက်တော့ဘူး'
'ဪ…'
သစ္စာ၏'ဪ'သံက ရွဲ့သလိုများ ဖြစ်သွားလေလားမသိ။
ဒေါ်သန်းတစ်ယောက် ခဏငြိမ်သွားခဲ့သည်။
ပြီးမှ လေသံပျော့ပျော့ဖြင့် စကားကိုဆက်သည်။
'တကယ်ပြောတာပါ သစ္စာရယ်။ ယုံစမ်းပါ။
ဒီနေ့မနက်ကကို ပြောတာ။ မနက်က သစ္စာအလုပ်သွားတော့
သူအိမ်ပေါ်ကနေ ကြည့်နေတယ်လေ။
'ဒီအမျိုးသမီး အလုပ်က ဘယ်တော့နားမှာလဲ မေးပါဦးလို့
ဒေါ်သန်းကို ပြောတယ်။ ကိုလေးက
သစ္စာကို ဂရုစိုက်မိပါတယ်ကွယ်။ ကလေးမွေးပြီးရင်တော့
သစ္စာအိမ်ပေါ်မှာ ပြန်နေရမယ်နော်။ အိမ်ပေါ်မှာ ကလေးအတွက်
အားလုံးအဆင်သင့် လုပ်ထားပြီးပြီ'
'အိမ်ပေါ်မှာပြန်နေရမယ်'ဆိုသော စကားကြောင့်
သစ္စာသည် အသံလေးထွက်အောင်ရယ်လိုက်မိသည်။
ဒေါ်သန်းသည် သစ္စာရယ်လိုက်တာကို



BURMESE CLASSIC .com

နားမလည်နိုင်စွာ ကြည့်နေလေသည်။
'ကျွန်မဘဝမှာလေ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး
အိမ်ထောင်ပြုဖြစ်လိမ့်မယ်လို့ ဘယ်တုန်းကမှမတွေးခဲ့မိဘူး။
ကလေးလေးတစ်ယောက်ရလာဖို့ ဆိုတာကတော့ အဝေးကြီးပေါ့ရှင်။
ဒါပေမယ့်လည်း ကျွန်မအချစ်ဆုံး မမရဲ့နောက်ဆုံးခရီး
မဖြောင့်တန်းမှာကို စိုးရိမ်လို့ မမစကားကို နားထောင်ပေးပြီး
ကျွန်မတစ်ခါမှ မမြင်ဖူးတဲ့ ယောကျ်ားတစ်ယောက်ကို
ကျွန်မ လက်ထပ်ခဲ့ရတယ်။ မမရဲ့စိတ်ချမ်းသာမှုအတွက်
ကျွန်မရဲ့စိတ်မချမ်းသာမှုတွေနဲ့ ကျွန်မလဲလှယ်ခဲ့ရတယ်။
အစတုန်းကတော့ ကိုယ်တစ်ခါမှမသိတဲ့ မကျွမ်းဝင်တဲ့
မိသားစုတစ်ခုထဲကို ဝင်ရောက်ခဲ့ရတဲ့အတွက်
ကျွန်မ တုန်လှုပ်ခဲ့တာအမှန်ပဲ။
အခုတော့လည်း ကျွန်မရင်ထဲ အချိန်က ကုစားခဲ့လို့
နာကျင်ခဲ့ရတာတွေက ပျောက်ကွယ်သလောက်ရှိနေပါပြီ။
ကျွန်မကိုမလိုလားတဲ့ ယောကျ်ားတစ်ယောက်ရဲ့မျက်နှာကိုလည်း
ကျွန်မ စေ့စေ့ကြည့်ရဲနေပါပြီ။
ဒီအချိန်မှာ ကျွန်မအတွက် ဘာမှမလိုတော့ဘူး။
သိပ်မကြာခင်မှာ ရောက်ရှိလာတော့မယ့် ကျွန်မကလေးလေးအတွက်ပဲ
ဘာတွေလုပ်ပေးရမယ်၊ လုပ်ပေးသင့်တယ်ဆိုတာကိုပဲ
ကျွန်မစဉ်းစားနေဖြစ်တယ်။ ကျွန်မ ဒေါ်သန်းကိုပြောဖူးပါတယ်။
ကလေးလေးမမွေးခင် အထိတော့ ကျွန်မစိတ်တွေကို
ချုပ်ထိန်းထားရဦးမယ်ဆိုတာလေ။ ဒီကလေးမွေးပြီးတာနဲ့
ကျွန်မ လုပ်စရာတွေ အများကြီးရှိလာပြီ။



BURMESE CLASSIC .com

သူ့ကိုတာဝန်မယူနိုင်ဘူးလို့ တရားဝင်ပြောထားတဲ့
ယောကျ်ားတစ်ယောက်ရဲ့အိမ်မှာ ကျွန်မဆက်နေနေလို့
ကျွန်မအတွက် ဘာတွေများထူးခြားလာမှာလဲ။
ကျွန်မကလေးနားမှာ သူ့အဖေမရှိပေမယ့်
သူ့အဖေဘယ်သူဆိုတာ ကလေးသိရင် လုံလောက်ပြီ။
ကျွန်မကလေးအတွက် အဓိကလိုအပ်တာဟာ
အမေတစ်ယောက်တည်းဆိုတာ ကလေးသိအောင်
ကျွန်မ ကြိုးစားရဦးမှာ။ ဒီကလေးအတွက်
လုံလောက်တဲ့ ခွန်အားတွေ ကျွန်မမှာ အဆင်သင့်ရှိနေပါပြီ။
ကိုယ့်အပေါ်မလိုလားတဲ့ လူတစ်ယောက်ရဲ့အရိပ်မှာ
အလွန်ဆုံးကျွန်မနေနိုင် တစ်လပါပဲ။ ကျွန်မပြောတာ
ဒေါ်သန်း သဘောပေါက်မှာပါနော်'
အဲဒီနောက် သစ္စာ၏အခန်းကျဉ်းကလေးက
တိတ်ဆိတ်လို့ သွားပြန်သည်။ ဒေါ်သန်းမျက်နှာပေါ်မှာတော့
အတွေးတွေပြောက်မြားစွာနှင့် မျက်ဝန်းများက
တစ်နေရာကို ငေးလို့နေသည်။ သစ္စာအတွက်ကတော့
ပြောချင်တာတွေ ပြောလိုက်ရသဖြင့်
စိတ်ထဲမှာ ပေါ့သွားရသည်။
လွမ်းလောက်စရာမရှိသော ကိစ္စတွေအတွက်
သစ္စာအချိန်တွေနည်းနည်းပဲ ပေးရတော့မှာပါလေ။
■



BURMESE CLASSIC .com

အခန်း။ ၃၈။

'သစ္စာ မနက်ဖြန်ကိုလေးရဲ့ မွေးနေ့သိလား။

(၂၄)နှစ်ပြည့်မှာ သူ့အတွက်မွေးနေ့လက်ဆောင်တစ်ခုခုလောက်

သစ္စာ မပေးချင်ဘူးလား'

ကြဲကြဲဖန်ဖန်လို့ သစ္စာစိတ်ထဲပြောလိုက်မိသည်။

နေ့လယ်ဘက် ထမင်းစားနေစဉ်မို့ ဒေါ်သန်းတော့သစ္စာကို

ထမင်းစားပျက်အောင် လုပ်ပြန်ပြီလို့ပါ

တစ်ဆက်တည်း တွေးမိပြန်သည်။ ပါးစပ်ကတော့

စားလက်စထမင်းကို ဟန်မပျက်စားရင်း ဘာမှပြန်မဖြေဖြစ်။

'မနက်ဖြန် အိမ်မှာ သူ့မွေးနေ့ပါတီကို အကြီးအကျယ်လုပ်မယ်။

ဒီနေ့ညနေကတည်းက မောင်သန်းနိုင်တို့တော့ အလုပ်ရှုပ်လိမ့်မယ်။

စားတာသောက်တာအတွက်ကတော့

ဘယ် Hotelဆိုလဲ မသိပါဘူး။

သူ့ဟာနဲ့သူ လာစီစဉ်ပေးမယ်ပြောတာပဲ။

ဒေါ်သန်းကတော့ ကြီးကြပ်ပေးရုံပဲ၊ အဲဒါ ဒေါ်သန်း

သစ္စာကို အကြံတစ်ခုပေးချင်လို့ သစ္စာ ကိုလေးကို



BURMESE CLASSIC .com

မွေးနေ့လက်ဆောင်ပေးတဲ့အနေနဲ့ အဲဒီမွေးနေ့ပွဲကို
သစ္စာ တက်လိုက်ပါလား။
လူတွေအားလုံးလည်း အံ့သြသွားအောင်လေ'
'ဟယ်...'
သစ္စာနှုတ်က တကယ်ကိုဟယ်ခနဲ အသံထွက်သွားရပါသည်။
သစ္စာ၏ ဟယ်သံကြောင့် ဘေးနားမှ ပုပုပါးစပ်ကတောင်
ခွီခနဲ အသံထွက်သွားရပါသည်။
ဒေါ်သန်းလည်း အခုရက်ပိုင်းတွေမှာ
ဘယ်လိုအတွေးအခေါ်ဆန်းတွေများရသွားလည်း မပြောတတ်။
အမှန်ဆို သစ္စာလည်း ပုပုရယ်သလို ခွီခနဲရယ်လိုက်ချင်သည်။
ဒေါ်သန်းစကားတွေက သစ္စာနားထဲမှာ
ဘယ်လိုမှ အစပ်အဟပ်မတည့်စွာ
ဟားတိုက်ရယ်မောလိုက်ချင်စရာကို ကောင်းနေလေသည်။
ဒေါ်သန်းသည် ပုပုကို မျက်စောင်းတစ်ချက် လှမ်းထိုးရင်း
သစ္စာကို မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့် စကားဆက်ပြောပြန်လေသည်။
'ဒေါ်သန်းနောက်နေတာ မဟုတ်ဘူး သစ္စာ။ တကယ်ပြောနေတာပါ။
သစ္စာကို ခုလိုပုံစံလေးနဲ့သာ ကိုလေးဘေးနားမှာတွေ့လိုက်ကြရင်
ကိုလေးနားဝိုင်းနေတဲ့ မိန်းကလေးတွေလည်း
သူ့အလိုလို နောက်ဆုတ်သွားမှာ သေချာတယ်။
ကိုလေးကလည်း သစ္စာဟာ သူ့မိန်းမပဲ
မောင်းထုတ်မှာတော့ မဟုတ်ပါဘူး'
သစ္စာသည် ဒေါ်သန်းစကားတွေကို ပြန်ချေပနိုင်ဖို့အတွက်
ရေတစ်ခွက် သောက်ရသည်။



BURMESE CLASSIC .com

'ကျွန်မ လူပုံအလယ်မှာ ပါးရိုက်ခံရတာ ဒေါ်သန်းမြင့်ချင်လို့လား'
သစ္စာစကားကြောင့် ဒေါ်သန်းမျက်နှာကြီးက
အနည်းငယ်တော့ မဲ့ရှုံ့သွားရသည်။ သူ့အမူအရာကြီးကိုကြည့်ရင်း
သစ္စာ ဒီတစ်ကြိမ်တော့ ရယ်မောလိုက်မိသည်။
သစ္စာလူကြားထဲမှာ သူ၏ဇနီးမယားအဖြစ် ပွဲထုတ်ချင်သော
ဒေါ်သန်း၏စေတနာကို သစ္စာနားလည်သော်လည်း
သစ္စာနှင့် သူ၏ကြားထဲက အကွာအဝေးက
ဘယ်လောက်ကွာခြားနေသည်ဆိုတာကို
ဒေါ်သန်းနားလည်ရှာလိမ့်မည် မထင်ပါ။
'ဒေါ်သန်းရယ်… ကျွန်မကလေ
အနေကြာလာလို့လား မသိဘူး။ ကိုယ့်ကိုယ်ကိုယ်
သူ့မိန်းမဆိုတာကို မေ့နေတာကြာပါပြီ။ အရင်က ကိုယ့်ကိုယ်ကို
ငါက သူ့မိန်းမပဲဆိုတဲ့ စိတ်ကို မွေးထားမိတော့
ကျွန်မလေ နေရထိုင်ရတာ သိပ်ခက်တာပဲ။
တစ်နေ့နေ့ ဒါကိုပဲတွေးရင်း ကျွန်မဝမ်းနည်းပြီး ရှုံးနေရတယ်။
ကျွန်မ ဒီအောက်က အခန်းထဲကို ရောက်လာတဲ့အခါကျတော့
ကိုယ့်စိတ်ကိုယ်ပြန်မြင်ကြည့် ပြန်လေ့လာကြည့်တော့မှ
ကျွန်မစိတ်ကို ဘယ်လိုထားရမယ်ဆိုတာ ကျွန်မသိလာခဲ့တယ်။
အခု ကျွန်မစိတ်ထဲ သူနဲ့ပတ်သက်လို့ ဘာမှမထားတော့ဘူး။
အချစ်၊ အမုန်း၊ အရှုံး၊ အမြတ် ဘာကိုမှမရှိတော့တာ'
သစ္စာစကားကို ဒေါ်သန်းက သေချာနားထောင်ပြီး
ချက်ချင်းပင် ပြန်ပြောပါသည်။
'ကိုလေးက သစ္စာကို မချစ်ဘူးလို့ ထင်နေတာကိုး။



BURMESE CLASSIC .com

သစ္စာကို ကိုလေးက ချစ်ပါတယ်ကွယ်။
ကိုလေးလို လူတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို
မချစ်ဘဲနဲ့ ဘယ်တော့မှလက်ထပ်မယူဘူးလို့
ဒေါ်သန်းတော့ ယုံတယ်'
'ဒေါ်သန်းနဲ့တော့ ခက်နေပါပြီလို့' တွေးရင်း
သစ္စာသည် ထမင်းကိုသာ ဆက်စားနေလိုက်သည်။
'အချစ်ဆိုတာ ဘာလဲ ဒေါ်သန်းလည်း
သေသေချာချာတော့ မသိပါဘူး။ ဒါပေမယ့်လည်း
ကိုလေးရဲ့အပြုအမူတွေဟာ သစ္စာအပေါ်အချစ်ဖြစ်ချင်မှဖြစ်ပေမယ့်
အမုန်းတွေတော့ မဟုတ်ဘူးဆိုတာ ဒေါ်သန်းသိတယ်။
ကိုလေးချစ်တယ်ဆိုတာကို သစ္စာမယုံရင်တောင်
မမုန်းဘူးဆိုတာကိုတော့ သစ္စာယုံပါ'
'အတင်းကြီးပါပဲလား ဒေါ်သန်းရယ်'လို့ ထပ်တွေးမိရင်း
သစ္စာသည် ဒေါ်သန်းမျက်နှာကို ခပ်ပြုံးပြုံးပင်ကြည့်ကာ
သူ မထင်မှတ်ထားသော မေးခွန်းကိုမေးလိုက်မိသည်။
'ဒါဆို ဒေလီယာဆိုတဲ့ ကောင်မလေးကရော'
သစ္စာ၏မေးခွန်းစကားမှာ ဒေါ်သန်း၏မျက်နှာကြီးသည်
ငိုင်ငိုင်ကြီး ဖြစ်သွားရလေသည်။
'အဲဒီကောင်မလေးက သူနဲ့သိပ်ကိုလိုက်ပါတယ် ဒေါ်သန်းရယ်။
ဒေါ်သန်းပြောဖူးတဲ့ ပါရမီဖက်ဆိုတာ သူ့အတွက်
အဲဒီကောင်မလေးကမှ တကယ်ဖြစ်နိုင်တာပါ။
သူတို့ကြည့်ရတာ စိတ်တူကိုယ်တူနဲ့ ဘယ်လောက်ကောင်းမလဲ။
ပြီးပြည့်စုံတဲ့ ဘဝတစ်ခုကို အောင်မြင်အောင် ထူထောင်ဖို့ဆိုတာ



BURMESE CLASSIC .com

အဲဒီလို စိတ်တူကိုယ်တူမျိုးမှလည်း
ပျော်ဖို့ကောင်းတာ ဒေါ်သန်းရဲ့'
'သြော် ဒါဆို သစ္စာက ကလေးလေးမွေးပြီးတာနဲ့
ကိုလေးကို ထားသွားတော့မယ်ပေါ့'
'ဒေါ်သန်းရယ် ကိုယ့်အပေါ်အလေးအနက်ထားဖို့
စိတ်ကူးမရှိတဲ့ ယောကျာ်းတစ်ယောက်အပေါ်မှာ
ကိုယ်ကကော ဘယ်လိုလုပ်အလေးအနက်ထားနေလို့ ရမှာလဲ။
ကိုယ်က မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်နဲ့
သူ့အနားတွယ်ကပ်နေတယ်ဆိုရင် သူပဲစိတ်ညစ်ရမှာပေါ့။
ကိုယ်ကကော ဘယ်လိုလုပ်ပြီး ပျော်နိုင်မှာတဲ့လဲ။
ဘယ်လိုမှဆက်စပ်လို့မရနိုင်တော့တဲ့ လူနှစ်ယောက်
ကြာရှည်ယှဉ်တွဲနေရင် ကြာလာတဲ့အခါ
တစ်ယောက်အပေါ်တစ်ယောက် ဒေါသဖြစ်စရာတွေ၊
မုန်းတီးစရာတွေ၊ စက်စုပ်စရာတွေနဲ့ ကိုယ့်ကိုယ်ကိုပဲ
ဒုက္ခပေးသလိုတွေ ဖြစ်နေကြတော့မှာပေါ့။
သစ္စာလေ ဘာကိုမှမူတည်ပြီး
ဒုက္ခမရောက်ချင်တော့ဘူး ဒေါ်သန်းရယ်။
အဲဒါ သစ္စာရင်ထဲမှာရှိတဲ့ လက်ရှိဆန္ဒပဲ'
သစ္စာစကားကြောင့် ဒေါ်သန်းသည် ဘာမှမပြောနိုင်တော့ဘဲ
ငြိမ်သက်သွားပါတော့သည်။ ဒေါ်သန်းအတွက်တော့
သစ္စာစကားတွေက အတွေးတွေတစ်ပုံတစ်ပင်ကြီး
ရသွားပုံပေါ်ပါသည်။ သစ္စာလည်း ဒီလိုပါပဲလေ။
ကိုယ့်ဘဝအခြေအနေကို ကိုယ့်ဘာသာကိုယ်တွေးရင်း



BURMESE CLASSIC .com

ငေးရင်းနဲ့ပဲ တဖြည်းဖြည်းသိလာရတာပါပဲ။ ဒါပေမယ့်လည်း သူနဲ့ပတ်သက်လို့ သစ္စာဘာကိုမှမမျှော်လင့်တော့တာ သိပ်ကြာသေးတာမှ မဟုတ်ဘဲ။
အဲဒီဒေလီယာဆိုတဲ့ ကောင်မလေး မီးဖိုချောင်ထဲဝင်လာပြီး သူ့ရင်ခွင်ထဲဖက်တွယ်မှီဝင်လိုက်တဲ့ နေ့ကမှစတာပါလေ။

အခန်း။ ၃၉။

အိမ်၏အရှေ့ဘက်ဆီမှ ဆူညံနေသောစကားသံများ၊ ကားသံများ၊ တေးဂီတသံများက ခါတိုင်းထက်ကို ပို၍ကျယ်ကျယ်လောင်လောင် ကြားနေရသောကြောင့် ဒီနေ့ညလူတော်တော်များမည်ဆိုတာကို သစ္စာ ခန့်မှန်း၍ရနိုင်ပါသည်။

သူနှင့်က သစ္စာတစ်ယောက်တည်းသာ အဆင်မပြေနိုင်တာ ဖြစ်နေတာပါ။ တခြားခြားသောသူတွေနဲ့ကတော့ သူသည် အင်မတန်မှခင်မင်နှစ်လိုဖွယ်ကောင်းသော သူတစ်ယောက် ဖြစ်နေမှာတော့ သေချာပါသည်။

သစ္စာသည် ကုလားထိုင်တွင်ထိုင်ရင်း ဘုရားစာအုပ်တစ်အုပ်ကို ဖတ်နေရင်းမှ ခါးကနည်းနည်း နာလာတာကြောင့် ထိုင်နေရာမှထလိုက်ရင်း အခန်းထဲမှာ လှည့်ပတ်ပြီး လမ်းလျှောက်နေလိုက်မိသည်။

မနက်က ဆရာဝန်ဆီသွားတော့ ဒီလေးငါးရက်လောက်အတွင်း မွေးလောက်သည်လို့ ခန့်မှန်းပေးသည်။



BURMESE CLASSIC .com

ဆေးရုံတက်နေချင်သလားမေးတော့ အဲလိုကြီးတော့လည်း
ဆေးရုံပေါ်မှာ လူမမာတစ်ယောက်လို သစ္စာမနေချင်ပါ။
ဒါကြောင့်လည်း မိုက်နည်းနည်းနာလာမှပဲ
ဆေးရုံသို့လာပါတော့မည်လို့ အဖြေပေးရင်း အိမ်ပြန်လာခဲ့သည်။
နေ့လယ်စာကိုလည်း အပြင်မှာလူတွေများနေတာ တွေ့ရတာနှင့်
ထွက်မစားတော့ဘဲ ဒေါ်သန်း အလိုက်တသိလာပို့ပေးသည့်
အချိန်ကိုသာ စောင့်ပြီးစားလိုက်သည်။
ပြီးတော့ ဘုရားစာအုပ်တစ်အုပ်ကို ဖတ်ရင်း
တစ်ညနေလုံး ကုလားထိုင်ပေါ်မှာ အချိန်ကုန်သွားခဲ့သည်။
ညနေပိုင်း ပုပုထမင်းလာပို့တော့ သစ္စာသိပ်ပြီး ထမင်းမစားနိုင်။
လက်ထဲမှ ဓမ္မာစရိယ ဦးရွှေလှိုင်၏ရတနာသုံးပါး
ကျေးဇူးစာအုပ်ကလည်း ဖတ်လို့ကောင်းနေတာမို့
ဖွဲကောင်းကောင်းနှင့် ဆက်ဖတ်နေမိရာ
အခု ခါးထဲက နာလာမှပင် ထိုင်နေရာမှထမိတော့သည်။
သစ္စာသည် အခန်းထဲလမ်းလျှောက်နေရင်းမှ
နာရီကို ကြည့်လိုက်မိတော့ ည (၁၀)နာရီထိုးတော့မည်ဖြစ်သည်။
လမ်းကို ဖြည်းဖြည်းလျှောက်နေသော်လည်း
ခါးထဲက နာကျင်မှုက လျော့မသွားသေး။
အချိန်တော်တော်ကြာကြာ မေ့မေ့လျော့လျော့ထိုင်နေခဲ့မိတာကို
စိတ်ထဲမှာ အနည်းငယ်ဘဝင်မကျ ဖြစ်သွားရသည်။
သစ္စာသည် အိပ်ဖို့အချိန်တန်နေပြီ ဆိုတာကို
ကိုယ့်ဟာကိုယ် သတိရစွာ ရေချိုးခန်းထဲဝင်
မျက်နှာသစ်၊ သွားတိုက်၊ ခြေလက်ဆေးပြီး



BURMESE CLASSIC .com

အိပ်ရာထဲဝင်လာခဲ့သည်။ ဘုရားရှိခိုးပြီး
ခေါင်းအုံးပေါ် မျက်နှာအပ်တဲ့အထိ
ခါးထဲကနာကျင်မှုက လျော့မသွားပေ။
ပက်လက်လှန်နေကြည့်တော့လည်း မသက်သာ။
တဖြည်းဖြည်းနှင့် အချိန်ကြာလာလေလေ နာကျင်မှုက
ခပ်စူးစူးဖြင့် တိုးလာသလို ခံစားရသည်။
သစ္စာသည် အိပ်ရာထဲမှာ ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက်နှင့်
နာကျင်မှုကို သက်သာသွားအောင် စိတ်ကိုပြောင်းကြည့်သည်။
ဒါပေမယ့်လည်း မသက်သာ။
နာကျင်မှုက လျော့သွားမလိုလိုနှင့် လူတစ်ကိုယ်လုံးကို
တဖြည်းဖြည်း တင်းကျပ်လာစေသလို ခံစားလာရလေသည်။
သစ္စာသည် အိပ်နေရင်းမှကို လူကချွေးအနည်းငယ်ပြန်လာရတာမို့
ထိုင်နေရာမှထကာ ရေတစ်ခွက်ထသောက်လိုက်သည်။
ခြံရှေ့မှ ရယ်မောသံများက ဂီတသံများနှင့်လုံးထွေးပြီး
ထွက်ပေါ်နေတာကို အာရုံထားကြည့်လိုက်သည်။
မရပါ။ ခါးအောက်ပိုင်းတစ်ခုလုံး၏ နာကျင်လာမှုက
သစ္စာကို ချွေးတို့ဖြင့် စိုစွတ်လာစေသည်။
တစ်ခါမှလည်း ဒါမျိုးမဖြစ်ဖူးသဖြင့်
ဘာဖြစ်ပါလိမ့် သစ္စာစဉ်းစားနေစဉ်မှာပင်
သစ္စာ၏မျက်လုံးများက ဆေးရုံတက်လျှင်
အဆင်သင့်ယူသွားဖို့ ပြင်ဆင်ထားသည့်
လက်ဆွဲအိတ်ဆီသို့ အကြည့်က ရောက်သွားခဲ့သည်။
အဲဒီမှာတင် သစ္စာတစ်ကိုယ်လုံးမှာရှိသော သွေးတို့က



BURMESE CLASSIC .com

အရှိန်ဟုန်ပြင်းစွာနှင့် ခန္ဓာကိုယ်တစ်ခုလုံး
လှည့်ပတ်စီးဆင်းသွားကြသလို သစ္စာစိတ်ထဲမှာခံစားလိုက်ရသည်။
ကိုယ့်နှလုံးခုန်သံ တဒိတ်ဒိတ်ကို တစ်ယောက်တည်း
ကျယ်ကျယ်လောင်လောင်ကြီး ကြားနေရရင်း
လူက ရုတ်တရက်ဘာလုပ်ရမှန်းမသိကာ ကျောက်ရုပ်တစ်ရုပ်လို
မလှုပ်မရှားဘဲ ရပ်နေမိလေသည်။
ခါးမှနေ ဝမ်းဗိုက်ပြင်သို့ တစ်စတစ်စ ကူးလာသောနာကျင်မှုက
ဖြုန်းကနဲလူကို လာတိုးလိုက်မှ အရာရာကို သတိရကာ
ထိုလက်ဆွဲအိတ်ကို ကမန်းကတန်းလှမ်းယူလိုက်သည်။
တစ်ကိုယ်လုံးကို မသိမသာဖုံးလွှမ်းလာသော ကြောက်စိတ်ကို
မသိချင်ယောင်ဆောင်ကာ ဖယ်ချရင်း
ကိုယ့်စိတ်ကိုယ်တည်ငြိမ်အောင် အသက်ကို ခပ်ပြင်းပြင်း
တစ်ချက် ရှူသွင်းလိုက်မိသည်။
ကြောက်စိတ်တို့ နှလုံးသားမှနေ ဦးနှောက်ထိမကူးခင်
သစ္စာသည် ညဝတ်အင်္ကျီနှင့်ပင် လက်ဆွဲအိတ်ကို ဆွဲပြီး
အခန်းပြင်သို့ ထွက်လိုက်သည်။
သစ္စာအခန်းရှေ့မီးက ပိတ်ထားသည့်အတွက်
အခန်းပတ်ဝန်းကျင်အပြင်ဘက်တစ်ခုလုံးက
ခပ်မှောင်မှောင်ဖြစ်နေခဲ့သည်။ မီးဖိုဆောင်ဘက်လှမ်းကြည့်မိတော့
လူတွေအားလုံးက ဝင်လိုက်ထွက်လိုက်နှင့်
ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြတာကို တွေ့ရသည်။
သစ္စာသည် တဖြည်းဖြည်းများပြားလာသော နာကျင်မှုကြောင့်
ဘာကိုမှကြာကြာ အချိန်မဆွဲနိုင်တော့ဘဲ



BURMESE CLASSIC .com

ကားပေါ်ကို အဝတ်ထုတ်ကိုတင်ကာ ကားထဲသို့
ခပ်မြန်မြန်ပင် ဝင်ထိုင်လိုက်သည်။
ကားသော့ကို ဖွင့်နှိုးလိုက်သောလက်တို့က
တဆတ်ဆတ်တုန်ယင်နေသည့်ကြားမှပင် သစ္စာသည်
ကားလေးကို ခြံဘေးမှနေပြီး ထွက်လာနိုင်ခဲ့ပါသည်။
ခြံဘေးကနေ ပတ်ထွက်လာသော သစ္စာကားသည်
ခြံဝမှာပင် အခက်အခဲက ကြုံရတော့သည်။
ခြံဝမှာ သူ့မွေးနေ့ပွဲမှ ထွက်လာသောကားများက
ဟွန်းတတီတီတီးကာ ပိတ်ဆို့ဆူညံနေကြလေသည်။
လမ်းရှင်းပေးနေသော ယာဉ်ထိန်းရဲကိုတွေ့နေရသော်လည်း
ကားတွေက ခပ်မြန်မြန်မထွက်နိုင်ဘဲ တစ်စီးချင်း
ခပ်ဖြည်းဖြည်းထွက်နေကြလေသည်။
ဆယ့်ငါးမိနစ်လောက်အတွင်းမှာ
သစ္စာ ခန္ဓာကိုယ်တစ်ခုလုံးသည် ချွေးတို့ဖြင့်
ရေလောင်းခံထားရသူလို ရွှဲနစ်သွားလေသည်။
ခန္ဓာကိုယ်မှာ ဖြစ်ပေါ်နေသော နာကျင်မှုက
အသည်းတဆတ်ဆတ်တုန်အောင် ပြင်းထန်လာရသလို
ရင်ထဲက စိုးရိမ်ပူပန်မှုကလည်း အစုံအလင်နှင့်မို့
သတိမလစ်သွားအောင် ကိုယ့်ကိုယ်ကိုယ်
မနည်းကို ထိန်းချုပ်ထားရလေသည်။
မိနစ်နှစ်ဆယ် အစိတ်လောက်ကြာမှ သစ္စာကားလေးက
လမ်းမကြီးပေါ်သို့ ရောက်လာရသည်။
စတီယာရင်ကိုင်ထားသောလက်တို့က တုန်ယင်နေရသလို

ဒူးတွေပေါင်တွေကလည်း တဆတ်ဆတ်တုန်နေကာ
ဘရိတ်အုပ်ရင်တောင် မနင်းနိုင်တော့တာမို့
လူက ဆေးရုံကို ရောက်အောင် မောင်းမှမောင်းနိုင်ပါ့မလားဆိုတာကို
သံသယဖြစ်လာရလေသည်။ ဒါပေမယ့်လည်း သစ္စာမှာ
တခြားရွေးချယ်စရာလမ်းမရှိတော့ ဆေးရုံကို
အမြန်ဆုံးရောက်အောင် မောင်းနိုင်လေ သစ္စာအတွက်
သက်သာလေ ဆိုတာကို သစ္စာနားလည်နေသည်။
နာရီတွေလည်း ဘယ်နှနာရီတွေ ထိုးကုန်မှန်း
သစ္စာလည်း မသိတော့။ အိပ်ရာဝင်ခါနီး နာရီကြည့်မိတော့
ဆယ်နာရီထိုးတော့မယ်ဆိုတာကိုတော့ မှတ်မိနေသည်။
အခုဆိုရင် အနည်းဆုံး ဆယ်နာရီခွဲတော့ကျော်လောက်ပြီလို့
သစ္စာမှန်းကြည့်မိသည်။ အရေးအကြောင်းဆို
လက်ထဲမှာ နာရီကလည်း ပါမလာ။
သစ္စာနေသော ရှစ်မိုင်ကနေ ကန်တော်ကြီးဘက်ထိ
မောင်းရမှာဆိုတော့ ကားက မရောက်နိုင်လောက်အောင်
နှေးနေသည်လို့ သစ္စာထင်နေသည်။
လမ်းပေါ်မှာ ကားအနည်းငယ်ကတော့ သွားနေကြတုန်းပင်။
ခန္ဓာကိုယ်မှ နာကျင်မှုက ပိုပြင်းထန်လေ
သစ္စာ၏ကားမောင်းနှုန်းအရှိန်က မြင့်လာလေဖြစ်သည်။
လူတစ်ကိုယ်လုံးမှာလည်း ဝေဒနာကြောင့်ထွက်လာသော ချွေး၊
သောကကြောင့် ထွက်လာသောချွေးတို့နှင့် ရွှဲစိုနေသောကြောင့်
လူက ချွေးတို့ဖြင့် ချမ်းလာသလို အေးစက်လာကြပြန်လေသည်။
ခါတိုင်း လွယ်လွယ်ကူကူတင်လို့ရသော ကားမှန်ကလည်း



BURMESE CLASSIC .com

ခုချိန်မှာ တစ်ဝက်လောက်သာ အနိုင်နိုင်တင်နိုင်ပြီး
လူက လက်အံတွေသေပြီး အဆုံးထိထပ်မတင်နိုင်တော့။
ခါးအောက်ပိုင်းနာကျင်မှုကလည်း ကြာလေ ပိုဆိုးဝါးလေဖြစ်ကာ
ခေါင်းထဲထိ တစ်ဆစ်ဆစ်ကိုက်လာရအောင်ကို
လူက မခံမရပ်နိုင် ဖြစ်လာလေသည်။
မိန်းမတစ်ယောက်၏ဘဝမှာ ဒီဝေဒနာလောက်ခံရခက်သည့်
ဝေဒနာမရှိနိုင်တော့လို့ နာကျင်မှုကို
အလူးအလဲ ခံစားနေရသည့်ကြားထဲကမှ
သစ္စာ သတ်မှတ်မိသည်။
တဆတ်ဆတ်တုန်ယင်နေသော ခြေတွေလက်တွေကို
သတိနှင့်ထိန်းချုပ်နေစဉ်မှာပင်
သစ္စာ၏ခန္ဓာကိုယ်အောက်ပိုင်းအတွင်းမှ
ရေလိုလို အရည်များ သစ္စာ၏ခြေထောက်နားဆီသို့
ဝေါခနဲ သွန်ဆင်းလာသည်ကို သတိထားမိလိုက်လေသည်။
ထိုင်နေရင်းနှင့်ရေစက်များက သစ္စာခြေထောက်ပေါ်သို့
တဖြည်းဖြည်းစီးကျနေကြလေသည်။ သစ္စာသည်
အမှောင်ထဲမှာ ဘာကိုမှလည်း ကြည့်မရ။
ရေတွေလား၊ သွေးတွေလားဆိုတာကိုလည်း
ခွဲခြားမသိပြန်။ ကားကို ရပ်လိုက်ရမလား
ဆက်ပဲမောင်းရမလားဆိုတာကိုလည်း မဝေခွဲတတ်ပြန်။
ကလေးမွေးတော့မယ် ဆိုသောအသိက
လူကို အဆပေါင်းများစွာ တုန်လှုပ်ချောက်ချားသွားစေသည်။
စိတ်ဆင်းရဲမှုများစွာနှင့်အတူ မျက်ရည်တို့ကလည်း



BURMESE CLASSIC .com

တစ်ပေါက်ချင်းလိမ့်ဆင်းလာကြသည်။
ဘုရားစာရွတ်ဖို့ကိုလည်း သတိမရနိုင်တော့။
ယခုအချိန်မှာ ကြောက်ရွံ့မှုက နာကျင်မှုကိုတောင်
အနည်းငယ် ဖုံးလွှမ်းသွားစေခဲ့သည်။
ကြောက်စိတ်တို့က တွန်းပို့လိုက်သောကြောင့်
လီဗာကိုနင်းထားသော သစ္စာ၏ခြေထောက်တို့သည်
ပိုမိုထပ်မံပြီး လီဗာကိုနင်းထားမိသည်။
ကားကို မောင်းသာမောင်းနေရသည် သစ္စာမျက်လုံးထဲမှာ
ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတော့
တစ်ဖက်လမ်းက ကားမီးနှင့် မျက်နှာချင်းဆိုင်တွေ့လိုက်တိုင်း
မျက်လုံးထဲမှာပြာဝါးသွားရကာ ကားကိုစိတ်မှန်းနှင့်
မောင်းရသော အခြေအနေကို ရောက်လာသည်။
ဆေးရုံကလည်း ရောက်နိုင်ခဲပါဘိခြင်းလို့ တွေးနေစဉ်မှာပင်
တစ်ဖက်က မီးကြီးတစ်ခု၏အလင်းရောင်က
သစ္စာမျက်လုံးထဲကို စူးစူးဝါးဝါးပင် ထပ်ရောက်လာခဲ့သည်။
မျက်လုံးထဲမှာ ဝါထိန်သွားသောအလင်းရောင်တစ်ခုကလွဲလို့
တခြားဘာကိုမှ သစ္စာ မမြင်ရတော့။
သစ္စာသည် မျက်လုံးထဲမှအလင်းရောင်တွေ့လိုတွေ့ငြား
မျက်လုံးကို ပုတ်ခတ်ပုတ်ခတ် လုပ်ကြည့်လိုက်သေးသည် မရ။
ဘာကိုမှထပ်မမြင်နိုင်တော့တာ သစ္စာအတွက်သေချာသွားသည်။
အဲဒီမှာတင် ရင်ထဲမှာဖြစ်ပေါ်နေသော စိုးရိမ်ပူပန်မှုအလုံးကြီးက
သစ္စာ၏အရှိက်ကို ရုတ်တရက်လာဆောင့်လိုက်လေသည်။
သစ္စာသည်ချက်ချင်းပင် အသက်ရှူလို့မရနိုင်အောင်ဖြစ်သွားရကာ



BURMESE CLASSIC .com

လူတစ်ကိုယ်လည်း လေထဲကိုမျောပါသွားသလို ခံစားလိုက်ရလေသည်။

အခန်း။ ၄၀။

သစ္စာ မျက်လုံးကိုဖွင့်အကြည့်မှာ အဖြူရောင်အရာဝတ္ထုများကိုသာ ခပ်ဝါးဝါးမြင်လိုက်ရပြီး ခေါင်းကချာချာလည်အောင် မူးသွားရတာမို့ မျက်လုံးများကို ချက်ချင်းပင်ပြန်ပိတ်လိုက်ရသည်။

လူတစ်ကိုယ်လုံးလည်း မလှုပ်နိုင်အောင် နာကျင်ကိုက်ခဲနေတာကို စိတ်က သေချာသိနေသည်။ သစ္စာ ဘာတွေဖြစ်ခဲ့လဲဆိုတာကို သစ္စာ ပြန်လည်စဉ်းစားကြည့်မိသည်။

ညက သစ္စာဗိုက်နာလာလို့ ဆေးရုံမှာကလေးမွေးဖို့အတွက် ကားကိုကိုယ်တိုင်မောင်းပြီး ထွက်လာသည့်အဖြစ်အပျက်ကို သစ္စာ သတိရလာသည်။

ဒါဆို အခုသစ္စာရောက်နေတာ ဆေးရုံပေါ်မှာပေါ့ ဆိုတာကိုလည်း ချက်ချင်းသိရှိလိုက်သည်။

သစ္စာစိတ်ထဲမှာ အနည်းငယ်သက်သာရာရသွားရင်း ကလေးလေးမွေးပြီးသွားပြီ ထင်ပါရဲ့လို့ ကျေနပ်စွာ တွေးလိုက်မိပြန်သည်။

သစ္စာသည် အသက်ကို ဖြည်းညင်းစွာ မှန်မှန်ရှူရင်း



BURMESE CLASSIC .com

ဒုတိယအကြိမ် မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်ရန်
အားယူလိုက်လေသည်။ ဒီတစ်ခါ မျက်လုံးပြန်အဖွင့်မှာတော့
ခုနကလို သိပ်ပြီးမှုန်ဝါးမနေတော့။
အမြင်အာရုံက တဖြည်းဖြည်းကြည်လင်လာသည်။
နားထဲမှာ စကားပြောသံတိုးတိုးတို့ကို ကြားနေရသည်။
သဲသဲကွဲကွဲတော့ မဟုတ်သေး။
သစ္စာအနား ဘယ်သူတွေရှိနေလဲ။ မျက်လုံးကိုစောင်းအကြည့်မှာ
သစ္စာမျက်နှာပေါ်မှာ အုပ်မိုးလာသော ဒေါ်သန်းမျက်နှာကို
သစ္စာတွေ့လိုက်ရလေသည်။
'သစ္စာ သတိရလာပြီနော်'
ဒေါ်သန်းအသံတိုက တုန်တုန်ယင်ယင်
မျက်နှာပေါ်မှာ စိုးရိမ်ပူပန်မှုတို့က အပြည့်။
ဒေါ်သန်းကတော့ သစ္စာကို စိတ်ပူနေပြန်ပြီ ထင်ပါရဲ့လို့
စိတ်ထဲမှာ တွေးလိုက်မိသည်။
'ဒေါ်သန်း သစ္စာ ကလေးလေးမွေးပြီးသွားပြီလား'
သစ္စာသည် ချည့်နဲ့နေသော ခွန်အားတို့ကို ကြိုးစားစုစည်းပြီး
ဒေါ်သန်းကို မေးခွန်းထုတ်လိုက်မိသည်။ အမှန်ဆို သစ္စာသည်
ကိုယ့်ဗိုက်ကို လက်နှင့်ကိုင်ကြည့်ပြီး မေးချင်သော်လည်း
သစ္စာလက်နှစ်ဖက်လုံးက
နည်းနည်းလေးမှလှုပ်လို့ မရအောင် နာကျင်နေကြသည်။
စကားပြောတာတောင် သစ္စာမှာ မနည်းအားယူပြီးပြောနေရသည်လေ။
ကလေးလေး တစ်ခါမွေးတာ
ဒီလောက်တောင်ပဲ ပင်ပန်းသလားဆိုတာကို



BURMESE CLASSIC .com

သစ္စာ စဉ်းစားနေမိသည်။

'သစ္စာ နေကောင်းအောင်နေနော်။ ဒေါ်သန်းတို့အားလုံးရှိတယ်သိလား။
ဘာမှလည်း လျှောက်တွေးမနေနဲ့။ ပြန်အိပ်လိုက်ဦးနော်'

ဒေါ်သန်းစကားအဆုံးမှာ သစ္စာမျက်လုံးတွေကလည်း
ပြန်ပြီး မှေးကျသွားသည်။ စိတ်က မအိပ်ချင်ပေမယ့်
လူက အိပ်ချင်နေပြန်သည်။

ဆေးရှိန်တွေကြောင့်ထင်ပါရဲ့လို့ နားလည်နေမိပြန်သည်။
ကလေးလေး မွေးပြီးသွားရင် ပြီးတာပါပဲလေလို့တွေးရင်း
ကိုယ့်စိတ်ကိုယ် လျှော့ချလိုက်မိသည်။

'သား'လား၊ 'သမီး'လားဆိုတာကိုတောင် မမေးလိုက်ရ။
အိပ်ရာက နိုးမှပဲ မေးပါတော့မယ်လေလို့တွေးရင်း
မမြင်ရသေးသော ကလေးကို မှန်းဆကြည့်နေမိသည်။

အိပ်မက်ထဲမှာ သစ္စာနှင့်ကလေးလေး
မြက်ခင်းစိမ်းများ ဖုံးလွှမ်းနေသော လွင်ပြင်ကြီးတစ်ခုထဲတွင်
ပျော်ရွှင်စွာ ဆော့စကားနေကြလေသည်။

အခန်း။ ၄၁။

ဒီနေ့မနက် သစ္စာအိပ်ရာနိုးတော့ ခေါင်းထဲမှာ
အားလုံးကြည်ကြည်လင်လင် ဖြစ်နေတာကို ခံစားရသည်။
ဒေါ်သန်းနှင့် နာစ်မလေးသည် သစ္စာအနားရောက်လာပြီး
ဆေးထိုးဆေးတိုက်သည့် အလုပ်တွေကို စကားတစ်ခွန်းမှ မပြောဘဲ
တိတ်တိတ်ဆိတ်ဆိတ်ပင် လုပ်နေကြလေသည်။
သစ္စာသည် သူတို့လုပ်သမျှကို စိတ်ရှည်ရှည်နှင့်ငြိမ်ခံပေးနေလိုက်သည်။
နာစ်မလေးထွက်သွားတော့မှ
သစ္စာဒေါ်သန်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။
ပုပုကတော့ မလှမ်းမကမ်းမှာ
မျက်နှာငယ်လေးနှင့် မတ်တတ်ရပ်နေပါသည်။
'ဒေါ်သန်း သစ္စာ ကလေးကိုတွေ့ချင်တယ်'
သစ္စာစကားအဆုံးမှာ ဒေါ်သန်းမျက်နှာတစ်ချက်ပျက်သွားတာကို
သတိထားမိလိုက်ရင်း ရင်ထဲမှာလည်း
သံသယတစ်ခုက ဖြစ်တည်သွားရသည်။
ဒေါ်သန်းက ဘာအကြောင်းကြောင့် မျက်နှာပျက်ရတာတဲ့လဲ။



BURMESE CLASSIC .com

'ဒေါ်သန်း သစ္စာပြောနေတာကြားရဲ့လား။
သစ္စာကလေး ဘာဖြစ်လို့လဲ'
ဒေါ်သန်းသည် သစ္စာနံဘေးက ခုံတွင်အသာဝင်ထိုင်လိုက်သည်။
ပြီးတော့ မျက်နှာမသာမယာနှင့်ပင် သစ္စာကိုစကားစပြောသည်။
'ဒေါ်သန်းလည်း သစ္စာကိုမညာချင်ပါဘူး။
နောက်လည်း သစ္စာသိရမှာပဲ။
သစ္စာစိတ်ကိုတော့ ခိုင်ခိုင်ထားပါ။ သစ္စာကလေး အသက်မရှင်ဘူး'
သစ္စာသည် မယုံကြည်နိုင်လောက်အောင် စိတ်ထဲမှာလှုပ်ရှားသွားရကာ
ဒေါ်သန်းမျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။
'အဲဒီညက သစ္စာကားတိုက်မှုဖြစ်တယ်လေ။
သစ္စာမှာကြီးကြီးမားမား ဒဏ်ရာမရလိုက်ပေမယ့်
ဆေးရုံရောက်လာတာ သိပ်ကိုနောက်ကျသွားတယ်။
သစ္စာ ဆေးရုံပေါ်မှာ နှစ်ရက်လုံးလုံး သတိလစ်နေခဲ့တယ်'
ဒေါ်သန်းစကားတွေက သစ္စာနှလုံးသားကို
ကတုန်ကယင်ဖြစ်သွားစေသည်။ သစ္စာ၏ဘဝတစ်လျှောက်လုံးမှာ
သစ္စာမမျှော်လင့်ထားသော အဖြစ်အပျက်တွေက
သစ္စာကို တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ဒုက္ခပေးကြလေသည်။
ယခုလည်း သစ္စာမျှော်လင့်ထားခဲ့သော သံယောဇဉ်တစ်ခုက
သစ္စာကို အရိပ်အယောင်တောင်မပြသွားဘဲ
ထာဝရကျောခိုင်းသွားပြန်ပြီ ဖြစ်သည်။
သစ္စာဝမ်းနည်းရမှာလား၊ဝမ်းသာရမှာလားလို့တောင် မတွေးတတ်တော့။
အဖြစ်အပျက်တို့ကို တုန်လှုပ်ချောက်ချားဖို့လည်း
သစ္စာမှာအားအင်တွေ ကုန်ခန်းသွားရသည်။



BURMESE CLASSIC .com

ပြော်...
သစ္စာဆိုသော မိန်းမတစ်ယောက်သည် ဆေးရုံပေါ်မှာ
နှစ်ရက်လုံးလုံး သတိလစ်မေ့မြောသွားခဲ့သည့်အချိန်မှာ
ဘာဖြစ်လို့မှုား တစ်ခါတည်းမသေဆုံးသွားရတာပါလိမ့်။
အပြစ်မရှိတဲ့ ကလေးလေးကတော့
လောကကြီးထဲကိုတောင် ရောက်လာခွင့်မရှိဘဲ
ပျောက်ဆုံးသွားခဲ့ရသည်။
သစ္စာကံဆိုးလိုက်တာနော်။ ဘယ်ဘဝက ဝဋ်ကြွေးတွေကြောင့်
ဒီလောက်တောင် သစ္စာကံဆိုးနေရတာပါလိမ့်။
အချိန်ကာလများစွာ လွယ်ထားခဲ့ရသော
ရင်သွေးလေးသည် ယောကျ်ားလေးလား၊
မိန်းကလေးလား ဆိုတာကိုတောင် သစ္စာ သိခွင့်မရခဲ့။
အခုချိန်မှာ သိချင်လားမေးလာရင်လည်း သစ္စာမသိချင်တော့။
အရာအားလုံးကို သည်းခံခွင့်လွှတ်ပေးချင်သည့်အချိန်ရောက်လာကာမှ
သစ္စာမမျှော်လင့်ထားသည့် အဖြစ်ဆိုးတစ်ခုက
သစ္စာကို နှိပ်စက်ပြန်သည်။
ခံစားရတာတွေ၊ ငိုကြွေးရတာတွေများလွန်းတော့လည်း
လူက ထုံချင်လာသည်။ ကိုယ့်အကြောင်းပြောနေပေမယ့်လည်း
ကိုယ့်ကိုပြောနေတယ်လို့ မထင်ချင်တော့။
ရင်ထဲက အမောတွေက ဦးနှောက်ကိုပါ
ထုံထိုင်းသွားအောင် လွှမ်းခြုံထားကြသည်။
နှစ်ရက် နှစ်ရက်ဆိုသော ကာလလေးဟာ
ပြောင်းလဲမှုတွေကို အများကြီး ဖြစ်သွားစေတာပါပဲလား။



BURMESE CLASSIC .com

မိန်းမတစ်ယောက် သတိလစ်မေ့မြောနေသည့်အချိန်မှာ
ကလေးလေးတစ်ယောက်က လူ့လောကထဲကထွက်သွားခဲ့ရတယ်။
ဘယ်သူမှလည်း မတားဆီးနိုင်ခဲ့။
သစ္စာဆိုတဲ့ မိန်းမတစ်ယောက်ဟာ
လူ့လောကထဲကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့
ဘာအတွက်ကြောင့်များ ရောက်လာရတာပါလိမ့်။
'လူ့ဘဝရဲ့ အနှစ်သာရ'ဆိုတာ ဘယ်လိုအဓိပ္ပာယ်များလဲ၊
သစ္စာ သေသေချာချာလေ့လာချင်လှသည်။
ဘာဖြစ်လို့လဲဆိုတော့ သစ္စာအတွက် လူဖြစ်ရသည့်ဒုက္ခက
ကြီးမားလွန်းလှသည့်အပြင် အဓိပ္ပာယ်လည်း
နည်းနည်းလေးတောင် မရှိသည့်အတွက်ပါလေ။
သစ္စာသည် ဘယ်သူ့မျက်နှာကိုမှ မမြင်ချင်တော့သလို
မျက်လုံးများကို ခပ်တင်းတင်းပင် ပြန်ပိတ်လိုက်မိသည်။
ဘာရယ်ကြောင့်မှန်းမသိ ယခုလိုအချိန်မျိုးမှာ
သစ္စာ အားကိုးစွာ ခိုလှုံချင်သည့် ရင်ခွင်တစ်ခုကို
သစ္စာ တောင့်တမိလေသည်။
သစ္စာကို ကြင်နာယုယစွာထွေးပိုက်ထားပြီး
နှစ်သိမ့်ပေးနိုင်မယ့် ရင်ခွင်တစ်ခုပေါ့။ အဲဒီရင်ခွင်ကလည်း
သူ့ရင်ခွင်မှတစ်ပါး တခြားဘယ်ရင်ခွင်ကိုမှ သစ္စာမလိုချင်။
သူ့ရင်ခွင်ထဲမှာ သစ္စာခေါင်းဝင်ပြီး သူ့ကိုဖက်ကာ
သစ္စာ အားရပါးရအော်ဟစ်ငိုလိုက်ချင်သည်။
သူ့အားပေးစကားတွေကို သစ္စာ နားထောင်ချင်သည်။
သစ္စာနှစ်ရက်လုံးလုံး သတိလစ်နေသည့်အချိန်မှာ



BURMESE CLASSIC .com

သူသည် သစ္စာဆီကိုလုံးဝမရောက်လာဘူးတဲ့လား။
သူဘာဖြစ်လို့များ သစ္စာအပေါ်
ဒီလောက်တောင် ရက်ရက်စက်စက်နေနိုင်တာပါလိမ့်။
မိန်းမတစ်ယောက်အပေါ် လျစ်လျူရှုနိုင်သည့်
သူ၏အစွမ်းသတ္တိကို အံ့ဩမိရသည်။
'သစ္စာ မမြင်လိုက်ရတဲ့ အရာတစ်ခုအပေါ်မှာ
သိပ်ပြီး အစွဲလမ်းမထားပါနဲ့တော့ကွယ်။
ဒီတစ်ယောက် ဆုံးရှုံးသွားရပေမယ့်
သစ္စာမှာ နောက်ထပ်တစ်ယောက်မွေးနိုင်တဲ့
အခွင့်အရေး ရှိပါသေးတယ်။
သစ္စာ ဝမ်းမနည်းတော့နဲ့နော်'
ဒေါ်သန်းက သစ္စာနားနားကပ်ပြီး တိုးတိုးလေးပြောရင်း
စီးကျနေပုံရသော မျက်ရည်တို့ကိုသုတ်ပေးသည်။
ကိုယ့်ဟာကိုယ် မျက်ရည်ကျနေရသော အဖြစ်တို့ကိုပင်
သစ္စာ မသိတော့။
'နောက်ထပ်ကလေးလေးတစ်ယောက်' ဆိုသော ဒေါ်သန်းစကားက
သစ္စာကို ချုံးပွဲချငိုချလိုက်စေပါသည်။
ကိုယ့်ရင်ထဲက ခံစားချက်ကို ကိုယ်သာပင်သိနိုင်သည်လေ။
■



BURMESE CLASSIC .com

‘ကိုလေးရဲ့သစ္စာ’



BURMESE CLASSIC .com

သစ္စာဆိုသည်မှာ
ဇာတ်လမ်းအတွင်း၌ ပါဝင်သော
အမျိုးသမီးတစ်ယောက်၏ နာမည်ကို မဆိုလိုပါ။
ကိုလေးဆိုသော ယောကျ်ားတစ်ယောက်၏ ရင်တွင်း၌ရှိနေသော
အမှန်တရား (သစ္စာ)ကို ရည်ညွှန်းပါသည်။



BURMESE CLASSIC .com

အခန်း။ ၄၂။

အပိုင်းပိုင်းပြန့်ကျဲနေသော ပိုစတာအစိတ်အပိုင်းများကို
သစ္စာသည် တစ်ခုချင်းလိုက်ကောက်နေမိသည်။
ရင်ထဲမှာ နာကျင်မှုအရှိန်က ရှိုက်သံတို့ကို
တစ်ချက်တစ်ချက် လွင့်ပျံစေဆဲ။
သူ့ကိုလည်း ဘာမှမလုပ်ဘဲနဲ့ ဘာကြောင့်သူသည်
သစ္စာကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် လုပ်နေခဲ့ရတာလဲ။
သစ္စာ မစဉ်းစားတတ်။ ဒီနေ့ည တော်တော်ငိုလိုက်ရသည့်အတွက်
သစ္စာ စိတ်တွေပင်ပန်းကာ နွမ်းနယ်နေရသည်။
ဒီစက္ကူစတွေ သိမ်းပြီးတာနှင့် သစ္စာအနားယူရတော့မည်။
မနက်ဖြန်သည် သစ္စာအတွက်
ခွန်အားသစ်တွေဖြည့်ဆည်းပေးမည့် နေ့သစ်တစ်ခုဖြစ်ရမည်။
သူတို့တွေ ဘယ်လောက်ပဲ သစ္စာကို တံခါးပိတ်ထားပိတ်ထား
သစ္စာထွက်ချင်သည့်အချိန်မှာ သစ္စာသွားချင်သည့်နေရာကို
သစ္စာ သွားမှာပဲဖြစ်သည်။ အခုလောလောဆယ်တော့
ဘယ်ကို သွားရမှန်း သစ္စာ စဉ်းစားလို့မရသေး။



BURMESE CLASSIC .com

မနက်မိုးလင်းရင်တော့ စဉ်းစားလို့ရချင်ရမှာပေါ့လို့
သစ္စာ တွေးလိုက်မိသည်။
အဲဒီနောက် သစ္စာသည် အခန်းထဲမှ ထုပ်ပိုးစရာပစ္စည်းများကို
စိတ်ပါလက်ပါ ထုပ်ပိုးနေမိလေသည်။
ခုတင်ပေါ်မှာ အဝတ်များကို ခေါက်ရင်း
လူက ဘယ်လိုဘယ်ပုံ ဖြစ်သွားရသည်မသိ။
မျက်လုံးများက သူ့အလိုလိုစင်းကျလာကာ
အဝတ်ပုံကြားမှာပင် သစ္စာအိပ်ပျော်လို့ သွားလေသည်။
သစ္စာအိပ်ပျော်ပြီး ငါးမိနစ်လောက်ရှိတာနှင့်
သစ္စာကို ပိတ်ထားသော အခန်းတံခါးက
ဖြည်းညင်းစွာ ပွင့်သွားလေသည်။ နောက် ခုနက
သူ ကပ်ထားသော ပိုစတာများကို
မညှာမတာ ဆွဲဖြဲပစ်ခဲ့သော ယောကျ်ားတစ်ယောက်သည်
အခန်းထဲသို့ ပြန်ဝင်လာပြီး သစ္စာကိုယ်လေးကို
ဖွေ့ခနဲပင် မယူလိုက်ကာ
သူ့အခြေအရံများဖြင့် အိမ်ကြီးဘက်သို့
ခြေလှမ်းကျဲများဖြင့် ပြန်လျှောက်သွားလေသည်။
ဒါကိုတော့ နှစ်ခြိုက်စွာ အိပ်ပျော်နေသည့်
သစ္စာတစ်ယောက် လုံးဝ မသိလိုက်ပါ။ သူမ၏အိပ်မက်ထဲတွင်
ပိုစတာထဲက 'ရုပ်ရှင်မင်းသား သံလွင်'နှင့်များ
ရယ်ရယ်မောမော စကားတွေလက်ဆုံကျနေပြီလား မပြောတတ်ပါလေ။
■

အခန်း။ ၄၃။

သစ္စာ အိပ်ရာမှ နိုးလာသည့်အချိန်မှာ
လူတစ်ကိုယ်လုံး နူးညံ့နွေးထွေးနေသော
အနေအထားကို စတင်သတိထားမိလိုက်သည်။
မျက်လုံးများကို ဖြည်းညင်းစွာ ဖွင့်ကြည့်မိသည့်တစ်ခဏ
သစ္စာမြင်ဖူးနေသော အရာဝတ္ထုပစ္စည်းများကို
ပထမဦးဆုံး သစ္စာတွေ့ရှိလိုက်ရလေသည်။
ချက်ချင်းဆိုသလိုပင် သစ္စာနေထိုင်ခဲ့ဖူးသော အိမ်ကြီးပေါ်မှ
အိပ်ခန်းထဲကို ရောက်နေတာပါလားဆိုတာကို
မြန်မြန်ဆန်ဆန်ပင် သိရှိလိုက်သည်။
သစ္စာသည် ပခုံးပေါ်ထိ လွှမ်းခြုံထားသော ဂွမ်းစောင်အိအိကြီးကို
တင်းတင်းဆုပ်ကိုင်ထားရင်း အိပ်ရာပေါ်မှချက်ချင်းမထသေးဘဲ
အခြေအနေကို လေ့လာလိုက်သည်။
ဒီအခန်းထဲမှ သစ္စာအပြင် တခြားတစ်ယောက်ရှိနေသည်ဆိုတာကို
သစ္စာ၏စိတ်ထဲမှာ အလိုလိုသိလာသည်။
ထိုသူသည် သစ္စာ ကျောပေးထားသော

အနောက်ဘက်ခြမ်းနေရာတွင် ရှိနေသည်ဆိုတာကိုပါ
တစ်ဆက်တည်း သိလိုက်မိပြန်သည်။ သစ္စာသည်
ဂွမ်းစောင်ထဲမှနေ၍ အသံမထွက်အောင် ကျောပေးထားရာဘက်သို့
ကိုယ်ကို ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်လေသည်။
သူ သစ္စာ၏ပိုစတာများကို ပိုင်စိုးပိုင်နင်း ဆွဲဖြဲသွားခဲ့သောသူသည်
သစ္စာနိုးလာမည့်အချိန်ကို ကြိုတင်ကာ စောင့်နေသယောင်
သစ္စာလှည့်အကြည့်မှာ သူနှင့်မျက်လုံးချင်းဆုံမိလေသည်။
သစ္စာသည် ကိုယ်မမျှော်လင့်ထားသောနေရာမှာ ရောက်နေပြီး
ကိုယ်မထင်မှတ်ထားသောသူကို ရုတ်တရက်တွေ့လိုက်ရသော်လည်း
ရင်ထဲမှာ သိပ်ပြီး ထူးဆန်းမနေတော့ဘဲ
အိပ်ရာထဲမှာ လှဲလျက်ကပင် သူ့မျက်နှာကို ပြန်ကြည့်နေမိသည်။
သူသည် သစ္စာနိုးလာမှန်းသိတာနှင့်
သစ္စာအနားသို့ထိုင်ရာမှ ထလာခဲ့သည်။
သစ္စာအိပ်နေသောခုတင်ပေါ်သို့ သူလာအထိုင်မှာတော့
သစ္စာသည် ဆက်အိပ်နေဖို့ သတ္တိဘယ်လိုမှ မွေးလို့မရတော့ဘဲ
ထထိုင်ဖို့ပြင်လိုက်လေသည်။ ဒါပေမယ့်လည်း
နေးကွေးနေသော သစ္စာ၏လှုပ်ရှားမှုတွေက နောက်ကျသွားရသည်။
သူ၏မျက်နှာသည် သစ္စာ၏မျက်နှာနှင့် နီးကပ်စွာရောက်ရှိနေလေသည်။
အစိမ်းရောင် မျက်လုံးများကို
ဒုတိယအကြိမ်နီးကပ်စွာ တွေ့ဆုံရသည့်အခိုက်မှာ
သစ္စာ၏ရင်ခုန်သံတို့က ကျယ်လောင်စွာမြန်ဆန်လာရလေသည်။
သူ့မျက်နှာပေါ်တွင် ပထမတစ်ကြိမ်တုန်းကလို
မခန့်လေးစားအသွင်အပြင်တို့ကို မတွေ့ရတော့ပေမယ့်



BURMESE CLASSIC .com

သူတစ်ခုခုပြောဖို့ ပြင်ဆင်နေသည်ဆိုတာကို သစ္စာ ကြိုသိနေသည်။
'စကားနည်းနည်း ပြောချင်တယ်'
သူသည် သစ္စာမျက်နှာပေါ်အုပ်မိုးလျက်ကပင်
စကားတို့ကို ခပ်တိုးတိုးစပြောလေသည်။
သစ္စာသည် သူ့မျက်လုံးများကို အပြန်အလှန်ကြည့်မနေတော့ဘဲ
မျက်လွှာတို့ကို ချလိုက်မိသည်။
'ဘာဖြစ်လို့ အခန်းထဲမှာ ပိုစတာတွေလျှောက်ကပ်ထားရတာလဲ'
ဒီပိုစတာကိစ္စကို သူ့စိတ်ထဲမှာ
တော်တော်အခဲမကျေ ဖြစ်နေတာပါလားဆိုတာကို သိလိုက်ရ၍
သစ္စာစိတ်ထဲ တစ်စုံတစ်ခုကို အနိုင်ရလိုက်သလို ကျေနပ်သွားရသည်။
'ခင်ဗျား ဆေးရုံကဆင်းလာတာလည်း ကြာသေးတာမဟုတ်ဘူး။
နေကောင်းအောင်မနေဘဲ ဘာတွေလျှောက်လုပ်နေတာလဲ။
ဖြစ်ပြီးခဲ့တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ကျွန်တော့်ဘက်က
ချို့ယွင်းချက်တွေ၊ အမှားတွေအများကြီးရှိတယ်ဆိုတာ
ကျွန်တော် သိနေပါတယ်။ ခင်ဗျားခေါင်းမာသလို
ကျွန်တော်ကလည်း ခေါင်းမာတဲ့လူတစ်ယောက်ဆိုတော့
ကိုယ့်အမှားကိုယ် အစောကြီးကတည်းက သိနေပေမယ့်လည်း
အမှားကို ဝန်ခံဖို့အတွက် ကျွန်တော်ဝန်လေးနေမိတယ်။
အမှန်အတိုင်း ပြောရရင်တော့
ကျွန်တော် ရှက်နေတယ်ဆိုတာလည်း ပါပါတယ်။
အခုတော့ ကျွန်တော့်အတွက် ရှက်နေဖို့ အချိန်မရှိတော့ဘူးဆိုတာ
ကျွန်တော် သဘောပေါက်သွားပါပြီ။
ကျွန်တော့်မှာ အပြစ်ရှိပါတယ်'



BURMESE CLASSIC .com

သူ့စကားလုံးတွေက သစ္စာနှလုံးသားကို
ထင်သလောက် နူးညံ့ပျော့ပျောင်းမသွားစေပါ။
ခဏခဏဒဏ်ရာတွေ ရထားခဲ့သောနှလုံးသားက
အနာဖေးတွေ ဗလပွနှင့်မို့ တော်တန်ရုံစကားလုလုတွေဖြင့်
သစ္စာရဲ့နှလုံးသားကို အလွယ်တကူ မဆွဲဆောင်နိုင်တာကို
သူသိဖို့ ကောင်းသည်။ ဘာဖြစ်လို့များ ဒီစကားတွေကို
စစောပိုင်းကမပြောခဲ့ဘဲ အခုမှပြောဖို့ သူသတိရလာပါလိမ့်။
သူပြောသလိုမျိုး ရှက်နေတာဆိုရင်လည်း
အခုမှ ဘယ်လိုအကြောင်းတွေကြောင့် သူမရှက်ရတော့တာပါလိမ့်။
အို… ဘာပဲဖြစ်ဖြစ် ဒါကသူ့အပိုင်း
သစ္စာအပိုင်းက ခုလို သူစိတ်ကြည်သာနေတဲ့အချိန်မှာ
သစ္စာလိုချင်တာကို ထပ်တောင်းဖို့ ခုလိုအချိန်မှာ
ဒီကိစ္စကို သတိရလာတာကိုပဲ
ကိုယ့်ကိုယ်ကို ချီးကျူးလိုက်မိသည်။
သစ္စာသည် တံတွေးတစ်ချက်မျိုရင်း
သူ့မျက်လုံးများကို ရင်ဆိုင်လိုက်သည်။
'ကျွန်မကို ရှင်ခရီးက ပြန်လာတာနဲ့
ကွာရှင်းစာချုပ်လက်မှတ်ထိုးပေးမယ်ဆို။ ကျွန်မစောင့်နေတာ
ဘယ်လောက်ကြာပြီလဲ။ ရှင့်ကတိကို မဖျက်ပါနဲ့။
အဲဒီစာချုပ်ရတာနဲ့ ကျွန်မ ဒီအိမ်က သွားတော့မယ်'
'ဒီအိမ်ကသွားပြီး ဘယ်မှာသွားနေမှာလဲ'
'အဲဒါ ကျွန်မကိစ္စပါ'
သစ္စာကို ငုံ့မိုးကြည့်နေသော သူ့မျက်နှာပေါ်တွင်



BURMESE CLASSIC .com

အပြုံးရိပ်ပါးပါးက ထင်ဟပ်လာသည်။ သစ္စာရဲ့စကားမှာ
သူ့အတွက် ဘာရယ်ချင်စရာများပါသွားလို့လဲ။
သူ့မျက်လုံးများက သစ္စာမျက်နှာတစ်ခုလုံးကို
ဝေ့ဝဲကြည့်နေရာမှ သစ္စာနှုတ်ခမ်းများဆီသို့
အကြည့်တို့က ရုတ်တရက် ရပ်တန့်လေသည်။
သစ္စာ၏နှုတ်ခမ်းများဆီမှာရောက်ရှိနေသော သူ့အကြည့်တို့ကို
သစ္စာသည် ကြာရှည်သည်းမခံနိုင်စွာ သစ္စာပေါ်ဖိထားသော
သူ့ကိုယ်လုံးကို လက်ဖြင့်တစ်ချက် တွန်းလိုက်လေသည်။
သူ့ကိုယ်လုံးရွေ့မသွားသော်လည်း သူ့အကြည့်ရွေ့သွားသည့်အတွက်
သစ္စာ ကျေနပ်သွားသည်။
နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကြားမှ သူ့နှုတ်ခမ်းအစုံသည်
အပြုံးတစ်ခုကို ဖန်တီးလိုက်ပြီး သစ္စာခန္ဓာကိုယ်ပေါ်မှ
သူခန္ဓာကိုယ်ပေါ်ကိုလည်း ခွာလိုက်ပါသည်။
'ကျွန်တော့်ကတိ ကျွန်တော်မမေ့ပါဘူး။
ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်လည်းမနေ့ကမှ ပြန်ရောက်တာ။
စာချုပ်မှာ လက်မှတ်ထိုးဖို့ဆိုတာ ရှေ့နေနဲ့၊ အသိသက်သေနဲ့
အားလုံးတရားဝင်အောင် လုပ်ရတာ။
ပြီးပြီးရောလုပ်လို့ရတာ မဟုတ်ဘူး။
ခင်ဗျားပဲ ကျွန်တော်နဲ့ ခဏခဏပြန်မတွေ့ချင်ဘူး။
တစ်ခါတည်း ကိစ္စပြတ်သွားအောင် လုပ်ပေးဆို
အဲဒီလို တစ်ခါတည်း ကိစ္စပြတ်သွားအောင်လုပ်ဖို့ဆိုတာ
အချိန်နည်းနည်းတော့ ပေးဖို့လိုအပ်တာပေါ့'
သူပြောတာ ဟုတ်နေတယ်ဆိုတာကို စိတ်က လက်ခံပေမယ့်



BURMESE CLASSIC .com

အချိန်တွေပေးလာရတာလည်း ကြာကြာလွန်းတယ်လို့ တွေးမိသည်။
ဒီလူ တမင်သက်သက် အချိန်တွေဆွဲနေပြန်တာတော့
မဟုတ်လောက်ပါဘူးလို့ မှန်းဆကြည့်နေမိသည်။
'အခုလောလောဆယ် ခင်ဗျားကျန်းမာရေးက မကောင်းဘူး။
ညကလည်း ဆေးထိုးထားရတယ်။ အောက်အိမ်မှာနေဖို့ကိစ္စကို
ခင်ဗျားလုံးဝမစဉ်းစားနဲ့တော့။ ကျန်းမာရေးအရ
ခင်ဗျား ဒီအိမ်ပေါ်မှာပဲ နေသင့်တယ်လို့ ဆရာဝန်ကပြောတယ်။
စာချုပ်စာတမ်းကိစ္စ မပြတ်သေးခင်
ခင်ဗျားကျန်းမာဖို့က အရေးကြီးတယ်လေ။
အောက်က ပစ္စည်းတွေအားလုံးလည်း အပေါ်ကိုရွှေ့ပြီးသွားပြီ။
ဒီရက်ပိုင်းအတွင်း ဒီအခန်းထဲမှာပဲ ခင်ဗျား အေးအေးဆေးဆေးနေ။
ခင်ဗျားဖြစ်ချင်တာအားလုံးကို
ကျွန်တော်အမြန်ဆုံးလုပ်ပေးမယ် ဟုတ်ပြီလား'
သူက လှဲအိပ်နေသော သစ္စာနဖူးပြင်ကို
သူ့လက်ညှိုးဖြင့် တစ်ချက်တို့ရင်း အိပ်ရာပေါ်မှထသည်။
သူ့ဆီက သစ္စာလိုချင်တာကို
လိုက်လျောပေးသော စကားကို ကြားရတော့မှ
သစ္စာ ဘာကိုထပ်ပြီး အထွန့်တက်လို့ရဦးတော့မှာလဲ။
သူပြောတာတွေအားလုံးကလည်း အမှန်တွေဆိုတော့
ဒီအတိုင်းငြိမ်သက်နေလိုက်တာကပဲ အကောင်းဆုံးဖြစ်လိမ့်မယ်လို့
သစ္စာသတ်မှတ်လိုက်သည်။
'ညက တစ်ညလုံး ခင်ဗျားကိုစောင့်နေရတာနဲ့ မအိပ်ရသေးဘူး။
အခု ခင်ဗျားနိုးလာပြီဆိုတော့

တစ်ရေးလောက် သွားအိပ်လိုက်ဦးမယ်ဗျာ။
ဒေါ်သန်းမျက်နှာလာသစ်ပေးလိမ့်မယ်။ သူဝင်လာမှ အိပ်ရာကထ။
နို့မို့ဆို တစ်ယောက်တည်းခေါင်းမူးနေဦးမယ်။
ကဲ··· ကျွန်တော်သွားပြီ'
သူသည် ပြောပြောဆိုဆိုပင်
ထိုင်ရာမှထကာ ထွက်သွားလေတော့သည်။
ညဝတ်အင်္ကျီဖားဖားနှင့် သူ့ကျောပြင်ကိုလိုက်ကြည့်နေမိရင်း
သစ္စာရင်ထဲ ရင်ခုန်နှုန်းတို့က တဖြည်းဖြည်း တိုးလျော့သွားကြသည်။
ခုချိန်ကျမှ သံယောဇဉ်ဆိုသော စကားလုံး၏အဓိပ္ပာယ်ကို
သစ္စာ ခွဲခြားစိတ်ဖြာ မနေချင်တော့။
သစ္စာဆိုသော မိန်းမတစ်ယောက်သည်
သံယောဇဉ်ဆိုသော စကားလုံးကို
အကြောက်ကြီး ကြောက်သွားမိပြီလေ။
■



BURMESE CLASSIC .com

အခန်း။ ၄၄။
‘သစ္စာတို့ တကယ်ပဲကွာရှင်းကြတော့မလို့လား။
သန်ဘက်ခါ နေ့လယ် (၁)နာရီလောက်ကျရင်
ရှေ့နေကြီး အိမ်လာမယ်လို့ မောင်သန်းနိုင် ကိုလေးကိုပြောနေတာ
ဒေါ်သန်း ကြားလိုက်တယ်’
ဒေါ်သန်းစကားက ရေချိုးပြီးသနပ်ခါးလူးနေသော
သစ္စာကို စိတ်ဝင်စားသွားစေသည်။
သူ ကတိတော့တည်သားပဲလို့ပါ တစ်ဆက်တည်းတွေးလိုက်မိသည်။
‘သစ္စာ ဆုံးဖြတ်ချက်ကို မပြင်ချင်တော့ဘူးလား။
ကိုလေးကတော့ သစ္စာဆန္ဒအတိုင်း သူစီစဉ်ပေးရတာပါလို့ပြောတယ်။
အဲဒါတော့ ဒေါ်သန်းယုံတယ်။ ကိုလေးဟာ
သူ့သဘောအတိုင်းဆိုရင်တော့ သစ္စာကို
ဘယ်တော့မှ ကွာရှင်းပေးမှာ မဟုတ်ဘူး’
ဒေါ်သန်းက ပြောလိုက်ရင် သူ့လူဘက်ကကြီးပဲလို့
မကျေမနပ်ဖြစ်သွားမိသည်။
‘သစ္စာ ကိုလေးအပေါ်မှာ



BURMESE CLASSIC .com

နည်းနည်းလေးတောင် သံယောဇဉ်မရှိဘူးလားဟင်'
'သူကကော ကျွန်မအပေါ်မှာ သံယောဇဉ်ရှိလို့လား'
ဒီတစ်ခါတော့ သစ္စာသည် မအောင့်နိုင်တော့ဘဲ
ဒေါ်သန်းကို ပက်ခနဲပြန်ပြောလိုက်သည်။ ဒေါ်သန်းသည်
သစ္စာစကားကို စိတ်အနှောင့်အယှက်ဖြစ်ပုံမရဘဲ
မျက်နှာက အနည်းငယ်တောင် ပြုံးသွားရင်း
'သူ သံယောဇဉ်ရှိတယ်ဆိုရင် သစ္စာက သံယောဇဉ်ရှိမှာလား'
'ဒေါ်သန်း ဘာတွေလာမေးနေတာလဲ'
'ဒေါ်သန်း မေးတာကိုသာဖြေပါကွယ်။
သစ္စာသိသင့်တာတွေအားလုံး
ဒေါ်သန်း မဖုံးကွယ်ထားဘဲ အကုန်ပြောပြမယ်'
ဒေါ်သန်းစကားက သစ္စာကို တွေဝေသွားစေသည်။
ဒေါ်သန်း ဘာကိုဆိုလိုသလဲဆိုတာ
သစ္စာခေါင်းထဲမှာ ချက်ချင်းအဖြေမပေါ်။ ဒေါ်သန်းမျက်လုံးများက
ကြင်ကြင်နာနာဖြင့် သစ္စာကို ကြည့်နေလေသည်။
သစ္စာသည် ဖြီးလက်စဆံပင်များကို ဘီးဆံပတ်ပတ်ပြီး
ဘီရိုထဲမှ အနွေးထည်တစ်ထည်ကို သွားယူဝတ်ကာ
ဆိုဖာပေါ်တွင် ကျုံ့ကျုံ့လေးသွားထိုင်နေလိုက်သည်။
ဒေါ်သန်းသည် သစ္စာထိုင်နေရာအနားသို့ နောက်မှလိုက်လာပါသည်။
'သစ္စာလည်း ကိုလေးကို သံယောဇဉ်ရှိပါတယ်ကွယ်'
'ဒေါ်သန်းက ဘာကိုကြည့်ပြီး သေချာနေရတာလဲ'
'သစ္စာရဲ့ အမူအရာတွေကို ကြည့်ပြီး သိနေရတာပေါ့'
'သစ္စာလည်း ဘာမှမလုပ်မိပါလား'

'အဲဒီ ဘာမှမလုပ်တာကိုကပဲ သစ္စာ
ကိုလေးအပေါ်ထားတဲ့ သံယောဇဉ်ကို ပြနေတာပေါ့ သစ္စာရယ်'
သစ္စာသည် ခေါင်းတွေရှုပ်လာကာ ဒေါ်သန်းကို
ဘုကြည့်ကြည့်လိုက်မိလေသည်။ ဒေါ်သန်းသည်
သစ္စာကို ပြုံးပြရင်း သူ့စကားကို အပြတ်မခံဘဲ
ခပ်မြန်မြန်ပင် ဆက်ပြောသည်။
'သစ္စာဟာ ကိုလေးမကြိုက်တာဆို
ဘယ်တုန်းကမှမလုပ်ခဲ့ဘူးလေ။ ကိုကိုကြီးစကားတွေကိုလည်း
သစ္စာရဲ့သိစိတ်က နားမထောင်ချင်ပေမယ့်
မသိစိတ်ကတော့ တစ်သဝေမတိမ်းနားထောင်ပေးခဲ့တယ်။
ကိုကိုကြီးစကားကို နားထောင်ပြီး
သစ္စာဒီအိမ်ပေါ်ကို စရောက်လာတယ်ဆိုကတည်းက
ကိုလေးအပေါ်ထားတဲ့ သစ္စာရဲ့သံယောဇဉ်
တစ်စွန်းတစ်စကို စပြတာပဲ။ အဲဒီလိုပဲ
ဒီအိမ်ပေါ်မှာနေခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ
သစ္စာရဲ့အလိုက်သိတတ်မှုတွေက ကိုလေးအတွက်
သစ္စာအပေါ်သံယောဇဉ်တွေ ဖြစ်စေခဲ့တယ်။
တစ်ခုပဲ အနီးစပ်ဆုံး ဒေါ်သန်း ဥပမာပြောမယ်။
ဟိုတစ်နေ့ညက ဖြစ်ခဲ့တဲ့ကိစ္စမှာပဲကြည့်
ကိုလေးမကြိုက်လို့ ဆွဲဖြဲပစ်ခဲ့တဲ့ ပိုစတာတွေနဲ့ပတ်သက်ပြီး
အဲဒီအချိန်လေးမှာပဲ သစ္စာဒေါသထွက်ချင်ထွက်နေခဲ့မိမယ်။
အခုချိန်မှာတော့ ကိုလေးမကြိုက်မှန်းသိလို့
အဲဒီပိုစတာတွေနဲ့ ပတ်သက်ပြီး

သစ္စာမေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့ပြီ မဟုတ်လား'
အဲဒီလိုကြီး တသမတ်တွေးလို့တော့လည်း မရပါဘူးလို့
သစ္စာ စဉ်းစားနေမိသည်။ ကွာရှင်းစာချုပ်မှာ
သူ လက်မှတ်ထိုးမပေးမှာကိုပဲ စိုးရိမ်ပြီး
သူ့ကိုသိပ်အတိုက်အခံတွေ ပြန်ပြန်မလုပ်မိတာကပဲ
သစ္စာက သူမကြိုက်တာကို မလုပ်ဘူးဆိုတဲ့
ပုံသဏ္ဍာန် ဖြစ်ပေါ်စေတယ်တဲ့လား။
သစ္စာရင်ထဲက အကြောင်းအရာတွေနဲ့ပတ်သက်ပြီး
ဒေါ်သန်းမှန်မှန်ကန်ကန် သိစရာမလိုအပ်ပေမယ့်
ဒီအချိန်မှာတော့ သူ့စိတ်ထဲကအကြောင်းအရာတွေကိုတော့
သစ္စာ မှန်မှန်ကန်ကန်ပင် သိချင်လာမိသည်။
ဒါပေမယ့်လည်း ကိုယ့်အကြောင်းအရာပြောပြမှ
သူ့အကြောင်းအရာကို သိရမယ်ဆိုရင်လည်း မဖြစ်နိုင်သေးပါ။
လူတိုင်းလူတိုင်းမှာ လျှို့ဝှက်ချက်ဆိုတာကတော့ ရှိသင့်သည်ပဲလေ။
'သစ္စာ ကိုလေး အခုအပြင်သွားတယ်။
ညနေလောက်မှ ပြန်ရောက်လိမ့်မယ်။ သူမရှိတုန်း
သစ္စာကို ဒေါ်သန်း တစ်ခုပြချင်တာရှိတယ်။
သစ္စာစိတ်ဝင်စားတယ်ဆိုရင် ဒေါ်သန်းနောက်လိုက်ခဲ့'
ဒေါ်သန်းက သစ္စာနံဘေးထိုင်နေရာမှ
ပြောပြောဆိုဆို မတ်တတ်ထရပ်လိုက်ပေမယ့် သစ္စာမှာ
ရုတ်တရက် သူ့နောက်ထလိုက်ရမှာကို ဝန်လေးနေမိလေသည်။
ဒေါ်သန်းသည် မလှုပ်မယှက်ထိုင်မြဲထိုင်နေသော
သစ္စာကို နားလည်စွာကြည့်ရင်း…



BURMESE CLASSIC .com

ချော့မော့သောလေသံနှင့် စကားပြောပါသည်။
'သစ္စာ စဉ်းစားချိန်ရအောင်လို့ ဒေါ်သန်းပြောရတာပါကွယ်။
နောင်တဆိုတာ ဆေးတစ်ခွက်တော့ မဟုတ်ဘူးသစ္စာ'
ဒေါ်သန်းစကားက အဓိပ္ပာယ်ရှိလှတာမို့
သစ္စာသည် ထိုင်နေရာမှ ဖြည်းညင်းစွာထရပ်လိုက်သည်။
နောက် ဒေါ်သန်း ဦးဆောင်ရာနောက်သို့
စဉ်းစားစရာပေါင်း မြောက်မြားစွာနှင့်
ငြိမ်သက်ပြီး လိုက်ပါလာခဲ့လေသည်။

အခန်း။ ၄၅။
'ဒါ... ကိုလေးအခန်းပဲ'
ကျွန်းကနုတ်ပန်းများဖြင့် ဒီဇိုင်းဖော်ထားသော
အခန်းတစ်ခု၏တံခါးကိုဖွင့်ရင်း ဒေါ်သန်းပြောပြတော့မှ
သူနှင့်သစ္စာသည် အပေါ်ထပ်တစ်ထပ်ထဲတွင်
တူတူနေသော အဖြစ်ကို သိရတော့သည်။
ဒေါ်သန်း အခန်းထဲကို ဝင်လာတော့
သစ္စာလည်း အနောက်မှနေ၍ လိုက်ဝင်လာမိသည်။
အခန်း၏ဘယ်ဘက်ခြမ်းကို ကြည့်မိသည့်ခဏမှာ
အဖိုးတန်နံရံကပ် TV သုံးလုံးက ကြီးစဉ်ငယ်လိုက်ရှိနေပြီး
လူတစ်ရပ်နီးပါး Sound Box များ၊ ကက်ဆက်များကလည်း
သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ်ရှိနေကြသည်။
TV ရှေ့တွင် အညိုရောင်ဖျော့ဖျော့ ဆိုဖာအရှည်တစ်လုံးကို ချထားပြီး
အဲဒီနောက်မှာတော့ လေ့ကျင့်ခန်းလုပ်သည့်
အားကစားစက်များကို တွေ့ရလေသည်။ ညာဘက်ခြမ်းမှာတော့
အဖြူရောင်နှစ်ယောက်အိပ်ရာကြီးက



BURMESE CLASSIC .com

သစ္စာအခုအိပ်နေသော အခန်းကအိပ်ရာနှင့်တစ်ပုံစံထဲပင်။
ဒေါ်သန်းက သစ္စာအခန်းကို လှေ့လာနေတုန်းမှာပင်
သူ့အိပ်ရာ၏ ခေါင်းရင်းဘက်ခြမ်း
စားကြည့်စားပွဲဘေးနားမှာ သွားရပ်နေခဲ့သည်။
သစ္စာက သူ့နားမသွားဘဲ အိပ်ခန်းဝနားမှာသာ
မတ်တတ်ရပ်နေသည့်အတွက်
'ဒီကိုလာလေ သစ္စာ' လို့ လှမ်းခေါ်လေသည်။
သစ္စာသည် သက်ပြင်းတစ်ချက်ကို ခပ်တိုးတိုးချရင်း
ဘာလို့များ 'ဒီအခန်းထဲထိလိုက်လာရတာပါလိမ့်' ဆိုတာကို
နားမလည်စွာဖြင့် ဒေါ်သန်းအနားလျှောက်သွားမိလေသည်။
ဒေါ်သန်းသည် အနားရောက်လာသော သစ္စာမျက်နှာကို
ခပ်ပြုံးပြုံးကြည့်ရင်း 'ဟိုမှာကြည့်စမ်း သစ္စာ' လို့
အိပ်ရာခြေရင်းမှ နံရံကို ညွှန်ပြလေသည်။
သစ္စာသည် ဒေါ်သန်းညွှန်ပြရာနေရာဆီသို့ မျက်လုံးအရောက်မှာတော့
ရင်ထဲမှာ တစ်ခါမှမခံစားဖူးသော အံ့သြမှုတစ်ခုကို
တုန်လှုပ်စွာ ခံစားလိုက်ရလေသည်။
■



BURMESE CLASSIC .com

အခန်း။ ၄၆။

သစ္စာသည် နံရံတစ်ခုလုံးပြည့်နီးပါးကြီးမားလှသည့်
ဓာတ်ပုံကြီးကို ကြည့်ပြီး
တစ်လောကလုံးပင် သတိမရနိုင်တော့လောက်အောင်
အချိန်အတော်ကြာကြာ ငေးမောနေခဲ့မိလေသည်။
အဖြူရောင် ကနုတ်ပန်းသေးသေးလေးများနှင့် ဘောင်သွင်းထားသော
ဓာတ်ပုံကြီးထဲမှ ပုံရိပ်သည် ကိုယ့်ပုံဆိုတာကို သေချာလေလေ
သစ္စာရင်ထဲမှာ မယုံကြည်နိုင်လောက်အောင် အံ့သြရလေလေဖြစ်သည်။
ထိုဓာတ်ပုံသည် သစ္စာနှင့်သူ လက်မှတ်ထိုးသည့်နေ့က
ရိုက်ထားသောပုံမှန်း အဝတ်အစားများကို ကြည့်ခြင်းအားဖြင့်
သစ္စာမှတ်မိနေပါသည်။ ဓာတ်ပုံသည်
သူ့ဘက်မှ ရိုက်ထားသောအနေအထားမို့ သူ့မျက်နှာသည်
ပုံထဲတွင် ဘေးတစ်စောင်းဖြစ်နေပြီး Focus ကလည်း
သိပ်မပြတ်လှဘဲ ခပ်ဝါးဝါးဖြစ်နေပါသည်။
ပြတ်သားကြည်လင်ပြီး မျက်နှာတစ်ခုလုံးအတိအကျပါနေတာက
သစ္စာ၏ပုံပင် ဖြစ်လေသည်။ သစ္စာ ဓာတ်ပုံထဲတွင်



BURMESE CLASSIC .com

သူ့မျက်နှာကို ကြည်လင်သော မျက်နှာထားနှင့်
တည်တည်ကြည်ကြည်လေး ကြည့်နေလေသည်။
သစ္စာ၏နှုတ်ခမ်းပေါ်တွင် အပြုံးရိပ်တို့မရှိသော်လည်း
သူ့ကို ကြည့်နေသော မျက်လုံးထဲတွင်တော့…
သစ္စာသည် ကိုယ့်ပုံကိုယ် ကြည့်ရင်းကြည့်ရင်းနဲ့မှ
တဖြည်းဖြည်းရှက်လာရလေသည်။ ယောကျာ်းတစ်ယောက်ကို
ဒီလိုမျက်လုံးတွေနှင့် ကြည့်ခဲ့ဖူးတာကိုလည်း
ကိုယ့်ဟာကိုယ် အံ့သြနေရသည်။ သူများတကာက
နင် အဲဒီယောကျာ်းကို
အဲဒီလိုမျက်လုံးတွေနဲ့ကြည့်ခဲ့ဖူးတယ်လို့ ပြောလာရင်တောင်
သစ္စာသည် အကြောက်အကန် ငြင်းဆန်ကာကွယ်မိဦးမှာ။
အသေအချာပင် အခုတော့
ကိုယ်တိုင်လက်တွေ့မြင်နေရသည့် အနေအထားမို့
သစ္စာသည် ဒေါ်သန်းရှေ့မှာ ဘယ်လိုနေရမှန်းမသိကာ
စိတ်ထဲမှာလည်း ကျဉ်းကျပ်သွားလေသည်။
'ဒီပုံက သစ္စာတို့နှစ်ယောက်လက်ထပ်တဲ့နေ့က
မောင်သန်းနိုင်ရိုက်ပေးခဲ့တဲ့ ပုံလေ။ ကိုလေးကိုယ်တိုင်
ဒီပုံကို နိုင်ငံခြားမှာသွားကူးပြီး သူ့ခုတင်ခြေရင်းမှာ
မြတ်မြတ်နိုးနိုး ချိတ်ဆွဲထားခဲ့တာ
သူ့အိပ်ခါနီးတိုင်း မြင်ရအောင်လို့တဲ့လေ။
သူသံယောဇဉ်မရှိတဲ့ မိန်းမတစ်ယောက်ပုံကို
ဒီလိုမျိုး လေးလေးနက်နက် ချိတ်ဆွဲထားမယ်လို့ သစ္စာထင်သလား'
ဒေါ်သန်းစကားက ဒီတစ်ခါတော့ သစ္စာနှလုံးသားကို



BURMESE CLASSIC .com

တည့်တည့်ပင် လာထိလေသည်။ ဟုတ်ပါရဲ့၊ သစ္စာပုံကို
ဘာဖြစ်လို့များ ဒီလိုချိတ်ထားရပါလိမ့်ဆိုတာကို တွေးမရဖြစ်နေသည်။
'ဒေါ်သန်း ပြောဖူးပါတယ်။ ကိုလေးဟာ သူ့စိတ်ထဲခံစားရတာကို
လူသိအောင်ထုတ်ပြဖို့ သိပ်ဝန်လေးတယ်ဆိုတာလေ။
ကိုကိုကြီးက သစ္စာနဲ့ကိုလေးကို လက်ထပ်ပေးဖို့လုပ်တဲ့အချိန်က
ပြဿနာဖြစ်ခဲ့ကြတာမှန်ပေမယ့် သစ္စာမသိအောင်
ကိုလေးက သစ္စာကို လာကြည့်ပြီးမှ လက်ထပ်ဖို့သဘောတူခဲ့တာပါ။
သူ့ရင်ထဲမှာ ဘာရှိတယ်ဆိုတာ ဒေါ်သန်းတို့
အမှန်အတိုင်း မမြင်နိုင်ပေမယ့် ကိုကိုကြီးကို ငြိုးကျတဲ့စိတ်နဲ့
သစ္စာကို မခံချင်အောင် အရွဲ့တိုက်ခဲ့တာဆိုတာကိုတော့
ဒေါ်သန်း ခန့်မှန်းကြည့်လို့ရခဲ့ပါတယ်။
ဒါပေမယ့်လည်း သူဘယ်လိုပဲလုပ်လုပ် သစ္စာက
ငြိမ်ငြိမ်သက်သက် သည်းညည်းခံခဲ့တဲ့အတွက်
အခု သူထုတ်ပြရမှာ ဝန်လေးတဲ့အရာတွေကို
သစ္စာ သိလာအောင် သူတဖြည်းဖြည်းကြိုးစားလာရှာပါတယ်'
သစ္စာသည် ဒေါ်သန်းစကားတွေကို နားထောင်နေရင်းမှ
ရင်ထဲမှာ မောလာရသည်။ ဒေါ်သန်းစကားတွေက
သစ္စာနားထဲမှာ ယုံရခက်ခက် မယုံရခက်ခက်။
'သစ္စာ ဆေးရုံမှာသတိလစ်နေတဲ့ နှစ်ရက်လုံးလုံး
သစ္စာအနားမှာ ကိုလေးရှိနေခဲ့ပါတယ်ကွယ်။
သူ့အလုပ်တွေကိုတောင် လစ်လျူရှုပြီး
သစ္စာကို စိတ်ပူနေခဲ့တယ်။ သစ္စာမျက်လုံးပွင့်လာတဲ့အချိန်ကျမှ
သစ္စာအနားက သူ ထွက်သွားခဲ့တာပါ။ ဒါတွေကို သူက

သစ္စာကို ပြန်မပြောရဘူး ပြောထားတဲ့အတွက်
ဒေါ်သန်းတို့လည်း မပြောခဲ့ရတာပါ။
အခုတော့ အကြောင်းစုံကိုမသိရင် သစ္စာတို့နှစ်ယောက်
တကယ်ကွဲသွားကြမှာကိုစိုးလို့ ဒေါ်သန်းထုတ်ပြောရတော့တာပါ။
ကိုလေး သစ္စာကို ချစ်ပါတယ်ကွယ်’
သစ္စာသည် ဒေါ်သန်းကို ဘာပြန်ပြောရမှန်းမသိအောင်ကို
ရင်ထဲမှာ နှံ့းချည့်သွားရလေသည်။ သစ္စာသတိလစ်နေသည့် နှစ်ရက်မှာ
ကိုလေး သစ္စာအနားမှာရှိနေပါသည် ဆိုသောစကားက
သစ္စာ၏နှလုံးသားအား အမျိုးအမည်မခွဲခြားနိုင်သည့်
ခံစားမှုတစ်ခုကို ပေးလေသည်။ သူသည်
ထိုကဲ့သို့သော အရာတွေကို သစ္စာသိမြင်လာအောင် ဖော်ပြဖို့အတွက်
ဘာကြောင့်များ ဝန်လေးခဲ့ရတာပါလိမ့်။
သစ္စာဟာ သူနဲ့အဆင့်ချင်း မတူလို့လားဆိုတာကို
သစ္စာ စဉ်းစားနေမိသည်။
‘ဒီမှာ ကြည့်ပါဦး သစ္စာ’
ဒေါ်သန်းအသံကြောင့် သစ္စာသည် ဒေါ်သန်းရှိရာသို့လှမ်းကြည့်မိသည်။
ဒေါ်သန်းသည် TV တွေထားသောနေရာတွင် ရပ်နေပြီး
ခလုတ်တစ်ခုကို ဖွင့်ပြလိုက်ပါသည်။
TV ဖန်သားပြင်ပေါ်မှာ ပေါ်လာသော မြင်ကွင်းက
သစ္စာနေထိုင်ခဲ့သော အလုပ်သမားတန်းလျားဘေးက
အခန်းကျဉ်းကလေးနှင့် ယခုလက်ရှိနေသော
သစ္စာ၏အိပ်ခန်းအတွင်းပိုင်း မြင်ကွင်းများ ဖြစ်သည်။
သစ္စာနေသော အခန်းများကို



BURMESE CLASSIC .com

ဘာကြောင့် TV ပေါ်မှာမြင်နေရတာပါလိမ့်လို့
ဝေဝေဝါးဝါး စဉ်းစားနေစဉ်မှာပင် ဒေါ်သန်းက ရှင်းပြလေသည်။
'သစ္စာ ဆေးရုံက ပြန်မဆင်းလာခင်ကတည်းက
အခန်းနှစ်ခုလုံးမှာ ကိုလေးက ကင်မရာတွေတပ်ထားခဲ့တယ်။
ဒေါ်သန်းရဲ့အိပ်ခန်းထဲမှာလည်း သစ္စာကို စောင့်ကြည့်နိုင်ဖို့အတွက်
TV တွေ တပ်ပေးခဲ့တယ်။ သူမရှိတဲ့အချိန်တွေမှာ
ဒေါ်သန်းရဲ့တာဝန်ပေါ့။ သစ္စာကို အတင်းအကျပ်လုပ်လို့မရတာ
သူကသဘောပေါက်ပြီးသား သစ္စာဆေးရုံက ဆင်းတာနဲ့
အိမ်ပေါ်မှာထားဖို့ ပြောထားခဲ့ပေမယ့် သစ္စာစိတ်မပါရင်
အောက်အိမ်မှာပဲနေဖို့ သူ ခွင့်ပြုခဲ့တယ်။
ဒါပေမယ့်လည်း သူ သစ္စာကို စိတ်မချတော့တဲ့အတွက်
ခုလို ကင်မရာတွေတပ်ပြီး သစ္စာကို
အချိန်ပြည့်စောင့်ကြည့်ခိုင်းတော့တာပဲ။
သစ္စာ ကားတိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး သူဖွင့်မပြောပေမယ့်
သူ ဘယ်လောက်စိတ်ထိခိုက်ရတယ်ဆိုတာ
ဒေါ်သန်းနဲ့ မောင်သန်းနိုင်အသိဆုံးပါ။
ဟိုတစ်နေ့ညက ဆိုရင်လည်း သစ္စာနဲ့သူ ရန်ဖြစ်ပြီး
အိပ်ဆေးအရှိန်နဲ့ သစ္စာ အိပ်ပျော်သွားတော့မယ့်အချိန်ကို
သူ စောင့်ကြည့်နေပြီး သစ္စာအိပ်ပျော်သွားတာနဲ့
သူကိုယ်တိုင် ပွေ့ချီပြီး ဒီအိမ်ပေါ်ခေါ်လာခဲ့တာပါကွယ်။
ညတွင်းချင်း ဆရာဝန်ခေါ် ဆေးထိုးပေးနဲ့
ဆရာဝန်လည်း ပြန်သွားရော ဒေါ်သန်းတို့ကို ဘာပြောလဲသိလား
'ကျွန်တော့်မိန်းမ ပိန်သွားလိုက်တာဗျာ' တဲ့။



BURMESE CLASSIC .com

သစ္စာသည် ဒေါ်သန်း၏စကားလုံးတွေကြားမှာ
ခေါင်းငိုက်စိုက်ကျသွားရလေသည်။ ဒါတွေဟာ တကယ်ပဲတဲ့လား။
အကြောင်းအရာတွေအားလုံးကလည်း
ယုံကြည်နိုင်လောက်စရာ အချက်အလက်တွေနှင့် ပြည့်စုံလွန်းလှသည်။
သစ္စာ ဒေါ်သန်းကို ဘာတွေများပြန်ပြောရပါ့။
သစ္စာ သူ့ကို ပြောပြီးခဲ့သောစကားတွေကို
ဘယ်လိုအကြောင်းကြောင်းနဲ့မှ ပြန်မနုတ်ယူချင်တော့ပါ။
သစ္စာ သူ့အတွက် အချိန်တော်တော်များများကို ပေးဆပ်ခဲ့ပြီးပြီလေ။
နောက်ဆုံးပေးဆပ်ရမယ့် ပေးဆပ်ရမှုကြီးက
ရင်နှင့်မမျှအောင် ကြီးမားဦးမယ်ဆိုရင်တော့
အားလုံးဟာ သစ္စာရဲ့ ကံပါပဲလေ။
■



BURMESE CLASSIC .com

အခန်း။ ၄၇။
သစ္စာသည် ပြတင်းပေါက်ဝမှတစ်ဆင့်
ခြံဝင်းအတွင်းသို့ လှမ်းကြည့်နေမိသည်။ လူရိပ်လူယောင်
တစ်ယောက်တလေတောင် သစ္စာမတွေ့ရပါ။
မြင်ခင်းစိမ်းစိမ်းနှင့် ရေကူးကန်ပြာပြာတို့သည်
နေရောင်အောက်တွင် ကြည်နူးစရာ လှပနေကြသည်။
သစ္စာ ညက တစ်ညလုံး အိပ်မပျော်ခဲ့ပါ။ ကိုယ်ကိုယ်တိုင်
အိပ်မပျော်သော်လည်း စောင့်ကြည့်နေကြတဲ့သူတွေပါလိုက်ပြီး
အိပ်မပျော်ကြမှာကို သတိရနေတာမို့ တစ်ညလုံး
စောင်ခြုံထဲမှာပဲ မလှုပ်မရှားနေခဲ့ရသည်။ သစ္စာအတွက်
ဘယ်သူ့ကိုမှ စိတ်အနှောင့်အယှက် မဖြစ်စေချင်တော့ပါဘူးလေ။ ဒါသည်
သစ္စာရင်တွင်းမှာ အမှန်တကယ် ပေါ်ပေါက်လာသော သူတို့အတွက်
စေတနာပင် ဖြစ်လေသည်။
သစ္စာသည် မနက် (၆) နာရီထိုးတာနှင့် ရေမိုးချိုး၊ အဝတ်အစားလဲပြီး
အခန်းထဲမှ ဆိုဖာလေးပေါ်မှာပင် ငြိမ်ငြိမ်သက်သက် ထိုင်နေခဲ့သည်။
(၇) နာရီထိုးလျှင်



BURMESE CLASSIC .com

ဒေါ်သန်းက သစ္စာအတွက် မနက်စာလာပို့တာကို စောင့်ရဦးမှာဖြစ်ပြီး
ဒေါ်သန်းကိုယ်တိုင် တိုက်သော
ဆေးကိုလည်း သောက်ရဦးမည်ဖြစ်သည်။
မနေ့က တစ်ညလုံး အတွေးတွေ ကစဉ့်ကလျားနှင့်
လူက အိပ်မပျော်ခဲ့တာမို့ ဒီနေ့မနက် လူက
လန်းလန်းဆန်းဆန်း ဖြစ်မနေတာကတော့ အမှန်ပင်။
ခေါင်းကလည်း ရီဝေဝေဖြစ်နေသည်မို့
သစ္စာသည် ဆိုဖာပေါ်မှာ ခေါင်းမှီပြီး
ဒေါ်သန်းလာမည့် အချိန်ကိုပဲ စောင့်နေလိုက်ပါသည်။
တံခါးချပ်ခနဲ ဖွင့်သံကြားရသည့်အချိန်မှာ သစ္စာအခန်းဝကို
လှမ်းကြည့်မိတော့ အခန်းတွင်းဝင်လာသူမှာ ဒေါ်သန်းမဟုတ်ဘဲ
သူ ဖြစ်နေလေသည်။ သစ္စာသည် သူနှင့်ရင်ဆိုင်ဖို့အတွက် ဘယ်တုန်းကမှ
စိတ်ထဲမှာ မတွန့်ဆုတ်ဖူးခဲ့သော်လည်း ဒီတစ်ခါတော့ သူ့မျက်နှာကို
ကြည့်ရမှာ စိတ်ထဲလေးလံနေခဲ့သည်။ သူသည်
သစ္စာ၏ အနေခက်နေမှုကို မရိပ်မိစွာ
သစ္စာထိုင်နေသော ဆိုဖာခုံဘေးတွင် မတ်တတ်လာရပ်ပါသည်။
သူ ရောက်လာတာနှင့် သစ္စာသည် ဆက်ထိုင်နေရမှာကို
အားနာသည့်စိတ်က ဘယ်က ဘယ်လို ဝင်လာရမှန်းမသိကာ
အလိုလို မတ်တပ်ထရပ်လိုက်မိလေသည်။
'ဒေါ်သန်း မလာသေးဘူးလား'
သူ့အသံက တကယ့်ကို အေးအေးဆေးဆေးပင် သစ္စာသည်
သူ့မေးခွန်းကို ခေါင်းခါပြလိုက်ပါသည်။
'မနက်ဖြန် ညနေ (၄)နာရီ ရှေ့နေနဲ့ ချိန်းထားပြီးပြီ



BURMESE CLASSIC .com

ခင်ဗျား အဆင်သင့် လုပ်ထားနိုင်အောင် ပြောတာပါ။
အသိသက်သေအတွက် ကျွန်တော့် မိတ်ဆွေတွေလည်း လာလိမ့်မယ်။
ခင်ဗျားဘက်က ဘာတွေလိုသေးလဲ'
တည်တည်ငြိမ်ငြိမ် ပြောနေသော
သူ့စကားသံတွေကို နားထောင်ရင်း
ဘာကြောင့်မှန်းမသိ သစ္စာစိတ်ထဲ အလိုလို ဝမ်းနည်းလာရသည်။
အဲဒီလို ဝမ်းနည်းမိသည့်အတွက်လည်း ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်ရင်း
သစ္စာသည် အသံကို ငိုသံမပါအောင် ထိန်းရင်း
သူ့ကို စကားပြောလိုက်မိသည်။
'လက်မှတ်ထိုးပြီးတာနဲ့ ကျွန်မ ဒီအိမ်က ချက်ချင်း ထွက်ပါ့မယ်။
ကားအသစ်ကိုလည်း ကျွန်မ မယူပါဘူး'
စိတ်ထဲရှိရာ ပြောလိုက်သော သစ္စာစကားအဆုံးမှာ
သူ့ဘက်က ဘာသံမှ ပြန်မလာဘဲ အခန်းထဲတွင်
အတန်ကြာ တိတ်ဆိတ်သွားလေသည်။
သူဘာတွေ စဉ်းစားနေလဲဆိုတာကို သစ္စာ မခန့်မှန်းတတ်သော်လည်း
သစ္စာ စဉ်းစားနေတာတွေကို သူရိပ်မိသွားမှာစိုးတာကြောင့်
သူ့မျက်နှာကို သစ္စာ မော့မကြည့်ဖြစ်ဘဲ ခေါင်းကို ငုံ့ထားမိလေသည်။
သို့သော်လည်း နှစ်ယောက်သား တိတ်ဆိတ် ငြိမ်သက်မှုက
ဒေါ်သန်း အခန်းထဲကို ဝင်လာသည့်အချိန်မှာဘဲ ပြိုကွဲသွားလေသည်။
သူသည် ဒေါ်သန်း အခန်းထဲကို ဝင်လာတာနှင့် ဘာမှ ဆက်မပြောတော့ဘဲ
အခန်းထဲမှ ပြန်လည် ထွက်ခွာသွားလေသည်။
သူအခန်းထဲမှ ထွက်သွားတာနှင့် သစ္စာရင်ထဲ တလှပ်လှပ် ဖြစ်လာကာ
ခေါင်းတွေလည်း ချာချာလည်လာရတာကြောင့်



BURMESE CLASSIC .com

ဆိုဖာပေါ်မှာ အသာအယာ ထိုင်ချရင်း နောက်မှီပေါ်မှာ ခေါင်းတင်ကာ မျက်လုံးတွေကို မှိတ်ထားလိုက်မိလေသည်။

မျက်လုံးမှိတ်မှိတ်ချင်း ပထမဆုံး ပေါ်လာသည်မှာ သူ့ပုံရိပ်ဖြစ်သည်။

အခန်း။ ၄၈။

မျက်လုံးမှိတ်မှိတ်ချင်း ပထမဆုံး ပေါ်လာသည်မှာ သူ့ပုံရိပ်ဖြစ်သည်။
ဒီယောကျ်ားတစ်ယောက်နှင့် ပတ်သက်ခဲ့ရသည့် အချိန်ကစလို့
သစ္စာမှာ ခံစားခဲ့ရတာတွေက တနင့်တပိုး ဖြစ်နေခဲ့သည်။
အေးချမ်းစွာ အစဉ်အမြဲ ရှိနေခဲ့သော
သစ္စာစိတ်တို့ကို အမျိုးမျိုး ခံစားတတ်လာအောင် သူသင်ပေးခဲ့သည်။
... ကြေကွဲမှုတွေ
... နာကြည်းမှုတွေ
... ခါးသီးမှုတွေ ထိတ်လန့်မှုတွေ
... အို အစုံအစုံပါပဲလေ
သူနဲ့ ပတ်သက်လို့ ရရှိလာတဲ့ ဒေါသ၊ မာန၊ အတ္တတို့ကလည်း
လူတစ်ကိုယ်လုံးကို တစ်မျိုးစီ အလှည့်ကျ ဖုံးလွှမ်းနေခဲ့ကြသည်။
အဲဒီလို အမြဲခံစားပြီး အဲဒီလို အမြဲ ဖုံးလွှမ်းခံနေရမှတော့
ဘယ်လိုလုပ်ပြီး အမှန်တရားဆိုတာကို သစ္စာ မြင်နိုင်တော့မှာတဲ့လဲ။
ဩော်... သူနဲ့ လမ်းခွဲဖို့ နောက်ဆုံးအချိန်တွေကို ရောက်လာကာမှ
သစ္စာစိတ်တွေ တွေဝေခဲ့ရပြီ။



BURMESE CLASSIC .com

သူ့အခန်းထဲကို ရောက်ဖူးသွားပြီး နောက်ပိုင်းအချိန်တွေကစလို့
သစ္စာ၏ ဆုံးဖြတ်ချက်တွေ မပြတ်မသားဖြစ်ကုန်ခဲ့ရပြီ
ဒါပေမယ့် ဒါတွေကို သူသိနိုင်တော့မည် မထင်
သူ့ကို ဒီနေ့ တွေ့ရသည့် တစ်ခဏ
သူ့မျက်နှာကို ကြည့်ရသည်မှာ တည်ငြိမ်အေးဆေးလွန်းလှသည်။
ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးဖို့ ကိစ္စကို ပြောစဉ်ကလည်း
သူ့အသံတွေက တုန်လှုပ်ခြင်းမရှိ ပုံမှန်ပင် ပြောသွားနိုင်သည်။
သူ့ပုံစံက သူ့စိတ်ထဲမှာ သစ္စာရှိနေပါတယ်ဆိုတာ တကယ့်ကို မယုံနိုင်စရာ
သူကပဲ ဟန်ဆောင်ကောင်းနေတာလား။
ဒါမှမဟုတ် ဒေါ်သန်းကပဲ လုပ်ကြံပြီး ပြောနေတာလား။
လုပ်ကြံပြီး ပြောနေတယ် ဆိုရင်လည်း
သူ့အခန်းထဲက ကြီးမားလှသည့် ဓာတ်ပုံကြီးကတော့
လုပ်ကြံ၍ မရနိုင်တာ သေချာသည်။
ဒါဆိုရင်ကော သူက ဘာဖြစ်လို့
ဒီလောက်တောင် သွေးအေးနေရတာတဲ့လဲ။
သစ္စာနဲ့ ကွာရှင်းဖို့ကိစ္စကို
မျက်နှာတစ်ချက်မပျက် စီစဉ်နေနိုင်ခဲ့ရတာလဲ။
သူက သစ္စာကို လိုက်လျောပြီး ဒီကိစ္စကို စီစဉ်ခဲ့တာပါလို့
ဒေါ်သန်းတို့ကို ပြောခဲ့သည်။
ဒါသည် သစ္စာကို စိတ်ပျက်သွားလို့
ရှေ့ဆက် မတိုးချင်သည့်အတွက်
လူကြားကောင်းအောင် ပြောသည့် စကားလုံးမျိုးလည်း ဖြစ်နိုင်သည်ပဲ။
ဒါတွေကို တွေးရတာ သစ္စာရင်ထဲမှာ ပူလောင်လွန်းလှသည်။



BURMESE CLASSIC .com

ဖြစ်နိုင်လျှင် ဘာကိုမှ ပြန်လည် ဆန်းစစ်မနေချင်ဘဲ
တစ်လောကလုံးကို မေ့ထားလိုက်ချင်သည်။
ဒါပေမယ့်လည်းလေ နောက်ဆုံးတော့ သစ္စာပဲ အရှုံးကြီးရှုံးရပြန်ပြီပေါ့၊
ဒီယောကျ်ားတစ်ယောက် အကြောင်းကို တွေးနေရပြီဆိုကတည်းက
သစ္စာ ဘယ်လိုလုပ် သူ့ကို နိုင်တော့မှာလဲ။
ကလေးလေး မွေးပြီးရင် ဒီခြံထဲကနေ အနိုင်နဲ့ ပိုင်းပြီး ထွက်သွားမယ်ဆိုတဲ့
သစ္စာ၏ စိတ်ကူးများသည်
အခုတော့ တစ်စစီ ပြိုကွဲ ပျောက်ဆုံးခဲ့ရပြီ။
သစ္စာသည် အသက်ကို မှန်မှန်ရှူရင်း
သူ့ကို စတွေ့ဖူးခဲ့သည့် အချိန်လေးကို ပြန်တွေးကြည့်နေမိသည်။
အဲဒီနေ့က သစ္စာတို့နှစ်ယောက်
လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးခဲ့ကြသည့် နေ့ပင်ဖြစ်သည်။
လက်ထပ်ပွဲတွင် သစ္စာသည် မြန်မာအင်္ကျီလည်ထောင်
အဖြူရောင်ရင်ဖုံး လက်ရှည်လေးနှင့်
မီးခိုးရောင်ပေါ်မှာ အဖြူရောင် ကနုတ်လေးများ ချိတ်ထားသော
ချည်ချိတ်လုံချည်လေးကို ခပ်ရိုးရိုးပင် ဝတ်ဆင်ထားခဲ့သည်။
သတို့သမီးသာဆိုသည်
မိတ်ကပ်၊ နှုတ်ခမ်းနီ၊ လက်ဝတ်ရတနာ၊ ပန်း
ဝတ်ကောင်းစားလှ ဘာအဆင်တန်ဆာမှ
သစ္စာ၏ ခန္ဓာကိုယ်ပေါ်မှာ ရှိမနေခဲ့
သူကကော
သူသည်လည်း ရိုးရိုးရှပ်အင်္ကျီအဖြူ လက်ရှည်ကို အပြင်ထုတ်ဝတ်ပြီး
ဂျင်းဘောင်းဘီအပြာရောင်နှင့်



BURMESE CLASSIC .com

တကယ့် ထသွားထလာ ပုံစံအတိုင်း ဝတ်ဆင်ပြီး
လက်ထပ်ပွဲကို တက်ရောက်ခဲ့သည်ပဲ။
သစ္စာသည် ကိုယ့်ကိုယ်ကိုယ် မညာဘဲ သေချာပြန်တွေးကြည့်သည်။
လက်မှတ်ထိုးခါနီးတွင်
သူ့မျက်နှာကို အနီးကပ် သေချာကြည့်မိခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။
ဒါကလည်း ဘာရယ်မဟုတ်
သူ့လက်မှတ်ရှုပ်ပွပွကို မြင်ရင်းနှင့်မှ သူ့ကို လှည့်ကြည့်ခဲ့မိခြင်းဖြစ်သည်။
သူ့မျက်နှာသည် သစ္စာကြည့်မိသည့် အချိန်မှာ
ဘေးစောင်းအနေအထားနှင့် မျက်နှာက ရှေ့တည့်တည့်ကို ကြည့်နေပါသည်။
သစ္စာ ဘဝတစ်လျှောက်မှာ
ယောကျ်ားတစ်ယောက်ကို ငေးမောကြည့်ဖို့ ဆိုတာဝေးလို့
ခင်ခင်မင်မင် ပတ်သက်ခဲ့ဖူးသော ယောကျ်ားတောင်
တစ်ယောက်တလေ မရှိခဲ့ပါ။
သူ့မျက်နှာကို ကြည့်မိခဲ့သည့် တစ်ခဏမှာတော့
သစ္စာသည် ငေးခနဲ ဖြစ်သွားခဲ့ကာ
ရင်ဘတ်ထဲက အသည်းနှလုံး
တစ်ချက်ခုန်သွားခဲ့တာကို သစ္စာမှတ်မိနေခဲ့သည်။
အဲဒီနှလုံးခုန်သံကလည်း သစ္စာသူ့ကို ကြည့်နေသော မျက်လုံးအိမ်ထဲတွင်
ထင်ရှားစွာကို ပေါ်လွင်သွားခဲ့လေသည်။
ဒါ့အပြင် လျှင်မြန်လွန်းသော တဒင်္ဂအခြေအနေလေးကို
ကိုသန်းနိုင်က ပီပီပြင်ပြင် မှတ်တမ်းတင်နိုင်ခဲ့လေသည်။
သူ့အခန်းတွင် ရှိနေသော သစ္စာသူ့ကို ကြည့်နေသည့် ဓာတ်ပုံကြီးထဲတွင်
သစ္စာ၏ မျက်လုံးများသည်



BURMESE CLASSIC .com

ကိုယ့်ချစ်တဲ့သူ တစ်ယောက်ကို မြတ်မြတ်နိုးနိုး ကြည့်နေသလို
အရောင်ဖျပ်ဖျပ် တောက်နေကာ နူးညံ့စိုလက်နေခဲ့လေသည်။
သစ္စာ သူ့ကို အဲလိုကြည့်ခဲ့မိမှန်းကိုလည်း
အဲဒီအချိန်က ကိုယ့်ကိုယ်ကိုယ် လုံးဝ သတိမထားမိခဲ့။
ဒီဓာတ်ပုံကြီးကို မြင်ရမှ အထုပ်အထည်နှင့် လူမိသလို ဖြစ်ခဲ့ရလေသည်။
ဩော်... ဘယ်အချိန်တည်းကများ
သူသည် သစ္စာ၏ နှလုံးသားထဲကို ရောက်နေခဲ့ရတာပါလိမ့်။
သူသည် သစ္စာ၏ စိတ်တို့ကို
အမျိုးမျိုး ခံစားတတ်လာအောင် သင်ပြပေးခဲ့သည်လို့
သစ္စာပြောခဲ့သည်လေ။ ယခုလို ဘယ်တော့မှ တွေ့ဆုံဖို့ မလိုတော့ဘဲ
ပြတ်ပြတ်သားသား လမ်းခွဲကြတော့မယ့်
အချိန်ကို ရောက်လာကာမှ
တစ်သက်လုံး ဘယ်တော့မှ မမေ့နိုင်ဘဲ တငွေ့ငွေ့ ခံစားရတော့မယ့်
ခံစားချက်တစ်ခုကို ဘာဖြစ်လို့ထပ်ပြီး သင်ပေးခဲ့ရတာပါလဲ။
သူ့အတွက် သစ္စာ နောက်ဆုံးပေးဆပ်ရမယ့် တန်ဖိုးက
အနိုင်းအဆမရှိနိုင်အောင်ပါပဲလေ။
သစ္စာရဲ့ ဘဝမှာ ‘အချစ်’ ဆိုတဲ့ အဓိပ္ပာယ်ကို
တကယ့်ကို ဘာမှန်း သိနားမလည်ခဲ့ပါဘူး။
ဒါပေမယ့်လည်း ကိုကိုကြီး မမအပေါ်ထားတဲ့ ချစ်ခြင်းတရားကို
တွေ့မြင်ခဲ့ရတဲ့ အချိန်မှာ သစ္စာရင်ထဲ သိပ်ကို ကျေနပ်ခဲ့ရသလို
ကြည်နူးပီတိဖြစ်ခဲ့မိတာလည်း အမှန်ပါ။
မမရဲ့ နောက်ဆုံးအချိန်တွေမှာ
ကိုကိုကြီး ဖြည့်ဆည်းပေးခဲ့တာတွေကို ကြည့်ပြီး



BURMESE CLASSIC .com

အချစ်ဆိုတာ 'ဖြူစင်သန့်ရှင်းသော ပေးဆပ်ခြင်းသက်သက်' ပဲလို့ နားလည်ခဲ့ရတယ်။
အခုတော့ သစ္စာအလှည့်ကို ရောက်လာခဲ့ပြီ။
ဘဝတစ်ခုလုံးနဲ့ရင်းပြီး သစ္စာသိခဲ့ရတဲ့ 'အချစ်ဆိုတဲ့ အဓိပ္ပာယ်ကလည်း' ဖြူစင်သော ပေးဆပ်ခြင်းသက်သက်ပါပဲလေ။
တစ်ခုလေးတော့ ပိုလာတာရှိတယ်။
အဲဒါကတော့ 'စေတနာ'ပါ။ ချစ်ခြင်း ဆိုတာဖြစ်လာခဲ့ရင် လူ့စိတ်ဟာ 'လောဘ'ဆိုတဲ့ အစွန်းတစ်ဖက်ကို ရောက်သွားတတ်တယ်တဲ့။
ချစ်သူကို စေတနာရှိတဲ့ မိန်းမတစ်ယောက်ဟာ
ဘာကိုမှ လောဘထားဖို့ မလိုအပ်တော့သလို
နောက်ကျမှ သိခဲ့ရတဲ့ သစ္စာရဲ့ ချစ်တတ်လာတဲ့ အချစ်တွေထဲမှာ
ချစ်သူအတွက် စေတနာ အပြည့်နဲ့ ပေးဆပ်သွားခဲ့တယ်ဆိုတာ
သူသိအောင် ပြောပြနိုင်ဖို့ အခွင့်အလမ်းလည်း မရှိတော့ပါဘူး။
သစ္စာ သစ်ရွက်ကလေးတစ်ရွက် တကယ်ဖြစ်ချင်ခဲ့တာပါ။
စိမ်းပြီး အပင်မှာ တွယ်ကပ်နေရတာထက်စာရင်
ခြောက်ပြီး လွင့်မျောသွားမယ့် ဘဝက
ပိုပြီး လွတ်လပ်မယ်လို့ ထင်ခဲ့မိတယ်လေ။
တကယ်တမ်းကျတော့
သစ်ရွက်ကလေး တစ်ရွက်ဟာ သူ့ရဲ့ပင်မသစ်ပင်ဆီမှာပဲ
စိမ်းစိမ်းဝေဝေနဲ့ ခွန်အားရှိရှိ တွယ်ငြိခိုင်မြဲနေတာက
ပိုပြီးအဓိပ္ပာယ် ရှိတာပါလေ။
■



BURMESE CLASSIC .com

အခန်း။ ၄၉။

'အောက်မှာ လူတွေစုံနေပြီ သစ္စာ၊ ကိုလေးက ဆင်းခဲ့ဖို့ ခေါ်ခိုင်းလိုက်တယ်'

ဒေါ်သန်းအသံကြောင့် သစ္စာသည် ပြတင်းပေါက်မှနေ

နောက်ဖေး အိမ်ခန်းလေးကို ငေးကြည့်နေရာမှ

သတိတွေ ဝင်လာခဲ့သည်။

'အိမ်ခန်းလေးရေ နေခဲ့တော့' လို့ စိတ်ထဲမှ တိုးတိုးလေးနှုတ်ဆက်ရင်း

ပြတင်းပေါက်နားမှ ခွာလာခဲ့သည်။

မနက်ကတည်းက သစ္စာ ပစ္စည်းများကို

ပုပုနဲ့ ကားပေါ်တင်ခိုင်းပြီးဖြစ်သဖြင့် ဘာပစ္စည်းမှ

သစ္စာယူစရာမလိုတော့။ အောက်ဆင်း လက်မှတ်ထိုးပြီးတာနဲ့

ကားပေါ်တက်ပြီး ဒီခြံထဲက ထွက်သွားရုံပင်။

ဒေါ်သန်းသည် အခန်းဝတွင် သစ္စာကို မကြည့်ဘဲ

မျက်နှာကို ခပ်လွှဲလွှဲထားကာ သစ္စာထွက်အလာကို စောင့်နေပါသည်။

သစ္စာသည် အခန်းဝကို လျှောက်လာရင်း နောက်ဆုံးအနေဖြင့်

အခန်းတစ်ခန်းလုံးကို မျက်လုံးတစ်ချက် ဝေ့ပြီး ကြည့်နေလိုက်မိသည်။

ကြာရင် ဒီအခန်းလေးလည်း သစ္စာကို မေ့သွားမှာပါလေလို့ တွေးရင်း



BURMESE CLASSIC .com

စိတ်ထဲမှာ ဝမ်းနည်းသွားမိသည်။
သြော်··· ကုန်လွန်ခဲ့တဲ့ ကာလတွေတုန်းက သူနဲ့ပတ်သက်လို့
ရင်ထဲမှာ ဖြစ်တည်ခဲ့တဲ့ ဒေါသ၊ မာန၊ အတ္တ စိတ်တွေနဲ့
နှလုံးသားထဲမှာ စူးနင့်ပြီး မရှုးသွားရုံတမယ် ခံစားခဲ့ရပါတယ်လေ။
အခု ဒီအိမ်က ထွက်ခွာသွားတော့မယ့် အချိန်ရောက်တဲ့အခါမှာ
သူ့အပေါ် ဒီလိုစိတ်မျိုးတွေ ပျောက်ဆုံးခဲ့ပြီဆိုတာ
အံ့သြဖို့တော့ ကောင်းပါတယ်နော်။
သစ္စာ အခန်းပြင် ရောက်သည့်အချိန်မှာ
ဒေါ်သန်းသည် အခန်းတံခါးကို ပြန်ပိတ်ရင်း
သစ္စာရှေ့မှ ဦးဆောင်ပြီး ထွက်သွားပါသည်။
သစ္စာသည် ဒေါ်သန်းနောက်မှ တိတ်တဆိတ် လိုက်ပါလာရင်း
အပေါ်ထပ် လှေကားများကို ကျော်ဖြတ်ကာ
အောက်ထပ် ဧည့်ခန်းကျယ်ကြီးဆီသို့ ရောက်ရှိလာခဲ့သည်။
ဧည့်ခန်းထဲကို ဝင်လိုက်သည်နှင့် ခပ်သင်းသင်း မွှေးပျံ့နေသော
နှင်းဆီပန်းများ၏ ရနံ့ကို သစ္စာ ရှူရှိုက်လိုက်မိသည်။
သစ္စာသည် ငုံ့ထားသော ခေါင်းကို အနည်းငယ်မော့ရင်း
ဧည့်ခန်းထဲကို မျက်လုံးအရောက်မှာတော့
မဟော်ဂနီရောင် စားပွဲခုံကြီး၏အနောက်တွင် ရှေ့နေဟု ယူဆရသော
တိုက်ပုံအနက်နှင့် အသက်ကြီးကြီး ယောကျ်ားတစ်ယောက်ကို
နံဘေးတွင် လူသုံးယောက်နှင့်အတူ
မတ်တတ်ရပ် စကားပြောနေတာကို တွေ့ရပြီး
အခန်းတစ်ခုလုံးကိုလည်း အဖြူရောင် နှင်းဆီပန်းများ
အပြည့်ထိုးထားတာကို မြင်လိုက်ရလေသည်။



BURMESE CLASSIC .com

ဆိုဖာပေါ်တွင်တော့ သစ္စာမသိသော ယောကျ်ား မိန်းမ လေးယောက်ခန့်
ထိုင်နေတာကို သတိထားမိလိုက်သည်။
သစ္စာသည် ကြည့်လိုက်မိသော မျက်လုံးများကို
ကပျာကယာ မျက်လွှာချ သိမ်းဆည်းရင်း
ကိုယ်ဝင်လာတာကို ဝိုင်းကြည့်နေသော လူပုံအလယ်တွင်
တော်တော့်ကို နေရထိုင်ရ ခက်သွားခဲ့လေသည်။
ငါ့ကို ဘာလို့ ဝိုင်းကြည့်နေတာလဲလို့ တွေးရင်း
ဧည့်ခန်းထဲမှာ သူ့ကို မတွေ့ရတာကိုပါ သတိထားမိပြန်သည်။
သစ္စာကြည့်မိသော တစ်ခဏမှာ သစ္စာတွေ့လိုက်ရသော လူတွေအားလုံးသည်
သစ်လွင်တောက်ပပြီး တန်ဖိုးကြီးသော အဝတ်အစားများကို
ဝတ်ဆင်ထားကြလေသည်။
သစ္စာမှာတော့ ထုံးစံအတိုင်း အဖြူရောင် အင်္ကျီလက်ရှည်နှင့်
နှစ်နံစပ် ယောလုံချည်အညိုရောင်ကို ခပ်မှိန်မှိန်ပင် ဝတ်ဆင်ထားခဲ့သည်။
ဒီလိုလူတွေကြားထဲမှာ သစ္စာရောက်နေရသည့်အတွက်
သစ္စာသည် တကယ့်ကို စိတ်ထဲမှာ ကျဉ်းကျပ်ကာ
အသက်ရှုရတာတောင် ခက်ခဲလာခဲ့လေသည်။
ရှေ့လည်း ဆက်မတိုး
ရပ်နေသည့်နေရာမှာပင် ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ
ခေါင်းငုံ့ မျက်လွှာချထားသော သစ္စာကို
ဒေါ်သန်းသည် ဘေးနားမှ အသာအယာ ဝင်တွဲကာ
မဟော်ဂနီရောင် စားပွဲရှည်၏ ရှေ့ဘက်ခုံတွင်
နေရာချ ထိုင်ခိုင်းစေလိုက်ပါသည်။
သစ္စာထိုင်ပြီး စက္ကန့်ပိုင်းအတွင်းမှာပင်



BURMESE CLASSIC .com

သူသည် သစ္စာခုံဘေးက ခုံတွင် ဝင်ထိုင်လိုက်တာကို
သစ္စာသိလိုက်ရသည်။ သူဝင်ထိုင်လိုက်တာနှင့် တစ်ပြိုင်တည်း
သစ္စာရင်တွေ တလှပ်လှပ် တုန်ယင်လာကာ
ခပ်တိုးတိုး စကားပြောသံတွေကိုလည်း
သစ္စာနားထဲမှာ သဲသဲကွဲကွဲ မကြားရတော့။ အမြင်အာရုံတွေကလည်း
အားလုံး မှုန်ဝါးဝါး ဖြစ်လာကြကာ လူက လေထဲမှာ မြောက်နေသလို
ထုံထုံမှိုင်းမှိုင်းကြီး ခံစားလိုက်ရလေသည်။
ခဏနေတော့ သစ္စာမျက်စိရှေ့ကို
စာရွက်များ ရောက်လာကြတာကို သစ္စာ မြင်ရသည်။
အဖြူရောင် စာရွက်မှန်း သိသော်လည်း
ဘာတွေရေးထားလဲ သစ္စာ ကြိုးစားဖတ်ကြည့်သော်လည်း သစ္စာမမြင်ရ။
ထိုစဉ် တစ်စုံတစ်ယောက်က လက်မှတ်ထိုးရမည့် နေရာကို ညွှန်ပြပြီး
သစ္စာလက်ထဲသို့ ဖောင်တိန်တစ်ချောင်း လာထည့်ပေးခဲ့သည်။
သစ္စာသည် ဖောင်တိန်ကိုင်ထားသော လက်တို့ကို
တုန်ယင်မနေအောင် ထိန်းချုပ်ရင်း
သူ့ကိုနောက်ဆုံးတစ်ချက် လှည့်ကြည့်ချင်သော်လည်း
သစ္စာ၏ ဦးခေါင်းတို့က လှုပ်ရှား၍မရ။
နားထဲမှာ ကိုယ့်အသက်ရှုသံနှင့် ကိုယ့်နှလုံးခုန်သံကိုသာ
ကျယ်လောင်စွာ ကြားနေရရင်း စိတ်တွေအားလုံး ထွေပြားလာကာ
စာရွက်ပေါ်မှာ လက်မှတ်ထိုးလိုက်မိလေသည်။
နှစ်ရွက်လုံးထိုးပြီးတာကို သိလိုက်မိသည့် တဒင်္ဂမှာတော့
သစ္စာ၏ ပတ်ဝန်းကျင် တစ်ခုလုံးသည်
ခုနက ကိုယ့်နှလုံးခုန်သံ၊ အသက်ရှုသံတို့ကိုပင် ပြန်မကြားရတော့ကာ



BURMESE CLASSIC .com

တိတ်ဆိတ်ငြိမ်သက် သွားကြလေသည်။
သစ္စာသည် ဖြစ်ချင်ခဲ့ဖူးသော သစ်ရွက်ကလေးတစ်ရွက်လို
လေထဲမှာ မျောလွင့်သွားလေသည်။
ဘယ်လောက်ထိ ဝေးဝေး၊ဘယ်လောက်ထိ ကြာကြာ
ထိုသစ်ရွက်ကလေးသည်
လေထဲ မျောလွင့်နေဦးမည်ဆိုတာကို မသိနိုင်ရှာ။
ထိုသို့ လွင့်မျောနေရသည့် ခရီးတာ ကာလပတ်လုံးမှာလည်း
ဘယ်လိုအခက်အခဲ၊ ဘယ်လို အတားအဆီးတွေ
ကြုံတွေ့ရဦးမည်ဆိုတာကိုလည်း မသိနိုင်ရှာ။
ဒါပေမယ့်လည်း သေချာတာ တစ်ခုက နောက်ဆုံးတော့လည်း
သစ်ရွက်ကလေးသည် ဥတုရာသီ အပြောင်းအလဲများကြားမှာ
တဖြည်းဖြည်းနှင့် နွမ်းရိခြောက်သွေ့ကာ အပိုင်းပိုင်း အပြတ်ပြတ်
တစ်စစီ တစ်စစီ အမှုန်လေးတွေ အဖြစ်နဲ့
လူမသိသူမသိ ကွယ်ပျောက်သွားကြမည် ဆိုတာပင်ပေ။
သစ္စာ၏ အသည်းနှလုံးတို့သည် ဘဝတစ်သက်တာ ပတ်လုံး
ဘယ်သောအခါမှ စိုပြည်လန်းဆန်းနိုင်တော့မည် မဟုတ်တော့ပါဘူးလေ
... သစ္စာ ...
... သစ္စာ ...
... သစ္စာ ...
နားထဲမှာ ခပ်တိုးတိုး ကြားလာရသော သစ္စာနာမည်ကို ခေါ်သံတစ်ခု
သစ္စာသည် အသံလာရာသို့ အသိများကို စုစည်းပြီး
အာရုံစိုက်ကြည့်သော်လည်း ထွေပြားလွင့်မျောနေသော စိတ်တို့က
ချက်ချင်း သိမ်းသွင်းဖို့ မလွယ်ကူဘဲ ခက်ခဲနေခဲ့လေသည်။

နောက် သစ္စာ၏ လက်တို့ကို တစုံတစ်ယောက်က ညင်ညင်သာသာ
ဆုပ်ကိုင်လိုက်သည့် ခံစားမှုကို သိရှိလိုက်ရသည့် အချိန်ကျမှ
သစ္စာနားထဲမှာ မသဲကွဲသော အသံတို့ကို သစ္စာ ကြားလာရလေသည်။
မှုန်ဝါးဝါး မြင်ကွင်းသည်လည်း
သစ္စာမျက်လုံး အိမ်ထဲမှာ ကြည်လင်လာရသည်။
သစ္စာထိုင်နေသော ခုံ၏အောက်ဘက်တွင်
သူသည် ဒူးထောက်နေသော အနေအထားဖြင့်
သစ္စာ လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ သစ္စာမျက်နှာကို
စိုးရိမ်ကြီးစွာဖြင့် မော့ကြည့်နေလေသည်။
■



BURMESE CLASSIC .com

အခန်း။ ၅၀။

သစ္စာသည် ကိုယ့်ခြေရင်းတွင်

ကိုယ့်ကို ဒူးထောက် မော့ကြည့်နေခဲ့သော

ယောကျ်ားတစ်ယောက်ကို တစ်ခါမှ မမြင်ဖူးသလို

ငေးကြည့်နေမိသည်။ ရှည်လျား ဖြောင့်စင်းသော ဆံပင်၊ နှုတ်ခမ်းမွေး၊

ပါးမြိုင်းမွေးတို့ကို သူ့မျက်နှာပေါ်မှာ မတွေ့ရတော့။

တိုတိုကပ်ကပ် ညှပ်ထားသော ဆံပင်၏အောက်တွင်

သူ့မျက်နှာသည် ရှင်းသန့်ကာ ကြည်လင်လို့ နေလေသည်။

သူ၏ ရုပ်သွင်သည် သစ္စာကြုံဆုံခဲ့ဖူးသော ယောကျ်ားတစ်ယောက်၏

ပုံသဏ္ဌာန်နှင့် ကွာခြားလို့နေခဲ့သည်။

အထူးသဖြင့် သူဝတ်ဆင်ထားသော

အဖြူရောင်လည်ကတုံးလက်ရှည်နှင့် မီးခိုးရင့်ရင့် ပိုးတွဲလုံချည်က

ပို၍ ပြောင်းလဲထူးခြားစေသည်လေ။

သစ္စာကို မော့ကြည့်နေခဲ့သော သူ့မျက်နှာသည်

စိုးရိမ်ခြင်းတို့ တဖြည်းဖြည်း ပျောက်ကွယ်ကာ

ကြင်နာခြင်းတို့ဖြင့် နူးညံ့လာခဲ့သည်။



BURMESE CLASSIC .com

သူ့မျက်လုံး စိမ်းစိမ်းလေးများ၏ အကြည့်တွေထဲတွင်
ချော့မော့ခြင်းများ ပါဝင်နေခဲ့ကာ
သွေးရောင်လွှမ်းနေသော သူ့နှုတ်ခမ်းပေါ်တွင်လည်း
နားလည်မှုများဖြင့် နှစ်သိမ့်သယောင်
အပြုံးတို့က ထင်ဟပ်လာခဲ့လေသည်။
သစ္စာသည် ကိုယ့်ထိုင်ခုံအောက်မှာ ဒူးထောက်နေသော
သူ့ရှေ့မှာ ကြာရှည်မထိုင်လိုစွာ မတ်တတ်ရပ်ဖို့ လှုပ်ရှားလိုက်သော်လည်း
သူက အထမခံဘဲ သစ္စာမျက်နှာကို
တောင်းပန်သော အပြုံးမျိုးဖြင့် မော့ကြည့်နေခဲ့သည်။
ထိုခဏမှာပင် သူ့လက်ထဲသို့
ရွှေရောင်ကတ္တီပါ ဘူးလေးတစ်ဘူးက ရုပ်ခြည်းရောက်လာခဲ့ကာ
သူသည် ဘူးထဲမှ တဖျပ်ဖျပ် လက်နေသော
တစ်လုံးတည်း စိန်လက်စွပ်ကလေးတစ်ကွင်းကို ထုတ်ယူကာ
သစ္စာ၏ ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ဆင်ပေးလိုက်လေသည်။
လက်စွပ်ကလေးသည် သစ္စာ၏ လက်ချောင်းထဲတွင် ခွင့်မတောင်းဘဲ
တိတိကျကျ လှလှပပ နေရာယူလိုက်လေသည်။
သစ္စာသည် လက်စွပ်လေးကို လိုက်ကြည့်ရင်း
သူ့မျက်နှာကို နားမလည်နိုင်စွာ လှမ်းကြည့်မိခဲ့သည်။
သူသည် သစ္စာ၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း
ထိုင်နေရာမှ သူနှင့်အတူ မတ်တပ်ထရပ်စေခဲ့သည်။
သစ္စာသည် မြဲမြံစွာ ဆုပ်ကိုင်ထားသော
သူ့လက်ချောင်းများအောက်တွင် ကိုယ့်လက်တွေကို
ရုန်းထွက်ဖို့ မကြိုးစားမိဘဲ သူ့မျက်နှာကို ကြောင်ငေးငေးကြည့်ရင်း

ချည့်နဲ့စွာပင် မတ်တတ်ရပ်မိလေသည်။
သူနှင့် သစ္စာ မျက်နှာချင်းဆိုင်မိသည့် အချိန်မှာပင်
ကြင်နာမှုများ ဖုံးလွှမ်းနေသော
သူ့မျက်လုံးများကို နီးကပ်စွာ တွေ့ခဲ့ရလေသည်။
အဲဒီနောက် သူသည် သစ္စာကြားလောက်ရုံ
နူးညံ့သော စကားများကို ခပ်တိုးတိုး စတင်ပြောခဲ့သည်။
'ဒီနေ့ကစပြီး ကျွန်တော်တို့နှစ်ယောက်ရဲ့ဘဝကို
အသစ်က ပြန်စကြမယ်နော်၊
ကျန်ခဲ့တဲ့ ကာလတွေက နာကျင်စရာ၊ ကြေကွဲစရာ၊ မုန်းတီးစရာတွေ
အားလုံးကို ဘယ်တော့မှ ပြန်သတိရစရာ မလိုတော့ဘဲ
မေ့လိုက်ကြရအောင် ရှေ့ဆက်ရမယ့် အချိန်တွေမှာ
သစ္စာဟာ ကျွန်တော့်ရင်ခွင်ထဲမှာ လုံလုံခြုံခြုံနဲ့ အမြဲတမ်း
စိတ်ချမ်းသာ ပျော်ရွှင်ရပါ့စေမယ်လို့
ကျွန်တော်ဒီနေ့က စပြီး ကတိပေးပါတယ်။ သစ္စာကလည်း
ကျွန်တော့်အနားမှာ တစ်သက်လုံးနေပေးပြီး ထွက်ပြေးဖို့ကို
ဘယ်တော့မှ မစဉ်းစားပါနဲ့တော့နော်'
သူ့နှာခေါင်းမှ ထွက်လေတို့က သစ္စာနဖူးပေါ်ကို
တစ်ချက်တစ်ချက်လာ၍ ထိခတ်ကြလေသည်။
သစ္စာရင်ထဲမှာ ဘာကိုမှ နားမလည်နိုင်တော့။
အခုပဲ သူနှင့်သစ္စာ ကွာရှင်းစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ကြပြီး
သစ္စာလက်ထဲမှ စိန်လက်စွပ်နှင့် သူပြောနေသော စကားလုံးများက
ကွာရှင်းစာချုပ်နှင့် ဘာမှ မဆိုင်စွာ ကွာခြားနေကြလေသည်။
သူဘာတွေ လုပ်နေသလဲ၊ သစ္စာစဉ်းစားလို့ကို မရတော့

'ခုနက ကျွန်တော်တို့ လက်မှတ်ထိုးတာ
ကွာရှင်းစာချုပ် မဟုတ်ဘူး သစ္စာ။ ဒုတိယအကြိမ်
ပြန်လည်လက်ထပ်ကြတဲ့ လက်ထပ်စာချုပ်ပါ။ သစ္စာ နားလည်ပြီလား'
သစ္စာသည် မယုံကြည်နိုင်စွာ သူ့မျက်နှာကို မော့ကြည့်လိုက်မိလေသည်။
'ဘာအကြောင်းကြောင့် ကျွန်တော်တို့ နှစ်ယောက် ခွဲကြရမှာလဲ သစ္စာရယ်၊
ကျွန်တော် သစ္စာကို ဘယ်လောက်ချစ်မိနေပြီဆိုတာကို
တဖြည်းတဖြည်းနဲ့ သစ္စာသိလာမှာ ဖြစ်သလို
သစ္စာ ကျွန်တော့်ကို ဘယ်လောက်ချစ်နေခဲ့တယ်ဆိုတာကိုလည်း
ကျွန်တော် သိလာပါပြီ။
မညာပါနဲ့တော့ သစ္စာရယ်။ သစ္စာ ကျွန်တော့်ကို ချစ်တယ်ဆိုတာ
ကျွန်တော် သေသေချာချာ သိပါတယ်'
သစ္စာသည် သူ့ကို အရှုံးပေးသော မျက်လုံးများနှင့်
မော့ကြည့်ခဲ့မိသည် ထင်၏။
သူ၏ မျက်လုံးများထဲတွင် အကြင်နာတရားတို့ဖြင့် ပြည့်လျှံနေသော
နူးညံ့မှုတို့ကို တွေ့နေရသည်။ သစ္စာ စိတ်ထဲမှာ
သူ့ကို စကားတွေ အများကြီးပြောချင်နေသော်လည်း
လက်ရှိမှာတော့ ဘာမှ ပြောမထွက်နိုင်အောင် ခံစားနေရသည်။
သူပြောသလို သစ္စာ ဘဝသည် တကယ်ပဲ
လုံခြုံစိတ်ချသွားရပြီတဲ့လား… တစ်သက်တာပတ်လုံးလည်း
အေးချမ်းပျော်ရွှင် သွားရတော့မည်ဆိုတာကလည်း
အသေအချာပဲတဲ့လား။ ဒါတွေသာ အမှန်ဖြစ်လာမယ်ဆိုရင်တော့
သစ္စာ ဘဝလေး ကံကောင်းသွားပြီလို့ ဆိုရတော့မှာပဲပေါ့။
သူ့လက်ချောင်းများကို သစ္စာ ပြန်လည်ဆုပ်ကိုင်မိသည့် တစ်ခဏတွင်

သူ၏ နှုတ်ခမ်းများက အရာရာကို နားလည်စွာ ပြုံးသွားရကာ
သစ္စာကို ပိုင်စိုးပိုင်နင်း သူ့ရင်ခွင်ထဲမှာ
တင်းကျပ်စွာ ဖက်ထားလိုက်လေသည်။
သစ္စာနဖူးပေါ်သို့ သူ့အနမ်းတစ်ခု
မြတ်နိုးစွာ ကျရောက်လာသည့် အချိန်မှာတော့
ဧည့်ခန်းထဲရှိ လူများအားလုံးက
ပျော်ရွှင်စွာ လက်ခုပ်တီးလိုက်ကြလေသည်။
ဒီတော့မှ သစ္စာသည်လည်း နံဘေးမှာ
လူတွေရှိနေသေးသည်ဆိုတာကို သတိရလိုက်မိလေသည်။
'သစ္စာ ကျွန်တော်တို့ နှစ်ယောက်ကို အချိန်ပေးကူညီကြတဲ့
သူတွေ အားလုံးကို ကျေးဇူးတင်စကား ပြောကြရအောင်နော်'
အဲဒီနောက်သူသည် ဧည့်ခန်းထဲမှာ ရှိနေသော
ရှေ့နေကြီးနှင့် ဧည့်သည်များ အားလုံးကို
ကျေးဇူးတင်စကား ပြောရင်း
သစ္စာနှင့် တစ်ယောက်ချင်း မိတ်ဆက်ပေးလေသည်။
အားလုံး၏ မျက်နှာပေါ်မှာလည်း ပီတိအပြုံးတွေက တဝေဝေ။
ဒေါ်သန်းကို လိုက်ရှာမိတော့
ဒေါ်သန်းသည် မျက်လုံးအိမ်ထဲမှာ မျက်ရည်တို့ဝေ့ကာ
အချိုဆုံး ပြုံးနေရှာလေသည်။ ဒါကို နံဘေးမှ ကိုသန်းနိုင်က
နောက်ပြောင်ကျီစယ်နေဟန်နှင့် ပြုံးရွှင်နေတာကိုပါ တွေ့ရသည်။
ဒီတစ်ခါ မြန်ဆန်စွာ ပြောင်းလဲသွားသော
လောကကြီး၏ ပရိယာယ်က သစ္စာ၏ ရင်တွင်းကို
အေးမြကာ ကျေနပ်စေပါသည်။



BURMESE CLASSIC .com

သစ္စာ မျက်နှာပေါ်မှာ အပြုံးရိပ်တို့ ထင်ဟပ်လာစဉ်မှာပင်
သူက သစ္စာနားနားကပ်ကာ
တိုးတိုးလေး စကားတစ်ခွန်း လှမ်းပြောခဲ့သည်။
'ခဏနေကျရင် ကျွန်တော် ပွဲတစ်ခုသွားစရာ ရှိတယ်
သစ္စာလည်း အဲဒီပွဲကို လိုက်ခဲ့ရမယ်။
သစ္စာဟာ ကျွန်တော့် ဇနီးဖြစ်ကြောင်း လူတွေအားလုံး သိစေရမယ်။
လိုအပ်တဲ့ အဝတ်အစားအားလုံး အဆင်သင့်လုပ်ထားပြီးပြီ
ကျွန်တော့်ဘေးမှာ သစ္စာ ပြုံးပြုံးလေး နေနေရမယ်နော်။
သစ္စာပြုံးရင် သိပ်လှတာ ကျွန်တော်သိတယ်'
ြော်... အခုတော့လည်း အရာရာအားလုံးသည် ရင်ခုန်ကြည်နူးဖွယ်ရာ
ကောင်းလေစွပါလားလေ။

■



BURMESE CLASSIC .com

အခန်း။ ၅၁။
မှန်ထဲမှာ မြင်နေရသော ကိုယ့်ပုံကိုယ် မမြင်ဖူးသယောင်
သစ္စာ ငေးကြည့်နေမိသည်။ အဖြူဆွတ်ဆွတ် ဇာထူထူပေါ်မှာ
ပုလဲစေ့သေးသေးများ၊ ဖန်စေ့ပြောင်ပြောင်လေးများနှင့်
လှပစွာ တန်ဆာဆင်ထားသော အဖိုးတန် ဝတ်စုံလေးသည်
သစ္စာ၏ ပါးလှပ်လှပ် ကိုယ်လုံးပေါ်တွင် ထူထူထဲထဲနှင့်
သစ္စာ၏ ခန္ဓာကိုယ်ကို အနည်းငယ် ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်သွားစေသည်။
ဒီဝတ်စုံသည် သစ္စာမသိအောင် သစ္စာ၏ အင်္ကျီတစ်ထည်ကို ယူကာ
ကိုယ်တိုင်းပေးပြီး ကျနစွာ ချုပ်ထားသည့် အင်္ကျီတစ်စုံ ဖြစ်နေခဲ့သည်။
သူတို့တွေမှာက စောစီးစွာ အကြံတွေ ရှိနေခဲ့တာ
သစ္စာက နည်းနည်းလေးမှကို မရိပ်မိခဲ့။
ရင်ထဲမှာ အတွေးတွေ ကယောက်ကယက်နှင့်
တိတ်တိတ်လေး ကျိတ်ဆွေးနေခဲ့ရတာလေ။
နဖူးပေါ်မှာ ဆံစလေးများကို ကပိုကယို ကျစေပြီး
နောက်နားမှ မနိမ့်မမြင့် ဆံထုံးဝိုင်းဝိုင်းလေးထုံးပြီးသည့် အချိန်မှာတော့
မိတ်ကပ်ပါးပါးလေး လိမ်းခြယ်ထားသော သစ္စာမျက်နှာလေးက

ပိုမို၍ ပြည့်စုံသွားလေသည်။
ပုံကျနေသော မျက်ခုံးမွေးထူထူတန်းတန်းကို
မက်စ်ကာရာလောက်နှင့်သာ ပိုမိုနက်ပြောင်သွားစေပြီး
မျက်ခွံပေါ်မှာတော့ ပန်းနုရောင် ရှဲဒိုးဖျော့ဖျော့လေးကိုသာ
ခပ်ပါးပါး တင်စေခဲ့သည်။
ရှည်လျားပြီး ကော့နေသော မျက်တောင်များကို
မက်စ်ကာရာနှင့်ပင် ကူပြီး ဆေးခြယ်လိုက်သည့်အခါမှာ
သစ္စာ၏ မျက်လုံးများက အရည်များတလက်လက်ထကာ
မျက်လုံးချင်းဆုံမိတာနှင့် မခွာနိုင်အောင် လှပသွားလေသည်။
သွေးရောင် လွှမ်းနေသော ခပ်ပြည့်ပြည့် နှုတ်ခမ်းပေါ်တွင်လည်း
ပန်းနုရောင် စိုလက်လက်နှုတ်ခမ်းဆိုးဆေးကို အသုံးပြုထားသောကြောင့်
အဝတ်အစား၊ ဆံပင်၊ မိတ်ကပ် အားလုံး ပြီးစီးသွားသည့်အချိန်မှာ
သစ္စာသည် ယခင်တွေ့ဖူးနေကျ သစ္စာမဟုတ်တော့ဘဲ
ယဉ်ယဉ်ကလေးနှင့် ငေးကြည့်နေချင်စရာ ကောင်းလောက်အောင်
လှပလွန်းသည့် ရွှေမင်းသမီးလေး တစ်ယောက်နှင့် တူသွားလေတော့သည်။
သစ္စာကို ပြင်ဆင်ပေးနေသော မိတ်ကပ်ဆရာသည်
အပြုံးတွေ တဝေဝေနှင့် သစ္စာကို ငေးမောကျေနပ်နေသည့်
ဒေါ်သန်းလက်ထဲမှ ကတ္တီပါဘူး အနက်ရောင်ကို ဖွင့်ကာ
အရောင်တဖျပ်ဖျပ်တောက်နေသော စိန်ကြိုးတစ်ကုံးကို ထုပ်ကာ
သစ္စာ၏ လည်ပင်းမှာ ဆွဲပေးလိုက်လေသည်။
နားကပ်၊ လက်ကောက်၊ နားကပ်၊ လက်စွပ်
စိန်ထည်များ၏ ဒီဇိုင်းက ပုံစံဆန်းဆန်း လုပ်ထားသော်လည်း
ယဉ်ယဉ်ကလေးနှင့် သစ္စာ၏ ဝတ်စုံနှင့် အလွန်ပင် လိုက်ဖက်လှလေသည်။

သစ္စာသည် စိန်ထည်များကို ကြည့်ရင်း
ဒေါ်သန်းမျက်နှာကို လှမ်းကြည့်မိသည်။
'ကိုလေးက သိပ်စနစ်ကျတာ သစ္စာရဲ့။
ဒီနေ့ပွဲကို သစ္စာကိုခေါ်သွားနိုင်ဖို့အတွက်
သူအချိန်အများကြီးယူပြီး ပြင်ဆင်ခဲ့တာ။
သစ္စာအတွက် ဝတ်စုံ၊ မိတ်ကပ်၊ ဖိနပ်၊ ပိုက်ဆံအိတ်ကအစ
ဘာတစ်ခုမှ မလစ်ဟင်းစေရဘူး။
လက်ဝတ်ရတာကိုလည်း သူကိုယ်တိုင် စိတ်တိုင်းကျ ဝယ်လာခဲ့တာ။
အခုကြည့်စမ်း… မှန်ထဲမှာ သစ္စာဘယ်လောက် လှလဲ။
သစ္စာက နိုင်ငံကျော် ရုပ်ရှင်မင်းသမီးတွေထက်တောင် ပိုလှသေးတယ်။
ဟုတ်တယ်မဟုတ်လား မာမီ'
ဒေါ်သန်းက သွက်သွက်လက်လက်ပြောရင်း
သစ္စာကို ပြင်ဆင်ပေးနေသော
မိတ်ကပ်ဆရာကိုပါ တိုင်တည်လိုက်တာမို့
မိတ်ကပ်ဆရာနှင့် သူ့လက်ထောက်နှစ်ယောက်ကလည်း
ဝိုင်းဝန်းထောက်ခံပြီး သဘောကျစွာ ရယ်မောလိုက်ကြလေသည်။
နောက်ဆုံးအနေနှင့် သစ္စာ၏ခေါင်းမှာ
စိန်ဆံထိုး လှလှလေးတစ်ခု ထိုးပြီးလိုက်တာနှင့်
ပွဲသွားဖို့အတွက် သစ္စာ အဆင်သင့်ဖြစ်လေသည်။
စိန်ပွင့်များ စီခြယ်ထားသော ကြိုးသိုင်းဖိနပ်ဖြူဖြူလေးကို
ပုပုက လာစီးပေးသည့်အချိန်မှာ
သစ္စာသည် ဝတ်ထားသော အဝတ်အစားများ၊
လိမ်းခြယ်ထားသော မိတ်ကပ်များအတွက် အနေရခက်နေသော်လည်း



BURMESE CLASSIC .com

မှန်ထဲမှာ မြင်တွေ့နေရသော ကိုယ့်ရုပ်သွင်က
ထူးခြားလှပနေတာမို့ စိတ်ထဲမှာ အနည်းငယ် ပျော်လာမိသည်။
သူ ခန်းထဲကို ဝင်လာသည့်အချိန်မှာတော့
သစ္စာသည် စိန်ပွင့်အပြည့် ကပ်ထားသော
အဖြူရောင် ပိုက်ဆံအိတ်လေးကို ကိုင်ကာ ခပ်မတ်မတ်အနေအထားဖြင့်
သူ့ကို ကြိုမိရဲ့သား ဖြစ်နေလေသည်။
သူသည် လည်ကတုံးအင်္ကျီအဖြူပေါ်မှာ
တိုက်ပုံအင်္ကျီအနက်ကို ကြယ်သီးအပြည့်တပ်ကာ
နီညိုရောင်များသော အရောင်လေးငါးမျိုး ရောစပ်ထားသည့်
ပိုးတွဲလုံချည်ကို သပ်ရပ်စွာ ဝတ်ဆင်ထားလေသည်။
ဆံပင်တိုတိုအောက်မှ ကြည်စင်နေသော သူ့မျက်နှာသည်
ရှင်းသန့်ချောမောနေကာ သစ္စာကို မြင်လိုက်သည့်ခဏမှာပင်
နူးညံ့စွာ ပြုံးပြခဲ့လေသည်။
နောက် သစ္စာနှင့် နီးကပ်စွာ ရပ်ရင်း
သစ္စာကို တစ်ကိုယ်လုံး ခြုံငုံကြည့်ကာ ကျေနပ်သောအပြုံးဖြင့်
မိတ်ကပ်ဆရာကို ကျေးဇူးတင်ကြောင်း ပြောပြီး
လက်ဆွဲနှုတ်ဆက်လိုက်လေသည်။ ပြီးတော့ သစ္စာလက်ကို
ဖွဖွလေးဆုပ်ကိုင်ပြီး အခန်းထဲမှ ဦးဆောင်ပြီး ထွက်လာခဲ့လေသည်။
သစ္စာတို့၏ နောက်ဘက်မှာတော့
တီးတိုးစကားသံပေါင်း မြောက်မြားစွာနှင့် လူတစ်စုသည်
သစ္စာတို့နှင့်အတူတူ အောက်သို့ဆင်းလာခဲ့ကြသည်။
သစ္စာ၏ ရင်တွင်းမှ ရင်ခုန်သံများကတော့ တဒုတ်ဒုတ်နှင့်
လူကိုမောပန်းမလာစေဘဲ သွက်လက်တက်ကြွနေခဲ့သည်မှာ



BURMESE CLASSIC .com

အမှန်ပင် အံ့သြစရာကောင်းနေခဲ့လေသည်။
အိမ်ရှေ့ ဆင်ဝင်အောက်မှာတော့ လှပခန့်ညားလွန်းသည့်
အဖြူရောင်ကားကြီးတစ်စီးက ကားတံခါးများအဆင်သင့် ဖွင့်ကာ
တည်ငြိမ်စွာ ကြိုဆိုနေလေသည်။
'ဒီနေ့ ညနေပွဲအတွက် စီးဖို့ ကိုလေးမှာလိုက်တဲ့ကားလေ...
အချိန်မီလေး ရောက်လာတာပဲ။
BMW ဆဲဗင်းစီးရီး နောက်ဆုံးထွက်တာပေါ့'
မည်သူ့ကိုမှန်းမသိ ရှင်းပြနေသော ကိုသန်းနိုင်၏ ရွှင်ဖျဖျအသံကို
သစ္စာ ကြားရသည်။ ငြိမ့်ညောင်းပြီး မွှေးကြိုင်နေသော ကားအတွင်းသို့
သစ္စာရောက်ပြီးတော့မှ သူက သစ္စာဘက်ခြမ်း ကားတံခါးကို
သေချာပြန်ပိတ်ပေးပြီး ဟိုဘက်ခြမ်းမှ ဝင်လိုက်သည်။
သစ္စာသည် ကားမှန်ကို ချပြီး သစ္စာတို့ကို ကြည့်နေသူအားလုံးကို
နှုတ်ဆက် ကျေးဇူးတင်သော အကြည့်လေးနှင့်ကြည့်ပြီး
လက်လေးတစ်ချက်ပြမိသည်။
အားလုံးက လက်ပြန်ပြသည့်တစ်ခဏ
ဒေါ်သန်းက ကျေနပ်သော မျက်နှာကြီးဖြင့်
ခပ်ကျယ်ကျယ်လေး လှမ်းအော်လေသည်။
'သစ္စာရေ... ကိုလေးဘေးမှာ မျက်နှာလေးကို ပြုံးထားနော်၊
ဒေါ်သန်းတို့ TV ကနေစောင့်ကြည့်နေမယ် သိလား'
တိုက်ပုံအဖြူနှင့် ကိုသန်းနိုင် ကားရှေ့ခန်းမှာ ဝင်ထိုင်အပြီးမှာတော့
ကားဆရာကြီးက ကားကြီးကို
ဆင်ဝင်အောက်မှ ဖြေးညှင်းစွာ မောင်းထွက်စေခဲ့သည်။
သစ္စာသည် ဒေါ်သန်းစကားကို ပြန်ကြားမိရင်း...



BURMESE CLASSIC .com

TV မှာတောင်ပါဦးမယ်ဆိုတော့
သူသွားမယ့်ပွဲက ဘယ်လိုပွဲမျိုးပါလိမ့်လို့ စဉ်းစားလိုက်မိသည်။
အဲယားကွန်းဖွင့်ထားသော ကားထဲတွင်
သစ္စာ၏ လက်ချောင်းများ မအေးစက်လာခင်မှာပင်
နွေးထွေးသော သူ့လက်များက သစ္စာလက်များကို ခပ်ဖွဖွ ဆုပ်ကိုင်ရင်း
သစ္စာဘက်ကို ခပ်စောင်းစောင်း သူလှည့်ထိုင်လိုက်လေသည်။
■



BURMESE CLASSIC .com

အခန်း။ ၅၂။
'ဒီနေ့အတွက် ကျွန်တော် အစောကြီးကတည်းက
ရင်ခုန်ခဲ့ရတယ် သစ္စာရယ်။
ကျွန်တော် မျှော်လင့်ထားသလို
အစီအစဉ်တွေ ချောချောမောမော ဖြစ်မလာခဲ့မှာကို
ကျွန်တော် ကြိုတွေးပြီး စိတ်ပူနေခဲ့ရတယ်
အခုတော့ ကျွန်တော့်ဘေးမှာ သစ္စာရှိနေခဲ့ပြီ။
ဒါ မြတ်စွာဘုရားရဲ့ ကျေးဇူးကြောင့်ပါပဲ'
သူက သစ္စာမျက်နှာနားမှာ တိုးကပ်ရင်း
သစ္စာကြားလောက်ရုံ တိုးတိုးလေးပြောကာ
သစ္စာ၏ လက်ချောင်းလေးများကို ပွတ်သပ်နေလေသည်။
သူဝတ်ဆင်ပေးခဲ့သော တစ်လုံးတည်း လက်စွပ်လေးသည်
သူ့လက်ချောင်းများကြားမှ သစ္စာကို
တစ်ချက်တစ်ချက် ပြုံးပြနေခဲ့သည်။
'ကျွန်တော့်အခန်းထဲက ဓာတ်ပုံကို သစ္စာတွေ့ပြီးမှာပေါ့နော်။
သစ္စာနဲ့ လက်မထပ်ခင် သစ္စာရဲ့ ကျောင်းဆင်းချိန်မှာ



BURMESE CLASSIC .com

ကျွန်တော် လာခိုးကြည့်ခဲ့တယ်။
အပြစ်ကင်းပြီး ရိုးသားတဲ့ မျက်နှာချောချောလေးကို မြင်မြင်ချင်း
သစ္စာကို လက်ထပ်ဖို့အတွက် ကျွန်တော် သဘောတူခဲ့ပါတယ်။
ဒါပေမယ့်လည်း ဒယ်ဒီကို မကျေနပ်တာတွေက များနေခဲ့တာမို့
ကြားထဲက သစ္စာက သက်သက်မဲ့ ခံစားဖြစ်ခဲ့ရတယ်။
အဲဒီအကြောင်းတွေလည်း ကျွန်တော် ပြန်ပြီးပြောမနေချင်တော့ပါဘူး။
အားလုံးဟာ ကျွန်တော့်အပြစ်တွေကြီးပါပဲ… ဒီအပြစ်တွေကျေအောင်
သစ္စာအနားမှာ တစ်သက်လုံး
ကျွန်တော် ဒူးထောက်ပြီး ဆပ်သွားပါ့မယ်နော်'
သူက သစ္စာ၏ နားထင်စပ်ကလေးကို ခပ်ဖွဖွနမ်းလာတော့
သစ္စာ သူ့မျက်နှာကို ဖြည်းညင်းစွာ မော့ကြည့်မိသည်။
သူ့မျက်လုံးများထဲတွင် တကယ့်ကို ဒူးထောက်အောက်ကျခံသည့်
အရိပ်အယောင်များက ထင်ရှားစွာပေါ်လွင်နေလေသည်။
သစ္စာ သူ့ကို ဘာမှ ပြန်မပြောချင်ပါ။
ဒီအချိန်မှာ သူပြောသည့်စကားများကို နားထောင်နေခြင်းကသာလျှင်
သစ္စာ၏ နှလုံးသားကို များစွာ ကြည်နူးနေစေသည်လေ။
'လက်ထပ်တဲ့နေ့မှာ ရိုက်ခဲ့တဲ့ ဓာတ်ပုံတစ်ပုံ
ကိုသန်းနိုင်က ယူလာပြတယ်။
ကျွန်တော့်ကို သစ္စာကြည့်နေတဲ့ မျက်နှာလေးကို ကြည့်ပြီး
ကျွန်တော် အရမ်းပျော်သွားခဲ့တယ်။
ဆိုးသွမ်းတဲ့ ကျွန်တော့်အကျင့်ဆိုးတွေကို မဖျောက်နိုင်သေးဘဲ
ဓာတ်ပုံကို တစိမ့်စိမ့်ကြည့်ရင်းနဲ့ပဲ ကျွန်တော် ကျေနပ်နေခဲ့တယ်။
ဒါပေမယ့် ကျွန်တော်နဲ့ ပတ်သက်လို့

သစ္စာစိတ်တွေ သိပ်နာကျင်ခဲ့ရပြီဆိုတာကို သိရတဲ့အချိန်မှာ
ကျွန်တော် အရမ်းကို တုန်လှုပ်ချောက်ချားခဲ့ရပါတယ် သစ္စာရယ်"
"အိမ်မှာ ပါတီလုပ်တဲ့ညတစ်ညမှာ
သစ္စာနဲ့ ကျွန်တော် မီးဖိုဆောင်မှာ ဆုံဖြစ်ခဲ့ကြသေးတယ်လေ။
သစ္စာ မှတ်မိပါ့မလားမသိဘူး။ အဲဒီညက ဗိုက်ပူပူလေးနဲ့
သစ္စာကို ရေပုလင်းလေးကိုင်ပြီး အမှတ်မထင် တွေ့ရတဲ့ အချိန်မှာ
ကျွန်တော့်စိတ်တွေ အရမ်းလှုပ်ရှားသွားခဲ့ရတယ်။
သစ္စာကို ပွေ့ဖက်ပြီး အားရပါးရ နမ်းပစ်လိုက်ဖို့
စိတ်ကူးဝင်လာချိန်မှာပဲ ကျွန်တော်တို့ကြားထဲကို
လူတစ်ယောက်ဝင်လာခဲ့ပြီး သစ္စာလည်း မီးဖိုထဲက ထွက်သွားခဲ့တယ်၊
အဲဒီညက ပါတီမှာ ကျွန်တော်လုံးဝ မပျော်ခဲ့တော့ဘူး…
နောက်တစ်ခါ သစ္စာ ဆေးရုံပေါ်မှာ သတိလစ်နေတော့
ကျွန်တော့်ကိုယ်ကျွန်တော် ခွင့်မလွှတ်နိုင်အောင် ဒေါသတွေဖြစ်ခဲ့ရတယ်
သစ္စာသာ တစ်ခုခုဆို ကျွန်တော့်ဘဝကြီးလည်း
နောင်တတွေ တစ်ပွေ့တစ်ပိုက်နဲ့ သေဆုံးသွားခဲ့မှာ အမှန်ပဲ…
သစ္စာ ပြန်သတိရလာတဲ့အချိန်မှာ ကျွန်တော်တစ်ယောက်တည်း
တိတ်တိတ် မျက်ရည်ကျခဲ့ရတယ်… အဲဒီမှာတင်
ကျွန်တော့်ကို ကျွန်တော် သေချာပြန်ဆန်းစစ်ကြည့်ရတော့တယ်
ကိုယ် သိပ်ချစ်နေမိပြီဆိုတာ သေချာနေတဲ့ မိန်းမတစ်ယောက်ကို
ဘယ်လို ငြိမ်းချမ်းရေးရအောင် စည်းရုံးရမလဲဆိုတာလေ…
အဲလို စဉ်းစားစီစဉ်နေတဲ့ ကာလပတ်လုံး
ကျွန်တော် သိပ်ပျော်နေခဲ့တယ်ဆိုတာ သစ္စာမှ မသိနိုင်ဘဲ…
ဒါပေမယ့် သစ္စာရဲ့အခန်းထဲမှာ ပိုစတာတွေ ကပ်ထားတာကိုလည်း



BURMESE CLASSIC .com

တွေ့ရရော ကျွန်တော် အရမ်းကို တုန်လှုပ်သွားခဲ့မိပြန်တယ်...
သစ္စာ စိတ်မဆိုးနဲ့နော်၊ သစ္စာ ရှုံးသွားမှာ ကျွန်တော် စိုးရိမ်သွားခဲ့တယ်'
ပိုစတာကိစ္စကို ပြန်အကြားရမှာ
သစ္စာမျက်နှာပေါ်မှာ အပြုံးရိပ်တို့က ခိုဝင်သွားကြသည်။
ဒီပိုစတာ ကိစ္စကလည်း ပြီးမပြီးနိုင်ပါလားလို့တွေးရင်း
သူ့မျက်နှာကို အပြုံးတို့ဖြင့် မော့ကြည့်မိပြန်စဉ်
သူက သစ္စာနှာခေါင်းလေးကို ငုံ့နမ်းလိုက်ပြန်သည်။
တဖြည်းဖြည်းနှင့် သူ့ခန္ဓာကိုယ်ကလည်း သစ္စာဘက်တိုးလာလိုက်တာ
သစ္စာဘက်ခြမ်းကို ရောက်နေပြီဖြစ်သည်။
'သစ္စာကို ဘယ်လောက်စိတ်ပူခဲ့ရလဲ၊ ကိုယ့်ဟာကိုယ်ပဲ သိပါတယ်လေ
ဘဝမှာ ဒါမျိုးလည်း တစ်ခါမှ မကြုံဘူးတော့
နေရထိုင်ရတာ တော်တော်ခက်တာ
သစ္စာ စိတ်တွေ ငြိမ်သွားအောင် အချိန်ဆွဲရင်း
သစ္စာကို မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ရတယ်
ကျွန်တော့်ဘဝမှာ သစ္စာ ကွယ်ပျောက်သွားလို့
လုံးဝ မဖြစ်နိုင်တော့ဘူးလေ...
ကျွန်တော့်ဘဝအတွက်
နံပါတ် (၁) အရေးကြီးဆုံးဟာ 'သစ္စာ'ပဲလို့ သိရတဲ့အချိန်မှာ
ကျွန်တော့်မှာ မာနတွေရော၊ အတ္တတွေရော
ဘာတစ်ခုမှ မရှိတော့ဘူး။
ထူးဆန်းတဲ့ အချစ်တွေက ကျွန်တော့်စိတ်ကို
နူးညံ့လာအောင် ဖန်ဆင်းပေးကြပြီး
သစ္စာရှေ့မှာ ဒူးထောက်အရှုံးပေးလာချင်ကြတယ်လေ'



BURMESE CLASSIC .com

ဩော်… သူက သစ္စာကို ဒူးထောက်အရှုံးပေးချင်တဲ့နေရာမှာ
သူ့ကိုယ်သူသိပြီး အချိန်မီ ကျင့်သုံးခဲ့ပေမယ့်
သစ္စာကတော့ သူ့ကို မကျေနပ်စိတ်တွေ၊ ဒေါသတရားတွေ
တဖွားဖွား ထွက်နေသည့်ကြားထဲကမှ
တိတ်ဆိတ်စွာ သူ့ရှေ့မှာ ဒူးထောက်ကျဆုံးခဲ့ရသည်ဆိုတာကို
သူမှ ရိပ်မိပါလေစ။
'မသိစိတ်'ထဲမှာ ကာလရှည်ကြာစွာ ဖြစ်တည်နေခဲ့သော
အချစ်စိတ်တို့သည် 'သိစိတ်'ပေါ်က ဟန်ဆောင်မှု
အကြောင်းတရားများကို လွယ်ကူစွာ ဖုံးလွှမ်းနိုင်ခဲ့လေသည်။
'ကျွန်မလည်း ရှင့်ကို ချစ်နေမိခဲ့တယ်ဆိုတာ
ဘယ်လိုမှ မဖုန်းကွယ်ထားနိုင်တော့ပါဘူး ကိုလေးရယ်'လို့
စိတ်ထဲမှာ ခပ်တိုးတိုး ရေရွတ်မိသည်။
'သစ္စာ ကျွန်တော် သစ္စာကို သိပ်ချစ်တာပဲ သစ္စာရယ်…
ကျွန်တော့်ကိုကော သစ္စာချစ်တယ်မလားဟင်…
သစ္စာရဲ့ နှုတ်က ချစ်တယ်လို့ ပြောတဲ့အသံ ကျွန်တော်ကြားချင်တယ်'
သူ၏ မျက်နှာသည် သစ္စာ၏ မျက်နှာပေါ်တွင် အုပ်မိုးကာ
ကြင်နာမှုအရိပ်များဖြင့် နူးညံ့နေလေသည်။
အကြည့်တွေထဲတွင် မျှော်လင့်ချက်များ ရောနှောပါဝင်နေခဲ့ကာ
အပြုံးတွေထဲတွင်လည်း အားလုံးကို သည်းညည်းခံပြီး
စိတ်ရှည်ပေးခြင်းများ ပါဝင်နေခဲ့သည်။
သစ္စာသည် အရာရာကို အရှုံးပေးသော မျက်နှာဖြင့်
သူ့ကို နူးနူးညံ့ညံ့ ပြုံးပြကာ မော့ကြည့်မိသည်။
ချစ်မြတ်နိုးသော အရိပ်အယောင်တို့ဖြင့် စိုလက်တောက်ပနေသော



BURMESE CLASSIC .com

သူ့မျက်လုံးထဲတွင်လည်း သိမ်မွေ့နက်နဲသော အရိပ်ယောင်တစ်ခုကို
ဘယ်တော့မှ မဆုံးနိုင်သလို သစ္စာ လှမ်းမြင်ရလေသည်။
သူ့ပခုံးထက်သို့ ကိုယ့်ခေါင်းကို အသာအယာ မှီတင်မိစဉ်
မျက်လုံးများကို မှေးမှိတ်ရင်း စကားတစ်ခွန်းကို
ခပ်တိုးတိုး ပြန်ပြောမိလေသည်။
ကမ္ဘာပေါ်မှာ ဘယ်တော့မှ မရိုးနိုင်တဲ့
လူတိုင်း လူတိုင်း ထပ်တလဲလဲ သုံးနေကျသည့်
ရိုးရှင်းသော စကားတစ်ခွန်းပင် ဖြစ်သည်။
'ချစ်တယ်'လို့ သစ္စာနှုတ်က ခပ်တိုးတိုး စကားအဆုံးမှာ
သူက သစ္စာကိုယ်လုံးလေးကို
သူ့ရင်ခွင်တွင်း ဆွဲသွင်းပွေ့ဖက်ထားလိုက်လေသည်။
နောက်... သူ့ဆီမှ ရယ်ဟဟ စကားတစ်ခွန်းကို ကြားရစဉ်မှာ
ကားကလည်း သူ့ဦးတည်ချက်နေရာကို ရောက်လာပြီဖြစ်သောကြောင့်
ဖြည်းညင်းစွာ အရှိန်လျှော့ရပ်ဖို့ ပြင်လေသည်။
'ပိုစတာကြီး အခန်းထဲကပ်ထားစရာမလိုအောင်
ကိုယ် သစ္စာအနား အမြဲရှိနေတော့မှာ သိလား။
ကဲ လူတွေကြားမှာ ပြုံးထားနော် ဆင်းရတော့မယ်'
ကားရပ်လိုက်သည်နှင့်သူက ဦးအောင် ဆင်းကာ
သစ္စာဘေး တံခါးကို ကိုယ်တိုင်လာဖွင့်ပေးပါသည်။
သူ ကမ်းလင့်ထားသော လက်ဖဝါးကို သစ္စာမြဲမြံစွာ ဆုပ်ကိုင်ပြီး'
အသာအယာ အားယူထရပ်စဉ်မှာတော့
သစ္စာတို့ နှစ်ယောက် ရပ်တည်နေရာ ပတ်ဝန်းကျင်တစ်ခုလုံး
လူတွေ၏ စကားပြောသံ တဝေါဝေါနှင့်အတူ လင်းလက်သော



BURMESE CLASSIC .com

ခတ်ပုံကင်မရာများ၏ မီးအလင်းရောင်များက
တောက်ပဆူညံစွာ ဖုံးလွှမ်းသွားကြလေသည်။
သစ္စာသည် အသက်ကို ခပ်ပြင်းပြင်း ဝအောင် တစ်ချက်ရှူသွင်းလိုက်ရင်း
ကြည်နူးစွာ ပြုံးလိုက်မိသော အပြုံးမျက်နှာနှင့်ပင်
သူခေါ်ဆောင်ရာနောက်သို့
သူ့လက်များကို အားကိုးစွာ ပြန်လည်ဆုပ်ကိုင်ပြီး
လိုက်ပါလာခဲ့မိသည်။
ပျော်ရွှင်စွာ အော်ဟစ်နှုတ်ဆက်နေကြသော လူထုကြီးကို
သစ္စာမြင်တွေ့ရစဉ်မှာပင် ကျန်ခဲ့သော အချိန်များဆီမှ
ကိုကိုကြီးနှင့် ဧည့်ခန်းထဲမှာထိုင်ပြီး စကားပြောခဲ့ကြစဉ်
သစ္စာ နားမထောင်ချင်ဘဲ နားထောင်ခဲ့ရသော
စကားတစ်ဝက်တစ်ပျက်ကို ပြန်လည်ကြားယောင်မိလေသည်။

■



BURMESE CLASSIC .com

အခန်း။ ၅၃။

'သစ္စာ သူ့ကို လက်ထပ်လိုက်ခြင်းဟာ သစ္စာ မမအတွက်
သစ္စာဘဝတစ်ခုလုံးကို ပေးဆပ်လိုက်ရခြင်းဖြစ်သလို
သူကလည်း ကိုကိုကြီးအတွက်
သူ့ဘဝတစ်ခုလုံးကို ပေးဆပ်လိုက်ရခြင်းဖြစ်နေလို့ပဲ။
ကိုကိုကြီးပြောတာ သစ္စာနားလည်ပါတယ်နော်။
ဆိုလိုတာက သစ္စာရယ် ...
အခုအချိန်မှာ သူက သိပ်ကို အောင်မြင်နေတဲ့
ရုပ်ရှင်မင်းသားတစ်ယောက် ဖြစ်နေတာမဟုတ်လား။
သူ့ရဲ့ အောင်မြင်မှု အတက်အကျက
မိန်းမတစ်ယောက်ယူလိုက်ခြင်းနဲ့ ပတ်သက်လို့
သိပ်မသက်ဆိုင်ပေမယ့် လွတ်လပ်စွာနေချင်တဲ့ သူ့စိတ်ကို
အချုပ်အနှောင်ဖြစ်စေမှာတော့ အမှန်ပဲ။
ပြီးတော့ ရုပ်ရှင်မင်းသားတစ်ယောက်ကို
အနှောင့်အယှက်ကင်းကင်းနဲ့ နားလည်ပေးနိုင်မယ့် မိန်းမမျိုး
မတွေ့နိုင်သေးဘူးလို့ သူထင်ထားသေးတယ်လေ။



BURMESE CLASSIC .com

ကိုကိုကြီး သစ္စာကို အလေးအနက်မှာချင်တာကတော့
သူ့ကို နားလည်ခွင့်လွှတ်ပေးဖို့ပါပဲ။
ရုပ်ရှင်လောကရဲ့ သဘောတရားတွေကို
ကိုကိုကြီး စေ့စေ့စပ်စပ် မသိနိုင်ပေမယ့်
နားလည်သင့်သလောက်တော့ နားလည်ပါတယ်။
ဒါပေမယ့် ရုပ်ရှင်မင်းသားတစ်ယောက်ရဲ့
အချိန်နဲ့အမျှ ပြောင်းလဲဖြစ်ပေါ်နေတဲ့ စိတ်ကိုတော့
ကိုကိုကြီးလည်း ရုပ်ရှင်မင်းသား မလုပ်ခဲ့ဖူးတော့
မခန့်မှန်းတတ်ပါဘူး။
အခုတော့ သစ္စာဟာ မမျှော်လင့်ဘဲ
အိမ်ထောင်တစ်ခုကို ထူထောင်ခဲ့ရပြီ။
ကိုယ့်ရဲ့ အိမ်ထောင်ဖက်ဟာလည်း အောင်မြင်ကျော်ကြားတဲ့
ရုပ်ရှင်မင်းသားတစ်ယောက် ဖြစ်နေခဲ့ပြီ။
ရုပ်ရှင်မင်းသား တစ်ယောက်ရဲ့ ဇနီးဟာ
အရာရာကို သည်းညည်းခံ စိတ်ရှည်ပေးပြီး
ဘယ်လိုအခြေအနေမျိုးကိုပဲ ကြုံရကြုံရ မျှမျှတတ
ဆင်ခြင်တွေးတော ဆုံးဖြတ်ပေးတတ်မယ်ဆိုရင်
အဲဒီရုပ်ရှင်မင်းသားနဲ့ အတူတူ
သူ့ဇနီးဟာလည်း ဘဝမှာ အောင်မြင်မှုတွေ ရလာခဲ့မှာ မလွဲမသွေပါပဲ။
'သံလွင်'ဆိုတဲ့ ရုပ်ရှင်ကုမ္ပဏီဟာ ကိုလေးနာမည်ကို အစွဲပြုပြီး
ကိုကိုကြီး တည်ထောင်ခဲ့တဲ့ ရုပ်ရှင်ကုမ္ပဏီပါ။
ကိုလေး ရုပ်ရှင်မင်းသား ဖြစ်တဲ့အချိန်မှာ သံလွင် ကုမ္ပဏီကနေ
ဇာတ်ကားကောင်းတွေကို ထုတ်လုပ်နိုင်ခဲ့လို့



BURMESE CLASSIC .com

သူ့နာမည်နဲ့အတူ သံလွင် ကုမ္ပဏီဟာလည်း အောင်မြင်ခဲ့တယ်။
အခု သစ္စာဆိုတဲ့ မိန်းကလေးဟာ
သာမန်မိန်းကလေးတစ်ယောက် မဟုတ်တော့ဘူး။
အောင်မြင်တဲ့ ရုပ်ရှင်ကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်တဲ့
ကျော်ကြားတဲ့ ရုပ်ရှင်မင်းသား တစ်ယောက်ရဲ့
ဇနီးမယားတစ်ယောက် ဖြစ်လာခဲ့ပြီ။ ဒီအတွက် ရရှိလာတဲ့
အကျိုးခံစားခွင့်တွေ အားလုံးဟာလည်း သစ္စာနဲ့ သက်ဆိုင်လာခဲ့ပြီ။
သစ္စာ လိမ္မာရင် လိမ္မာသလို အားလုံးဟာ သစ္စာအတွက်ပဲ ဖြစ်လာမှာပါ။
ကိုလေးကို ကြည်ဖြူစွာ နားလည်ခွင့်လွှတ်ပေးနိုင်တဲ့
စိတ်ကလေး မွေးမြူပေးနိုင်ရင်ပေါ့လေ။
ကိုကိုကြီး ပြောခဲ့ဖူးသော စကားလုံးများက
ခုချိန်မှာတော့ သစ္စာအတွက် အဓိပ္ပာယ်ရှိခဲ့လေပြီ။
အထူးသဖြင့် ‘ရုပ်ရှင် မင်းသားတစ်ယောက်ရဲ့ ဇနီးဟာ
အရာရာကို သည်းညည်းခံစိတ်ရှည်ပေးပြီး ဘယ်လိုအခြေအနေမျိုးကိုပဲ
ကြုံရကြုံရ မှုမှုတတ တွေးတော ဆင်ခြင်ဆုံးဖြတ်ပေးတတ်ရင်ဖြင့်
အဲဒီ ရုပ်ရှင်မင်းသားနဲ့အတူတူ သူ့ဇနီးဟာလည်း
ဘဝမှာ အောင်မြင်မှုတွေ ရလာမှာပဲ’ ဆိုသည့် စကားပင်ပေ။
သစ္စာ ပြန်လည်စမ်းစစ်ကြည့်ခဲ့မိသည့် ကုန်လွန်ခဲ့သော အချိန်တွေတွင်
ကိုကိုကြီးစကားကို ပြည့်ပြည့်ဝဝ နားထောင်ခဲ့ခြင်းမရှိခဲ့သလို
သူ့နံဘေးကပ်ပြီး မဏ္ဍပ်တိုင် တက်ပြချင်ခဲ့သော
စိတ်ထားမျိုးလည်း မရှိခဲ့တာ အမှန်ပင်ဖြစ်လေသည်။
သူ့ကို သည်းညည်းခံ စိတ်ရှည်ပေးခဲ့ခြင်းဆိုတာထက်
ကိုယ့်ကိုယ်ကိုယ် သည်းညည်းခံ စိတ်ရှည်ပေးခဲ့ခြင်းကြောင့်လည်း

အခြေအနေအားလုံးသည် ကြည်နူး ကျေနပ်စရာကောင်းလောက်အောင်
ပြေလည်ခဲ့သည်လို့ သစ္စာယုံကြည်သည်လေ။
အတွေးတွေ ဘယ်လောက်ကြာအောင် လွင့်မျောနေခဲ့သည်မသိ။
နားနားကပ်ကာ ပြောလိုက်သော သူ့စကားသံတို့ကို ကြားမှ
သစ္စာရဲ့ လွင့်မျောနေခဲ့သော စိတ်တို့က
ခန္ဓာကိုယ်ပေါ် ပြန်လည် ရောက်ရှိလာကြသည်။
'သစ္စာ ခဏနေကျရင် အကယ်ဒမီဆုရတဲ့ သူတွေကို ကြေညာတော့မယ်။
ကိုယ် လူတချို့ကို ထနှုတ်ဆက်ရရင် သစ္စာတစ်ယောက်တည်း
ကြောက်မနေနဲ့နော်။ ကိုယ်ပြောတာကော ကြားရဲ့လား။
သစ္စာ ဘာတွေ တွေးနေတာလဲဟင်... ပြုံးပြုံးလေးနေပါဆိုကွာ'
သူ့စကားအဆုံးမှာ သစ္စာ ကမန်းကတန်း ပြုံးလိုက်မိသည်။
သူက သစ္စာ လက်ချောင်းကလေးများကို ညှစ်ရင်း
သစ္စာ အပြုံးကို ကျေနပ်စွာ ပြန်ပြုံးပြပါသည်။
'မင်းသား မေးခွန်းလေး တစ်ခုလောက် မေးချင်လို့ပါခင်ဗျာ။
ကျွန်တော်က 'မုခ'မဂ္ဂဇင်းကပါ... မင်းသားအနေနဲ့
ဒီလိုညမျိုးမှာ ချောမောလှပတဲ့ ဇနီးတစ်ယောက်နဲ့အတူတူ
ပွဲတက်ခဲ့ရတဲ့အတွက် ဘယ်လို ပီတိမျိုးကို ခံစားနေရပါသလဲ
သိပါရစေ ခင်ဗျာ'
'စိတ်ထဲမှာ အရမ်းကို ကျေနပ်နေမိတာပေါ့ဗျာ'
'မင်းသားက ဇနီးချောကို ဒီပွဲကျမှ တမင်ခေါ်လာတာ
အားလုံးကို Suprise လုပ်လိုက်တဲ့ သဘောမျိုးများလား'
'အင်း ... အဲလို အဓိပ္ပာယ် ယူလို့လည်းရပါတယ်။
အသေးစိတ် သိချင်ရင်တော့ နောက် အေးအေးဆေးဆေး



BURMESE CLASSIC .com

စကားပြောလို့ ကောင်းတဲ့အချိန်ကျမှ လာတွေ့ပေါ့ဗျာ'
'ဒီည အကယ်မီညဟာ မင်းသားရဲ့ ညလို့
အားလုံးက ထင်မြင်ချက်ပေးနေကြပါတယ်။
မင်းသားကော မျှော်မှန်းထားပါသလား'
'ခဏနေရင် သိတော့မှာပဲဗျာ မဟုတ်ဘူးလား'
'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ'
ကက်ဆက်တစ်လုံးနှင့် စာနယ်ဇင်း ပုဂ္ဂိုလ် ပြန်ထွက်သွားတော့
အနီးဝန်းကျင်မှ သူ့မိတ်ဆွေများက တစ်ယောက်ပြီးတစ်ယောက်
စကားနာ ထိုးသံကို ကြားနေရတော့သည်။
'ဟော့ကောင် မိန်းမယူတာ အသံမကြား ဘာမကြားပါလားကွ'
'ပွဲက ဘယ်တော့လုပ်မှာလဲ'
'အကယ်ဒမီနဲ့ နှစ်ပွဲပေါင်းပြီးတော့တော့ မလုပ်နဲ့နော် သပ်သပ်စီပဲ'
'ကိုကြီး သံလွင် မိန်းမက ချောလိုက်တာနော်'
'သံလွင် ငါတို့နဲ့ မိတ်ဆက်ပေးဦးလေဟယ်'
'မင်းသမီးတွေက ပြန်မိတ်ဆက်ရတာပါဟယ်။
ငါတို့ဘက်လည်း လှည့်ပါဦး'
'သံလွင်တို့များ မိန်းမယူတာတောင် မပြောဘူး… အံ့သြစရာ'
'ကိုသံလွင် ကျွန်မရဲ့ သုံးနှစ်သမီးလေးအတွက်
မျှော်လင့်ချက် မရှိတော့ဘူးပေါ့နော်'
'သံလွင့် မိန်းမက ချောလိုက်တာဟယ်။ ယဉ်ယဉ်လေးနဲ့ ချစ်စရာလေး။
ဒါမျိုးကျတော့ သံလွင်တို့က ရှာတတ်တယ်'
'ဟော့လူ… မိန်းမလား၊ ညီမလား ရှင်းရှင်းပြောဦးလေဗျာ'
စင်မြင့်ပေါ်တွင် လူကြီးစကားပြောနေသည့် အချိန်မှာ



BURMESE CLASSIC .com

တစ်ယောက်တစ်မျိုး တိုးတိုးအုပ်အုပ် ပြောနေသော အသံများက
တစ်နေရာစီမှ ထွက်ပေါ်လာကြလေသည်။
သူကတော့ သစ္စာလက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားရင်း
မေးသမျှ မေးခွန်းတွေကို ရယ်ရယ်မောမောနှင့် ပြန်ဖြေနေလေသည်။
သစ္စာသည် အလင်းရောင် မှိန်မှိန်အောက်မှာ ရောက်ရှိနေခဲ့သော်လည်း
ကိုယ်မရင်းနှီးသော အသိုင်းအဝိုင်းအလယ်မှာ အနေရအထိုင်ရခက်စွာ
အားလုံးကို ပြုံးပြရင်း ငြိမ်ငြိမ်လေးထိုင်နေခဲ့ရသည်။
မင်းသား မင်းသမီးတွေသာဆိုသည် တစ်ယောက်နှင့်တစ်ယောက်
ဘာကိုမှ ဟန်ဆောင် ဖုန်းကွယ်ထားခြင်း မရှိကြဘဲ
ပွင့်လင်းစွာ ပြောဆိုဆက်ဆံနေကြသည်က သစ္စာ၏
အမြင်အာရုံထဲမှာရော အကြားအာရုံထဲမှာပါ ချစ်ခင်စရာကောင်းနေလေသည်။
'သံလွင်ရေ ရှင်ဆုရရင်တော့ ကျွန်မတို့ ရှင့်ခြံထဲလာခဲ့မယ်နော်။
ဒီညက ရှင့်ညဆိုတာ သေချာသလောက်ပဲ။ အကျွေးအမွေးကို
ခုကတည်းက ဖုန်းဆက်ပြောထားရင် မမှားဘူး။
ကျွန်မမှာ မီးပန်းလှလှတွေ ရထားတယ်။
သီတင်းမကျွတ်ခင် ကြိုဖောက်ကြရအောင်နော်'
'ညီမ သံလွင်နဲ့ ဘယ်မှာ တွေ့ကြတာလဲ၊ အစ်မကို ပြောပြစမ်းပါ။
ဒင်းကို မေးရင် အမှန်အတိုင်းဖြေမှာ မဟုတ်ဘူး'
'သစ္စာက သိပ်လှတော့လည်း သံလွင်တို့ အသံတောင် မထွက်နိုင်ဘဲ
ငြိမ်းပစ်သွားတယ် ထင်ပါရဲ့။ ကျွန်မတော့ ကျန်ရစ်ပါပြီ။
အမေတို့ကို ဘယ်လိုပြောရပါ့'
'ညီမရေ… အဲဒီမင်းသမီးက သိပ်ကဲတာနော်။
သူပြောတာကို တကယ်မထင်နဲ့ဦး'



BURMESE CLASSIC .com

'အို… ဒီက အတည်ပြောနေတဲ့ ဥစ္စာ။ သံလွင်ရေ… ရှင် ကျွန်မကို
ရှုတင်မှာ အမြဲတမ်း ပိုးကြေးပန်းကြေး ဝယ်ဝယ်ကျွေးတတ်တဲ့
မုန့်လက်ဆောင်းသည်ကြီးကို မြင်တိုင်း
ကျွန်မ ရှင့်ကို သတိရနေရတော့မှာပေါ့… အဟင့်'
ခပ်အုပ်အုပ် ကျိတ်ရယ်လိုက်ကြသော ခိုးခိုးခွစ်ခွစ် အသံတွေထဲတွင်
သစ္စာလည်း ရောယောင်ပြီး လိုက်ရယ်မိလေသည်။
ပေါက်ပေါက်ရှာရှာ ပြောတတ်သော ထိုမင်းသမီးချောချောကိုလည်း
ငေးကြည့်ရင်း ခင်မင်သွားရသည်။
အားလုံးလိုလို သူ့ကို ချစ်ခင်ကြပါလားဆိုသော အသိက
သစ္စာ ရင်ထဲမှာ ကျေနပ်စေသည်။
ခဏနေတော့ အကယ်ဒမီ ဆုရသူများ စာရင်းကို တစ်ယောက်ပြီး
တစ်ယောက် ကြေညာတော့သည်။
ဆုရသူများကို လှိုက်လှိုက်လှဲလှဲ ဝိုင်းဝန်းနှုတ်ဆက်နေကြဟန်က
ဘေးကကြည့်နေရသူအတွက်ကို ပျော်ရွှင်ကြည်နူးလာစေသည်။
သူနှင့်အတူတူ ပထမဆုံး သစ္စာတက်ရောက်ရသည့်ပွဲက
သစ္စာအတွက် များစွာ ရင်ခုန်လှုပ်ရှားစေသည့်
ထူးခြားသည့်ပွဲတစ်ပွဲ ဖြစ်လေသည်။
များပြားလှသော ကင်မရာများကို သတိထားမိစွာ ကြည့်ရှုရင်း
ဒါကြောင့်လည်း ဒေါ်သန်းက TV မှာ ကြည့်နေမယ်လို့
မှာကြားခဲ့တာကို ပြန်သတိရမိပြီး ပြုံးမိသွားသည်။
ခုလောက်ဆို သူ့နားမှ သစ္စာပုံသည်လည်း TV ထဲမှာ ပါပြီးလောက်၍
ဒေါ်သန်းနဲ့ ပုပုတို့လည်း လက်ခုပ်လက်ဝါးတီးပြီးတော့ကို
အားပေးကြည့်ရှုနေမလားလို့ တွေးရင်း စိတ်ထဲမှာ…

ကိုယ့်ပုံကိုယ် ပြန်မြင်ယောင်မိကာ အနည်းငယ် ရှက်သွားရလေသည်။
'ကြွရောက်အားပေးကြသော ရုပ်ရှင်အနုပညာရှင်များ၊
အတတ်ပညာရှင်များနှင့် ဧည့်သည်တော်များရှင့်
အခုချိန်ကစပြီး (၂၀၀..)ခုနှစ်အတွက် ရုပ်ရှင်အနုပညာပိုင်းဆိုင်ရာ
ဆုတစ်ဆုကို ကြေညာမှာ ဖြစ်ပါတယ်။
လေးထပ်ဆင့် အကယ်ဒမီ ဦးနေနိုင်...ရှင်...
အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရှင်ကို ကြေညာပေးဖို့အတွက်
စင်မြင့်ပေါ်သို့ ကြွရောက်ပေးပါရန် ဖိတ်ခေါ်အပ်ပါသည် ရှင်'
ရှိရှိသမျှသောကင်မရာများ အားလုံးသည် စက္ကန့်ပိုင်းအတွင်းမှာပင်
သူ့အနားမှာ ပြည့်သိပ်ကာ ဝိုင်းအုံလာလေသည်။
သူအကယ်ဒမီ ရမှာလားလို့ သစ္စာတွေးမိရင်း သူ့ကို လှည့်ကြည့်မိတော့
သူက သစ္စာမျက်နှာကို ခပ်ပြုံးပြုံးကြည့်ရင်း
ပခုံးတစ်ချက် တွန့်ပြခဲ့သည်။
သူ့မျက်နှာပြင်ပေါ်မှ စိတ်လှုပ်ရှားမှုများ သစ္စာရင်တွင်းဆီ
ကူးခက်လာသည့် အချိန်မှာတော့
စင်မြင့်ဘက်ဆီမှ ကြည်လင်ပြတ်သားသော
ကြေညာသံတစ်ခုကို ကြားလိုက်ရလေသည်။
'အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို
'သံလွင်'က ရရှိပါတယ် ခင်ဗျာ'
ပရိသတ်များ၏ တဝုန်းဝုန်း အားပေးအော်ဟစ်သံ၊
ကျယ်လောင်စွာ လက်ခုပ်တီးသံတို့နှင့် ကင်မရာများ၏ မီးအရောင်များက
သစ္စာမြင်ကွင်းထဲမှ သူ့ကို ခဏပျောက်ကွယ်သွားစေခဲ့သည်။
'သူဆုရသွားပြီ'ဆိုသော အသိက လူတစ်ကိုယ်လုံးကို



BURMESE CLASSIC .com

ကြည်နူးပီတိ ဖြစ်သွားစေခဲ့သည်။ ရင်ထဲမှာ အပျော်တို့သည်
တလှပ်လှပ်နှင့် တသိမ့်သိမ့် ကျေနပ်မိလေသည်။
သူ့အတွက် ခံစားရသော ဝမ်းသာပျော်ရွှင်မှုမျိုးက
သစ္စာဘဝမှာ ဘယ်အရာနှင့်မှ နှိုင်းယှဉ်လို့ မရနိုင်။
သူ့ကို ဝမ်းသားအားရ ဖက်ယမ်းနှုတ်ဆက်ကြနေသူတွေကြားမှာ
သူသည် လက်မလည်နိုင် အားလုံးကို အချိန်အတော်ကြာကြာပေးကာ
သူ ပြန်လည်နှုတ်ဆက်ခဲ့ရလေသည်။
နောက်... သူရရှိသော ဇာတ်ကားမှ အကောင်းဆုံး ဇာတ်ကွက်များကို
ပြန်လည်ပြသသည့်အချိန် ရောက်ခါမှ သူ့ဘေးနားမှ တဖြည်းဖြည်း
လူတွေ ရှင်းသွားခဲ့သည်။
မီးအလင်းရောင် မှိန်မှိန်၏ အောက်တွင် လူတွေအားလုံး၏ အာရုံသည်
ပိတ်ကားပေါ်သို့ ရောက်ရှိနေကြလေသည်။
သူ သစ္စာလက်ကို ညင်သာစွာလှမ်းကိုင်လိုက်သည့် အချိန်မှာတော့
သူ့လက်များသည် စိတ်လှုပ်ရှားမှုကြောင့် အေးစက်နေကြလေသည်။
သစ္စာသည် နွေးထွေးနေသော လက်ချောင်းများဖြင့်
သူ့လက်များကို ပြန်လည်အုပ်မိုး ဆုပ်ကိုင်လိုက်မိသည်။
သူနှင့်သစ္စာ အမှောင်ထဲမှာပင် အကြည့်ချင်းဆုံမိကြလေသည်။
အဲဒီမှာတင် သစ္စာသည် လူ့ဘဝ၏ အဓိပ္ပာယ်ကို တဖြည်းဖြည်း
နားလည်လာခဲ့သည်။ လူရယ်လို့ ဖြစ်လာခဲ့လျှင် လူ့ဘဝသည်
တင့်တင့်တယ်တယ်၊ သာသာယာယာ၊ ချမ်းချမ်းမြေ့မြေ့နှင့်
အထက်တန်းကျကျ ရပ်တည်ရေးသည်သာလျှင်
လူ့ဘဝ၏ အဓိပ္ပာယ်ဖြစ်ပေတော့မည်။
ဒါဆိုရင် လူ့ဘဝ၏ အနှစ်သာရကတော့

ဘယ်သူ့ကိုမှ မထိခိုက်စေဘဲ ကိုယ့်ကိုယ်ကိုယ်
အကောင်းဆုံး နေထိုင်သွားခြင်းသည်ပင်။
လူ့ဘ၀၏ အနှစ်သာရကို ခေါ်ဆိုထိုက်တော့မည်ပေါ့။
စဉ်းစားခဲ့စဉ်က ဘယ်လိုမှ မသိရှိခဲ့ဘဲ မစဉ်းစားတဲ့အချိန်ကျမှ
သူ့အလိုလို သိရှိလာခဲ့သော ဘ၀အဓိပ္ပာယ် အနှစ်သာရတို့သည်
သစ္စာ၏ နှလုံးသားကို ရေအေးအေးနှင့်
ပက်ဖျန်းလိုက်သလို အေးချမ်းသွားစေခဲ့သည်။
သူ့မျက်လုံးထဲမှ လေးနက်ခိုင်မာခြင်းနှင့် သစ္စာမျက်လုံးထဲမှ
အားကိုး ယုံကြည်ခြင်းတို့ ပေါင်းစပ်သွားမိကြသည့် အချိန်တွင်
တစ်ယောက်နှင့်တစ်ယောက် မျက်လုံးများကို မလွှဲဖယ်မိကြ။
အကြည့်တွေသည် ဘယ်တော့မှ မဆုံးနိုင်သယောင်
အနက်နဲဆုံး နေရာတစ်ခုဆီသို့
ရောက်ရှိနေရသလို ခံစားနေရလေသည်။
အဲဒီနောက် သူသည် သစ္စာပါးပြင်ပေါ်သို့
အနမ်းတစ်ခုကို ညင်ညင်သာသာ ခြွေချခဲ့လေသည်။
တစ်ချိန်က သူနှင့်ပတ်သက်၍ နာကျင်ခံစားခဲ့ရသော ဝေဒနာတို့က
မြူမှုန်များလို တစ်စစီ လွင့်ပြယ် ပျောက်ကွယ်သွားခဲ့ကြပြီ။
ဒါ့အပြင် သူ့အနမ်းတစ်ချက်ဖြင့်ပင် အရာရာအားလုံးကို
ဘ၀ဆက်တိုင်း ကျေနပ်သွားရတော့မည် ဖြစ်သည်။
သူ့ရင်ခွင်အတွင်း သစ္စာခေါင်းမှီခဲ့သည့် အခိုက်အတန့်မှာတော့
အမှောင်ထဲမှ ကင်မရာ မီးရောင်များက
တဖျပ်ဖျပ် လှုပ်ရှားသွားကြသည်။
မေတ္တာ၊ အကြင်နာ၊ သစ္စာတို့ဖြင့် စတင်တော့မည့်



BURMESE CLASSIC .com

သစ္စာတို့ နှစ်ယောက်၏ ဘဝခရီးက
ဘယ်လို အနှောင့်အယှက်မျိုးနဲ့ပဲ ကြုံကြုံ
ထာဝရ ခိုင်မြဲနေတော့မည်ဆိုတာကို
သစ္စာ ယုံကြည်လိုက်မိသည်။ ဒီနေ့သည်
'သူ'၏ ပါရမီ ဖြည့်ဖက်အဖြစ် သစ္စာ၏ဘဝလမ်းကို
စတင်လျှောက်လှမ်းတော့မည့် နေ့တစ်နေ့ပင် ဖြစ်သည်လေ...။

**စိုးမြတ်သူဇာ**

**June : 3rd 2004**

**Las-Vegas**



BURMESE CLASSIC .com

www.burmeseclassic.com

